

THOE SAUNG
သိုးဆောင်း
ပ
ဉ္စ
လက်
ရှာ
လုံးချင်းဝတ္ထုသစ်

## ၂

ခပ်ဝေးဝေးဆီမှ
မှိုင်းပျပျရွာလေးကိုကြည့်ရင်း သက်ပြင်းတစ်ချက်
ရှိုက်မိသည်။ စိမ်းစိမ်းစိုစို ကင်းမဲ့သော
ကျေးရွာတစ်ရွာပါ။ သစ်ကြီးဝါးကြီးမရှိသည့် အပြင်
နေရောင် ၏ ဝါးမျှိုမှု ကြောင့် အငွေ့ပျံနေသည်ဟုပင်
ထင်မြင်မိပါသည်။

သို့ ပေမဲ့လည်း မတတ်နိုင်၊
ရောက်အောင်တော့ သွားရပေဦးမည် ။ ဒုတိယမြောက်
သက်ပြင်း ကိုပြုရင်း တံလျှပ်ထနေသော မြေပြင်ကို
စိုးစိုးရွံ့ရွံ့ ကြည့်မိ၏ ။ နေပူပူ၊ သဲပူပူ၊ ပြီးတော့
အမိုးအကာ မပါ။ စလွယ်သိုင်းထားသော
လွယ်အိတ်တစ်လုံး၊ ခရီးမိုင်ပေါင်းများ စွာ

မျောရွှေ့လျှောက်လှမ်းလာ သည့် ပျော်ကျလုလု ဖိနပ်တစ်ရန်။

ဒါပါပဲ။

လွယ်အိတ်ကိုပြင်လွယ်ရင်း သစ်ခြောက်ပင်ကြီးအောက်မှ ခြေတစ်လှမ်း စတင်လိုက်သည်။ ပြီးတော့ နောက်တစ်လှမ်း။

ရွာနားကိုကပ်လာသည့်တိုင်အောင် ကျေးရွာကလေးက မယုံကြည်နိုင်စွာ လွန်လွန်ကျူး ကျူး တိတ်ဆိတ်နေပါ၏ ။ အဝေးကမြင်ရသည်ထက် အနီးရောက်တော့ ပိုမိုခြောက်ကပ်နေသည်ကို သတိထားမိသည်။ ရွာခြံစည်းရိုးဟု ပြောရမည် ဖြစ်သော လည်း လုံခြုံမှု လုံးဝမရှိသော အုတ်သား အဆွေး အမြည့် တွေ ပါ။ တချို့နေရာတွေ မှာ လူတစ်ကိုယ်စာ ပေါက်ပြဲ၍ အထဲတိုးဝင်နိုင်သလို တချို့နေရာတွေ မှာ

အုတ်ချပ်နှစ် ချပ်၊ သုံးချပ် လွတ်နေသည်။

လှည်းတစ်စီးနီးနီးဝင်လို့ရသော ပေါက်ပြဲမှု များ ကိုလည်း တွေ့ရ၏ ။ ထိုအရာကိုတော့ ဝါးကပ် ဆွေးဆွေးတွေ နှင့် ကာရံထားသည်။ လုံခြုံမှု လုံးဝကင်းမဲ့သော ရွာခြံစည်းရိုးပါပဲ။ အနီးနားရောက်သည့် တိုင် လူနေကျေးရွာနှင့် ညီမျှသော ဆူညံမှု ကိုမတွေ့။ ထူးခြားဆန်းပြားမှု အငွေ့အသက်တွေ ဒီရွာမှာ တလူလူ ပျံ့လွင့်နေကြောင်း ရိပ်စားမိသည်။

သတိထားရမှာ တော့ သေချာပါ၏ ။ ရွာပျက်ကြီးလား၊ ဒါမှမဟုတ်၊ စွန့်ပစ်အုံ့ဆဲဆဲ ကျေးရွာ တစ်ရွာလား။

ရွာတွင် းသို့ ရောက်စဉ်မှာ ပင် သူ့ယူဆချက်ကို ခိုင်မာစေသည့် သက်သေတစ်ခုကို

ထပ်တွေ့ရ၏ ။ ရွာမှာ အိမ်ခြေတော် တော် များများ တွေ့သော် လည်း လူရိပ်လူခြည် မတွေ့ရ။ ကျွဲ၊ နွား၊ ခွေး၊ ကြောင် စသော အိမ်မွေးတိရစ္ဆာန်တွေ လည်း မတွေ့။

ဒါပေမဲ့ အိမ်တံခါးတွေ ကိုတော့ ဖွင့်ထားသည်။ အိမ်တွေ မှာ လည်း ဝန်းခြံသဘောမျိုး ကာရံထား ခြင်းမရှိပါ။ တချို့မှာ တစ်အိမ်နှင့် တစ်အိမ် ကပ်လျက် ဖြစ်ပြီး တချို့ ကတော့ အတန်ငယ်ဝေးပါ၏ ။ သို့ ပေမဲ့ တူညီတာတစ်ခု ကတော့ ရှိသမျှအိမ်တွေ အားလုံး ခြောက်သွေ့တိတ်ဆိတ်နေသည်။

ခြေစုံရပ်လျက် ကြည့်နေရာမှ တံတွေ းတစ်ချက် မျိုမိသည်။

'ရေ . . .'

အလွန်အမင်းကို

ဆာလောင်လျက်ရှိနေသည်။ ခရီးအဝေးကြီး လျှောက်လှမ်းလာသည့် အတွက် လူကနားချင်ပြီ ဖြစ်သလို ခန္ဓာကိုယ်က တောင့်တောင့်တတ ဆာလောင်တာတစ်ခုလည်း ရှိ၏ ။ အဲဒါက ရေဓာတ်ကို ငတ်ငတ်မွတ်မွတ် တောင့်တနေတာပါပဲ။

သို့ ပေမဲ့ ဤနေရာ၊ ဤပတ်ဝန်းကျင်တွင် ရေဓာတ်နှင့် တူတာ မတွေ့ ပါ။ တခြားကျေးရွာတွေ လို ရေအိုး၊ ရေစည်များ အိမ်ဘေးတွင် ချထားသည်ကိုလည်း မတွေ့ ရ။ လျှောက်နေရင်းနဲ့ ဝေခွဲရခက်သော လမ်းဆုံတစ်ခုကို ရောက်၍ လာသည်။

သူ့ကို လမ်းနှစ် သွယ်က ဆီးကြိုနေ၏ ။ ဘယ်လမ်းက ဆက်လျှောက်ရမလဲ ရပ်တန့်ကာ စဉ်းစားနေမိသည်။ သို့ ပေမဲ့ မရောက်ဖူးသည့်ရွာပေမို့ ဘယ်လမ်းကဝင်ဝင် ထူးခြားမှု မရှိနိုင်ရကာ ညာဘက်လမ်းထဲကိုပဲ ချိုးကွေ့ဝင်မိပါသည်။

မြေနီလမ်း ဖြစ်ပေမဲ့ မြေသွားတွေ မှာ တောင့်တင်းကြံ့ခိုင်ခြင်း မရှိတော့။ ဖုန်အလိပ်လိပ်က ခြေမျက်စိမြုပ်အောင် ထူထပ်နေသည်။ လမ်းပေါ်တွင် ခြေရာအနည်းငယ်တွေ့သည့်ကြောင့် စိတ်သက်သာရာတော့ ရလိုက်မိသည်။ မကြာခင်က လျှောက်လှမ်းသွားသော ခြေရာတွေ မို့ ဤရွာတွင် နေထိုင်သူရှိလောက်ပါသည်။

လမ်းတစ်လျှောက် သစ်ပင်နှင့် တူတာဟူ၍ တစ်တောင်လောက် သစ်ငုတ်တိုပင် မတွေ့ရ။ သစ်ကြီးဝါးကြီးဆိုလျှင် ဝေးလွန်းပါသည်။ ဤရွာမှာ ထူးခြားနေတာ ဒါပါပဲ။ လွင်တီးခေါင်ပြင်ကြီးတွင် ကျေးရွာလာတည်ထားသည်လားဟုပင် အထင်ရောက်မိသည်။

နဖူးမှခိုတွဲ လာသော ချွေးသီးများ ကို လက်ဖြင့် ပင့်သုတ်ရင်း

နှုတ်ခမ်းတစ်ချက်သပ်လိုက်သည်။ ဒီအချိန် ရေတစ်ပေါက်က သူ့အတွက် ကမ္ဘာတစ်ခုမျှ အရေး ပါနေသည် မဟုတ်ပါလား။

ထိုစဉ်မှာ ပင် အသံတစ်ခုက နားထဲသို့ အမှတ်မထင် တိုးထိလာတော့၏ ။

"နောင် . . . ဝေ . . . ဝေ . . . "

ကြေးစည်သံ။

ဟုတ်တယ်၊ ကြေးစည်ထုသံ၊ ဝမ်းသာအားရ အသံထွက်လာရာဘက်ဆီ မျက်လုံးဝေ့ကြည့် လိုက်တော့ . . .

ခပ်ဝေးဝေးကောင်းကင်တွင် တလိပ်လိပ်တက်နေသော ဖုန်လုံးများ ကို မြင်ရ၏ ။ ဆူဆူပူပူ လူသံတွေ ကိုလည်း ကြားရသည်။ ဝမ်းသာစိတ်တို့ အတိုင်းမသိ ဖြစ်ထွန်းသွားကာ ခြေကို

သွက်သည့် ထက် သွက်အောင် လှမ်းလိုက်မိပါသည်။ ဘာပဲပြောပြော ဤရွာမှာ လူရှိနေတာ သေချာပါသည်။

ခြေမျက်စိမြုပ်သော ဖုန်တောထဲတွင် ပူလို့ပူမှန်းပင် မသိတော့။ အပေါ်မှ စီးမိုးလောင်မြို က်နေ သော နေလုံးကိုလည်း သတိမရ၊ အောက်မှ အငွေ့တထောင်းထောင်းထနေသော ဖုန်ပူကိုလည်း သတိမရ။ တလှပ်လှပ်ထနေသော ဝမ်းသာစိတ်တွေ နှင့် ကြားနေရသော အသံများ ဆီ နီးသထက် နီးအောင် လျှောက်လှမ်းသွားလိုက်စဉ်မှာ ပဲ . . .

"ဟင် . . ."

"နောင် . . . ဝေ . . . ဝေ . . . "

အနီးကပ်ကြားလိုက်ရသော ကြေးစည်သံတစ်ချက်၊ မျက်နှာချင်းဆိုင်မှ မြင်လိုက်ရသော လူအုပ်ကြီးတစ်ခု၊ ကြေးစည်သံနှင့်

လူအုပ်ကြီးကြားမှ တအိအိလိုက်ပါလာသော လှည်းတစ်စီး၊ ထိုလှည်းကို ယောက်ျားလေးများ ကတွန်း၍ နောက်မှ လူအုပ်ကြီးက ငိုကြီးချက်မဖြင့် ပါလာကြသည်။

လုံး၀ လွဲမှား းစရာမရှိသော ဖြစ်ရပ်တစ်ခုပါပဲ။

ဘယ်နေရာ၊ ဘယ်ရပ်ဝန်းမှာ မဆို မြင်ရုံနှင့် သိသာနိုင်ပါသည်။ အသုဘတစ်ခု ချလာတာပါ။ ရင်ထဲမှာ ဘယ်လို ဖြစ်သွားမှန်းမသိ။ ဆာလောင်ငတ်မွတ်နေသော စိတ်တို့ပင် ခဏတာ ပျောက်ရှသွား သလို ထင်ရသည်။

အတန်ငယ်လှမ်းသေးပေမဲ့ သေချာမြင်နေရသလို သူ့ကိုလည်း ထိုအထဲမှ လူတချို့က လှမ်းမြင်နေမည် ဆိုတာ သေချာပါသည်။ သူ

ရှေ့ဆက်မတိုးမိ။ ဟာဆင်းသွားသော စိတ်အစဉ်နဲ့ ရပ်တန့်၍ သာ ကြည့်နေသည်။

သို့ပေမဲ့ သူရှိရာဆီသို့ အသုဘအလောင်းလှည်း ရောက်မလာပါ။ ထို့အတူ နောက်မှ ငိုယို လိုက်ပါလာကြသော လူအုပ်ကြီးလည်း ရောက်မလာခဲ့။ ရပ်ကြည့်နေဆဲမှာ ပင် 'နောင်ဝေဝေ' အော်မြည် သော ကြေးစည်သံက လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားသည်။ ကြေးစည်သံနောက်ကို အလောင်းတင်တွန်းလှည်းလည်း မျောရွေ့လိုက်ပါသွား၏ ။

ကြည့်နေရင်းမှာ ပင် ဘာမှန်းမသိသော ကွဲလွဲမှု တွေ ကို စိတ်ထဲမှာ တစ်ခုပြီးတစ်ခု မြင်လိုက်ရသည်။

လူတွေ ၏ မျက်နှာ၊ ပြီးတော့ အသားအရေ၊

ပြောဆိုနေကြသော စကားများ ။

ဝမ်းနည်းသည့်ထက်သာလွန်သော ခံစားမှု တစ်ခုက အားလုံး၏ မျက်နှာတွေ မှာ ပေါ်နေသည်။ အဲဒါက တစ်စုံတစ်ခုကို တောင့်တနေခြင်း၊ လူတိုင်း၏ မျက်နှာတွေ မှာ ရှင်းသန့်ကြည်လင်မှု ကို မတွေ့၊ မည်းညို့ခြောက်ကပ်ကာနေသည်။ ပြီးတော့ မျက်လုံးတွေ မှာ အားပျော့ရီဝေ နေကြ၏ ။

အသားအရေတွေ မှာ ပိုလို့ပင်ဆိုးပါသည်။ မြင်တွေ့ရသလောက် လူတော် တော် များများ ၏ အသားအရေတွေ က နေလောင်ခံထားရသည့်ထက် သာလွန်ကာ မာတင်းအက်ကွဲလျက် ရှိကြသည်။ ဘာတွေ ဖြစ်နေကြတာလဲ၊ ဒီရွာက ဘယ်လိုရွာလဲ။

စိတ်ထဲမှာ အတွေးတွေ ယောက်ယက်ခတ်နေပေမဲ့ လူ ကတော့ ညှို့ငင်မှု

တစ်ခုနောက်ကို အလိုလိုလိုက်သွားမိသည်။ အဲဒါက လမ်းချိုးတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားသော လူအုပ်ကြီးနောက်ကို လိုက်သွားမိတာပါပဲ။ အတော် လိုက်ဝင်သွားပြီးမှ လှမ်းတွေ့ရသော နေရာတစ်ခုကိုမြင်ပြီး သဘော ပေါက်လိုက်မိသည်။

ရှေ့မှာ လူတို့၏ နောက်ဆုံးအိမ်ပြန်ချိန်ရပ်ဝန်းလေးက သံဝေဂဆန်ဆန် သူတို့အားလုံးကို စောင့်ကြိုနေ၏ ။

ထိုစဉ်မှာ ပင် ရှေ့ပိုင်းဆီမှ ဝိုင်းဝန်းအော်ဟစ်လိုက်ကြသော အသံတွေ ကို ထူးထူးခြားခြား ကြားလိုက်ရသည်။ တကယ့်ကို ထူးထူးခြားခြားပါပဲ။ ခံပြင်းမှု တို့ ပြည့်နှက်ပေါ်လွင်လွန်းနေသော အမေးစကားသံတစ်ခု။

"နောက်တစ်ခါ လာဦးမလားဟေ့ ..."

ယောက်ျားလေးအချို့ မှာ လည်း သူသာန်အဝင်ဝမှစောင့်ကာ အလောင်းတင်လှည်းကို ခဲနဲ့ ဝိုင်းပစ်ကြသည်။ ပြီးတော့ တစ်ဆက်တည်း ဝိုင်းအော်ကြ၏ ။

"နောက်တစ်ခါ လာဦးမလား"

"မလာတော့ဘူး . . . "

"ရေရှားတယ်လို့ပြောဦးမလား"

"မပြောတော့ဘူး"

"ရေငတ်ပြီး သေကြဦးမလား . . . "

"မသေတော့ဘူး . . . မသေတော့ပါဘူး"

ထို့နောက်တော့ လိုက်ပါပို့ဆောင်သူအားလုံး အားရပါးရ အော်ဟစ်ငိုယိုကြပါတော့သည်။ ထူးဆန်းလွန်းသော

စကားတွေ ကြောင့် ကြောင်အ,ကာ သွားမိ၏ ။

ကြည့်နေစဉ်မှာ ပင် လူအချို့က လှည်းပေါ်မှ အလောင်းကိုချကာ တစ်နေရာသို့ ထမ်းယူသွားကြသည်။ အလောင်းသယ်သွားရာနောက်သို့ လူတချို့လိုက်ပါသွားကြပြီး တချို့ ကတော့ ရပ်၍ သာ ကျန်ခဲ့ပါသည်။ သူ ကတော့ နောက်ပိုင်းမှာ ရပ်ငေးနေရာမှ နေရာတစ်ခုဆီသို့ မြွေလိမ်မြွေကောက် တိုးရွေ့သွားလိုက်သည်။

ဇရပ်လေးတစ်လုံး . . .

သုသာန်၏ အလယ်တည့်တည့်လောက်မှာ မြင်ရသည်မို့ သူလျှောက်လှမ်းသွားနေခြင်း ဖြစ် သည်။ မူလရပ်နေရာက လူတွေ ကွယ်နေသည်မို့ အလောင်းထမ်းသွားရာနေရာကို မမြင်ရ။ လူတွေ ၏ ပယ်ဖျောက်မရသော ဗီဇတစ်ခုအတိုင်း ထူးဆန်းသော

အသုဘချမှု တစ်ခုကို သူအစအဆုံး မြင်တွေ့ ချင်နေသည် မဟုတ်ပါလား။

ဇရပ်လေးဆီရောက်တော့ သူ့ထက်ကြို ရောက်နှင့် နေသူတစ်ဦးကို အခန့်သားတွေ့ရ၏ ။ ကလေးငယ်တစ်ဦး အောက်ခြေသံမံတလင်းပေါ်တွင် တင်ပလ္လင်ခွေထိုင်ကာ တစ်စုံတစ်ရာကို ရေး ခြစ် နေသည်။ ဇရပ်ပေါ်တက်လာသော သူ့ကို မော့ကြည့်၏ ။ ပြီးတော့ ခေါင်းပြန်ငုံ့ကာ လုပ်လက်စအလုပ် ကို ဆက်လုပ် နေသည်။

ရှိလုမှ အသက်အရွယ်က ဆယ်နှစ် သာသာ ဒါပေမဲ့ . . .

အုတ်နီခဲချွန်တစ်ခုကိုကိုင်ကာ အောက်ခြေတွင် တဒေါက်ဒေါက် ရေး ခြစ်နေ၏ ။ ထိုရေး ခြစ်နေ သော အရာများ ကို အမှတ်မထင်

ကြည့်လိုက်မိသည့်အခိုက် . . .

"ဟင် . . . "

အံ့သြသွားရပါပြီ။

တွက်ချက်နေသည်ကား ကျော်မေတြီပုစ္ဆာတစ်ပုဒ်။ ရောက်ဆဲအသက်နှင့် လုံးဝကွဲလွဲနေသော တွက်ချက်မှု တစ်ခု ဖြစ်သည်။ ဇရပ်အနံ့အပြားမှာ လည်း အရွယ်နှင့် မလိုက်စွာ ရေးခြစ်ထားသော ကျော်မေတြီပုစ္ဆာများ ၊ ဂဏန်းသင်္ချာများကိုလည်း တွေ့ရသည်။ မယုံနိုင်စရာပါပဲ။

သူ ကြောင်ငေးသွားရပေမဲ့ ထိုကလေးကတော့ သူ့ကို အာရုံရှိမနေပါ။ သူ့ကိုပင်မဟုတ်၊ ဆူပူအော်ဟစ်နေကြသော အသုဘချမှု တစ်ခုကိုလည်း အာရုံမရှိ။

ထိုစဉ်မှာ ပဲ

အလောင်းသယ်သွားရာနေရာတစ်ခုဆီမှ
ငိုယိုအော်ဟစ်သံတွေ တစ်ခဲနက် ထွက် ပေါ်လာသည်။
လှမ်းမျှော်ကြည့်မိတော့
သယ်ဆောင်သွားရာအလောင်းအား မြေမြှုပ်သဂြိုဟ်နေသည် ကို ပိုးတဝါး တွေ့ရသည်။ ပါရမီရှင်လေး
ကတော့ အေးဆေးပါပဲ။ သူပြုလုပ်နေရာ အလုပ်မှလွဲ၍
ကျန်တာကို စိတ်ဝင်စားဟန်မပြ။

ခပ်ဝေးဝေးဆီမှ လူအုပ်ကြီးကို
မျှော်ငေးနေရင်းမှ ခေါင်းကို တဆတ်ဆတ်ယမ်းမိသည်။
လူတွေ သေလျှင် ဘာကြောင့် ငိုကြတာလဲ။

သေလူက
ရယ်အောင်သေမပေးတတ်လို့သာ ဖြစ်ပါလိမ့်မည် ။
ကြည့်နေရင်းနှင့် ပင် အလောင်း မှာ မြေကျသွားသည်။
ပြီးတော့ မြေဖို့သည်။ အလုံ့ညီးညီး
တောက်လောင်နေသော သော ကမီးများ ကို ကြည့်ရင်း

သက်ပြင်းတစ်ခုကို ခပ်လေးလေး ချမိ၏ ။ ထိုအခိုက်မှာ

ပဲ လိုက်ပို့သူလူအုပ်ကြီးဆီမှ ထူးခြား မှု နောက်တစ်ခုကို

ထပ်တွေ့ရှိလိုက်ရသည်။ သူတို့

ဘယ်ကိုသွားနေကြတာလဲ . . .။

ပုံမှန်အားဖြင့်

အလောင်းမြေဖို့သွားပြီဆိုလျှင် လိုက်ပို့သူတွေ မှာ

ပြန်ဖို့သာရှိသည်။ သို့ ပေမဲ့ ယခု မပြန်ကြသေးပါ။

နေရာတစ်ခုဆီသို့ ဆက်လက်

လျှောက်လှမ်းသွားနေကြ၏ ။

သုသာန်က အုတ်တံတိုင်း

လေးဘက်လေးတန် ကာရံထားသော သုသာန် ဖြစ်ပြီး

ဝင်ပေါက် ထွက်ပေါက်မှာ လည်း တစ်ပေါက်တည်း

ဖြစ်၏ ။ ဒါပေမဲ့ လူတွေ သွားနေကြတာက

ထွက်ပေါက်ဆီသို့ မဟုတ်။ သုသာန်၏ အနောက်ဘက်

နံရံတစ်ခုဆီသို့ ဦးတည်ကာ သွားနေခြင်း ဖြစ်သည်။

အမြင်ဆန်းနေသည့်မို့

စိတ်ဝင်တစားကြည့်နေစဉ်မှာ ပဲ

အနီးဆုံးရောက်သွားသူမှာ နံရံရှေ့တွင်

ရပ်တန့်လိုက်လေသည်။ ပြီးတော့ တစ်စုံတစ်ရာကို ပြု

လုပ်လိုက်သည်။

"ဟင် . . . "

အုတ်နံရံမှာ နှစ် ကာလ၏ ပြုလဲမှု ကြောင့်

အင်္ဂတေကွာကာ အုတ်ချပ်တို့ပင် အစီအရီ ပေါ်နေပြီ

ဖြစ်၏ ။ ထိုလူပြုလုပ်လိုက်တာက

စာရွက်ခေါက်တစ်ခုကို အုတ်ချပ်ကြားတွင်

ထိုးညှပ်လိုက်တာပါပဲ။ နောက်မှပါလာသူအားလုံးမှာ

လည်း ထိုအတိုင်းပင် လိုက်လုပ်ကြလေသည်။

ခဏချင်းပင် အုတ်နံရံ၏

နေရာတစ်ကွက်စာမှာ စာရွက်ခေါက်တို့ဖြင့်

ပြည့်သိပ်သွား၏ ။ ထိုအချိန်မှာ တော့ ကြောက်မက်ဖွယ်ကောင်းသော အသံဝါကြီးတစ်ခုက ဘယ်ကမှန်းမသိ ထွက်ပေါ် လာပါတော့သည်။

"နောက်တစ်ခါ ဒီလို အ ဖြစ်ဆိုးတွေ ထပ်မ ဖြစ်ပါရစေနဲ့ . . .

ရေရှားပြီး သေပွဲမဝင်ပါရစေနဲ့ . . .

ကျုပ်တို့ရွာကြီး အရင်ကအတိုင်း ရာသီဥတုပြန်မှန်ပါစေ"

ကြောက်မက်ဖွယ်ထိုအသံကြီးက သုသာန်တစ်ဝန်းလုံးကို ဟိန်းသွားသည်။ ထို့နောက်တော့ လိုက်ပါပို့ဆောင်သူအားလုံးမှာ ကိုယ်လိုရာကိုယ် အော်ဟစ်ကြပါတော့သည်။

"မိုး အမြန်ဆုံးရွာပါတော့"

"ချောင်းတွေ ၊ ကန်တွေ ရေပြည့်ပါတော့"

"ဘုရားသခင်၊ ကျွန်တော် တို့

"ကိုးချောင်းရွာကြီး" ကို ဆောင်မတော် မူပါ"

"ကျုပ်တို့တစ်ရွာလုံး

ရေငတ်ပြီးမသေပါရစေနဲ့ . . ."

"ဒီအတိုင်းဆက်သွားရင် အကုန်လုံး

သေရပါတော့မယ်"

ဟိုမှသည်မှ မခံမရပ်နိုင်

အော်ဟစ်လိုက်ကြသော အသံများ ကို နားထောင်ရင်း

ကြက်သီးတို့ ပင် ဖျိုးဖျိုးဖျင်းဖျင်း ထမိ သွားပါသည်။

ကြောက်မက်ဖွယ်ပါပဲ။

ပြီးတော့ . . .

စိတ်ဝင်စားဖို့လည်း

အင်မတန်ကောင်းနေသည်။

*

၂၂

"အစ်ကို့နာမည် ရိုးစစ်ပါ"

ကောင်လေးက သူ့ကို မော့ကြည့်၏ ။

"ဟုတ်လား၊ ကျွန်တော် က အီလစ်"

သာမန်ထက်မပိုသော တုံ့ပြန်မှု တစ်ခု ထွက်ကျလာပါသည်။

"အစ်ကိုက ခရီး သွားပါ"

"ကျွန်တော် ကတော့ ဒီရွာကပဲ"

ပြောပြီး ကောင်လေးက မတ်တပ်ထရပ်ပါသည်။ ယခုတော့ သုသာန်တွင် းမှာ

မည် သူမျှရှိမနေ တော့။ အကုန်လုံး ထွက်ပေါက်မှတစ်ဆင့် ရွာတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြပြီ ဖြစ်သည်။ သုသာန်ကြီးမှာ ခုနက ဘာမှမ ဖြစ်ခဲ့သလို လေတဟူးဟူး တိုက်ခတ်နေ၏ ။

ကြည့်နေရင်းနှင့် ပင် ဇကာခုံးတစ်ခုကိုကိုင်ကာ ကောင်လေးက ဇရပ်ပေါ်မှဆင်းသွားသည်။ ထွက်ခွာသွားရာနောက်ကျောအား ရိုးစစ် ေးကြည့်ရင်း မှတ်ချက်တစ်ခုပြုမိသည်။ ဟက်ဟက် ပက်ပက် ပုံစံမျ းကို မတွေ့ရ။ မျက်နှာသေပြီး အရယ်အပြုံး ရှားပါးမည့် ရုပ်လက္ခဏာမျိုး ရှိသည်။

ကောင်လေးက ခုနရွာသားတွေ စက္ကူ ခေါက်များ ထိုးညှပ်ခဲ့သော နံရံဆီသို့ ဦးတည်ကာ သွားနေခြင်း ဖြစ်ပါသည်။ ရိုးစစ်ကြည့်နေဆဲမှာ ပင်

ကောင်လေး စက္ကူခေါက်များ ကို နံရံမှခွာယူကာ ဇကာတွင် းသို့ ထည့်နေ၏ ။ ခဏချင်းပင် အုတ်နံရံမှာ ထိုးညှပ်ထားသော စာရွက်ခေါက်များ ကုန်သွား သည်။

နောက်ဆုံးစာရွက်ခေါက်တစ်ခုအား ဆွဲယူပြီးချိန်၌ အေးအေးလူလူပင် ဇရပ်ဆီသို့ ပြန်လည် လျှောက်လှမ်းလာနေ၏ ။ အပေါ်ရောက်တော့ ဇကာကိုချကာ စာရွက်ခေါက်များ ကို ဖြန့်ကာစီနေသည်။

ရိုးစစ်ကြည့်မိတော့ စာရွက်အများ စုက တစ်ဖက်ခြမ်းမျာသာ စာပါပြီး တစ်ဖက်က ဗလာ ဖြစ်သည်။ ဘာတွေ ရေး ထားမှန်းတော့ မသိ။ စာမျက်နှာနစ် ခုလုံး သုံးထားသော စာရွက်များ လည်း ရှိ၏ ။

သူ နားမလည်ပါ။ ဘယ်နေရာ

ဘယ်ဒေသမှာ မှလည်း ယခုကဲ့သို့ လုပ်ဆောင်မှု မျိုးကို မမြင်ဖူး၊ ထို့အတွက်ကြောင့် . . .

"ကောင်လေး . . . "

မပွင့်တပွင့် သူ့ခေါ်သံကြောင့် မော့ကြည့်လာသည်။

"အဲဒါ ဘာတွေ လဲ . . . "

ကောင်လေးရဲ့ မျက်နှာမှာ ခပ်နွမ်းနွမ်းအပြုံး တစ်ခုကို တွေ့ရသည်။ ပြီးတော့ လက်ထဲမှာ ကိုင်ထားသော စာရွက်တစ်ရွက်အား သူ့ဆီထိုးပေးရင်း . . .

"ရော့ . . . ဖတ်ကြည့်လေ"

ကပျာကယာ ဆွဲယူကြည့်လိုက်တော့ . . .

*

၂၂၂

"ခင်ဗျားအတွက် တကယ်ပဲဝမ်းနည်းပါတယ်။ တမလွန်မှာ ပျော်ရွှင်ပါစေ . . ."

ဦးဘသန်း

ကောင်လေးက နောက်တစ်ရွက် ထပ်ပေးသည်။ ပထမစာရွက်လိုပင် စာမျက်နှာတစ်ခြမ်းသာ အသုံးပြုထားသော . . .

ကျေးရွာအတွက်၊ မိသားစုအတွက် ခင်ဗျား တာဝန်ကျေပါတယ်။ ခင်ဗျား စိုက်ပျိုး ခဲ့တဲ့ သစ်ပင်တွေ ၊ ခင်ဗျားတူးဖော်ခဲ့တဲ့ ရေကန်တွေ ရဲ့ အကျိုးကို မြင်တွေ့ ခွင့်ရမသွားပေမဲ့ ကျွန်တော် ယုံကြည်တယ်။ တစ်ချိန်မှာ

ကျွန်တော် တို့ရွာကြီး ခင်မျှား ဖြစ်စေချင်သလို
အေးချမ်းသာယာလာမှာ ပါ။ ခင်မျှား မြင်စေချင်သလို
စိမ်းစိုလန်းဆန်းလာမှာ ပါ။

ဦးပြည့်ဝ ကောင်းရာသုဂတိလားပါစေ . . .။

ထွန်းဦး

ပြီးတော့ နောက်တစ်ရွက် လက်တွင် းသို့
ရောက်လာပြန်သည်။ ဒီတစ်ရွက် ကတော့ အရှေ့
အနောက် နှစ် မျက်နှာစလုံးကို သုံးထား၏ ။
မိသားစုတစ်ခုက ဦးပြည့်ဝ သေဆုံးသွားခြင်းအပေါ်မှာ
နှမြောတသ လွမ်းဆွတ်ထားခြင်း ဖြစ်သည်။

"ငယ်ငယ်ကတည်းက
ပေါင်းသင်းလာကြပေမဲ့ မပြောင်းလဲတဲ့ နင့်ရဲ့
စိတ်ဓာတ်ကို လေးစားပါတယ်။ ငါတို့
အတူတူကစားခဲ့တာတွေ ၊ စာကျက်ခဲ့တာတွေ ၊

ဘုရားသွားခဲ့တာတွေ အခု
အသက်ခြောက်ဆယ်ကျော်တဲ့အထိ
အောက်မေ့နေတုန်းပဲ။ တစ်ချိန်မှာ ဒီရွာကို အုပ်ချု
ပ်ခွင့်ရချင်တယ်ဆိုတဲ့ နင့်ရဲ့ ဆန္ဒ၊ ငါတို့ရွာကြီး
ကောင်းသည့်ထက် ကောင်းအောင်၊
အနီးအနားကျေးရွာတွေ ကြားမှာ ခေါင်းမော့နိုင်အောင်၊
ဆန်ရေစပါး ပေါ်များ အောင် လုပ်ပေးချင်တယ်ဆိုတဲ့
နင့်ရဲ့ စိတ်ဓာတ်။

ကျောသားရင်သား မခွဲခြားတဲ့ နင့်ရဲ့ အုပ်ချု
ပ်မှု ၊ ဒါတွေ ကို မြင်ရကြားရတိုင်း
မျက်ရည်ဝဲခဲ့ရပါတယ်။ နင့်ရဲ့ အုပ်ချုပ်မှု အောက်မှာ
နေခွင့်ရတဲ့ ငါ့ကိုယ်ငါလည်း ဂုဏ်ယူခဲ့တယ်။ ဒါပေမဲ့ ငါ
စိတ်မကောင်းပါဘူး။

မိုးခေါင်နေတဲ့ သက္ကရာဇ်တွေ ကို
တိုက်ဖျက်ဖို့ကြိုး စားရင်း နင် သေဆုံးသွားခဲ့ပြီ။

စောင့်နေပါ။ ငါတို့မောင်နှမလည်း

နင့်နောက်လိုက်လာမှာ ပါ။ အခုဆို ငါ့မောင် ဖိုးလူလည်း

နင်သေဆုံးရခြင်းကို သေလုမျောပါး ခံစားနေရတယ်။

ငါတို့လိုက်အလာကို စောင့်နော်။ ပြီးတော့

နင်ချစ်တဲ့ ငါတို့ 'ကိုးချောင်း' ရွာကြီးကို တမလွန်က

စောင့်ရှောက်ပေးနေဦး"

ဒေါ်အေးသင်

စာဆုံးသွား၍ ကျောဖက်ကို

လှန်ကြည့်လိုက်တော့ . . .

"ဟော့ကောင် ပြည့်ဝ . . .

မင်းသူငယ်ချင်း ဖိုးလူလေကွာ၊ ဘယ်လို

ဖြစ်တာလဲ။ မင်းကို သေမင်းက ဘာလို့

အစောကြီးခေါ်သွားရတာ လဲ။ ငါတော့

သေချိန်မတန်သေးတဲ့ လူသား တစ်ယောက် အတွက်

သေမင်းကို လုံးဝအခဲမကျေဘူးဟေ့။ မင်း ဘာမှမပူနဲ့

သူငယ်ချင်း။ မင်းထားခဲ့တဲ့ ရွာကို ငါတို့

စောင့်ရှောက်မယ်။ ပြီးတော့ မိုးခေါင်လွန်းတဲ့

ငါတို့ရွာကြီး ကျိန်စာပြေဖို့ ငါ အစွမ်းကုန်ကြိုး စားမယ်။

ငါ့ကို ယုံပါကွာ။ မိုးသီးတစ်လုံး ကြွေဖို့

ငါ့အသက်တစ်ချောင်းကို ပေးရင် ပေးရပါစေ၊

ငါပေးရဲတယ်။ ကျေးရွာနဲ့လူမျိုးကိုချစ်စိတ်

မင်းလောက်မပြင်းပေမဲ့ ငါလည်း ငါတို့ရွာသားတွေ

ပူလောင်မှု မျက်ရည် တစ်ခါစီးရတိုင်း

ဆတ်ဆတ်ခါအောင် ရင်နာရပါတယ်။

ငါ့ကိုယုံ။ တစ်ချိန်မှာ ငါတို့ မင်းတို့ရဲ့ ဆန္ဒ

လုံးဝပြည့်ဝရမှာ ပါ။ ဒါပေမဲ့ ငါ့ရဲ့ ဝိညာဉ်ကိုတော့

အားဖြည့်ပေးနော်"

မင်းရဲ့ သူငယ်ချင်း

လက်ထဲမှစာရွက်ကို တမေ့တမောကိုင်ရင်း ကြောင်ငေးသွားမိသည်။ စာပါအဓိပ္ပာယ်တွေ ကို နားမလည်ပါချေ။ အတန်ငယ် ငြိမ်သက်သွားပြီးမှ လက်ထဲမှစာရွက်ကိုချရင်း တစ်ရွက်ကောက်ကိုင် လိုက်သည်။

"ဦးအတွက် ကျွန်တော် တို့ စိတ်မကောင်းပါဘူး။ ခြောက်နှစ် တာ အုပ်ချုပ်ခဲ့တဲ့ ဦးကို ကျွန်တော့် နည်းတူ တစ်ရွာလုံးလည်း ဝမ်းနည်းမဆုံး ဖြစ်နေကြမှာ ပါ။ စိတ်ချပါ၊ ဦးနေရာကို အစားထိုးအုပ်ချုပ်မဲ့ ဦးယုဝကိုလည်း ကျွန်တော် တို့အားလုံး ရှိသေမယ်။

ဘာပဲ ဖြစ် ဖြစ် ကျွန်တော် တို့တွေ ဒီကိုးချောင်းရွာကြီးကို ကာကွယ်မယ်လို့

ကတိပေးပါတယ်''

(ကိုးချောင်းရွာ ကာလသားများ အဖွဲ့)

လက်တွင် းသို့ နောက်တစ်ရွက် ထပ်ရောက်လာပြန်သည်။ ဒီစာရွက် ကတော့ အုတ်နီကြွမ်းတွေ ပေနေသဖြင့် ခါကာ ဖတ်ရသည်။

''ယက္ခတို့အဖွဲ့ ကတော့ ကျေနပ်နေမှာ သေချာတယ်။ ရွာကို သူတို့ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ရပြီလေ။ သေချာတာ ကတော့ ဦးမရှိရင် ရွာပိုင်ရေလှောင်ကန်ထဲကရေကို သူတို့သိသလောက် တောင်းကြတော့မှာ ပဲ။

ဘယ်လိုလုပ်ကြမလဲ။

အမှန်က ဦးအစား ယက္ခတို့အဖွဲ့ သေရမှာ ဗျ''

ဖိုးစည်

စာဆုံးသွားသည့်နောက်မှာ တော့

အသက်ကို ပြင်းပြင်းရှူရင်း ငြိမ်သက်သွားမိသည်။ သို့ပေမဲ့ လည်း လူတို့၏ သဘာဝ အတိုင်း သိချင်မှု ကို အတောမသတ်နိုင်သဖြင့် နောက်တစ်ရွက် ထပ်ကိုင်မိပါ၏ ။

ထိုစာရွက် ကတော့ . . .

''ခင်ဗျား မြန်မြန်သေတာပဲ

ကောင်းပါတယ်ဗျာ။ တကယ်တော့ ခင်ဗျားက ကျွန်တော် တို့လို အုပ်ချုပ်တဲ့လူ မဟုတ်ဘူး။ အနိုင်ကျင့်တဲ့လူဗျ။ ဦးသီလသေသွားတာ ခြောက်နှစ်ရှိနေပြီ။ ဒါပေမဲ့ ကျုပ်တို့ရွာကို မိုးရွာအောင် ခင်ဗျား အခုချိန်ထိ မစွမ်းဆောင်နိုင်ဘူး။ ကျုပ်တို့ကိုကျတော့ နေ့တိုင်း ရေခပ်ခိုင်းတယ်။ သောက်ရေကိုကျ ခွဲတမ်းနဲ့ ပြန်ခွဲပေးတယ်။

ခင်ဗျားအုပ်ချုပ်မှ ကျုပ်တို့မှာ ရေတောင် ဝဝလင်လင် မသောက်ရဘူး။ ဒီကြားထဲ ယက္ခတို့ အတွက် ရေကို တစ်လနှစ် ခါလောက် ပုံမှန်ခွဲပေးနေရသေးတယ်။ ခွဲပေးရမှာ ပေါ့ . . .

ခင်ဗျားမှ ယက္ခကို မယှဉ်နိုင်ပဲ။

ခင်ဗျားတတ်ထားတဲ့ ပညာတွေ ကိုတော့ နမြောတယ်။

ဒါပေမဲ့ မြန်မြန်သေတာပဲ ကောင်းပါတယ်ဗျာ''

စိန်လှ

နောက်တစ်ရွက်လည်း ဆက်မဖတ်ချင်တော့။ ဒီရွာအကြောင်း ဘာမှမသိသေးပေမဲ့ ဖတ်လိုက် ရသော စာတွေ အရ သာမန်ကျေးရွာတစ်ရွာ၏ ဖြစ်တည်မှု ထက်

ထူးခြားနေတာတော့ သေချာသည်။ ပြီးတော့ စိတ်ဝင်စားဖို့ ကောင်းနေသည်မှာ လည်း ဆိုဖွယ်ရာမရှိ။

လက်ထဲမှ စာရွက်ကိုချရင်း အီလစ်ဟူသော ကောင်လေးကို စူးစူးစိုက်စိုက်ကြည့်ကာ . . .

''အခု သေသွားတာ ဒီရွာရဲ့ လူကြီးလား''

''ဟုတ်တယ်။ ကျွန်တော် တို့ အခေါ်အရတော့ ရွာသူကြီးပေါ့''

ကောင်လေးက စာရွက်များ ကို တစ်ပုံစီပုံနေရာမှ အဖြေပေးသည်။

''အခုလို စာတွေ ရေး ပြီး သုသာန်နံရံမှာ သွားညှပ်ကြတာကရော ဘာသဘောလဲကွ . . . ''

မရှင်းမလင်း ဖြစ်နေသော ကိစ္စကို ခပ်သွက်သွက်ပင် မေးလိုက်သည်။ ရိုးစစ်အမေးကို ကြား တော့ ကောင်လေးက လိုလိုချင်ချင် ပြုံး ၏ ။

''ဒါ . . . ဟောဒီကျေးရွာရဲ့ ထုံးစံတစ်ခုပေါ့။ လူ တစ်ယောက် သေဆုံးတာနဲ့ အသုဘချတဲ့နေ့မှာ အခုလိုပဲ သေဆုံးသူအတွက် ဝမ်းနည်းစာတွေ ရေး ပြီး သုသာန်နံ့ရံမှာ ထိုးညှပ်ကြတယ်။ ဘယ် ကတည်းကလုပ်ခဲ့တဲ့ အစဉ်အလာလည်းတော့ မသိဘူး''

ရှိုးစစ် မျက်မှော င်ကြုတ်မိ သွားပါသည်။ ကြားရသည့်စကားတွေ က ထူးဆန်းနေသည် မဟုတ်ပါ လား။

''ခင်ဗျားလည်း ဖတ်ကြည့်ပြီးသွားပြီပဲ။ ဘယ်လိုလဲ။ ကျွန်တော် ပြောတာ ဟုတ်ရဲ့ လား''

''ဟုတ်တော့ဟုတ်တယ်။ ဒါပေမဲ့ ငါ ဖတ်ကြည့်ရသလောက်တော့ ဝမ်းနည်းစာကြီးပဲ မဟုတ် သလိုပဲ''

အီလစ် နောက်တစ်ကြိမ် ထပ်ပြုံး သည်။

ဘာမျှတော့မပြော။

"ဒါ သူကြီးသေသွားလို့ ဝမ်းနည်းစာတွေ ဒီလောက်များ တာပါ။ သာမန်ရွာသားတစ်ဦးဆိုရင်တော့ ဝမ်းနည်းစာ နည်းနည်း ပါပဲ"

စာရွက်ခေါက်တွေ ဖြန့်ကာစီနေသော ကောင်လေးကိုကြည့်ပြီး မေးမိသည်။

"မင်းကရော ဒီစာရွက်တွေ ကို ဘာလို့စီနေတာလဲ"

"သင်္ချာတွက်ဖို့လေ"

ထိုစကားကြားရတော့ ဇရပ်ပတ်ဝန်းကျင်ကို နောက်တစ်ကြိမ် ထပ်ကြည့်မိသည်။ တကယ် ဟုတ်လောက်၏ ။ ဇရပ်ကြမ်းပြင်နှင့် နံရံတို့မှာ မညီမညာရေး ခြစ်ထားသော တွက်ချက်မှု ဂဏာန်းတွေ က သက်သေခံနေသည် မဟုတ်ပါလား။

တစ်စုံတစ်ရာမေးမည့် ဟန်ပြင်ပြီးမှ မမေး ဖြစ်ဘဲ တံတွေးကိုသာ မျိုချမိသည်။

လည်ချောင်းတစ်လျှောက် ပူကာဆင်းသွား၏ ။ ထိုအခါမှ ခန္ဓာကိုယ်က ရေတစ်ပေါက်ကို လှိုက်လှိုက်မောမော တောင့်တနေခဲ့ ဖြစ်ကြောင်း သတိပြန်ဝင်သွားသည်ကြောင့် . . .

''ကောင်လေး . . . ဒီနားမှာ ရေလေးတစ်ခွက်လောက် မရနိုင်ဘူးလား''

သူ့စကားကြောင့် အဲလစ်မှာ ဟက်ဟက်ပက်ပက် ရယ်ပါ၏ ။

''ရေ . . . ဟုတ်လား၊ အဟက် . . . ဟား ဟား . . . ဟား ခင်ဗျား တော် တော် ရယ်ရတဲ့လူပဲ။ ခုန အသုဘလိုက်ပို့တဲ့လူတွေ ဝိုင်းအော်ကြတဲ့စကားတွေ ကို မကြားဘူးလား''

ရှီးစစ် မျက်မှောင်ကုတ်မိသွားတော့ . . .

"ရေရှားတယ်လို့ ပြောဦးမလား၊ ရေငတ်ပြီး သေကြဦးမလား ဆိုတာလေ"

ရှီးစစ် မှတ်မိသလို ခေါင်းညိတ်ပြလိုက်သည်။

"ဒီရွာမှာ မိုးမရွာတာ ခြောက်နှစ် ရှိပြီ"

"ဟေ . . ."

"ဟုတ်တယ်၊ မိုးမရွာတာ ခြောက်နှစ် ရှိသွားပြီ"

ချက်ချင်း ပဲ ခုနဖတ်လိုက်ရသော စာသားတစ်ရပ်ကို သတိရမိပါသည်။ ဖတ်တုန်း ကတော့ မယုံ တစ်ဝက်၊ ယုံတစ်ဝက်၊ ကျိန်စာတွေ ၊ မိုးခေါင်တာတွေ ကို ဖတ်သာဖတ်လိုက်ရတယ်။ သိပ်မယုံချင်၊ နားလည်း နားမလည်၊ ဒါပေမဲ့ . . .

"ဘာ ဖြစ်လို့လဲ"

"ကျိန်စာအတိုက်ခံထားရလို့"

စာထဲမှာ သိထားပြီးသား ဖြစ်ပေမဲ့ သူပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ အံ့သြတကြီး ဖြစ်သွားသော သူ့ပုံစံကိုကြည့်၍ ကောင်လေးက . . .

"ကဲပါ၊ ဒါတွေ ထားလိုက်ပါ။ အခုလောလောဆယ် ခင်ဗျား ရေဆာပြေဖို့ ကျွန်တော် ကူညီပေး ပါ့မယ်"

ပြောပြောဆိုဆို ကောင်လေးက ဇရပ်တစ်နေရာကို လျှောက်လှမ်းသွားသည်။ ထိုနေရာမှာ ကောင်လေး၏ တိုလီမိုလီပစ္စည်းများ ထားရှိရာနေရာ ဖြစ်နိုင်ပါသည်။ စာအုပ်အဟောင်းတွေ ၊ ရေဘူးခွံ တွေ ၊ ပန်းကန်ခွက်ယောက် အစုတ်အပြတ်တွေ ၊ အဝတ်အစား အဟောင်းအမြည်

တွေ ၊ မီးသွေးခဲ အတို အစတွေ စုံကာနေ၏ ။

ထိုအထဲကမှ ကောင်လေးက ဘူးသီးခြောက်တစ်လုံးကို ဆွဲထုတ်လာပြီး . . .

"ရော့ . . . ခင်ဗျား တစ်ယောက် စာတော့ ရမှာ ပါ"

ဘူးသီးကို အူတိုင်ထွင်ကာ အခြောက်ခံထားသော ကျေးလက်ရေဘူးတစ်မျိုး ဖြစ်သည်။ အဖုံး ဖွင့်ကြည့်လိုက်တော့ လက်နှစ်ဆစ်ပမာဏလောက်သော ရေထုထည်တစ်ခုကို တလှုပ်လှုပ် တွေ့ရ သည်။ ရိုးစစ် အငမ်းမရ မော့ချလိုက်တော့ . . .

"ဖြည်းဖြည်းသောက်ဗျ . . . သီးနေဦးမယ်"

အူလမ်းကြောင်းတစ်လျှောက် အေးမြသက်ဆင်းသွားသည်။

စေတနာရှင်ကောင်လေးက နံ့ဘေးတွင် ရပ်ကာ ငေါ်ငေါ်မွတ်မွတ် သောက်နေသော သူ့ပုံစံကိုကြည့်ရင်း . . .

"ဗိုက်ရောဆာနေသေးလား . . . ဗိုက်ဆာရင်တော့ ကျွန်တော့်မှာ စားစရာမရှိတော့ဘူး"

"ရပါတယ်"

ဘူးသီးခြောက်ကိုချကာ အဖြေပြန်ပေးတော့ ကောင်လေးက ခေါင်းတစ်ချက် ညိတ်သည်။ ရေ အဝသောက်လိုက်ရသည်ကြောင့် လား မသိ၊ မျက်ခွံတို့ လေးလံလာသည် ထင်မိသည်။ ခရီးပင်ပန်းမှု ၊ မောဟိုက်နွမ်းနယ်မှု တွေ နှင့် လူက ချက်ချင်း ဆိုသလို ထုံထုံထိုင်းထိုင်း ဖြစ်သွား၏ ။

ဒါကို ကောင်လေးက ရိပ်မိသည်ထင်သည်။

"ခရီးပမ်းလာတာပဲဗျာ၊

ခဏလောက်အိပ်လိုက်ပါလား၊ အားပြန်ပြည့်တာပေါ့"

ရိုးစစ် ခေါင်းညိတ်မိလိုက်သလား မသိ။ ဒါပေမဲ့ ကောင်လေးအကြောင်းကိုလည်း ယခုထက် ပိုသိချင်နေသေးသည်။ ထို့အတွက်ကြောင့်

"အခုလို ကူညီတာ ကျေးဇူးအများ ကြီး တင်ပါတယ်ကွာ"

ပြောပြောဆိုဆို ကောင်လေးရှေ့သို့ လက်ထိုးပေးတော့ . . .

"ရပါတယ်"

လက်ကို ပြန်လည်ဆုပ်ကိုင်လိုက်သော အထိအတွေ့တစ်ခုအောက်မှာ . . .

ခဏတာ လွင့်မျောသွားသည် ထင်မိသည်။ ပြီးတော့မှ . . .

"ဪ . . ."

*

၂၄

လွယ်အိတ်ကို ခေါင်းအုံးအိပ်နေရာမှ ဆတ်ခနဲ နိုးလာတော့ နေရောင် က သူ့အိပ်ပျော်ရာအရပ် ကို ထိုးကျနှုတ်ဆက်နေပါပြီ။ နားထဲမှာ လည်း တံမြက်စည်းလှည်းသံ တရှပ်ရှပ်ကို ကြားရသည့်ကြောင့် ထထိုင်လိုက်တော့ . . .

"ချလွမ် . . ."

ခြေထောက်က သံပန်းကန်တစ်ချပ်ကို အမှတ်မထင် သွားတိုက်မိ၏ ။ ထိုအသံကြောင့် တံမြက်

စည်းလှည်းသံ ရပ်သွားပြီး . . .

"နိုးပြီလားဗျ . . ."

ကြားဖူးထားသော အသံတစ်ခုက နားထဲတိုးဝင်လာသည်။

"အေးကွာ . . . နိုးပြီ"

ပြန်လည်အဖြေပေးရင်း နေရောင် ဝါဝါ ထိုးကျနေသော ပတ်ဝန်းကျင်ကို မယုံသလို ဝေ့ဝဲကြည့်မိတော့ . . .

"ဘာလဲ . . . နေ့တစ်ဝက်နဲ့ တစ်ညလုံးအိပ်ပျော်သွားလို့ ကိုယ့်ကိုယ်ကိုယ် အံ့ဩနေတာလား"

ကြားရသော စကားကြောင့် ဝေဝေဝါးဝါး ဖြစ်နေသော မျက်လုံးတို့ ပြူး ကျယ်သွား၏ ။ ကိုယ့် ကိုယ်ကိုယ်လည်း မယုံမရဲ ဖြစ်သွားကာ . . .

"ငါ တကယ် အဲလောက်ထိ အိပ်ပျော်သွားတာလား"

"ဟုတ်တယ်လေ . . .၊ မိုးလင်းပြီးလို့ ဟိုမှာ နေတောင်ထွက်နေပြီ"

တကယ်လည်း နေလုံးနီနီက ထွက်ပြူ စပင်ရှိသေးတာမို့ မယုံမကြည် ဖြစ်မိပေမဲ့ လက်ခံလိုက်ရ တော့၏ ။ လမ်းခရီး၏ ပင်ပန်းမှု ဒဏ်တွေ ကို အိပ်စက်ခြင်းနှင့် ကုစားလိုက်ရသည် မဟုတ်ပါလား။ ယခုမှ လူက အနည်းငယ်ပေါ့ပါးကာ စိတ်လက်ကြည်လင်လာသလို ရှိသည်။

"ဟိုမှာ ခင်ဗျား မျက်နှာသစ်ဖို့ ရေယူလာတယ်"

ညွှန်ပြရာဆီကြည့်မိတော့ ရေအပြည့်နှင့် ခွက်နှစ် ခွက်ကို တွေ့ရသည်။ ထိုရေနှစ် ခွက်အား

ကြည့်ရင်း အနည်းငယ် တွေ ဝေမိ သွားပါသည်။ မနေ့က သောက်ရေပင် အနိုင်နိုင် ဖြစ်သော ဇရပ်က ယခု ခွက်ပြည့်နှစ် ခွက်ဆိုတော့ . . .

"ဒီရေတွေ က . . . "

တစ်ဝက်တစ်ပျက်နှင့် ရပ်သွားပေမဲ့ ကောင်လေးက သဘောပေါက်သလို . . .

"ဟိုးတောင်ထိပ်က တဲဝိုင်းဝိုင်းလေးကိုတွေ လား"

လက်ညှိုး ညွှန်ရာ လှမ်းမျှော်ကြည့်မိတော့ နသစ်စနေရောင် အောက်မှာ တစ်လုံးတည်းရှိနေ သော တဲပုပုဝိုင်းဝိုင်းလေးကို တွေ့ရသည်။ တောင်ကုန်းမြင့်ပေါ်မှာ ထိုတဲအိမ်တစ်လုံးမှလွဲပြီး ကျန်သည့် အဆောက်အဦးများ ကို မတွေ့ရ။ ဆောက်လုပ်ထားသော အချိန် ကြာမြင့်ပြီး ဖြစ်ကြောင်း

အိုဟောင်းကျွတ်ဆပ်နေသော တိုက်အိမ်လေးကို ကြည့်ရင်း တွေးမိသည်။

သို့ပေမဲ့ ဘာကြောင့် မှန်းမသိ ကြည့်ရတာ တစ်ခုခု ဆန်းကြယ်နေသည်။

"ဒီရေတွေ အဲဒီ အိမ်ကယူလာတာ"

"အဲဒီ မှာ ရေပေါတယ်ပေါ့"

"အင်း . . . ဆိုပါတော့ . . . "

သိပ်တော့ နားမလည်ပါချေ။ တောင်ကုန်းမြင့်ပေါ်သွားပြီး ရေပေါရသည်တဲ့။ သူ နားမလည် ပေမဲ့ ကောင်လေး ကတော့ တံမြက်စည်း ဆက်လှဲနေသည်။ ထို့ကြောင့် သူလည်း ထိုင်ရာမှထကာ ရေနှစ် ခွက်ရှိရာဆီ သွားလိုက်သည်။ အနီးကပ်ကြည့်မိတော့ ရေမှာ အကြည်လင်ကြီးမဟုတ်ပေမဲ့ စိမ်းလဲ့လဲ့ ရှိနေပါသည်။

တစ်ငုံ ငုံကြည့်လိုက်တော့ ပေါ့ရွှတ်ရွှတ်အရသာကို ခံစားရ၏ ။ ကိစ္စမရှိပါ။ သူ မော့သောက်ပစ် လိုက်ပါသည်။ ပြီးတော့မှ မျက်နှာသစ်ခြင်းအမှု ကို ပြုသည်။ ပြီးဆုံးသွားစဉ်မှာ ပဲ ရပ်ကြည့်နေပုံရသော ကောင်လေးက . . .

"ပြီးရင် သွားရအောင်"

"ဘယ်ကိုလဲ"

ရိုးစစ် ကြောင်တောင်တောင်ဖြင့် ပြန်မေးလိုက်တော့ . . .

"ခင်ဗျားကို သူကြီးအိမ်လိုက်ပို့ပေးမလို့"

"သူကြီးအိမ် . . ."

သံယောင်လိုက်သွားမိကာ မျက်လုံးတွင်း းမှာလည်း မနေ့က အသုဘတစ်ခုကို ပြေးမြင်မိသွားသည်ကြောင့် . . .

''သူကြီးက မနေ့ကပဲ အသုဘချလိုက်ပြီ မဟုတ်ဘူးလား''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ သူ့ညီ ကျန်ခဲ့တယ်။ ခင်ဗျားကို သူ့ညီဆီလိုက်ပို့ပေးမှာ ''

''ဘာလုပ်ဖို့လဲ''

ကောင်လေးက သူ့ကို သေချာကြည့်၏ ။

''ခင်ဗျား ဗိုက်မဆာဘူးလား''

ထိုအခါမှ သတိရသွား၏ ။ ဟုတ်သားပဲ။ သူ ထမင်းမစားရတာ ရက်ပေါင်းတော်တော် ကြာနေ ပြီ။ ပါလာသော ရိက္ခာ ပြတ်သွားချိန်မှာ အဆင်ပြေတာကို စားသောက်ရင်း ခရီးဆက်လာရသည် မဟုတ်ပါလား။

ဆက်ရမဲ့ခရီးက ဘယ်ဆီဘယ်ဝယ်မှန်း မသိသေး။ ခန္ဓာကိုယ်အတွက် အာဟာရတစ်ခုခုတော့ ဖြည့်တင်းပေးမှ ဖြစ်ပေမည် ။ ရေပဲရှိသည့်ခန္ဓာကိုယ်က

ဘယ်လောက်ကြာကြာ တောင့်ခံနိုင်မလဲ သူ ဆုံးဖြတ်ဖို့ မတတ်နိုင်သည်လေ။

"လိုက်ခဲ့ပါ၊ ကျွန်တော်် တို့ရွာက ဧည့်သည်တွေ အပေါ်မှာ တာဝန် အမြဲကျေပါတယ်"

ပြောပြောဆိုဆို ကောင်လေးက လက်ခေါက်တစ်ချက်အား အသံရှည်ဆွဲကာ မှု တ်လိုက်သည်။

"ရှီး . . . "

လက်ခေါက်သံက သုသာန်တွင် းမှတစ်ဆင့် လေဆောင်ရာကို မျောပါသွား၏ ။ ရိုးစစ် ကြောင် တောင်တောင်ဖြင့် ရပ်ကြည့်မိစဉ်မှာ ပဲ မြင်းခွာသံတချို့ကို ကြားရသည်။ မကြာလိုက်၊ မြင်းညိုကြီး တစ်ကောင် သုသာန်တွင် းသို့ ဒုန်းစိုင်းပြီး ဝင်ရောက်လာပါသည်။ အီလစ် ရှေ့တည့်တည့်အရောက်မှာ ငြိမ်ဝပ်ပိပြားစွာ

ရပ်တန့်လိုက်သည်ကို တွေ့ရ၏ ။

"မင်းကို ငါပြန်လာမှ ရွာထိပ်မှာ အစာလိုက်ကျွေးမယ်။ အခုတော့ ဒီမှာ ခဏနေဦး"

ပြောလည်းပြော လက်ကလည်း မြင်းကြီးကိုဆွဲကာ ဇရပ်တိုင်တစ်တိုင်တွင် ကြိုး ချည်နေတာမို့ . . .

"ဟာ . . . တယ်ဟုတ်ပါလား . . . မင်း မြင်းကြီးက လိမ္မာလှချည်လား"

ရှိုးစစ် မနေနိုင်စွာ ဆိုတော့ ကောင်လေးက . . .

"ဒီရွာမှာ ကျွန်တော့် စကားနားထောင်တာ ဒီကောင်ကြီးပဲရှိတယ်"

ပြောပြီး လှည့်ထွက်သွားသည်ကြောင့် ရှိုးစစ်လည်း လွယ်အိတ်ကိုဆွဲကာ ကောင်လေးနောက်

မှ အပြေးလိုက်ရတော့သည်။

*

# ၈

"မြန်မြန်လာပါဗျ။ ကျွန်တော် က ရွာထဲကို ခိုးဝင်ရတာ "

လာပြန်ပါပြီ။ ဒီရွာကိုရောက်ကတည်းက မြင်ရ ကြားရသော ထူးဆန်းမှု တွေ မှာ မကုန်သေး။ အခုလည်း ထပ်ကြားရပြန်ပါပြီ။ ရွာထဲကို ခိုးဝင်ရတာတဲ့။ ကောင်လေးပုံစံက ပြောသော စကားနှင့် လျော်ညီစွာ သွက်သွက်လက်လက်၊ ခိုးကြောင်ခိုးဝှက်ပုံစံပါပင်။ ရှေ့ကသာ သွားနေရသည်။ တစ်စုံ တစ်ယောက် က သူ့ကိုတွေ့သွားမှာ

စိုးရွံ့နေသော ပုံစံမျိုး။

ဘာပဲ ဖြစ် ဖြစ် ရိုးစစ် ကောင်လေးကိုမီအောင် ခပ်သွက်သွက် လှမ်းလိုက်၏ ။ သူက ညြှို့သည့် ပင်မဟုတ်ပါလား။ ရွာထဲသို့ အချိန်အတော် ကြာဝင်ပြီးသည့်တိုင်အောင် မနေ့ကအတိုင်းပဲ တိတ်ဆိတ် မှု တွေ ကိုသာ ရင်ဆိုင်ရသည်။ သူတို့နှစ် ယောက် လျှောက်လှမ်းလာရာ လမ်းဘေးတစ်ဖက်တစ်ချက်မှာ လူနေအိမ်များ ကို တွေ့ရပေမဲ့ လူရိပ်လူခြည် ကင်းမဲ့နေ၏ ။ ဒါပေမဲ့ တချို့တလေအိမ်တွေ မှာ တော့ ကလေးငယ်များ နှင့် သက်ကြီးရွယ်အိုများ ကို တွေ ရသည်။

သူ့လိုအရွယ် လူငယ်များ ကို မတွေ့ရ။ ပြီးတော့ မြင်တွေ့ရသမျှ ပတ်ဝန်းကျင်မှာ လည်း ဆိုးရွား လှ၏ ။ ဖုန်ထူရုံပင်မဟုတ်၊ အရိုးပြိုင်းပြိုင်း ထနေသော

သစ်ခြောက်ပင်များ ၊ အမှိုက်များ ၊ တဲအိမ်အစုတ်အပြတ်များ နှင့် မြင်မြင်သမျှက မီးလောင်ပြင်ဆန်နေသည်။

တစ်ချိန်က အသုံးပြုခဲ့ဟန်တူသော ရေကန်အဟောင်းများ ကိုလည်း တွေ့ရ၏ ။ ရေရှိဖို့ဝေးစွ၊ ပတ်ကြာအက်တွေ နှင့် သာ ပြည့်နှက်နေသည်။ စိုက်ပျိုးရေး လုပ်ခဲ့ဟန်တူသော ခြံကျယ်ကြီးများ ၊ ရေနုတ်မြောင်းများ ကိုလည်း တွေ့ရသည်။ ဤအခြင်းအရာတွေ ကို ကြည့်ခြင်းအားဖြင့် ရာသီမည်မျှတိုင်တိုင် မိုးဥတုမဲ့ခဲ့ကြောင်း ရိုစစ် ခန့်မှန်းမိသည်။

လျှောက်လာရင်း အချိန်အတော် ကြာတော့ အိမ်ကြီးတစ်ဆောင်ကို ခပ်လှမ်းလှမ်းမှ တွေ့ရ သည်။ အီလစ်က ထိုအိမ်ကြီးဆီသို့ ဦးတည်ကာသွားနေ၏ ။ သဘောပေါက်လိုက်ပါသည်။ ထိုအိမ်ကြီး မှာ သူကြီးအိမ်ပင် ဖြစ်ပေလိမ့်မည် ။

ထင်သည့်အတိုင်းပါပဲ။ ခြံပေါက်ဝနှင့် အနီးဆုံးနေရာရောက်တော့ . . .

"ဒါ . . . သူကြီးအိမ်ပဲ . . . "

ကြီးမားခန့်ထည်လွန်းပါသည်။ ဒီရွာမှာ အကြီးဆုံးအိမ်ဟု ပြော၍ ရလောက်သည်။ ယခင်က တော့ ရေနံချေးရောင် တပြောင်ပြောင်နှင့် ရှိလိမ့်မည် ဖြစ်သော် လည်း ယခုတော့ ဖြူလျော်နေပါပြီ။ နှစ် ထပ်အိမ် ဖြစ်ပြီး ကျွန်းတိုင်လုံးအများ အပြားနှင့် ဆောက်လုပ်ထားကြောင်း တွေ့ရ၏ ။

ကြည့်ရှုံနှင့် ပင် စိတ်ကို တစ်စုံတစ်ရာ လွှမ်းမိုးထားနိုင်သော တည်ဆောက်ပုံ ဖြစ်သည်။ ရိုးစစ် ကြည့်နေရင်းနှင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်ကြောင့် နံဘေးမှ အီလစ်ကို လှည့်ကြည့်လိုက် တော့ . . .

"ဟင် . . ."

ခေါင်းနားပန်းကြီးသွားရပါသည်။ အီလစ်မှာ ရှိမနေတော့။ ထိတ်လန့်တကြား ဟိုဟိုဒီဒီ ရှာကြည့်မိစဉ်မှာ ပင် . . .

"ညြသည်မောင်ရင်လေး . . . အထဲကိုဝင်ခဲ့လေ"

"ဟာ . . ."

ကြက်သီးတို့ ဖျန်းခနဲသီးကာ လူကအလိုလို နောက်တစ်လှမ်း ဆုတ်မိသွား၏ ။ မနေ့က သုသာန်မှာ ကြားခဲ့ရသော ကြောက်မက်ဖွယ်အသံဝါကြီး။ ထိတ်ထိတ်ပျာပျာဖြင့် ဟိုဟိုဒီဒီ ကြည့်လိုက် မိစဉ်မှာ ပဲ . . .

"လာပါ၊ အန္တရာယ်မရှိပါဘူး"

အိမ်ကြီးထဲမှ ထွက်လာခြင်း ဖြစ်လေသည်။

အိမ်ကြီးဆီကြည့်ကာ လူက ဘာလုပ်ရမှန်းမသိ ငြိမ်သက်သွားမိတော့ . . .

"ဟား . . . ဟား . . . ဟား . . . "

ချောက်ချားဖွယ်ရယ်သံကြီးတစ်ခု ထပ်ထွက်လာပါ၏ ။ ထိုရယ်သံကြီးနှင့် အတူ . . .

"အဟား . . . မကြောက်ပါနဲ့ . . . ပြီးမှ အထင်နဲ့ အမြင်လွဲနေရင် အသည်းငယ်မိတဲ့ ကိုယ့်ကို ကိုယ် နောင်တရနေဦးမယ်"

ပထမဆုံး သူ့ကို ဆွဲ့အသွားစေသော စကားပါပဲ။ ဒီစကားမှာ အဓိပ္ပာယ်တစ်ခု ပါနေသလို။ ဟုတ်တော့လည်း ဟုတ်သည်။ ဘာမှန်းမသိသည့်ရွာကို တစ်ယောက် တည်းရောက်လာသည်။ ကြောက်လည်း ကြောက်နေပြန်သေးလျှင် ပိုဆိုးပေတော့မည် ။ ထို့ကြောင့် စိတ်ကိုတင်းကာ

ခြေတစ်လှမ်းရှေ့တိုးလိုက်၏ ။

ခြံတံခါးဖွင့်ထားလျက်မို့

လေးလှမ်းမြောက်မှာ ပင် ခြံတွင်းသို့

ရောက်သွားသည်။ အထဲမှပုဂ္ဂိုလ် ကတော့

သူ့ကိုမြင်နေမှာ သေချာ၏ ။ အသံတော့

ထပ်ထွက်မလာသေး။ ဒါပေမဲ့ အိမ်ကြီးနဲ့နီးလာတော့

တုန်လှုပ်ချောက်ချားစိတ်တို့ ပြန်လည်

ဖြစ်ထွန်းလာပါသည်။ အကြောင်းကား အိမ်ကြီးအား

ကာရံထား သော ပျဉ်ချပ်များ ကို အနီးကပ်မြင်တွေ့

လိုက်ရသော ကြောင့် ။

သာမန်အကာရံတစ်ခု မဟုတ်ပါ။

ပျဉ်ပေါ်တွင် နံရံဆေးရေး ပန်းချီသဘောမျိုး အရုပ်တွေ

ရေး ဆွဲ ထားသည်။ နီးစပ်နေသော ရုပ်ပုံတစ်ခုကို

လှမ်းကြည့်လိုက်တော့ . . .

ဝတ်ရုံရှည်ဝတ်ထားသော လူ တစ်ယောက် ၊ နှင်တံတစ်ခုကို ကိုင်ကာ မျက်လှည့်ပြနေသည်။ ကြည့်ရှုနေဟန် ပရိသတ်ပုံတွေ လည်း ရေး ဆွဲထားသည်။ နောက်တစ်ပုံက လူ တစ်ယောက် ကို လှဲနေ စေပြီး ဝတ်ရုံရှည်ဝတ်ထားသော ဆရာက ဓားမောက်တစ်ချောင်းဖြင့် လည်ပင်းကို ပိုင်းဖြတ်ဟန် ရှယ်ထားသည်။ တစ်ဆက်တည်းပုံတစ်ခုမှာ လှဲထားပေးသူ၏ ဦးခေါင်း ပြတ်ကျသွား၏ ။ ထိုဦးခေါင်းကို ခွေးတစ်ကောင်က လာဆွဲသွားသည်။

နောက်တစ်ပုံမှာ မျက်လှည့်ဆရာက လက်ကို ဆန့်တန်းထား၏ ။ လူ တစ်ယောက် မှာ ဆရာ၏ ပညာစွမ်းဖြင့် လေပေါ်တွင် ဝဲပျံနေသည်။ ရိုးစစ် မျက်မှော င်ကြုတ်ကာ စိတ်ထဲမှာ လည်း ထင့်ခနဲ ဖြစ်သွားသည်။ ထို့ကြောင့် ကပျာကယာပင် နောက်ပုံတစ်ခုကို အကြည့်ရွှေ့လိုက်တော့ . . .

မိန်းမပျို တစ်ယောက် တယောထိုးနေသည်။ ဆရာက မိန်းမပျိုရှေ့မှ လိုက်ကာ ကွယ်လိုက်၏ ။ လိုက်ကာဖယ်လိုက်သော အခါ မိန်းမပျိုမှာ မရှိတော့ချေ။ ဒါပေမဲ့ တယောနှင့် ဘိုတံမှာ လေထဲ၌ တံ့ပြီး ဆက်လက် လှုပ်ရှားလျက်ရှိနေသည်။

ကြက်သီးများ ပင် ထမိသွားသလား မသိတော့ပါ။ ဒီရုပ်ပုံလွှာတွေ မှာ မျက်လှည့်ပညာ၏ အဆင့် မြင့်ပြကွက်တွေ ဖြစ်သည်။ ဒီရုပ်ပုံတွေ ကို ဘာကြောင့် အိမ်နံရံမှာ ရေး ဆွဲထားရတာ နည်း။ ရိုးစစ် ကြောင်ငေးရပ်နေစဉ်မှာ ပဲ . . .

''မောင်ရင်က မျက်လှည့်ကို စိတ်ဝင်စားတယ်လား''

ရှေ့တူရူဆီမှ ထွက်ပေါ်လာသော အသံနောက်မှာ သက်ပြင်းကို ချလိုက်မိတော့၏ ။

ကြောက် မက်ဖွယ်အသံဝါကြီးက ဒီတစ်ခါ
တိုးဖျော့လို့လားမသိ၊ အနည်းငယ် နားဝင်ချိုနေသည်။
သူ့ရှေ့မှာ လိုက်ကာတစ်စ။ ထိုလိုက်ကာက အိမ်ကြီးနှင့်
သူ့ကို ခြားနားထား၏ ။ လိုက်ကာကိုဖယ်၍
ရှေ့တစ်လှမ်း တိုးလျှင် အိမ်တွင်းသို့ ရောက်ပေပြီ။
အိမ်ထဲမှာ ကြောက်မက်ဖွယ်အသံကိုပိုင်ဆိုင်သူ ပုဂ္ဂိုလ်ရှိနေသည်။ ဘာလုပ်ရမလဲ၊ ဒီအတိုင်းရပ်နေရမလား၊
လိုက်ကာဖယ်ပြီး ဝင်သွားရမလား။

တုံ့ဆိုင်းမိပေမဲ့ ခဏအကြာမှာ သူ့နှုတ်ခမ်း
တွန့်ကွေးသွား၏ ။ ခန္ဓာကိုယ်တွင်းမှာ အမေ့ရဲ့ သွေး
တွေ စီးဝင်လာသလို ခံစားလိုက်ရသည်။ ထိုခဏမှာ ပဲ
လက်က အလိုလို လိုက်ကာအား ဆွဲဖယ်ပစ်
လိုက်တော့၏ ။ အတွင်းမှ ထွက်ပေါ်လာသည် ကတော့
. . .

V

''မြန်မြန်လာပါဗျ။ ကျွန်တော် က ရွာထဲကို ခိုးဝင်ရတာ ''

လာပြန်ပါပြီ။ ဒီရွာကိုရောက်ကတည်းက မြင်ရ ကြားရသော ထူးဆန်းမှု တွေ မှာ မကုန်သေး။ အခုလည်း ထပ်ကြားရပြန်ပါပြီ။ ရွာထဲကို ခိုးဝင်ရတာ တဲ့။ ကောင်လေးပုံစံက ပြောသော စကားနှင့် လျော်ညီစွာ သွက်သွက်လက်လက်၊ ခိုးကြောင်ခိုးဝှက်ပုံစံပါပင်။ ရှေ့ကသာ သွားနေရသည်။ တစ်စုံ တစ်ယောက် က သူ့ကိုတွေ့သွားမှာ စိုးရွံ့နေသော ပုံစံမျိုး။

ဘာပဲ ဖြစ် ဖြစ် ရိုးစစ် ကောင်လေးကိုမီအောင် ခပ်သွက်သွက် လှမ်းလိုက်၏ ။ သူက ငြော့သည် ပင်မဟုတ်ပါလား။ ရွာထဲသို့ အချိန်အတော် ကြာဝင်ပြီးသည့်တိုင်အောင် မနေ့ကအတိုင်းပဲ တိတ်ဆိတ် မှု တွေ ကိုသာ

ရင်ဆိုင်ရသည်။ သူတို့နှစ် ယောက်
လျှောက်လှမ်းလာရာ လမ်းဘေးတစ်ဖက်တစ်ချက်မှာ
လူနေအိမ်များ ကို တွေ့ရပေမဲ့ လူရိပ်လူခြည်
ကင်းမဲ့နေ၏ ။ ဒါပေမဲ့ တချို့တလေအိမ်တွေ မှာ တော့
ကလေးငယ်များ နှင့် သက်ကြီးရွယ်အိုများ ကို တွေ
ရသည်။

သူ့လိုအရွယ် လူငယ်များ ကို မတွေ့ရ။
ပြီးတော့ မြင်တွေ့ရသမျှ ပတ်ဝန်းကျင်မှာ လည်း ဆိုးရွား
လှ၏ ။ ဖုန်ထူရုံပင်မဟုတ်၊ အရိုးပြိုင်းပြိုင်း ထနေသော
သစ်ခြောက်ပင်များ ၊ အမှိုက်များ ၊ တဲအိမ်အစုတ်
အပြတ်များ နှင့် မြင်မြင်သမျှက
မီးလောင်ပြင်ဆန်နေသည်။

တစ်ချိန်က အသုံးပြုခဲ့ဟန်တူသော
ရေကန်အဟောင်းများ ကိုလည်း တွေ့ရ၏ ။ ရေရှိဖို့
ဝေးစွ၊ ပတ်ကြာအက်တွေ နှင့် သာ ပြည့်နှက်နေသည်။

စိုက်ပျိုးရေး လုပ်ခဲ့ဟန်တူသော ခြံကျယ်ကြီးများ၊
ရေနုတ်မြောင်းများ ကိုလည်း တွေ့ရသည်။
ဤအခြင်းအရာတွေ ကို ကြည့်ခြင်းအားဖြင့် ရာသီမည်
မျှတိုင်တိုင် မိုးဥတုမဲ့ခဲ့ကြောင်း ရိပ်စစ် ခန့်မှန်းမိသည်။

လျှောက်လာရင်း အချိန်အတော် ကြာတော့
အိမ်ကြီးတစ်ဆောင်ကို ခပ်လှမ်းလှမ်းမှ တွေ့ရ သည်။
အီလစ်က ထိုအိမ်ကြီးဆီသို့ ဦးတည်ကာသွားနေ၏ ။
သဘောပေါက်လိုက်ပါသည်။ ထိုအိမ်ကြီး မှာ
သူကြီးအိမ်ပင် ဖြစ်ပေလိမ့်မည် ။

ထင်သည့်အတိုင်းပါပဲ။ ခြံပေါက်ဝနှင့်
အနီးဆုံးနေရာရောက်တော့ . . .

"ဒါ . . . သူကြီးအိမ်ပဲ . . . "

ကြီးမားခန့်ထည်လွန်းပါသည်။ ဒီရွာမှာ
အကြီးဆုံးအိမ်ဟု ပြော၍ ရလောက်သည်။ ယခင်က

တော့ ရေနံချေးရောင် တပြောင်ပြောင်နှင့် ရှိလိမ့်မည် ဖြစ်သော်လည်း ယခုတော့ ဖြူလျော်နေပါပြီ။ နှစ်ထပ်အိမ် ဖြစ်ပြီး ကျွန်းတိုင်လုံးအများ အပြားနှင့် ဆောက်လုပ်ထားကြောင်း တွေ့ရ၏။

ကြည့်ရှုံနှင့် ပင် စိတ်ကို တစ်စုံတစ်ရာ လွှမ်းမိုးထားနိုင်သော တည်ဆောက်ပုံ ဖြစ်သည်။ ရှိုးစစ် ကြည့်နေရင်းနှင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာသည်ကြောင့် နံဘေးမှ အီလစ်ကို လှည့်ကြည့်လိုက် တော့ . . .

"ဟင် . . ."

ခေါင်းနားပန်းကြီးသွားရပါသည်။ အီလစ်မှာ ရှိမနေတော့။ ထိတ်လန့်တကြား ဟိုဟိုဒီဒီ ရှာကြည့်မိစဉ်မှာ ပင် . . .

"ညည်သည်မောင်ရင်လေး . . .

အထဲကိုဝင်ခဲ့လေ"

"ဟာ . . ."

ကြက်သီးတို့ဖျန်းခနဲသီးကာ လူကအလိုလို နောက်တစ်လှမ်း ဆုတ်မိသွား၏ ။ မနေ့က သုသာန်မှာ ကြားခဲ့ရသော ကြောက်မက်ဖွယ်အသံဝါကြီး။ ထိတ်ထိတ်ပျာပျာဖြင့် ဟိုဟိုဒီဒီ ကြည့်လိုက် မိစဉ်မှာ ပဲ . . .

"လာပါ၊ အန္တရာယ်မရှိပါဘူး"

အိမ်ကြီးထဲမှ ထွက်လာခြင်း ဖြစ်လေသည်။ အိမ်ကြီးဆီကြည့်ကာ လူက ဘာလုပ်ရမှန်းမသိ ငြိမ်သက်သွားမိတော့ . . .

"ဟား . . . ဟား . . . ဟား . . . "

ချောက်ချားဖွယ်ရယ်သံကြီးတစ်ခု ထပ်ထွက်လာပါ၏ ။ ထိုရယ်သံကြီးနှင့် အတူ . . .

"အဟား . . . မကြောက်ပါနဲ့ . . . ပြီးမှ အထင်နဲ့ အမြင်လွဲနေရင် အသည်းငယ်မိတဲ့ ကိုယ့်ကို ကိုယ် နောင်တရနေဦးမယ်"

ပထမဆုံး သူ့ကို ဆွံ့အသွားစေသော စကားပါပဲ။ ဒီစကားမှာ အဓိပ္ပာယ်တစ်ခု ပါနေသလို။ ဟုတ်တော့လည်း ဟုတ်သည်။ ဘာမှန်းမသိသည့်ရှာကို တစ်ယောက် တည်းရောက်လာသည်။ ကြောက်လည်း ကြောက်နေပြန်သေးလျှင် ပိုဆိုးပေတော့မည် ။ ထို့ကြောင့် စိတ်ကိုတင်းကာ ခြေတစ်လှမ်းရှေ့တိုးလိုက်၏ ။

ခြံတံခါးဖွင့်ထားလျက်မို့ လေးလှမ်းမြောက်မှာ ပင် ခြံတွင် းသို့ ရောက်သွားသည်။ အထဲမှပုဂ္ဂိုလ် ကတော့ သူ့ကိုမြင်နေမှာ သေချာ၏ ။ အသံတော့ ထပ်ထွက်မလာသေး။ ဒါပေမဲ့ အိမ်ကြီးနဲ့နီးလာတော့

တုန်လှုပ်ချောက်ချားစိတ်တို့ ပြန်လည် ဖြစ်ထွန်းလာပါသည်။ အကြောင်းကား အိမ်ကြီးအား ကာရံထား သော ပျဥ်ချပ်များ ကို အနီးကပ်မြင်တွေ့ လိုက်ရသော ကြောင့် ။

သာမန်အကာရံတစ်ခု မဟုတ်ပါ။ ပျဥ်ပေါ်တွင် နံရံဆေးရေး ပန်းချီသဘောမျိုး အရုပ်တွေ ရေး ဆွဲ ထားသည်။ နီးစပ်နေသော ရုပ်ပုံတစ်ခုကို လှမ်းကြည့်လိုက်တော့ . . .

ဝတ်ရုံရှည်ဝတ်ထားသော လူ တစ်ယောက် ၊ နင်တံတစ်ခုကို ကိုင်ကာ မျက်လှည့်ပြနေသည်။ ကြည့်ရှုနေဟန် ပရိသတ်ပုံတွေ လည်း ရေး ဆွဲထားသည်။ နောက်တစ်ပုံက လူ တစ်ယောက် ကို လှဲနေ စေပြီး ဝတ်ရုံရှည်ဝတ်ထားသော ဆရာက ဓားမောက်တစ်ချောင်းဖြင့် လည်ပင်းကို ပိုင်းဖြတ်ဟန် ရွယ်ထားသည်။ တစ်ဆက်တည်းပုံတစ်ခုမှာ

လှဲထားပေးသူ၏ ဦးခေါင်း ပြတ်ကျသွား၏ ။

ထိုဦးခေါင်းကို ခွေးတစ်ကောင်က လာဆွဲသွားသည်။

နောက်တစ်ပုံမှာ မျက်လှည့်ဆရာက

လက်ကို ဆန့်တန်းထား၏ ။ လူ တစ်ယောက် မှာ

ဆရာ၏ ပညာစွမ်းဖြင့် လေပေါ်တွင် ဝဲပျံနေသည်။

ရိုးစစ် မျက်မှောင်ကြုတ်ကာ စိတ်ထဲမှာ လည်း ထင့်ခနဲ

ဖြစ်သွားသည်။ ထို့ကြောင့် ကပျာကယာပင်

နောက်ပုံတစ်ခုကို အကြည့်ရွှေ့လိုက်တော့ . . .

မိန်းမပျို တစ်ယောက် တယောထိုးနေသည်။

ဆရာက မိန်းမပျိုရှေ့မှ လိုက်ကာ ကွယ်လိုက်၏ ။

လိုက်ကာဖယ်လိုက်သော အခါ မိန်းမပျိုမှာ

မရှိတော့ချေ။ ဒါပေမဲ့ တယောနှင့် ဘိုတံမှာ လေထဲ၌

တံ့ပြီး ဆက်လက် လှုပ်ရှားလျက်ရှိနေသည်။

ကြက်သီးများ ပင် ထမိသွားသလား

မသိတော့ပါ။ ဒီရုပ်ပုံလွှာတွေ မှာ မျက်လှည့်ပညာ၏ အဆင့် မြင့်ပြကွက်တွေ ဖြစ်သည်။ ဒီရုပ်ပုံတွေ ကို ဘာကြောင့် အိမ်နံရံမှာ ရေး ဆွဲထားရတာ နည်း။ ရိုးစစ် ကြောင်ငေးရပ်နေစဉ်မှာ ပဲ . . .

"မောင်ရင်က မျက်လှည့်ကို စိတ်ဝင်စားတယ်လား"

ရှေ့တူရူဆီမှ ထွက်ပေါ်လာသော အသံနောက်မှာ သက်ပြင်းကို ချလိုက်မိတော့၏ ။ ကြောက် မက်ဖွယ်အသံဝါကြီးက ဒီတစ်ခါ တိုးဖျော့လို့လားမသိ၊ အနည်းငယ် နားဝင်ချိုနေသည်။ သူ့ရှေ့မှာ လိုက်ကာတစ်စ။ ထိုလိုက်ကာက အိမ်ကြီးနှင့် သူ့ကို ခြားနားထား၏ ။ လိုက်ကာကိုဖယ်၍ ရှေ့တစ်လှမ်း တိုးလျှင် အိမ်တွင် းသို့ ရောက်ပေပြီ။ အိမ်ထဲမှာ ကြောက်မက်ဖွယ်အသံကိုပိုင်ဆိုင်သူ ပုဂ္ဂို လ်ရှိနေသည်။ ဘာလုပ်ရမလဲ၊ ဒီအတိုင်းရပ်နေရမလား၊

လိုက်ကာဖယ်ပြီး ဝင်သွားရမလား။

တုံ့ဆိုင်းမိပေမဲ့ ခဏအကြာမှာ သူ့နှုတ်ခမ်းတွန့်ကွေးသွား၏ ။ ခန္ဓာကိုယ်တွင်းမှာ အမေ့ရဲ့သွေးတွေ စီးဝင်လာသလို ခံစားလိုက်ရသည်။ ထိုခဏမှာ ပဲလက်က အလိုလို လိုက်ကာအား ဆွဲဖယ်ပစ်လိုက်တော့၏ ။ အတွင်းမှ ထွက်ပေါ်လာသည် ကတော့ . . .

၁။ ညှော်သည်ကို ညှော်ဝတ်ကျေးပါ။
၂။ အကြံဉာဏ်ကောင်းပါ။
၃။ အကြံကောင်းတစ်ချက်သည် အလုပ်တစ်ရာထက် အကျိုးရှိသည်။

မျက်နှာချင်းဆိုင် ပေါ်လာသည်ကား . . .

ဆောင်ပုဒ်လိုလို၊ သတိပေးကြော်ငြာလိုလို၊ သစ်သားပြားတစ်ချပ်ဖြင့် ချိတ်ဆွဲထားသော စာ

သုံးကြောင်း၊ ဒါပေမဲ့ ထိုစာသုံးကြောင်းကို လောလောဆယ် အာရုံမရောက်မိ။ အာရုံရောက်မိသည် ကား စာသုံးကြောင်း ချိတ်ဆွဲထားရာနံရံကို ကျောပေးထိုင်နေသော ပုဂ္ဂိုလ်ကိုပါပဲ။

လွန်စွာ သေးကွေးပိန်လှီ၍ လွန်စွာ အရပ်ပုသော လူ တစ်ယောက် ဖြစ်သည်။ သူနှင့် ထိုပုဂ္ဂိုလ် ကြားမှာ စားပွဲတစ်လုံး ခံနေ၏ ။ သူ့ပုံစံကိုကြည့်ကာ ထိုပုဂ္ဂိုလ်က ပြုံး စစနှင့် . . .

"ကဲ . . . ဘယ်လိုလဲ၊ အံ့သြသွားသလား။ ဒါမှမဟုတ် ခုနပြောခဲ့သလိုပဲ အသည်းငယ်မိတဲ့ ကိုယ့်ကိုယ်ကိုယ် နောင်တရသွားတာလား"

ရှိုးစစ် ဘာပြန်ပြောလို့ ပြောရမှန်းမသိ။ ခုနကြားရသော အသံဝါကြီးက ဒီပုဂ္ဂိုလ်ပြောတာမှ ဟုတ်ရဲ့ လား။ သံသယပင် ဖြစ်သွားရသည်။ ဒါပေမဲ့ . . .

"ထိုင်လေကွာ . . . "

ဒီလောက်ဆိုလျှင်ဖြင့် မှာ းစရာမရှိတော့ပါ။ လူနှင့် အသံ လုံးဝ လိုက်ဖက်မှု မရှိသော ကွဲလွဲမှု တစ်ခုပါပဲ။ တုန်လှုပ်မှု တို့ ခဏချင်းပင် ပ, ပျောက်သွားရသည်။ ထို့ကြောင့် အိုးတိုးအမ်းတမ်း ဖြစ်နေ ရာမှ ညွှန်ပြသော မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်တော့ . . .

"ငါ့နာမည် ယုဝလို့ခေါ်တယ်။ မနေ့က မင်းတွေ့ခဲ့တဲ့ အသုဘက ငါ့အစ်ကို ပြည့်ဝရဲ့ အသုဘ။ ဒီနောက်ကျောက စာသုံးကြောင်း ကတော့ ငါ့အစ်ကို ပြည့်ဝ ကိုယ်တိုင်ရေး ခဲ့တဲ့ စာကြောင်းတွေ ပေါ့"

တိုးတိုးဆိုပေမဲ့ စကားက မာန်ပါကာ ပြတ်သားနေသည်။ ထူးဆန်းသော အသံပိုင်ရှင်ဟုလည်း ထင်မှတ်မိသည်။

ကျယ်ကျယ်အော်လျှင် ကြောက်မက်ဖွယ်ကောင်းပြီး တိုးတိုးဆိုပြန်တော့ ပြတ်ရှကာ မာန်ပါနေ၏ ။

"မင်းနာမည် ဘယ်သူ . . . "

"ရိုးစစ်ပါ . . . "

ကျိုးကျိုးနွံနွံပင် အဖြေပြန်ပေးမိသည်။

"ဒီရွာကိုရောက်လာရတဲ့ ရည်ရွယ်ချက်က . . . "

"ကျွန်တော် လူ တစ်ယောက် ကို လာရှာတာ"

ရိုးစစ်ပြောစကားကြောင့် ဦးယုဝ မျက်မှောင်ကြုတ်သွားသည်ကို တွေ့ရ၏ ။ သဘောပေါက်စွာ နဲ့ပင် ဆေးရောင် တို့ပျက်ပြယ်နေပြီ ဖြစ်သော ဓာတ်ပုံလေးတစ်ပုံကို လွယ်အိတ်တွင် းမှထုတ်ယူရင်း . . .
.

"ကျွန်တော် သူ့ကို လိုက်ရှာနေတာ"

ဦးယုဝ ယူကာကြည့်၏ ။ အတန်ကြာတော့ မျက်မှော င်ကို မေးကျင်းရင်း ခေါင်းရမ်းသည်။

"ဒီရွာမှာ တော့ မမြင်ဖူးဘူး"

သက်ပြင်းတစ်ချက်ကို လှိုက်လှိုက်လှဲလှဲ ချလိုက်ပါသည်။ ရည်ရွယ်ချက်တစ်ခု ပျောက်ရှသွားသလို ရင်ထဲမှာ ဟာဆင်းသွား၏ ။ စိတ်ဓာတ်ပင် ကျချင် ချင် ဖြစ်သွားရပါသည်။ မတတ်နိုင်ပါ။ ဒီရွာမှာ မတွေ့လည်း နောက်တစ်နေရာပေါ့။

သူ၏ ရှာပုံတော် ခရီးမှာ ဘယ်ဆီဘယ်ဝယ်မသိ ဆက်လက်လွင့်ပါးရပေဦးမည် ။

"ရှာတာ ဘယ်လောက်ကြာနေပြီလဲ"

"ကြာပြီ၊ တော် တော် ကြာနေပြီ"

ပြောသာပြောလိုက်ရပေမဲ့ လူက သိပ်အားမရှိချင်။

"ရှေ့မှာ ဘယ်နှရွာ ရောက်ခဲ့ပြီးပြီလဲ"

"လေးရွာ . . .၊ ဒီရွာက ငါးရွာမြောက်ပဲ"

စကားဆုံးတော့ ဦးယုဝ ခေါင်းတဆတ်ဆတ် ညိတ်ပါသည်။ ရိုးစစ် ဓာတ်ပုံလေးအား လွယ်အိတ်တွင်းသို့ ပြန်ထည့်ရင်း သက်ပြင်းတစ်ချက်ကို ချမိ၏ ။ လွယ်အိတ်တွင်းမှာ ဓာတ်ပုံနဲ့အတူ အိုးလေးတစ်အိုးလည်း ရှိနေသည်။ သူ၏ အသက်ဝိညာဉ်တွေ ပါပဲ။ ရှာနေသူကို မတွေ့မချင်း ဒီအရာ တွေ က မပျောက်မပျက် ရှိနေရပေမည် ။

"ရောက်ခဲ့ရသမျှရွာတွေ ထဲမှာ တော့ ဒီရွာက မင်းအတွက် အဆိုးဆုံး ဖြစ်မယ်ထင်တယ်"

ရိုးစစ် ဟက်ခနဲ တစ်ချက်ရယ်ကာ . . .

"ကျွန်တော် ကတော့ အဲလိုမသတ်မှတ်ဘူး။ ရောက်လာခဲ့သမျှရွာတွေ ထဲမှာ ဒီရွာက စိတ်ဝင်စားဖို့အကောင်းဆုံးရွာပဲ"

ဦးယုဝ၏ ခြောက်ကပ်ကပ်ရယ်သံကို ကြားရသည်။ ပြီး အရယ်တစ်ဝက်နဲ့ သူ့ကိုလှမ်းကြည့်၍ . . .

"အဲလိုသဘောထားလို့ ကျေးဇူးတင်ပါတယ်။ ဒါမှလည်း မင်းဆီက အကြံဉာဏ်တောင်းလို့ရမှာ ။ ဒီအချက်အတိုင်းပေါ့"

ဦးယုဝ နေက်ကိုလှည့်ကာ ချိတ်ဆွဲထားသော စာသုံးကြောင်းအနက် ဒုတိယစာကြောင်းကို လက်ထောက်ပြသည်။ ရိုးစစ်ကြည့်လိုက်တော့ 'အကြံဉာဏ်တောင်းပါ' ဟူသည့် နံပါတ်နှစ် စာကြောင်း၊ ထို့ကြောင့်

"ဘယ်လိုအကြံမျိုးလဲ"

"ကိုနိစာပြယ်ပြီး . . . ငါတို့ရွာ မိုးပြန်ရွာစေမဲ့ အကြံမျိုးပေါ့"

ရင်တစ်ချက်က ဒိုင်းခနဲဆောင့်ခုန်သည်။ တုန်လှုပ်သွားခြင်းတော့မဟုတ်၊ စိတ်ဝင်စားမှု နှင့် သွေးအေးမှု တို့ ထိပ်တိုက်တွေ့သွားတာပါ။ ပျော်စရာပါပဲ။ ဒီရွာက ရောက်ကတည်းက သူ့ကိုစိမ်ခေါ်နေ ပါပြီ။ မတုန်တလှုပ် ဖြစ်သွားသော သူ့ပုံစံကိုကြည့်ကာ ဦးယုဝ အားနာသွားသည်ထင်၏ ။

"စိတ်ရှုပ်သွားလား မသိဘူး၊ အတင်းအကြပ်ကြီးတော့ မဟုတ်ပါဘူးကွာ၊ မင်းစိတ်ပါမှပါ"

"ရပါတယ်၊ ဒါပေမဲ့ ကျွန်တော် တစ်ခုမေးချင်တယ်"

လေးနက်သွားသော သူ့ပုံစံကြောင့် ဦးယုဝမျက်နှာ တည်ကြည်သွား၏ ။ ရိုးစစ် လေးနက်စွာ တစ်ခွန်းချင်း မေးလိုက်သည်။

''ကျိန်စာတိုက်ခံထားရလို့ မိုးခေါင်တယ်ဆိုတာ တကယ်လား''

ဦးယုဝ မျက်နှာ ပြုံး ယောင်သမ်းသည်ကို တွေ့လိုက်ရသည်။ ရိုးစစ် မေးခွန်းနှင့် ပတ်သက်ပြီး စိုးရိမ်စိတ်မရှိသလိုမျိုး။

''ကောင်းပြီလေ . . . တစ်အောင့်ကြာရင် မင်းကိုအားလုံးလိုက်ပြပေးမယ်။ အခုလောလော ဆယ်တော့ ထမင်းစားလိုက်ကြဦးစို့၊ အထဲမှာ အဆင်သင့် ဖြစ်လောက်ပြီ''

ထို့နောက်တော့ . . .

*

## ၈၂

ထမင်းစားသောက်ပြီး၍
တစ်အောင့်ကြာတော့ အိမ်တွင်းမှ ဦးယုဝနှင့် ရှိုးစစ် နှစ်ယောက် စလုံး ထွက်လာခဲ့ကြပါသည်။ သိခွင့်ရခဲ့သည်က ဦးယုဝသည် သံခဲဆိုသော တပည့်တစ်ဦးနှင့် အတူ နေထိုင်သူ ဖြစ်သည်။

ဦးယုဝမှာ လူကောင်သေးကွေးသလောက် မျက်နှာတည်ပြီး လေသံပြတ်သားသူ ဖြစ်သည်။ စကားလည်း အပိုမပြော။ လိုအပ်မှသာ ပြောသူ ဖြစ်သည်။ ထို့အတွက် ရှိုးစစ် ဘာမျှမမေးရဲ။ ယခု ဦးတည်သွားရာနေရာကိုလည်း သူမသိ။ ဦးယုဝနောက်မှသာ ခပ်ကုပ်ကုပ်လိုက်လာခဲ့သည်။

ဒါပေမဲ့ ရွာလမ်းတစ်လျှောက်မှာ ရှင်းလင်းနေသည့်မို့ နှုတ်က မေးခွန်းတစ်ခု အလိုလို မေးမိ သွား၏ ။

''ဦးတို့ရွာမှာ ကျွန်တော့် အရွယ် လူငယ်တွေ တော် တော် ရှားတယ်နော်''

ဦးယုဝ ခပ်သွက်သွက်လှမ်းနေရာမှ အရှိန်အနည်းငယ်လျော့သွားကြောင်း သတိထားမိသည်။ ရိုးစစ် အမေးစကားက ဦးယုဝခြေလှမ်းတို့အား တုံ့နှေးသွားစေသလို၊ ထွက်ပေါ်လာမည့် အဖြေစကား ကို ငံ့လင့်ရင်းနှင့် ပင် သူ့ခြေလှမ်းတို့ ဦးယုဝကို မီသွား၏ ။ နံဘေးရောက်လာသော ရိုးစစ်ကို ဦးယုဝ စွေစောင်းကြည့်ရင်း . . .

''ရှားမလားကွာ၊ ရှိတာပေါ့။ သုံးပင်ရွာကို

အလုပ်သွားလုပ်နေကြတယ်''

ထွက်ပေါ်လာသော စကားတို့ကြောင့် ဦးယုဝကို လှမ်းကြည့်မိပါသည်။ ရိုးစစ်အကြည့်အား ဦးယုဝက သဘောပေါက်သလို . . .

''သုံးပင်ရွာဆိုတာ တို့ကိုးချောင်းရွာကနေ (၇) မိုင် ဝေးတယ်။ အရင်ဆုံး ကတော့ ခြောက်ကပ်ကပ်ပဲ။ အခုတော့ တော်တော် စည်ကားနေပြီ။ တို့ရွာကလွဲပြီး အနီးအနားရွာတွေ အကုန်လုံး မိုးမှန်ကြတယ်ကွ။ တို့ရွာတစ်ရွာတည်း မိုးမမှန်တော့ စိုက်ပျိုးရေးလုပ်လို့မရဘူး။ အဲဒါကြောင့် သုံးပင်ရွာကို သွားလုပ်ကြတယ်။ သုံးပင်ရွာရဲ့ ဘေးမှာ အမြဲမပြတ်စီးဆင်းနေတဲ့ တောင်ကျချောင်းလေးတစ်ခု ရှိတယ်။ အဲဒီ ချောင်းလေးဘေးမှာ သွားလုပ်ကြတာ။ မနက်မိုးလင်းတာနဲ့ ရွာက အလုပ်လုပ်နိုင်တဲ့ လူတွေ အကုန်လုံး သုံးပင်ရွာကို သွားကြတယ်။

ချောင်းလေးဘေးမှာ အလုပ်လုပ်ကြတယ်။ ချက်ပြုတ်စားသောက်ကြတယ်။ ညနေပြန်လာကြတယ်''

ထူးဆန်းလွန်းသော စကားတို့အား ရိုးစင်ငြိမ်သက်စွာ နားထောင်နေမိပါသည်။ လမ်းလျှောက်ရင်းပြောနေပေမဲ့ ဦးယုဝလေသံက အနိမ့်အမြင့်မရှိ၊ ကြုံတွေ့နေရသော ဒုက္ခတို့အား သက်သာလိုသက်သာငြား ရင်ဖွင့်နေသလိုလည်း ရှိသည်။

''ညနေပြန်လာပြီဆိုရင်တော့ ရွာမှာကျန်ခဲ့တဲ့မိသားစုတွေ အတွက် နိုင်သလောက် ရေတွေသယ်လာရတယ်။ ပြီးတော့ တို့ရွာမှာစည်းကမ်းတစ်ခုရှိသေးတယ်ကွ။ ငါ့အစ်ကိုဦးပြည့်ဝလက်ထက် မှ သတ်မှတ်ခဲ့တဲ့စည်းကမ်းပေါ့။ အဲဒါဘာလဲဆိုတော့ သယ်လာတဲ့ရေတွေ ထဲကနေခွဲတမ်းနဲ့ ရွာပိုင် ရေလှောင်ကန်ထဲကို ထည့်ပေးရတယ်။ ရွာမှာ ရှိတဲ့ သက်ကြီးရွယ်အိုတွေ ၊ ကလေးတွေ

အတွက်။ ပြီးတော့ ရွာမှာ ကျန်းမာရေး မကောင်းရင် ဒါမှမဟုတ် မီးဘေး ရေဘေး တစ်ခုခုသင့်ရင် အသုံးပြု လို့ ရအောင်ပေါ့"

ချိုးကျူး ဖွယ်ပါပဲ။ မိုးခေါင်လွန်းသည့်ရွာအတွက် အသက်ကယ်ဆေး ဖော်စပ်တတ်သော အုပ်ချုပ်သူတွေ ကိုလည်း လေးစားမိသွားသည်။

"ဒါပေမဲ့ အခုနောက်ပိုင်း လှောင်ကန်ထဲကရေတွေ ကို တို့ရွာသားတွေ မသုံးရပါဘူးကွာ"

"ဘာ ဖြစ်လို့လဲ"

သူ၏ အလျှင်စလိုအမေးကို ဦးယုဝ ချက်ချင်း ပင်ဖြေပေး၏ ။

"ယက္ခတို့လူစုကို ခွဲပေးနေရလို့"

'ယက္ခ' ဒီနာမည် ကို ကြားဖူးထားသည်။ ခဏချင်းပင် နာမည် တစ်ခုနှင့် ပတ်သက်သော အကြောင်းအရာက ဦးနှောက်မှာ ထင်ရှားလာသည်။ ယက္ခဆိုသည်မှာ မနေ့ကဖတ်ခဲ့ရသော စာ တစ်စောင်ထဲတွင် ပါဝင်ထားသည် မဟုတ်ပါလား။

"ဘာလို့ ခွဲပေးရတာ လဲ"

ဒီတစ်ခါတော့ ချက်ချင်း မဖြေ။ အဝေးတစ်နေရာကို အတန်ကြာ ငေးသွားလေသည်။ ပြီးတော့မှ သက်ပြင်းတစ်ခုနှင့် အတူ စိတ်မသက်သာဟန်အဖြေက ဖျော့ဖျော့ရီရီ တိုးထွက်လာ၏ ။

"အဲဒီ့ အကြောင်းတွေ အားလုံးကို မကြာခင် မင်းတစ်ခုချင်းသိရမှာ ပါ"

ဘာကြောင့် မှန်းမသိ၊ ဦးယုဝ

စကားကိုနားထောင်ပြီး စိတ်ထဲမှာ ဝမ်းနည်းသလို ခံစားလိုက်ရ သည်။ ထိုစဉ်မှာ ပဲ ခေါင်းလောင်းထိုးသံသုံးချက်ကို ရှေ့တူရူဆီမှ ပီပီသသ ကြားလိုက်ရလေသည်။

*

၇၂၂

ထင်တော့ ထင်ထားပါသည်။ ခေါင်းလောင်းထိုးသံ ကြားကတည်းက ဘုန်းကြီးကျောင်း (သို့ ) ဘုရားကျောင်း ဖြစ်လိမ့်မည်ဟု။ ခပ်ဝေးဝေးမှပင် ကြီးမားခန့်ထည်သော မုခ်ဦးကြီးနှင့် ဘုန်းကြီး ကျောင်းတစ်ကျောင်းက သူတို့အား ဆီးကြိုနေ၏ ။

အရင်တုန်း ကတော့ သစ်ရိုပ်ဝါးရိပ်နှင့် အေးချမ်းဟန်ရှိသော်လည်း ယခုတော့ နေမင်း၏ ရှိန်းပျံ့မှု ကြောင့် အရာရာက ပူလောင်သွေ့ခြောက်နေပါပြီ။ သစ်ပင်၊ ဝါးပင် ကင်းမဲ့နေသည့်ကြောင့် ဘုန်းကြီး ကျောင်းကိုကြည့်ရသည်မှာ အဖော်အမွှန်မရှိ၊ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

မုခ်ဦးဝရောက်တော့ ဦးယုဝ ဖိနပ်ချွတ်ကာ ဝင်သွားသည့်ကြောင့် ရိုးစစ်လည်း ဖိနပ်ကို ချွတ်ကာ ဦးယုဝနောက်မှ လိုက်သွားမိသည်။ နီးကပ်လာချိန်မှာ ရှေးဟောင်းဗိသုကာအတတ်တွေ ဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း တွေ့ရ၏ ။

ဘုန်းကြီးကျောင်းတွင် းသို့ ဝင်လိုက်လျှင်ပဲ ရိုးစစ်၏ ခန္ဓာကိုယ်မှာ ဆန့်ကျင်ဘက်ခံစားမှု တို့ တစ်ပြို င်နက် ခံစားလိုက်ရလေသည်။ ခန္ဓာကိုယ်က ချက်ချင်း

အေးချမ်းသွားသလို ရင်ထဲမှာ လည်း အေးသွားသည်။
အပြင်မှာ ကြုံတွေ့ခဲ့ရသော ပူလောင်မှု မျိုးကို
မခံစားရတော့။

အုတ်ကျောင်းတစ်ကျောင်း

ဖြစ်သည့်အားလျော်စွာ ဘုန်းကြီးကျောင်း၏ အတွင်
းဘက် အေးစိမ့် လို့နေပါသည်။ အပြင်ဘက်မှာ ကဲ့သို့
ပူလောင်မှု မရှိ၊ နောက်အေးချမ်းမှု တစ်ခုကိုတွေ့တော့
ရိုးစစ် ဒူးထောက်ပင် ထိုင်ချမိသွားသည်။
ဝင်ပေါက်တည့်တည့်မှာ ထိုင်တော် မူရုပ်ပွားတော်
တစ်ဆူက အကြည်ညိုခံလျက်ရှိနေ၏ ။

ဗုဒ္ဓရုပ်ပွားတော် ၏ မျက်နှာတော်

အားကြည့်ကာ ရိုးစစ် ရင်တွင်း၌ အေးချမ်းသွားရခြင်း
ဖြစ် သည်။ ဒူးထောက်လျက်မှပင် ဦးချကန်တော့မိတော့
ကိုယ်တွင်းမှာ ရှိနေသော သော ကတွေ ပင် ခဏ
တာလွင့်ပျောက်သွားသလား ထင်ရသည်။

ဦးယုဝ ကတော့ သူ၏ လုပ်ဆောင်မှု ကိုကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်လို့နေပါသည်။ ပြီးတော့ တစ်နေရာကို ဦးဆောင်ကာ ခေါ်သွား၏ ။ ဦးယုဝခေါ်သွားရာနေရာက . . .

နံရံတစ်ခု၏ ရှေ့တွင် ဘုန်းကြီးတစ်ပါး တင်ပျဉ်ခွေထိုင်ကာ တစ်စုံတစ်ရာကို ပြုလုပ်လျက်ရှိနေသည်။ ဘုန်းကြီးပြုလုပ်နေသော အရာကို ကြည့်ကာ ရိုးစစ် မျက်လုံးပြူး သွားသည်။ ပြီးတော့ ချက်ချင်း ဆိုသလို မျက်မှောင်လည်း ကုပ်မိသွား၏ ။ ဘုန်းကြီးပြု လုပ်နေသည်ကား . . .

ကြေးဝါပြားတစ်ခုပေါ်တွင် တိုင်သုံးတိုင်ကို ဗိုခနောက်သဏ္ဌာန် စိုက်ထူထားသည်။ ထိုတိုင် တစ်ခုစီမှာ အရွယ်အစားမတူသော ကွင်းကလေးတွေ သူ့အရေအတွက်နဲ့သူ ရှိနေ၏ ။ ဘုန်းကြီးက ထိုကွင်းကလေးများ ကို တစ်တိုင်မှ တစ်တိုင်သို့

ရွှေ့နေခြင်း ဖြစ်သည်။

အံ့သြရလေပြီ၊ ကစားနေခြင်းမဟုတ်ပါ။ ဘုန်းကြီးပုံစံကြည့်ရတာ တကယ့် လေးလေးနက် နက်။ သူတို့ရောက်နေသည်ကိုတောင် တစ်ချက်မျှ လှည့်မကြည့်။ နားမလည်သည်မို့ ရိုးစစ် မေးရန် ဟန်ပြင်တော့ ဦးယုဝက လက်ကာပြသည်။ ပြီး ရှေ့တည့်တည့်မှာ ရှိနေသော နံရံကို လက်ညှိုး ထိုးကာ . . .

''ဟောဒီစာတွေ ကို အရင်ဖတ်ကြည့်လိုက်''

ကြည့်လိုက်တော့ ရှေ့တည့်တည့်နံရံမှာ မညီမညာလက်ရေး နဲ့ ကဗျာလိုလို စာတွေ ကို တွေ့ရ ၏ ။ ပုံစံကိုကြည့်ရုံနဲ့ ရေး ထားချိန် ကြာမြင့်လှပြီ ဖြစ်ကြောင်း ခန့်မှန်းမိသည်။ ဆေးသားတို့ ခြောက်ကပ် ဖျော့ရီကာ တချို့နေရာမှာ ပျက်တောင်ပျက်နေပြီ။

ဒါပေမဲ့ ဖတ်လို့တော့ ရနေသေးသည်။

ဘာရယ်မဟုတ်၊ ဦးယုဝပြောသည့်အတိုင်း ရိုးစစ် အသံထွက် ဖတ်ကြည့်လိုက်တော့ . . .

အစွန်းနက္ခတ် ရောက်ရှာလတ်၍

နေမင်းကွယ်ပျောက် နက္ခရောက်လတ္တံ့။

တစ်ပါးရာသီ ပျက်ရာတည်သော်

မိုးခေါင်ရေရှား နှစ် များ လတ္တံ့။

နက္ခတ်ပွင့်လန်း ဇာတာဆန်းချိန်

သုံးပုံပဟေဠိ ပေါ်လိမ့်မည် ။

တောက်ရှူး စုန်းမီး ကြွေလိမ့်မည် ။

အလှျံညီးညီး မီးတောက်လိမ့်မည် ။

ဘုရားပေးလက်ဆောင် နှစ် ခုပေါင်းမှ

မင်းတို့ရွာကြီး မိုးသီးကြွေလတ္တံ့။

တောတောင်မြေပြင် သောက်ငင်ပြီးသော်

သဲချောင်းဘောင်ဘင် သွင်သွင်စီးလတ္တံ့။

ကွေ့ကောက်ချောင်းငယ် စီးရေလျှံမှ

ကိုးချောင်းတည်ရာ ထိုထိုရွာ

ပွင့်လန်းစည်ပင် ဝလင်လိမ့်မည် ။

"အဲဒါ တပေါင်ပဲ"

"ဗျာ . . . "

ဖတ်သံဆုံးဆုံးချင်း ထွက်လာသော

ဦးယုဝစကားနောက်မှာ သူ 'ဗျာ' မိသွားသည်။

"တပေါင်"

"ဟုတ်တယ်၊ အဲဒါ ငါတို့ရွာကြီးရဲ့

ကံကြမ္မာလို့ ပြောလို့ရတဲ့ တပေါင်ပဲ"

လုံးလုံး နားမလည်ပါချေ။ ဦးယုဝ၏

ဖြေရှင်းသံ ထပ်ထွက်လာသည်။

"ဟိုး . . . လွန်ခဲ့တဲ့ ခြောက်နှစ် သာသာတုန်းက တို့ရွာကို သက်တော် ရှည်ဘုန်းကြီးတစ်ပါး ကြွလာခဲ့တယ်။ အဲဒီ ဘုန်းကြီးကပဲ ဒီတပေါင်ကို ရေး သွားခဲ့တာ။ ပြီးတော့ ဒီသုံးပုံပဟေဠိကိုလည်း ပေးခဲ့တယ်"

ဦးယုဝဏ္ဏ်ပြရာကိုကြည့်ပြီး ရိုးစစ် စိတ်ဝင်စားသွားမိသည်။ ရှေ့တည့်တည့်မှ ဘုန်းကြီးပြု လုပ် နေတာသည် သုံးပုံပဟေဠိ ဆိုပါလား။ သုံးပုံပဟေဠိဆိုတာ ဘယ်လိုမျိုးလဲ သူ မသိ။

ထိုစဉ်မှာ ပဲ ဦးယုဝ၏ မေးမြန်းသံတစ်ခုက သူ့ဆီသို့ လေးလေးနက်နက် ရောက်လာသည်။

"တပေါင် . . . ဆိုတာကို မင်းဘယ်လိုမြင်လဲ"

ရိုးစစ် ငြိမ်သက်သွားမိသည်။ စမ်းသပ်မှု

တစ်ခုလား မသိ။

''ကျွန်တော် မြင်တဲ့အတိုင်း ပြောပြရမှာလား''

''ပြောကြည့်ပါ''

ဦးယုဝ စကားဆုံးတော့ . . .

''တပေါင်ဆိုတာ အနာဂတ်မှာ ဖြစ်ပျက်မဲ့ ကံကြမ္မာတစ်စုံတစ်ရာကို နိမိတ်ဖတ်စပ်ဆိုတဲ့ ကဗျာရှည်တစ်ပုဒ်ပဲ။ ရှေးမြန်မာခေလေ့မှာ တပေါင်ပေါ်ရင် သတိထားကြတယ်။ ဥပေက္ခာမပြုကြဘူး။ ဘာ ဖြစ်လို့လဲဆိုတော့ ထွက်ပေါ်လာတဲ့တပေါင်အတိုင်း အနာဂတ်မှာ တကယ် ဖြစ်ပျက်လာတတ်လို့ပဲ။ ပြီးတော့ တပေါင်ထွက်ပေါ်လာစေတဲ့ ပုဂ္ဂိုလ်ကလည်း နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ဘူး''

ဦးယုဝ၏ အကြည့်တချို့ ရိုးစစ်ထံ

ရောက်လာသည်။ လေးစားလက်ခံသည့် အကြည့်မျိုး၊ ပြီးတော့မှ ခေါင်းကို အားပါးတရ ညိတ်ကာ . . .

"အသေအချာပဲ"

" × × × × × × "

"ဒီတပေါင်ကိုရေး သွားတဲ့ သက်တော်ရှည်ဘုန်းကြီးက နယ်နယ်ရရ ပုဂ္ဂိုလ် ဟုတ်မဟုတ်တော့ ငါ မသိဘူး။ ဒါပေမဲ့ ဒီတပေါင် ကတော့ ငါတို့ရွာကြီးအတွက် လုံးဝကို မှန်နေတယ်"

ရိုးစစ် စကားမဆိုမိ၊ ဦးယုဝဆက်ပြောမည့် စကားတွေ ကိုသာ နားစွင့်နေမိသည်။

"အပေါ်နှစ် ပိုဒ်ကို ဖတ်ကြည့်ရင် မင်းသဘောပေါက်မှာ ပါ"

ဘာမှန်းမသိပေမဲ့ ရိုးစစ် တကယ်ပင် ဖတ်ကြည့်လိုက်သည်။

"အစွန်းနက္ခတ် ရောက်ရာလတ်၍
နေမင်းကွယ်ပျောက် နက္ခရောက်လတ္တံ့။
တစ်ပါးရာသီ ပျက်ရာတည်သော်
မိုးခေါင်ရေရှား နှစ် များ လတ္တံ့"

တစ်လုံးချင်း အဓိပ္ပါယ်ဖော် ဖတ်လိုက်သည်မို့ နှစ် ပိုဒ်ဆုံးချိန်မှာ ရှီးစစ် နားလည်သင့်သလောက် နားလည်လိုက်သည်။ ဒါပေမဲ့ အပေါ်နှစ်ကြောင်းကို သဘောမပေါက်ချေ။ ဦးယုဝ၏ 'ဘယ်လိုလဲ' ဟူသော အကြည့် ရောက်လာတော့ ရှီးစစ် ပွင့်ပွင့်လင်းလင်းပင် နားမလည်သည်ကို မေးလိုက်သည်။

"ဒုတိယပိုဒ် ကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကျွန်တော် ပထမပိုဒ်ကို နားမလည်ဘူး"

ဒီလိုပဲ ဖြစ်လိမ့်မယ်ဟူသော ပုံစံနှင့် ဦးယုဝ

ခေါင်းကို ညိတ်လိုက်သည်။ ပြီးတော့မှ အသက်တစ်ချက်ကို ရှူသွင်းရင်း . . .

"မင်း နားလည်အောင် ရှင်းပြရရင်တော့ ဟိုးလွန်ခဲ့တဲ့ခြောက်နှစ် ကျော်က တို့ရွာကို အုပ်ချုပ်ခဲ့တဲ့ ရွာသူကြီး ဦးသီလအကြောင်းက စရှင်းရမှာ ပဲ"

ဦးယုဝလေသံက အားပျော့တိုးရီကာ သွားပါသည်။ မျက်နှာမှာ လည်း လွမ်းဆွတ်သတိရဟန်တို့ ချက်ချင်း ပင်ပေါ်သွားသည်။ ထိုစဉ်မှာ ပဲ . . .

"ဦးသီလဆိုတာ နာမည် အတိုင်းပဲ သီလ၊ သမာဓိနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက် ပေါ့။ သူ့ကို ငါတို့တစ်ရွာလုံးက ဝိုင်းချစ်ကြတယ်။ သူ့လက်ထက်မှာ တို့ကိုးချောင်းရွာကြီးက တော် တော် ကြီး ကို ဝပြောစည်ပင်ခဲ့တယ်လေ။ ငါနဲ့ ငါ့အစ်ကို ပြည့်ဝကတော့ သူ့လက်အောက်က တပည့်လက်သား တွေ

ပေါ့။ တစ်နေ့မှာ တို့ရွာကို မျက်လှည့်အဖွဲ့တစ်ဖွဲ့ ရောက်လာခဲ့တယ်။ မျက်လှည့်အဖွဲ့ကို ဦးဆောင် သူက 'ဖိုးလက်ဖြူ' လို့ခေါ်တဲ့ ပညာသည် တစ်ယောက် ပေါ့။ အသားမည် းသလောက် လက်နှစ် ဖက်လုံး က ရေနွေးပူလောင်ထားသလို ဆွတ်ဆွတ်ဖြူနေလို့ 'ဖိုးလက်ဖြူ' လို့ခေါ်တယ် ပြောတာပဲ။ သူရယ်၊ သူ့ညီယက္ခရယ်၊ တပည့်သုံးယောက် ရယ်၊ ပေါင်းငါးယောက် ရောက်လာခဲ့တယ်''

'ဦးသီလ'၊ ဒီနာမည် ကိုလည်း ကြားဖူးထားပါသည်။ ရိုးစစ် အတွေ းမဆုံးခင် . . .

''တို့ရဲ့ ဦးသီလကလည်း မျက်လှည့်မှာ ဆရာတစ်ဆူ မြောက်တယ်။ ငါ့အစ်ကိုရော၊ ငါရော၊ နောက်ပြီး ရွာထဲက လူတော် တော် များများ လည်း ဦးသီလ သင်ပေးထားလို့ မျက်လှည့်ကို ထိုက်သလောက်တတ်နေတော့ ရောက်လာတဲ့အဖွဲ့ကို

ဝမ်းပမ်းတသာပဲ ကြို ဆိုကြပါတယ်။ တို့တွေ စိတ်ထဲမှာ တော့ နယ်လှည့်ပြသနေတဲ့မျက်လှည့်အဖွဲ့မို့ ပညာဆည်းပူးဖို့ အခွင့်အရေး ဆိုပြီး ပျော်နေကြ တာပေါ့။ ဒါပေမဲ့ တို့ထင်သလို တစ်ခုမှ ဖြစ်မလာခဲ့ဘူး။

ရောက်ပြီး တစ်ရက်နှစ် ရက်မှာ ပဲ ဖိုးလက်ဖြူ က ဒီရွာကိုသဘောကျပြီး သူ အုပ်ချုပ်ချင်ကြောင်း ပြောတယ်။ တစ်ရွာလုံး ဘယ်သူမှလက်မခံကြဘူး။ အဲဒီ မှာ ပဲ ဖိုးလက်ဖြူက ဦးသီလကို ပညာပြိုင်ဖို့ စိန်ခေါ်တယ်။ နိုင်တဲ့လူက ဒီရွာကိုအုပ်ချုပ်ကြေးပေါ့''

''အဲဒါနဲ့ပဲ ပြိုင်လိုက်ကြရောလား''

ရိုးစင် လက်မခံနိုင်သလို မေးလိုက်ပါသည်။ စိန်ခေါ်တာနဲ့ပဲ ပြိုင်ရရောလား။ စိန်ခေါ်တိုင်း ဘွဲ့ာမခတ်ကြေးဆို ခေါင်းဆောင် တစ်ယောက် ရဲ့ အရည်အချင်းက ဘယ်ရောက်သွားပြီလဲ။ ရိုးစင်

ဘာကိုဆိုလိုကြောင်း ဦးယုဝ သဘောပေါက်ကာ ရှင်းပြ၏ ။

"ပညာသည်အချင်းချင်းက စိန်ခေါ်ရင် နောက်ဆုတ်လို့မရဘူး။ စိတ်ပါသည် ဖြစ်စေ၊ မပါသည် ဖြစ်စေ ပြိုင်ရတယ်"

ရိုးစစ် နားမလည်ပါချေ။ သူ လက်ခံထားသည် ကတော့ ပညာတစ်ရပ်ကို တတ်မြောက်ခြင်း သည် စနစ်တကျသုံးတတ်ဖို့သာ အဓိကကျပါသည်။ ထိုပညာကို ဘယ်နေရာမှာ သုံးရမည် ၊ ဘယ် နေရာမှာ မသုံးရ စသော စည်းမျဉ်းများ ကို သူ လက်မခံနိုင်။ ဒါပေမဲ့ . . .

"အဲလိုပြိုင်တော့ ဘယ်သူနိုင်ပြီး ဘယ်သူရှုံး သွားလဲ"

ဦးယုဝ ခေါင်းရမ်း၏ ။

"ဘယ်သူနိုင်လို့ ဘယ်သူရှုံး လဲတော့မသိဘူး။ ဦးသီလ ကတော့ ရွာက ပျောက်သွားတယ်"

"ဗျာ . . . "

သူ၏ တအံ့တသြ ရေရွတ်သံကို . . .

"ဟုတ်တယ် . . .၊ ဦးသီလ ရွာကပျောက်သွားတယ်။ ဘယ်လိုပျောက်သွားလဲဆိုတာ မသိ ဘူး။ ဘာကြောင့် ပျောက်သွားရတယ်ဆိုတာလည်း ဘယ်သူမှမသိဘူး"

"ဖိုးလက်ဖြူကရော . . ."

"ဖိုးလက်ဖြူကတော့ မျက်စိတစ်ဖက် ကန်းသွားတယ်"

"ဟာ . . . "

"ပြီးတော့ နောက်တစ်လလောက်အကြာမှာ ပဲ ဖိုးလက်ဖြူသေသွားတယ်"

ကြားရသော စကားတွေ က စိတ်ဝင်စားဖို့ကောင်းသည်ဆိုတာထက်ကို သာလွန်သွားသည်။ ထိုစဉ်မှာ ပဲ ဦးယုဝထံမှ စကားတစ်ခွန်း ထွက်ကျလာပြန်ပါ၏ ။ ဒီစကား ကတော့ လွန်စွာ ကို ပါးလျလွန်း သည်။ စိတ်မကောင်းမှု နှင့် ဝမ်းနည်းမှု လည်း ပေါင်းစပ်ပျော်ဝင်နေသည်။

"ဖိုးလက်ဖြူသေသွားပြီးတဲ့ အချိန်ကစပြီး တို့ရွာကြီး မိုးမရွာတော့တာပဲ"

ထိုစကားနောက်မှာ တော့ ရိုးစစ်ခေါင်းတွင် းမှာ အတွေ းတို့ စုန်ချည်ဆန်ချည် ပြေးသွားသည်။ ဖြစ်နိုင်ခြေများ ကိုလည်း ဆက်စပ်မိသွား၏ ။

"ဒါဆို ဦးတို့ ကိုးချောင်းရွာ

ကျိန်စာမိနေတယ်ဆိုတာ ဖိုးလက်ဖြူကြောင့် လို့ ဆိုလိုချင်တာပေါ့"

ဦးယုဝ မဖြေ၊ ခေါင်းကိုသာ ညိတ်ရုံ ညိတ်သည်။

"ဦးတို့ဆိုလိုတဲ့သဘောက ဦးသီလနဲ့ ဖိုးလက်ဖြူတို့ ပညာပြိုင်ကြတော့ ဦးသီလရှုံး ပြီး ရွာက ပျောက်သွားတယ်။ ဖိုးလက်ဖြူကတော့ နိုင်ပေမဲ့ မျက်စိတစ်ဖက်ကန်းပြီး ကျန်ခဲ့တယ်။ အဲဒါကို အငြိုး ထားပြီး သူမသေခင်မှာ ရွာကိုကျိန်စာ တိုက်သွားတယ်ဆိုတဲ့ သဘောလား"

"အမှန်ပဲ၊ ဒါပေမဲ့ ငါတို့အထင်တော့ ဦးသီလ ရွာကပျောက်သွားတာမဟုတ်ဘူး။ သေသွားတာ"

"ဘာကြောင့် လဲ"

ရှိုးစစ် ချက်ချင်း ဆိုသလို မေးလိုက်တော့ . . .

"မင်းနားမလည်ဘူးဆိုတဲ့ တပေါင်ပထမအပိုဒ်က အဲဒါပဲလေ။ နေမင်းဆိုတာ ငါတို့လောကကြီး ကို အလင်းရောင် ပေးနေတဲ့သ၊ တစ်နည်းအားဖြင့် လောကရဲ့ အရှင်သခင်ပဲ။ အဲ့ဒီအရှင်သခင်က ကွယ် ပျောက်သွားတာ။ ဆိုလိုတဲ့သဘောက ငါတို့ရဲ့ အရှင်သခင် ဦးသီလလည်း တပေါင်ထဲကအတိုင်း ကွယ်ပျောက်သွားတာ"

ရှေ့တည့်တည့်မှာ ရှိနေသော တပေါင်ကိုကြည့်ရင်း ရိုးစစ် ငြိမ်သက် သွားပါသည်။ ဦးယုဝ စကားတို့၏ ဖြစ်နိုင်ခြေကိုလည်း တွေ းခေါ်မိသွား၏ ။

"ကွယ်ပျောက်တာနဲ့ ပျောက်ကွယ်တာ မတူဘူးလေ"

ဖြေရှင်းသံထပ်ထွက်လာတော့ ရိုးစစ်

အကောင်းဆုံးကို ဆင်ခြင်မိသည်။ တပေါင်ကို အဓိပ္ပါယ်ဖွင့်ဖို့ အဘိဓာန်သပ်သပ်မှ မထားခဲ့တာပဲ။ ကိုယ်လိုရာကိုယ်စွဲတွေးလျှင်တော့ အစထွက်သမျှအရာ အားလုံးက ဖြစ်နိုင်ခြေရှိနေပါသည်။ ထိုစဉ်မှာ ပဲ . . .

"အသက်မသေဘဲ ရွာက ပျောက်သွားတယ်ပဲထား၊ ရွာကို အရမ်းချစ်တဲ့လူ တစ်ယောက် အနေ နဲ့ တစ်ချိန်ချိန်တော့ ပြန်လာမှာ ပဲ။ ဒါပေမဲ့ အခု ခြောက်နှစ် တင်းတင်း ပြည့်နေပြီ၊ ပေါ်မလာခဲ့ဘူး။ အဲဒါတွေ ကို ဆင်ခြင်ပြီး ငါတို့တစ်ရွာလုံးက ဦးသီလသေသွားပြီလို့ သတ်မှတ်လိုက်ကြတာပဲ"

စကားသံက အဖျားခတ်ကာ တုန်ရီသွားသည်။ ဦးယုဝမျက်နှာမှာ ဘာမှန်းမသိ လွမ်းဆွတ် သတိရဟန်တို့ကို တွေ့ရ၏ ။ တပေါင်ကို နောက်တစ်ကြိမ်ကြည့်ရင်း ရိုးစစ် ခေါင်းတဆတ်ဆတ်

ညိတ်လိုက်မိသည်။

ဟုတ်မှာ ပါလေ၊ သူတို့အတွေ
းနဲ့သူတို့လည်း ငြင်းကွက်မရှိ၊ မှန်နေတာပါပဲ။ ဒါပေမဲ့
ရိုးစစ် လုံးဝ နားမလည်တာ တစ်ခုကျန်နေသေး၏ ။
ထို့အတွက်ကြောင့် . . .

"ဒီ သုံးပုံပဟေဠိဆိုတာ ကျွန်တော့် ကို
ရှင်းပြဦးလေ"

ထိုအခါမှ သတိရသွားသလို . . .

"အေး . . . ဟုတ်သားပဲ၊ ခဏစောင့်။
မင်းတို့ဉာဏ်သည်တွေ ကို ရှင်းပြဖို့ လုပ်ထားတာတစ်ခု
ရှိတယ်"


ထိုသို့ ပြောရင်း ဦးယုဝ အခန်းတစ်ခုထဲသို့
ဝင်သွားသည်။ ရိုးစစ်မှာ တော့ ကျန်ရစ်ခဲ့သော
ဘုန်းကြီးတစ်ပါး၏ ပြုလုပ်ပုံကိုသာ ကြည့်ရင်းနဲ့ . . .



တစ်အောင့်ကြာတော့ အခန်းတွင်းမှ

ဦးယုဝ ပြန်ထွက်လာသည်။ လက်တွင်းမှာ

သုံးပုံပဟေဠိနဲ့ ဆင်ဆင်တူသော အရာတစ်ခုပါလာ၏ ။



သစ်သားပြားတစ်ခုပေါ်တွင် တိုင်သုံးတိုင်စိုက်ထားသည်။ တစ်တိုင်မှာ အဝိုင်းပြားရှစ်ခုကို ကြီးစဉ်ငယ်လိုက် စေတီပုံသဏ္ဌာန်စွပ်ထားသည်။

"အလွယ်ဆုံးပြောပြရရင်တော့ ဒီအဝိုင်းပြားရှစ်ခုကို တိုင်လွတ်တစ်ခုခုသို့

အကြိမ်ရေအနည်း ဆုံးနဲ့ ရွှေ့ပေးဖို့ပဲ။ ရွှေ့တဲ့နေရာမှာ စည်းကမ်းရှိတယ်။ တစ်ကြိမ်မှာ တစ်ပြားပဲရွှေ့ရမယ်။ တိုင်တစ်ခုခု မှာ စွပ်ရမယ်။ ဘေးချမထားရဘူး။ စွပ်တဲ့နေရာမှာ လည်း ငယ်တဲ့အပြားပေါ်မှာ ကြီးတဲ့အပြားကို ဘယ်လိုအခြေအနေမျိုးမှာ မှ မထားရဘူး။ နောက်ဆုံး အားလုံးပြီးသွားချိန်မှာ အခုစွပ်ထားတဲ့အတိုင်း လေးပဲ စေတီပုံသဏ္ဌာန်ရှိနေရမယ်''

စိတ်ဝင်စားဖွယ်ပါပဲ။ ဦးယုဝ လက်မှာ ကိုင်ထားသည့် ကစားနည်းလေးကို ရိုးစစ် သေချာစွာ ကြည့်နေမိသည်။

''ဒါ သုံးပုံပဟေဠိရဲ့ အနှစ် ချုပ်ပဲ။ ကွဲသွားတာ ကတော့ ဒီမှာ အဝိုင်းပြားရှစ်ပြားပဲ ပါတယ်။ ဟိုဘုန်းကြီးရွှေ့နေတဲ့ သုံးပုံပဟေဠိမှာ တော့ ကွင်းပေါင်း (၂၁) ကွင်းတိတိ ပါတယ်။ အဲဒါပဲကွာတာ

ကျန်တဲ့ စည်းကမ်းချက်တွေ ၊ ရွှေ့ပုံရွှေ့နည်းတွေ အားလုံး အတူတူပဲ''

ရိုးစစ် နားလည် သွားပါပြီ၊ ထို့အတွက်ကြောင့် ဦးယုဝကိုင်ထားသော ကစားနည်းလေးကို ယူကာကြည့်မိသည်။

''သက်တော် ရှည်ဘုန်းကြီးက ဒီသုံးပုံပဟေဠိကို ပေးပြီး တစ်ခွန်းပြောသွားသေးတယ်ကွ။ 'သုံးပုံပဟေဠိပေါ်တဲ့နေ့က မင်းတို့ရွာကြီး အသစ်ကပြန်စမဲ့နေ့ပဲ' တဲ့။ အဓိပ္ပါယ် ကတော့ တိုင်မှာ စွပ် ထားတဲ့ ကွင်းလေး (၂၁) ကွင်းကို တခြားတိုင်လွတ်တစ်ခုခုမှာ အမှား းအယွင်းမရှိ ပုံစံတူစွပ်နိုင်တဲ့နေ့ က တို့ရွာကြီး အသစ်ကပြန်စမဲ့နေ့ပေါ့။ အဲဒီ တုန်း ကတော့ ဒီကိုးချောင်းရွာကြီးက စည်ပင်ဝပြောနေ တော့

ဘုန်းကြီးဘာကိုပြောသွားတယ်ဆိုတာ နားမလည်ဘူး။ အခုတော့ နားလည်ပါပြီ''

ဦးယုဝက အတိတ်ကို သတိရဟန်နဲ့ သံဝေဂရသလို ပြောသည်။

''မင်းစိတ်ထဲမှာ ဒီလောက်မိုးခေါင်ပြီး ဒုက္ခရောက်နေတာတောင် ဘာလို့ ရွာပြောင်းမသွားတာလဲလို့ ထင်ကောင်းထင်လိမ့်မယ်။ တို့တွေ ရွာမပြောင်းရတဲ့ အဓိကအကြောင်းရင်းက သုံးပုံပဟောဠ်ိနဲ့ ဘုန်းကြီးပြောသွားတဲ့စကားကြောင့် ပဲ။ ဘုန်းကြီးပြောသွားတဲ့ စကားအတိုင်းပဲ သုံးပုံပဟောဠ်ိပေါ်ပြီး တို့ရွာကြီး အသစ်ကပြန်စမဲ့နေ့ကို စောင့်ရင်းနဲ့ အခုလို ခြောက်နှစ် တိတိ ကြာသွားခဲ့တာဆိုပါတော့''

ရိုးစစ်စိတ်ထဲမှာ မရှင်းမလင်း ဖြစ်နေသော

ကိစ္စတွေ ရှင်းလင်းသွားသည်။ တကယ်လည်း ဦးယုဝပြောသလို ဒီလောက်ဒုက္ခရောက်နေတာတောင် ရွှာဘာလို့ မပြောင်းကြတာလဲ တွေ းနေမိ တာပါ။ ယခုတော့ ရှင်းလင်းသွားချေပြီ။ လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်သော သတ္တဝါတစ်မျိုး ပင် မဟုတ်ပါလား။

ရိုးစစ် ခေါင်းတဆတ်ဆတ်ညိတ်ရင်း လက်ထဲမှ ကစားနည်းကို တစ်ပြား၊ နှစ် ပြား ရွှေ့ကြည့်မိ သည်။ ရိုးစစ် လုပ်ပုံကိုကြည့်ရင်း . . .

"သုံးပုံပဟေဠိနဲ့ ပုံစံတူလုပ်ထားတဲ့ ဒီကစားနည်း ကတော့ မင်းတို့လို ဧည့်သည်တွေ ရောက်လာ ရင် ရှင်းပြလို့ရအောင် ငါ့အစ်ကို ဦးပြည့်လုပ်သွားခဲ့တာပဲ။ ပြီးတော့မှ အိမ်မှာ ရေး ထားတဲ့ အချက် သုံးချက်အတိုင်း အကြံဉာဏ်တောင်းမယ်လေ"

မျက်လုံးတွင် းမှာ ဦးယုဝနဲ့စတွေ့စ နံရံမှာ ကပ်ထားသော အချက်သုံးချက်ကို ပြေးမြင်မိသည်။

"မိုးခေါင်ပြီးတဲ့နောက်မှာ ငါတို့တစ်ရွာလုံး မိုးပြန်ရွာအောင် အစွမ်းကုန်ကြိုး စားကြတယ်။ သစ်ပင်တွေ စိုက်တယ်။ ပိုင်ရာဆိုင်ရာတွေ ကို ပ, သတယ်။ ဒါပေမဲ့ ဘယ်လိုပဲလုပ်လုပ် မိုးရွာမလာ ဘူး။ ရေရအောင် ရေတွင် းတွေ တူးကြတယ်။ ဘယ်လောက်နက်အောင် တူးတူး ရေထွက်မလာဘူး။ နောက်ဆုံးတော့ သစ်ပင်တွေ သေကုန်တာပေါ့။ အဲတော့မှ ငါတို့လည်း လက်လျှော့ပြီး သုံးပင်ရွာကို အလုပ်ပြောင်းလုပ်ကြတာပဲ"

ငြိမ်သက်၍ သာ နားထောင်နေမိပါတော့သည်။ စကားပြန်ဆိုဖို့ပင် သတိမရ၊ ကိုးချောင်းရွာ၏ ထူးခြားမှု တွေ က သူ့ကို တအိအိဆွဲခေါ်နေ၏ ။

"ငါတို့ နည်းလမ်းပေါင်းစုံသုံးပြီးသွားပြီလေ။ အဆင်မပြေဘူး။ အဲတော့ ငါ့အစ်ကိုဦးပြည့်ဝက တစ်ရွာလုံးအတွက် ဆောင်ပုဒ်တစ်ခု ရေး တယ်။

အဲဒီ ဆောင်ပုဒ်ကိုတော့ မင်းတွေ့ခဲ့ပြီးသွားပြီလေ။ ဆောင်ပုဒ်ထဲကအတိုင်းပဲ ရွာကိုရောက်လာ တဲ့ ဧည့်သည်တွေ ကို တို့ရွာရဲ့ ဒုက္ခကိုပြောပြပြီး အကူအညီတောင်းတယ်။ အကြံဉာဏ်တောင်းတယ်။ အခုချိန်ထိတော့ အဆင်မပြေသေးဘူး"

ရိုးစစ် နားလည်ခဲ့ပြီ။ မိုးခေါင်ရေရှားလွန်းသော ရွာလေးကိုလည်း စာနာမိသွား၏ ။

"ဒီရွာမှာ နေလို့ မင်းဘာမှမပူနဲ့။ မင်းကို အန္တရာယ်ပေးမဲ့လူ မရှိဘူး။ ဘာ ဖြစ်လို့လဲဆိုတော့

တစ်ရွာလုံးက ဧည့်သည်ရောက်လာရင် သူတို့ရဲ့
ဒုက္ခတွေ ကို ကယ်တင်ဖြေရှင်းပေးမဲ့လူလို့ သဘော
ထားပြီး ဧည့်ဝတ်ကျေကြည်ဖြူကြလို့ပဲ။ ဦးပြည့်ဝရဲ့
ဆောင်ပုဒ်အတိုင်း လိုက်နာတာလည်းပါတာပေါ့"

"ဪ . . . "

တကယ်ပင် ရွာသားတွေ ရဲ့ ဒုက္ခကို
နားလည်ခံစားသွားသည်။ ဘာမှန်းညာမှန်းမသိ
ရောက်လာသည့် ဧည့်သည်ကိုပင် သူတို့ရဲ့
ကယ်တင်ရှင်လို့ မှတ်ယူနေရတဲ့ ဘဝတွေ ပါလား။

"ဒီကျောင်းရဲ့ ကျောင်းထိုင်ဆရာတော်
ဘုန်းကြီးရှိရင်လည်း မင်းကို ဝမ်းပန်းတသာ ကြိုဆိုမှာ ။
အခုတော့ မရှိဘူး။ သုံးပင်ရွာကို ကြွသွားတယ်"

ဘာကြောင့် မျှန်းမသိ၊
ဘုန်းကြီးကျောင်းတစ်ခုလုံးအား

ဝေ့ဝဲကြည့်မိလိုက်သည်။

၁၂၂၂

"ဒါ ကတော့ ငါ့အစ်ကိုလက်ထက်မှာ မှ တူးဖော်ခဲ့တဲ့ ရေလှောင်ကန်ပဲ"

ဦးယုဝပြသသော ရေလှောင်ကန်အား ရိုးစစ် လှည့်ပတ်ကြည့်ရှုမိပါသည်။ လှောင်ကန်က ဆယ့်ငါးပေပတ်လည်လောက် အကျယ်အဝန်းရှိ၍ အုတ်တို့ဖြင့် တည်ဆောက်ထားလေသည်။ အနက် ပေတော့ မည် မျှရှိသည် မသိ။

မြေပြင်ပေါ်၌ ပေါင်လယ် မရှိတရှိ အမြင့်ရောက်နေပြီး ဓနိမိုးထားလေသည်။ ရိုးစစ် ငုံ့ကြည့် လိုက်တော့ တည်ငြိမ်နေသော ရေပြင်၌ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရသည်။ ရေတို့မှာ ကြည်လင်နေ ၏ ။

"ဒါ တို့တစ်ရွာလုံးရဲ့ သောက်ရေကန်လို့ ပြောရင်လည်း ရတယ်။ မင်းကို လမ်းမှာ ငါပြောလာခဲ့တဲ့ သယ်လာတဲ့ရေတွေ ခွဲတမ်းနဲ့လာထည့်ရတယ်ဆိုတာ ဒီကန်ပေါ့"

လှောင်ကန်အား ခြံစည်းရိုးခတ်ထားသည်ကို ကြည့်ခြင်းအားဖြင့် ထိုရွာအတွက် ဘယ်လောက် ထိအရေး ပါတယ်ဆိုတာ ခန့်မှန်းမိ၏ ။ ဟုတ်မှာ ပါ၊ ရေရှားလွန်းသော ကျေးရွာတစ်ရွာအတွက် ဤ ရေလှောင်ကန်က အသက်တမျှ အရေး ပါ ပါလိမ့်မည် ။

ထိုအခိုက်မှာ ပဲ ဦးယုဝဆီမှ သက်ပြင်းချသံတစ်ချက်ကို ကြားရသည်။ တစ်ဆက်တည်း ဆိုသလို . . .

"ဦးသီလ မရှိတော့တဲ့နောက်ပိုင်းမှာ

ဖိုးလက်ဖြူက ရွာကို တစ်လတိတိ အုပ်ချုပ်ခဲ့တယ်လေ။ ပြီးတော့ သူလည်း ဆုံးသွားခဲ့တယ်။ သူဆုံးသွားတော့ ဆက်ပြီးအုပ်ချုပ်မဲ့လူက သူ့ညီ ယက္ခပေါ့။ ဒါပေမဲ့ ယက္ခက ရွာကို လူကြီးလုပ်ပြီး မအုပ်ချုပ်ချင်ဘူး။ ရွာကိုအုပ်ချုပ်ဖို့ ငါ့အစ်ကို ဦးပြည့်ဝကို တာဝန်ပေးတယ်။ သူနဲ့ သူ့အဖွဲ့ကတော့ ရွာပြင်တောင်ကုန်းပေါ်မှာ တဲထိုးပြီး နေတယ်''

ဒီရွာရဲ့ သမိုင်းကြောင်းပဲဆိုတာ သိသည့်မို့ ရိုးစစ် ငြိမ်ကာ နားထောင်နေမိသည်။ အင်မတန်ကို စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းအရာတွေ ပါပဲ။ ဦးယုဝ ရေလှောင်ကန်ကို ကျောမှီကာ ဆက်ပြောသည်။ (သာမန်လူ တစ်ယောက် အနေနှင့် ရေကန်ကို ကျောမှီ၍ မရ။ ဦးယုဝမှာ အရပ်ပုသည် မို့ ရေကန်အုတ်ပေါင်ကို ကျောမှီ၍ ရသည်။) ''ဒါပေမဲ့ သူတို့အဖွဲ့အတွက် တစ်လတစ်ခါ ရိက္ခာပို့ပေးရတယ်။

အရင်တုန်းကကိစ္စမရှိပေမဲ့ မိုးခေါင်ပြီးတဲ့နောက်မှာ အခက်အခဲရှိလာတယ်။ အဓိက ကတော့ ရေပြဿ နာပဲ။ ငါတို့ကိုယ်တိုင်ကိုက သုံးပင်ရွာကရေကို ခက်ခက်ခဲခဲ သယ်ယူပြီး သုံးနေရတော့ သူတို့အဖွဲ့အတွက် ရေပို့မပေးနိုင်ဘူး။ အဲဒီ မှာ ဒုက္ခတွေ တော့တာပဲ။ ရေလိုတိုင်း တို့ရွာဆီ ဆင်းပြီးတောင်းတော့တာပဲ"

"ဟာ . . . ဦးတို့ကရော တောင်းတိုင်းပေးလိုက် တာပဲလား"

"ဘယ်ပေးလိမ့်မလဲကွ။ ငါ့အစ်ကိုပြည့်ဝနဲ့ အကြီးအကျယ်ကို ပြဿ နာ ဖြစ်တာပေါ့။ ဒါပေမဲ့ ယက္ခက ဖိုးလက်ဖြူလောက် မကြမ်းတမ်း မရိုင်းစိုင်းဘူးကွ။ ဖိုးလက်ဖြူထက်လည်း မြော်မြင်ဉာဏ် ရှိတယ်။ သူက တို့ရွာကို ပညာပြိုင်ဖို့ စိန်ခေါ်တယ်။ နိုင်ရင် လိုသလောက်ရေယူမယ်။ ရှုံး ရင်ရေမယူ

ဘူးပေါ့''

''ဘာပညာပြိုင်ရမှာ လဲ''

''မျက်လှည့်''

''နောက်ဆုံးတော့
ယက္ခတို့အဖွဲ့ကိုကြောက်ပြီး လက်မခံချင်ပေမဲ့
လက်ခံလိုက်ရတာ ပေါ့ကွာ။ ဒါပေမဲ့ ငါ့အစ်ကိုက
လိုသလောက် ရေကို မပေးဘူး။ တစ်ခါနိုင်ရင်
ရေတစ်စည်ပဲပေးမယ်။ ပြီးတော့ တစ်လမှာ နှစ် ခါပဲပြို
င်ခွင့်ရှိတယ်လို့ တောင်းဆိုတယ်။ အဲလိုမှမဟုတ်ရင်
အကုန်လုံး ရွာပြောင်းတော့ မယ်ဆိုတော့မှ
လက်ခံတယ်။ အဲ့ဒီနောက်တော့ အမြဲတမ်းလိုလို
တစ်လကို ရေနှစ် စည် ယက္ခတို့အဖွဲ့ ကို ပေးနေရတာ
ပေါ့ကွာ''

ဦးယုဝ စကားတွေ အများ

ကြီးပြောလိုက်ရသည်မို့ မောသွားကာ နှုတ်ဆိတ်သွားသည်။ သူလည်း ရေလှောင်ကန်လေးနှင့် မှိုင်းညို့ညို့ရွာလေးကိုကြည့်ရင်း သက်ပြင်းလေးလေး ရှိုက်မိ၏ ။ တော် တော့် ကို ဒုက္ခကြီးသော ရွာလေးပါပဲ။ တအောင့်ကြာတော့ . . .

"ပြိုင်တော့ရော ဦးတို့က အမြဲတမ်းရှုံး တာပဲလား"

"အမြဲတမ်းမဟုတ်ပေမဲ့ အမြဲတမ်းလိုလိုပါပဲ။ ရွာမှာ က ဦးသီလ သင်ထားပေးလို့ တတ်မြောက် ကြတာလေ။ ဦးသီလတောင် ရှုံး ပါတယ်ဆိုတော့မှ . . . "

စကားကိုမဆက်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်လိုက်ပေမဲ့ နားလည်လိုက်ပါသည်။ ရိုးစစ် သိချင် သော မေးခွန်းတစ်ခုကို မေးလိုက်၏ ။

"ပြိုင်တော့ရော ဦးတို့ရွာက ဘယ်သူတွေ ထွက်ပြိုင်လဲ"

"ဒီလိုပါပဲ၊ မခံချင်စိတ်ရှိတဲ့လူတွေ ထွက်ပြိုင်ကြတာပေါ့။ များ တာ ကတော့ ငါ့အစ်ကိုပြည့်ဝ ရယ်၊ ငါရယ်၊ ငါ့တို့သူငယ်ချင်း ဖိုးလူရယ်၊ မင်းကို ခုနကလိုက်ပို့ခဲ့တဲ့ ဘုန်းကြီးကျောင်းက ဆရာတော်ရယ်၊ ဒီလောက်ပါပဲ"

နားထောင်နေရင်းမှပင် နားမလည် ဖြစ်နေသေးသည်မို့ . . .

"ဒါပေမဲ့ ကျွန်တော် နားမလည်တာက ဦးတို့ကတစ်ရွာလုံးတောင်ပဲ။ ဘာလို့ ယက္ခတို့လူလေးယောက် ကို ကြောက်နေရတာ လဲ။ ရွာက မောင်းထုတ်ပစ်လိုက်ပါလား"

ဦးယုဝက မခံချိမခံသာပုံစံနဲ့ 'ဟက်' ခနဲ

တစ်ချက်ရယ်သည်။ ပြီးတော့ မချိုပြုံး ဖြင့် သူ့ကို လှမ်းကြည့်ကာ . . .

"မင်း . . . မှော်တို့၊ ကဝေတို့၊ စုန်းတို့ဆိုတာကို ကြားဖူးလား"

"ကြားဖူးတယ်"

မချိုပြုံး လျက်မှ ဦးယုဝ ခေါင်းကိုညိတ်ကာ . . .

"ယက္ခ အဲ့ဒီပညာတွေ တတ်တယ်ဆိုတာသာသိရင် ခုနမေးခွန်းမျိုး မင်းမေးမှာ မဟုတ်ဘူး"

သူကလည်း တစ်ခွန်းပင် ပြန်ဆိုမိသည်။

"ဟုတ်ရဲ့ လား ဦးလေးရယ်"

ပြောလည်း ပြော၊ လက်ကလည်း ဦးယုဝ

လက်မောင်းတစ်ဖက်ကို အမှတ်မထင် ဆုပ်ကိုင်လိုက်တော့ . . .

လူကစာတ်လိုက်သလို တုန်ခါသွားသည် ထင်မိ၏ ။ ပြီးတော့ စိတ်ထဲမှ စကားတစ်ခွန်းကို လည်း ဆိုမိသည်။

"သူပြောတာ အမှန်တွေ ပဲ"

*

၂၃

မိုတ်တုတ်မိုတ်တုတ် ကြယ်လေးတွေ ရဲ့ အလင်းကိုဖုံးကာ ကားစွင့်စွင့် လမင်းကြီးက ထိန်ထိန် သာနေသည်။ လရောင် ဆမ်းသော ညကောင်းကင်က မြင်ရသူ၏ စိတ်ကို တစ်မျိုးတစ်မည် ကြည်နူးစေ

ပါသည်။

ခပ်ဝေးဝေးဆီမှ အသံဗလံတွေ ကိုလည်း တိုးတိုးရိရိ ကြားနေရ၏ ။ ဦးယုဝပြောသလိုပင် သုံးပင်ရွာသို့ အလုပ်သွားလုပ်နေကြသော ရွာသူ/သားတွေ ပြန်လာကာ ချက်ပြုတ်စားသောက်နေကြခြင်း ဖြစ်သည်။ ကြားနေရသော ထိုအသံတွေ က ဒီကိုးချောင်းရွာ၏ ပုံမှန်ညနေခင်းဂီတသံတွေ ဖြစ်ပုံရလေ သည်။

ဩော် . . . ပင်ပန်းနေသူတို့မှာ တော့ ရှားပါးသော ညအရသာကို ဘယ်မှာ လာခံစားခွင့်ရမှာ ပါလိမ့်။ ခြောက်နှစ် တိတိ မိုးမရွာခဲ့ပေမဲ့ ဆွတ်ပျံ့ပျံ့ညလေအေး ကတော့ တဖြူး ဖြူး တိုက်ခတ်လျက် ရှိနေပါသည်။

တစ်ယောက် တည်း ကွပ်ပျစ်ပေါ်ထိုင်ရင်း

ကောင်းကင်ကြီးအား မော့ကြည့်မှာ တောင်တောင်
အီအီ တွေးတောလျက် ရှိနေသည်။

သူတွေ နေသည့်ကား
ဤကိုးချောင်းရွာအကြောင်း . . .

လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော
ကျေးရွာတစ်ခု ဖြစ်သလို ဆန်းပြားလွန်းသော
ရွာတစ်ရွာ လည်း ဖြစ်သည်။ ခြောက်နှစ် တိတိ
မိုးခေါင်ခဲ့သည်တဲ့။ ကျိန်စာတိုက်ခံထားရသည်တဲ့။
မိုးမရွာသည်က တော့ သူ့ကိုယ်တွေ့ပဲ ဖြစ်သည်။
ပြီးတော့ ဘုန်းကြီးကျောင်းနံ့ရုံမှတပေါင်။ ကြိုး
စားပမ်းစား အဖြေရှာ နေသော သုံးပုံပဟေဠိ။

လွန်ခဲ့သော ခြောက်နှစ် ကျော်က
သက်တော် ရှည်ဘုန်းကြီးတစ်ပါး ကြွလာခဲ့သည်တဲ့။ ထို
ဘုန်းကြီးကပင် တပေါင်ကိုရေး ပြီး

သုံးပုံပဟေဌ်ပေါ်တဲ့နေ့က မင်းတို့ရွာကြီး အသစ်ကပြန်စမဲ့နေ့ပဲလို့ ပြောခဲ့သည်တဲ့။

ကြောက်စရာဟောကိန်းတွေ ပါပဲ။ ထိုစဉ်တုန်းက ဘုန်းကြီးပြောခဲ့တာတွေ ကို ဘာမှန်းမသိပေမဲ့ ယခုတော့ လက်တွေ့ခံစားနေရပါပြီ။ အတွေးထဲမှာ ပင် ဦးယုဝပြောပြခဲ့သော ကိုးချောင်းရွာ သမိုင်း ကြောင်းက တရစ်ဝဲဝဲ ဝင်ရောက်လာပြန်၏ ။

"သက်တော် ရှည်ဘုန်းကြီးထွက်သွားပြီး မကြာခင်မှာ ရွာသို့ ဖိုးလက်ဖြူဦးဆောင်သော မျက်လုည့်အဖွဲ့ ရောက်လာသည်။ ဖိုးလက်ဖြူက ဒီရွာကိုသဘောကျပြီး အုပ်ချုပ်ဖို့ပြောသည်။ လက်မခံနိုင်၍ ဦးသီလနှင့် ဖိုးလက်ဖြူတို့ ပညာပြို င်ကြသည်။ ဦးသီလ ရှုံး ပြီး ရွာကပျောက်သွားသည်။ ဒါကို တစ်ရွာလုံးက ဦးသီလ သေသွားတာလို့ မှတ်ယူကြသည်။

ဖိုးလက်ဖြူကတော့ မျက်စိတစ်ဖက်ကန်းပြီး နောက်တစ်လလောက်အကြာမှာ သေသွားသည်။ မသေခင်မှာ သူ့မျက်လုံးတစ်ဖက်ကမ်းသွားတာကို ငြိုးပြီး ရွာကို ကျိန်စာတိုက်သွားခဲ့သည်။ ထိုကျိန်စာ ကြောင့်ပဲ ရွာမှာ မိုးခေါင်ခဲ့ရသည်။

အဲဒီ နောက်မှာ ရွာကိုအုပ်ချုပ်ဖို့ ဖိုးလက်ဖြူညီ ယက္ခ ဖြစ်လာသည်။ ယက္ခက ရွာကို မအုပ်ချုပ်၊ ဦးပြည့်ဝကိုလွှဲပေးပြီး သူ ကတော့ ရွာပြင်တောင်ကုန်းပေါ်မှာ တဲထိုးနေသည်။ ယက္ခတို့အဖွဲ့အတွက် ရွာက လစဉ်စားနပ်ရိက္ခာ ထောက်ပံ့ပေးရသည်။

အဲ့ဒီမှာ ပြဿ နာ ဖြစ်လာသည်က 'ရေ'။

မိုးခေါင်လွန်းတဲ့အတွက် ဦးပြည့်ဝက တစ်ရွာလုံးရဲ့ သောက်သုံးရေအ ဖြစ် ရေလှောင်ကန်

တစ်ကန့်တူးသည်။ ပြီးတော့ သုံးပင်ရွာက
ရေကိုသယ်ပြီး လောင်းကန်ထဲထည့်သည်။ ထိုရေကို
ယက္ခကစောင့်သည်။ လွယ်လွယ်နဲ့မရတော့
မျက်လှည့်ပညာပြိုင်ပြီး ရေကို ယူသည်။

ရွာမှာ လည်း ယက္ခကိုနိုင်အောင်
ယှဉ်နိုင်တဲ့သူ မရှိတဲ့အတွက် ယက္ခသဘောအတိုင်းပဲ
ဖြစ်နေ ရသည်။ ဒီကိုးချောင်းရွာရဲ့
သမိုင်းကြောင်းအကျဉ်းချုပ်မှာ ဒါပဲ ဖြစ်၏ ။

အမှန်ဆုံးပြောရလျှင်တော့
သူရောက်ရှိနေရာရွာသည် စိတ်ဝင်စားဖွယ်၊
စိုးရွံ့ထိတ်လန့်ဖွယ် တွေ ပြည့်နှက်နေသော
ရွာတစ်ရွာပါပဲ။ ဒါပေမဲ့ သူ့စိတ်ထဲမှာ မတင်မကျ
ဖြစ်နေသော အကြောင်းအရာ တွေ လည်း
ရှိနေသေးပါသည်။ အဲဒါက . . .

ယက္ခတို့လူစု ဘာကြောင့် ဒီရွာမှာ ဆက်နေနေတာလဲ။ အစ်ကိုလည်းရှိတော့တာမဟုတ်၊ ရွာကို ကိုယ်တိုင်အုပ်ချုပ်တာလည်း မဟုတ်။ ဒီလောက် မိုးခေါင်ရေရှားပြီး ဒုက္ခများ နေတာတောင် ဘာကြောင့် ပါလဲ။

လောလောဆယ်တွေ းမိတာ ကတော့ စားပေါက်ချောင်လို့သာ ဆက်လက်နေထိုင်ခြင်း ဖြစ်ပါ လိမ့်မည် ။ ပြီးတော့ ဦးသီလ သေသွားတယ်ဆိုတာရော ဟုတ်ရဲ့ လား။ သေသွားတာမှန်လျှင် လူ တစ်ယောက် ကို သေအောင်ပြုစားနိုင်သော ပညာအတိမ်အနက်က မည် မျှထိရှိနေမလဲ။

ထိုပုဂ္ဂိုလ်မျိုး တိုက်သွားတဲ့ကျိန်စာကို လွယ်လွယ်ကူကူ ချေဖျက်လို့ ရနိုင်ပါမည် လား။ တော် တော် ခက်ခဲသော ကိစ္စတစ်ရပ် ဖြစ်ပါသည်။

ထိုစဉ်မှာ ပင် မျက်လုံးထဲမှာ လူတစ်ဦး၏ ရုပ်ပုံက ပေါ်လွင်လာသည်။ မြင်ယောင်မိလျှင်ပဲ ရင်တစ်ချက် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ဒီရွာမှာ စိတ်ဝင်စားဖွယ်အကောင်းဆုံး ပုဂ္ဂိုလ်လေး . . .

နာမည် က နှစ် လုံးထဲပါ။ 'အီလစ်'

ထိုအခိုက် နီးကပ်လာသော ခြေသံတရှပ်ရှပ်ကို ကြားရသည့်ကြောင့် လှည့်ကြည့်လိုက်တော့

. . .

"ဘာတွေ တွေ းနေတာလဲကွ"

ရေနွေးကရားအိုးတစ်လုံးနှင့် ခွက်နှစ်ခွက်အား ကွပ်ပျစ်ပေါ်ချရင်း ဦးယုဝ မေးသည်။ ရိုးစစ်ကိုယ်ကိုပြင်ထိုင်ကာ . . .

"ဘာရယ်မဟုတ်ပါဘူး၊

ဦးတို့ရွာနဲ့ပတ်သက်ပြီး မရှင်းတာလေးတွေ တွေ
းကြည့်နေတာပါ"

"အဟား . . . ဟုတ်လှချည်လား"

ဦးယုဝက ပေါ့ပေါ့ပါးပါးဆိုရင်း ကွပ်ပျစ်ပေါ်
တက်ထိုင်သည်။ ပြီးတော့ ယူလာသော ခွက်နှစ်
ခွက်တွင် းသို့ ရေနွေးလောင်းထည့်နေ၏ ။ လရောင် နှင့်
ဖြစ်ပေမဲ့ ရှင်းရှင်းလင်းလင်း မြင်နေရ သည်မို့
ဦးယုဝလုပ်ကိုင်ပုံတွေ ကို ဘာရယ်မဟုတ်
ေးကြည့်နေမိသည်။ ခွက်တွင် းမှ ရေနွေးငွေ့တွေ
အပြင်သို့ လုံ့ကာထွက်နေ၏ ။

"ဘာတွေ မရှင်းမလင်း ဖြစ်နေလို့လဲ"

"မရှင်းဘူးဆိုတာထက်စာရင် လူ
တစ်ယောက် အကြောင်းကို ပိုသိချင်တာ"

"ဘယ်သူလဲ . . ."

"အီလစ် . . ."

စကားစက တိုင်ပင်မထားပါဘဲ ပြတ်တောက်သွားသည်။ ရိုးစစ် ကြည့်မိတော့ ဦးယုဝက လရောင် ထိုးကျနေသော ရွာလေးဆီ ငေးသွားလေသည်။ အတန်ကြာသည့်ထိ မည်သူ့ဆီကမှ စကား သံထွက်မလာ။

"အင်း . . . ဒီကလေးလေးဘဝက သနားစရာပါ"

သူသိပါသည်။ စတွေ့စဉ်ကပင် အီလစ်နှင့်ပတ်သက်ပြီး ရိုးစစ် သိတန်သလောက် သိခဲ့သည်။ ဒါပေမဲ့ သူ ထပ်သိချင်နေသည်။

"အမှန်အတိုင်းပြောရရင်တော့ အီလစ်က ဒီရွာက မဟုတ်ဘူး။ ဘယ်ကမှန်းလည်း မသိဘူး။ ဘယ်သူမွေးမှန်းလည်း မသိဘူး။ သူ့ကို သင်္ချိုင်းက

ကောက်ရခဲ့တာ။ သင်္ချိုင်းကကောက်ရလို့ ဦးသီလ မွေးစားခဲ့တာပဲ။ ဦးသီလက အဲ့ဒီကလေးလေးကို အရမ်းချစ်တယ်။ အီလစ်ဆိုတဲ့နာမည် ကိုလည်း သူပဲ ပေးခဲ့တာ"

"ကျွန်တော် မသိလို့ တစ်ခုလောက်မေးမယ်။ ဦးသီလက သား၊ သမီး မရှိဘူးလား"

"မရှိဘူး၊ ဇနီးလည်း မရှိဘူး"

"ဪ . . ."

သဘောပေါက်ပြီ။ ခေါင်းညိတ်တော့ ဦးယုဝစကားကိုဆက်၏ ။

"ဒါပေမဲ့ အရမ်းအံ့သြဖို့ကောင်းတယ်ကွ။ အီလစ်က ဉာဏ်တအားကောင်းတယ်။ ကျောက်စရာ အကောင်းဆုံးက သူရဲ့ သင်္ချာဉာဏ်ပဲ။ မင်းလည်း တွေ့ခဲ့ရပြီးပါပြီ။ သူ့ရဲ့ ပါရမီလို့ပဲပြောရမှာ ပေါ့။ အီလစ်ကို

ဦးသီလကိုယ်တိုင်ပဲ စာသင်ပေးတာ။

ဦးသီလမွေးစားသားဆိုတော့ ငါတို့နဲ့အတူတူပဲ ဒီအိမ်ကြီးမှာ နေရတာ ပေါ့။ ဒါပေမဲ့ အီလစ်လေး၊ ငါးနှစ်သားအရွယ်မှာ ဦးသီလ ဆုံးသွားတယ်။ ဘာကြောင့်ရယ်မသိဘူး ကျန်ခဲ့တဲ့ ဖိုးလက်ဖြူက ဒီကလေးလေးကို ရွာက အတင်းမောင်းထုတ်တာပဲ"

"ဟာ . . ."

ရိုးစစ် တအံ့တသြ

အာမေဋိတ်သံထွက်သွားတော့ . . .

"ဘယ်သူ ဝိုင်းပြောလို့မှမရဘူး။ ဘာကြောင့်မောင်းထုတ်မှန်းလည်း မသိဘူး။ ဒါပေမဲ့ ငါတို့တစ်ရွာလုံး အံ့သြရတာ က အီလစ်ပဲ။ ဘာမှမ ဖြစ်သလိုအိမ်ကထွက်သွားပြီး သင်္ချိုင်းမှာ သွားနေတယ်။ ငါးနှစ်ပဲရှိသေးတာနော်။ ကြောက်တာ လန့်တာလည်း မရှိဘူး။

အေးအေးဆေးဆေးပဲ။ စာအုပ် တစ်ထပ်နဲ့ သီချင်းကို သူ့အိမ်လုပ်ပစ်လိုက်တော့တာပဲ''

သိပြီးသားကိစ္စတွေ ဖြစ်ပေမဲ့ အံ့သြမှု တွေ အကြိမ်ကြိမ် ဖြစ်မိသည်။ အီလစ်အစား ရင်ထဲမှာ တော် တော် မောသွားရ၏ ။ တကယ့် အာဂကလေးလေးပင်။

''စားဖို့သောက်ဖို့ကိစ္စကိုတော့ သူထွက်သွားတဲ့အချိန်ကစပြီး အခုအချိန်အထိ ငါတို့ပို့ပေးနေ တယ်''

''တော် သေးတာပေါ့'' ဟု စိတ်ထဲမှ ရေရွတ်မိလိုက်သည်။

''အခုနောက်ပိုင်းတော့ မဆိုးပါဘူး။ ယက္ခက သူ့ကိုချစ်တယ်ကွ။ ညဘက်တွေ သူတို့တဲကို ခေါ်ခေါ်အိပ်တယ်။ ဒါပေမဲ့ ရွာထဲကိုတော့ ဝင်ခွင့်မပြု ဘူး''

"ယက္ခတို့တဲဆိုတာက . . . "

ရှိုးစစ် အမေးမဆုံးခင် ဦးယုဝက
တစ်နေရာကို လက်ညှိုး ညွှန်ပြ၏ ။

"ဟိုတောင်ကုန်းလေးပေါ်က မီးရောင်
လေးကိုတွေ့လား"

လရောင် ထိုးကျနေသည်မို့
တောင်ကုန်းလေးကို မြင်ရပါသည်။ ပြီး . . .
တောင်ကုန်းထိပ်မှ ပုပုဝိုင်းဝိုင်းတဲလေးနှင့် ထိုအထဲမှ
ဖြာထွက်နေသော မီးရောင် လဲ့လဲ့ကိုလည်း မြင်ရသည်။

"ဟုတ်ကဲ့ . . . တွေ့တယ်"

"အဲဒါ ယက္ခတို့တဲပဲ"

ရှိုးစစ် သဘောပေါက်လိုက်ပါပြီ။ မနက်က
အီလစ် ညွှန်ပြခဲ့သော တဲလေးပါပဲ။ ဒါကြောင့် မလို့
စောစောစီးစီး သူ့အတွက် ရေနစ်

ခွက်ယူလာနိုင်တာကိုး။ မျက်လှည့်ပြိုင်ပြီး ရေတွေ အလကား ရနေ တာမို့ အီလစ်ပြောသလို ထိုတဲမှာ ရေပေါတာ ဖြစ်နိုင်ပါသည်။

ဒါဆိုညက သူ တစ်ယောက် တည်း သုသာန်မှာ အိပ်ခဲ့ရတာ ပေါ့။ ပြီးတော့ ရွာထဲသို့ အဝင်မခံ သည့်အတွက် မနက်က ခိုးကြောင်ခိုးဝှက်ဖြင့် သူ့ကို သူကြီးအိမ်ပို့ပေးခဲ့ပုံ၊ နောက်ပြီး ချက်ချင်း ပျောက် သွားတာတွေ ကိုလည်း ဆက်စပ်မိလိုက်၏ ။ ဒါပေမဲ့ အတွေ းတစ်ခု ကတော့ သူ့ခေါင်းထဲ တိတိကျကျ ဝင်ရောက်လာသည်။

''အီလစ်ကို ဘာကြောင့် ရွာက မောင်းထုတ်တာလဲ''

အကြောင်းတစ်ခုခုတော့ ရှိနေမှာ ပါ။

ထိုစဉ်မှာ ပဲ သူတို့နှစ်

ဦးထိုင်နေရာပတ်ဝန်းကျင်က အနည်းငယ် အမှော
င်ကျသွား၏ ။ လကို တိမ်ဖုံးသွားခြင်း ဖြစ်သည်။ ဒါပေမဲ့
မကြာလိုက်၊ လေ၏ အကူအညီနှင့် တိမ်တိုက်တွေ
လွင့်ပါးသွား သည်။

ခဏချင်းပင် လမင်းကြီးက မူလအတိုင်း
ပြန်လည်ကြည်လင်လာသည်။ ထိန်ထိန်သာနေ သော
လမင်းကြီးအား မော့ကြည့်ရင်း ဦးယုဝထံမှ
သက်ပြင်းလေးကြီးတစ်ချက် ထွက်ပေါ်လာ၏ ။

တစ်ခုခုထူးဆန်းသည်ကြောင့် ရှိုးစစ်
လေ့လာမိတော့ . . .

"ဒီနေ့ လဆန်း (၁၄) ရက်နေ့ပဲ။ မနက်ဖြန်
လပြည့်မှာ ကို ငါ စိုးရိမ်နေတယ်ကွာ"

"ဘာလို့လဲ . . . "

"လပြည့်နေ့ဆို ယက္ခတို့အုပ်စု တို့ရွာကို

ဆင်းလာတတ်လို့"

*

စိုးရိမ်သည့်အတိုင်း တကယ်ပင် ဖြစ်ခဲ့ပါသည်။ နောက်တစ်နေ့ ညနေမှာ ပင် ယက္ခတို့နေထိုင်ရာ တောင်ကုန်းထက္ကြီမှ မောင်းထုသံ သုံးချက်တီတီ ထွက်ပေါ်လာသည်။

"နူ . . . နူ . . . နူ . . . "

ထို့နောက်မှာ တော့ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်တော့၏ ။

*

# χ

ကွင်းပြင်တစ်ခုတော့ မဟုတ်ပါ။ ရေခန်းခြောက်နေသော သဲချောင်းမြေပြင်ပေါ်တွင် ရွာသူ/ သားများ စုစုရုံးရုံးဖြင့် ရှိနေကြသည်။ သူတို့အားလုံး၏ မျက်ဝန်းအကြည့်တွေ က ခပ်ဝေးဝေး တောင်ကုန်းမြင့်ဆီမှ တရွေ့ရွေ့လာနေသော မီးရောင် တစ်စကိုကြည့်ပြီး စိုးစိုးရွံ့ရွံ့ ရှိနေကြ၏ ။

အချိန်ကား နေဝင်ရီတရောကိုကျော်လွန်ကာ အမှော င်ဘက် လုနေပြီ ဖြစ်သည်။ အချင်းချင်း တီးတိုးပြောဆိုသံများ ၊ စိုးရွံ့ဝေဖန်သံများ ဟိုမှ သည်မှ ကြားနေရ၏ ။ သူတို့တွေ ဘာကိုစောင့်မျှော်နေ ကြတာလဲ။ ဘာကြောင့် ဤသဲသော င်ပြင်မှာ လာရောက်စုရုံးနေရတာ လဲ။

ညနေကကြားခဲ့ရသော မောင်းထုသံ

သုံးချက်နောက်ပိုင်းမှာ တစ်ရွာလုံး ယခုကဲ့သို့ အုံးအုံး ကျွက်ကျွက် ဖြစ်သွားခြင်း ဖြစ်ပါသည်။ ပြီးတော့ သူတို့စုဝေးရာနေရာမှာ လည်း ရေလှောင်ကန် အနီး တစ်ဝိုက်တွင် ဖြစ်၏ ။

"ဟဲ့ . . . ဦးယုဝရောက်နေပြီလား၊ ဦးဖိုးလူရော . . . "

စိုးရိမ်တကြီးမေးသော မိန်းကလေးသံတစ်သံ လူအုပ်ကြားထဲမှ ထွက်ပေါ်လာသည်။

"မတွေ့သေးဘူး၊ ရောက်မလာသေးတာနဲ့တူတယ်"

"ဒုက္ခပါပဲ၊ သူတို့မရှိရင် ဘယ်လိုလုပ်မှာ လဲ"

မိန်းကလေးများ ဆီမှ ကျွက်စီကျွက်စီ အသံများ ကို ကြားရ၏ ။ စိုးရိမ်မည် ဆိုလည်း စိုးရိမ်

လောက်သည်။ ရွာမှာ က ကျွမ်းကျွမ်းကျင်ကျင်ရှိသူဆိုလို့ သူတို့နှင့် ဆရာတော် ပင် ရှိသည်မဟုတ်ပါ လား။ ဆရာတော် မှာ ကား သုံးပင်ရွာ ကြွသွားသည်ဆိုတော့ . . .

ယက္ခတို့လူစု ကတော့ ရောက်လာလျှင် ထုံးစံအတိုင်း ရွာကို ဦးစားပေးလိမ့်မည် ။ ရွာထဲမှ တစ်ဦးဦး၏ လက်စွမ်းပြမှု ကို စောင့်ကြည့်နေပေလိမ့်မည် ။ ပြီးမှ သူတို့ဘက်က စတင်မည် ဖြစ်သည်။ ယခု ရွာဘက်မှာ လူမရှိသေး။

ထိုစဉ်မှာ ပင် သူတို့အားလုံး ရင်တမမစောင့်ကြည့်နေသော မီးရောင် မှာ နီးသထက် နီးကပ်လာ လေသည်။ ရှင်းလင်းပြတ်သားစွာ ထိုးကျနေသော လရောင် နှင့် မို့ မကြာခင်မှာ ပင် မြင်ကွင်းက ပြတ်သားလာသည်။ လှည်းတစ်စီး၊ ရှင်းအောင်ပြောရပါက မြင်းတစ်ကောင်ဆွဲလာသော

လှည်းတစ်စီး၊ ထိုလှည်းပေါ်မှ သယ်ဆောင်လာသော မီးတုတ်နှစ် ချောင်းကြောင့် ဟိုးအဝေးကြီးကတည်းက မြင်နေရ ခြင်း ဖြစ်သည်။

မြင်းခွာသံတဖြောင်းဖြောင်းက အနီးကပ်ထွက်ပေါ်လာတော့ ရှိနေသူအားလုံးမှာ တိတ်ဆိတ် သွားသည်။ လှည်းမှာ တစ်စီးတည်းမဟုတ်၊ နောက်ပိုင်းမှာ ကြိုး နှင့် ဆွဲလာသော ဘီးနှစ် ဘီးတပ်အရာ တစ်ခုလည်း ပါလာသည်။

အမြင်ရှိုးနေပြီမို့ မထူးဆန်းတော့ပေမဲ့ ထိုအရာကို မြင်ပြီးနောက်ပိုင်း ပိုမိုတိတ်ဆိတ်သွားတာ တော့ သေချာ၏ ။ ရေစည်တစ်စည် ဖြစ်လေသည်။ ရေစည်ကို အောက်မှာ ဘီးတပ်ပြီး မြင်းလှည်းနှင့် ဆွဲလာခြင်း ဖြစ်သည်။ သူတို့နိုင်လျှင် တစ်ခါတည်း ရေထည့်ယူသွားမည့် သဘောမျိုး။

လူတွေ ရှေ့ရောက်လျှင်ပင် မြင်းလှည်းပေါ်မှ မီးတုတ်ကိုင်ထားသော လူနှစ် ယောက် ခုန်ဆင်း လာလေသည်။ ကြည့်နေသူတွေ မှာ ရှဲခနဲ ဘေးကိုဝိုင်းသွားကြ၏ ။

ဆင်းလာသူနှစ် ယောက် မှာ ရှမ်းဘောင်းဘီနှင့် ဖျင်ကြမ်းအင်္ကျီကို ဝတ်ထားပြီး ခေါင်းပေါင်း လည်း ပေါင်းထားသည်။ ထိုနှစ် ယောက် က လက်ထဲမှမီးတုတ်တွေ ကို မြေကြီးမှာ စိုက်ကာ မြင်းလှည်း ဆီပြန်လည် တိုးကပ်သွား၏ ။

လှည်းနားရောက်စဉ်မှာ ပင် မြင်းမှာ ရှေ့ခွာကိုမြှောက်ပြီး အကြောက်အကန် ထ 'ဟီ' လေ သည်။ မြင်းဟီသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးသွား၏ ။ မောင်းနှင်လာသူက ဇက်ကြိုး ကို အားနှင့် ဆွဲလိုက်သော ကြောင့် ဖြစ်သည်။ ပြီး ထိုသူကပင် မြင်းကိုဇက်သပ်ကာ လှည်းပေါ်မှ ခုန်ဆင်းလာ၏ ။

ကြည့်နေသူများ အားလုံး 'ဟာ' ခနဲ 'ဟင်' ခနဲ ဖြစ်သွားသည်။ အကြောင်းက ထိုလူဆင်းလာပုံ မှာ လူများ နဲ့မတူ ညှို့ ငင်မှု တစ်ခု ပါနေသယောင်။ ပြီးတော့ လှုပ်ရှားမှု တွေ အားလုံးမှာ သေသပ်ပိရိ နေ၏ ။ ကျကျနန လေ့ကျင့်ထားခြင်း ဖြစ်မည် ဟု တွေ းမိသည်။ ထိုစဉ်မှာ ပင် . . .

"ယက္ခပါမလာဘူးပဲ"

"ဟုတ်တယ်တော့ စောညိုတို့သုံးယောက် ပဲလာကြတာ"

ကြည့်နေသူတွေ ဆီမှ တီးတိုးတီးတိုးအသံတွေ ထွက်လာသည်။ ယက္ခပါမလာဘူးဆိုပါလား။

"လှည်းပေါ်က အဝတ်အုပ်ထားတာ ဘာကြီးလဲမသိဘူး"

"အခေါင်းကြီးနဲ့တူတယ်"

လူတွေ အာရုံက ဆင်းလာသူသုံးယောက်ပေါ်တွင် သာမဟုတ် လှည်းပေါ်မှာ ကျန်နေသေးသော လူတစ်ရပ် မရှိတရှိ ရှည်မျောမျော အရာပေါ်တွင် လည်း စူးစူးစမ်းစမ်းရှိနေသည်။ အဝတ်အုပ် ထားသည်မို့ ဘာမှန်းတော့မသိသေး။ ပြောစကားအရတော့ စောညို ဆိုသူမှာ နောက်ဆုံးမှ ဆင်းလာ သူ ဖြစ်ပေမည် ။ သုံးယောက် တွင် လည်း သူပင် ခေါင်းဆောင် ဖြစ်ပုံရသည်။

စောညိုက လက်ဖှော့ယမ်းပြတော့ ကျန်နှစ်ယောက် က အုပ်ထားသော အဝတ်ကို ဆွဲဖယ်လိုက် စဉ် . . .

"ဟာ . . ."

"အို . . ."

"အခေါင်းကြီးပဲ"

အာမေဋိတ်သံတွေ ထွက်သွား၏ ။ မီးတုတ်ရောင် နဲ့မို့ စောညိုပုံစံကို သေချာမြင်ရသည်။ နာမည် နှင့် လိုက်ပါသည်။ လူကောင်က ပုပုပြတ်ပြတ်၊ အသားကညိုသည့်ထက်ပိုကာ ကြေးနီရောင် သန်းနေသည်။ ခက်ထန်မာကျောမည့် ပုံစံလည်း ရှိသည်။

ထိုစဉ်မှာ ပဲ တပည့်နှစ် ယောက် မှာ လှည်းပေါ်မှအခေါင်းကြီးအား ထမ်းချလာပါတော့၏ ။ လူ တစ်ယောက် ကောင်းကောင်းဝင်ဆန့်သော အခေါင်းကြီးပါပဲ။ အရောင် ကမည်း နက်ကာ ခြောက်ခြားမှု ကို ပိုသွားစေသလို။

"ဟဲ့ . . . ယက္ခက ဒီအခေါင်းကြီးထဲမှာ လားမသိဘူး"

"အေး . . . ဖြစ်နိုင်တယ် သူတို့ထမ်းလာတာ လေးနေသလိုပဲ"

စိုးရွံ့ထိတ်လန့်နေဆဲမှာ ပင် မိန်းမတွေ ၏ ထုံးစံအတိုင်း ထင်ရာမြင်ရာတော့ ပြော ဖြစ်အောင် ပြောကြသေး၏ ။

ထမ်းလာသူနှစ် ယောက် က ထိုးစိုက်ထားသော မီးနှစ် တိုင်အလယ်မှာ အခေါင်းကိုချသည်။ ချပေးသော အခေါင်းပေါ်သို့ စောညိုက ခြေတစ်ဖက်တင်ကာ ခါးထောက်ရပ်လိုက်သည်။ ပတ်ဝန်းကျင်က မီးကို ရေနှင့် ငြိမ်းလိုက်သလို ရုတ်ခြည်းငြိမ်ကျသွား၏ ။ ထိုစဉ်မှာ ပဲ စောညိုက လေ့ကျင့်ထားဟန်တူသော သြဇာသံကြီးဖြင့် . . .

"ကျုပ်တို့

ဒီကိုဘာလာလုပ်တယ်ဆိုတာကိုတော့ အထူးတလည်
ပြောနေစရာမလိုတော့ပါဘူး။ ဒီတော့ ကျူ
ပ်လိုရင်းပဲပြောမယ်။ ခင်ဗျားတို့ဘက်က
ယှဉ်မဲ့သူဘယ်သူရှိလဲ ရှိရင်ထွက်ခဲ့ပါ"

အကုန်လုံး တုပ်တုပ်မျှမလှုပ်မိကြတော့။
ဘယ်သူထွက်လာမလဲဟူသော အကြည့်တွေ
ဖြစ်ထွန်းသွားကြသလို သူထွက်နိုး၊ ငါထွက်နိုး
တစ်ယောက် ကို တစ်ယောက် လည်း
ကြည့်ကုန်ကြသည်။ ခက်တာက ယခုရှိနေသူတွေ ထဲမှာ
ယခင်ကထွက်ရောက်ယှဉ်ပြိုင်နေကျလူတွေ
ပါမနေခြင်းပင်။

စောညိုက မျက်မှော င်ကိုကြုတ်ရင်း
နောက်တစ်ကြိမ် ထပ်ပြောသည်။

"ကျူပ်ထပ်ပြောမယ် ယှဉ်မဲ့သူရှိရင်

ရှေ့ထွက်ခဲ့ပါ"

ပြောပြီး ရပ်နေသူလူအုပ်ကြီးအား ဝေ့ဝဲပြီးကြည့်သည်။ တစ်စုံ တစ်ယောက် ကို ရှာနေသလိုမျိုး။ အတော် ကြာသည့်တိုင် တစ်ဖက်မှ တုံ့ပြန်မှု ကိုမတွေ့။

ထိတ်လန့်တိတ်ဆိတ်နေသော လူအုပ်ကြီးအားကြည့်ရင်း စောညိုက တစ်ချက်ရယ်သည်။ သူ့ပုံစံက ဒီနေရာတွင် ဘာလုပ်လုပ် ရနေသလိုမျိုး။ နောက်ဆုံးအကြိမ်အ ဖြစ် စောညိုက တစ်ရွာလုံး အား အထင်သေးသော အကြည့်တွေ ဖြင့် ကြည့်ရင်း . . .

"ကောင်းပြီ ထွက်မယ့်သူမရှိဘူးဆိုရင်တော့ ကျုပ်တို့အလှည့်ပေါ့။ ဟေ့ကောင်တွေ . . ."

စကားဆုံးဆုံးချင်း တပည့်နှစ် ယောက် က

စောညိုခြေထောက်အောက်မှာ ရှိနေသော အခေါင်း ကြီးကို ဆွဲဖွင့်သည်။ လေတစ်ချက်က ဝှေ့ခနဲတိုက်ပြီး မီးတိုင်တို့ယိမ်းထိုးသွား၏ ။

အကုန်လုံး ခေါင်းတွေ ထောင်ပြီးလှမ်းကြည့်မိတော့ အခေါင်းတွင်း းမှာ ဘာမှုရှိမနေပါ။ ဘာတွေ များ ဆက် ဖြစ်လာမလဲ ရင်တထိတ်ထိတ် စောင့်နေခိုက် . . .

တပည့်နှစ် ယောက် က အခေါင်းကြီးကို ကောက်, မလိုက်ပါသည်။ ပြီးတော့ အထဲမှာ ဘာမှုမရှိ ကြောင်း ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးမြင်အောင် ပခုံးပေါ်ထမ်းပြီး လှည့်ပြသည်။ မျက်လှည့်ပြပွဲ ကို ဆိုင်းသံ၊ ဗုံသံတွေ မပါပေမဲ့ မီးတုတ်အောက်မှလှုပ်ရှားပုံတွေ က တစ်မျိုးတစ်မည် ကြောက်ဖို့ ကောင်းနေသည်။

ဝိုင်းကြီးပတ်ပတ်ပုံစံဖြင့် သုံးပတ်ပတ်ပြီးချိန်မှာ ရပ်တန့်လိုက်ပါသည်။ ပြီးတော့ အခေါင်းကို စောညို့ရှေ့တွင် ပြန်ချကာ အဖုံးဖုံးလိုက်၏ ။

မီးတုတ်နှစ် ချောင်းက အရှိန်ပြင်းစွာ တောက်လောင်နေသည်။ လေ၏ တိုးဝှေ့မှု ကြောင့် တစ်ခါ တစ်ခါတွင် လည်း ယိမ်းထိုးတတ်သည်။ မီးခိုးငွေ့တွေ လည်း ပတ်ဝန်းကျင်သို့ တလူလူ ထွက်နေသည်။ ထိုအခိုးအငွေ့တွေ ကပင် ပတ်ဝန်းကျင်ကိုဖုံးနေပြီး စောညို့၏ ပြသမှု ကို ကူညီပေးနေသလို။

စောညို့က အခေါင်းကိုအဝတ်ဖြင့် ပြန်အုပ်ကာ သူ၏ ပြသမှု ကို စတင်လိုက်လေသည်။ အခေါင်း ပေါ် ခြေတစ်ဖက်တင်ထားရာမှ လက်နှစ် ဖက်ကိုဆန့်တန်းပြီး ထိန်ထိန်သာသော လမင်းကို

မော့ကြည့် သည်။ ပြီးတော့ ကောင်းကင်မှ
တစ်စုံတစ်ရာ ဆွဲယူလိုက်ဟန်ကိုပြုပြီး အခေါင်းထဲသို့
ပစ်ထည့်သည်။ တင်ထားသော ခြေကိုချကာ
ကိုယ်ကိုကိုင်းညွတ်ပြီး အခေါင်းထိပ်ပိုင်းကို
သုံးချက်ပုတ်၏ ။

ညာလက်ဖြင့် ခေါင်းပိုင်းမှအောက်ပိုင်းသို့
လည်း အလျားလိုက် သပ်ချသည်။ နောက်ပြီး
အခေါင်း၏ အလယ်ပိုင်းကို သုံးချက် ပုတ်ပြန်သည်။

အကုန်လုံးကအသက်ပြင်းပြင်းမရှူရဲ။
စောညို၏ လုပ်ပုံကိုင်ပုံတွေ ကိုကြည့်ကာ
အမောတကော

ဖြစ်နေသည်။ ဖြစ်လောက်ပါသည်။
မျက်လှည့်ဆရာ တစ်ယောက် ၏ ဟန်အမူအရာ
ပေါ်လွင်သလို ပရိသတ်ကို ဆွဲဆောင်နိုင်စွမ်းလည်းရှိ၏

။

ထိုစဉ်မှာ ပဲ အခေါင်းအား 'ဘုန်း' ခနဲ တစ်ချက်ပုတ်ကာ ဖုံးထားသော အဝတ်ကို ဆွဲဖယ် ပစ်လိုက်၏ ။ ကြည့်နေသူအားလုံး ခေါင်းတွေ ဆတ်ခနဲ မတ်အသွား . . .

စောညိုက မာန်တစ်ချက်သွင်းကာ အခေါင်းဖုံးကို 'ဝုန်း' ခနဲ ဆွဲလှန်လိုက်တော့ . . .

"ဟာ . . . "

"ဟယ် . . . "

'ဘုရားရေ . . . "

"အိုး . . . အီလစ်"

အခေါင်းထဲတွင် ကား . . .

ဆန့်ဆန့်ကြီးလဲနေသော ကလေးလေး

တစ်ယောက် ။

အီလစ်။

စောညိုကအောင်ပွဲခံသလို လက်နှစ်ဖက်ကို ဟန်ပါပါ ဆန့်တန်းတော့ အီလစ်က ဆတ်ခနဲ ထထိုင်သည်။ ပြီးတော့ ပတ်ဝန်းကျင်အား တစ်ခါမှ မမြင်ဖူးသလို ကြည့်သည်။ သူ့ပုံစံက ယခု သူရောက်နေရာကိုရော ဘာကြောင့် ရောက်နေရတယ်ဆိုတာကိုရော ဘာတစ်ခုမှမသိသလိုမျိုး မျက်လုံးကြောင်ကာ ဝိုင်းနေသော လူအုပ်ကြီးကိုကြည့်ပြီး ဝုန်းခနဲ ထပြေးပါတော့သည်။

အကုန်လုံးမှာ ပါးစပ်အဟောင်းသားနှင့် ပြေးထွက်သွားသော အီလစ်ကိုကြည့်လိုက်၊ အခေါင်းမည်းကြီးကို ကြည့်လိုက် . . .။

စောညိုကတော့

"ကဲ . . . ကျုပ်ရဲ့ ပြကွက် ကတော့ ပြီးသွားပြီ"

စကားကို ခဏရပ်ကာ ရင်ကိုကော့ရင်း ကြည့်နေသူတွေ ကို ဝေ့ကြည့်၏ ။ ပြီးတော့ . . .

"ဒီတော့ ထုံးစံအတိုင်းပဲ ကျုပ်ပြကွက်ရဲ့ လျို့ဝှက်ချက်ကိုသိတဲ့လူရှိရင် ရှေ့ကိုထွက်ခဲ့ပါ။ အားလုံးရှေ့မှာ ပဲ လျို့ဝှက်ချက်ကို ပြောပြပါ။ သိတဲ့လူမရှိဘူးဆိုရင်တော့ အရင်အခေါက်တွေ ကလိုပဲ ဟိုရေလှောင်ကန်ထဲက ရေတစ်စည် ကျုပ်ယူသွားရလိမ့်မယ်"

မည် သူ့ဆီကမျှ အသံမထွက်။ ရှေ့ကိုလည်း တစ်ယောက် မျှ ထွက်မလာ။ ဒါပေမဲ့ 'လျို့ဝှက်ချက်ကိုသိတဲ့လူ ရှိပါစေ' လို့တော့

အကုန်လုံးဆုတောင်းနေမှာ သေချာပါသည်။

စောညိုကတော့ ဝံ့ဝံ့ကြွားကြွားပါပဲ။ ခါးထောက်လျက်မှ ဒေနက်ထပ်တစ်ခါ ထပ်ပြောသည်။

''ကျုပ်ပြကွက်ရဲ့ လျို့ဝှက်ချက်ကို ဖော်နိုင်တဲ့လူမရှိဘူးလား။ ဒါဆိုရင်တော့ ကျုပ်ရေတစ်စည် ယူသွားပြီ''

ပြောပြောဆိုဆို စောညိုက ချာခနဲ နောက်လှည့်ကာ ကျောခိုင်းသွားသည်။ သူ့တပည့် နှစ်ယောက် မှာ လည်း ပွင့်နေသော အခေါင်းကြီးအား ဖုံးအုပ်ဟန်ပြင်လိုက်တော့ . . .

လေပြင်းတစ်ချက်က ဝေ့အတိုက် . . .

ဘယ်ကမှန်းမသိသော ခွေးတစ်ကောင်က ရူးရူးဝါးဝါး ထအအူ။

''နေဦး''

*

# ၄၂

ပတ်ဝန်းကျင်က စက္ကန့်ပိုင်းမျှ အသက်မဲ့သွားသည်ဟု ထင်ရသည်။ ရပ်ကြည့်နေသူတွေ အားလုံး ခေါင်းတွေ နောက်ဘက်သို့ ချာခနဲ လှည့်လာ၏ ။

လှည်းစီသို့ တစ်လှမ်းချင်းလျှောက်နေသော စောညို၏ ခြေလှမ်းတွေ လည်း တိခနဲ ရပ်သွား သည်။ အခေါင်းကြီးအား အဖုံးပိတ်ရန် ပြင်ဆင်နေသူနှစ် ယောက် မှာ လည်း ဘာဆက်လုပ် ရမှန်း မသိ။

"ဟယ် . . . ဧည့်သည်လေး"

"ရှီးစစ်"

နောက်သို့ လှည့်လာကြသော ခေါင်းတွေ ထဲမှ ထင်မှတ်မထားသော စကားသံတွေ ထွက်ကျ လာသည်။ အကုန်လုံးမှာ လည်း တအံ့တသြ။ ရှိုးစစ်အား မမြင်ဖူးသူ တစ်ယောက် လို မျက်လုံးပြူ မျက်ဆံပြူး တွေ ဖြင့် ဝိုင်းကြည့်ကုန်ကြသည်။ တချို့မျက်နှာတွေ မှာ လည်း စိုးရိမ်ထိတ်လန့်ဟန်တွေ ကို တွေ့ရ၏ ။

"ကျွတ် . . . ဒီကောင်လေးတော့ ဒုက္ခပါပဲ"

"ဘာမှန်းညာမှန်းမသိဘဲနဲ့ ဒုက္ခတွေ့ဦးမယ်"

ကျွက်စီကျွက်စီ အသံတွေ ထွက်လာပေမဲ့ ရှိုးစစ် ဂရုမစိုက်မိတော့ပါ။ ရှေ့ကို ခြေတစ်လှမ်း တိုးလိုက်၏ ။ ထိုအခါ ရှေ့၌ ရပ်နေသူ လူအုပ်ကြီးမှာ လမ်းရှင်းပေးလိုက် သလို လူ တစ်ယောက် စာ ဘေးသို့ ရွဲသွားသည်။ ရှိုးစစ် တစ်လှမ်းချင်းပင်

ရှေ့တိုးသွားလိုက်ပါသည်။ အကုန်လုံးက မမြင်ဖူးသော သတ္တဝါတစ်ကောင်ကို ယိုင်းကြည့်နေသလိုမျိုး။

စောညိုလည်း ကျောပေးရပ်နေရာမှ မမြင်ဖူးသော အသံရှင်ကို လှည့်ကြည့်ရင်း ရှေ့သို့ ပြန်လည် လျှောက်လှမ်းလာသည်။ အခေါင်းရှေ့ကိုရောက်တော့ ရိုးစစ် ခြေလှမ်းကို ရပ်လိုက်သည်။ မျက်နှာချင်းဆိုင်တည့်တည့်မှာ ကား သူ့အားစူးစိုက်ကြည့်နေသော စောညို။

ရိုးစစ် အေးဆေးစွာ ပင် ပြန်လည်ကြည့်ပေးလိုက် တော့ ပတ်ဝန်းကျင်က အနည်းငယ် အေးစက် သွားသည်ဟု ထင်ရသည်။ အေးစက်စက် အငွေ့အသက်တွေ ဖုံးလွှမ်းလာသလိုမျိုး။

ရိုးစစ် အကြည့်ကို အောက်ချပေးမိ။ မီးတိုင်နှစ် တိုင်မှ မီးတောက်တွေ က ယိမ်းထိုးနေကြ

သည်။ မီးနှစ် တိုင်၏ အလယ်တည့်တည့်မှာ က
အခေါင်းမည့် ႏကြီးတစ်လုံး။ ထိုအခေါင်းကြီးကို အလယ်
တွင် ထားကာ အကြည့်ပြိုင်နေကြသည်ကား သူတို့နှစ်
ယောက် ။

သူတို့နှစ် ယောက် လည်း ငြိမ်သက်နေသလို
မည့် သူ့ဆီမှလည်း လှုပ်ရှားသံထွက်မလာပါ။
ယုတ်စွအဆုံး ရပ်နေသော မြင်းကပင် တုပ်တုပ်မှမလှုပ်။
အေးစက်စက်ပတ်ဝန်းကျင်ကို မကြိုက်သည့် မို့
သူကပင် စတင်ဖြိုခွင်းလိုက်သည်။

စကားပြောခြင်းတော့မဟုတ်။
ကိုယ်ကိုင့်ကိုင်းကာ အခေါင်းတွင် ႏသို့
လက်နှိုက်လိုက်ခြင်း ဖြစ်ပါသည်။ ခဏချင်းပင်
ပတ္တာတစ်ချက်မှာ ပြုတ်သွားသည်။ ပြီးတော့
နောက်တစ်ချက်၊ ပတ္တာ နှစ် ချက်ကို ဖြု
တ်ပြီးသွားချိန်ကျပ် နှစ် ထပ် ဖြစ်နေသော ဘေးကာကို

ဆွဲလှန်လိုက်ပါသည်။

'ဂုန်း' ခနဲ အော်မြည် ကာ ပျဉ်တစ်ချပ် အောက်ခင်းပြားပေါ် ပြုတ်ကျသွားသည်။

ထိုခဏမှာ ပဲ . . .

ရိုးစစ် လက်နှစ် ဖက်ကို ဖုန်တစ်ချက်ခါကာ . . .

''အဲဒီ ပျဉ်ပြားပဲ''

*

## ၁၂၂

နှင်းငွေ့နှင်းမှု န်တွေ က ပတ်ဝန်းကျင်မှာ တဖျောက်ဖျောက် ကျဆင်းနေသည်။ တောင်ကုန်း

လေးတစ်ခု၏ အပေါ်ဘက်ပိုင်းမှာ လူ တစ်ယောက် မတ်တပ်ရပ်ရင်း အရှေ့ဘက်ဆီသို့ စူးစူးငေးငေး ကြည့်နေ၏ ။

ကျေးရွာလေးတစ်ရွာပါ။ နှင်းငွေ့တွေ တလူလူ ပျံ့လွင့်နေသော နှစ် ချို့ရွာလေးတစ်ရွာပါပဲ။ ဒီရွာမှာ က မျက်လှည့်ပညာရှင်တွေ စုဝေးနေထိုင်ကြလေသည်။ တစ်ရွာလုံးကို စီးမိုးကြည့်နိုင်သော တောင်ကုန်းမြင့်လေးမို့ နိုးထသက်ဝင်စမပြုသေးသော ရွာလေးကိုကြည့်ရသည်မှာ အေးချမ်း တိတ်ဆိတ်နေသည်။

သို့ပေမဲ့ ဒီရွာ၏ ပူလောင်မှု ကိုတော့ ရွာမှာ နေထိုင်သူတွေ မှလွဲ၍ မည် သူမှုမသိကြ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလိုပါပဲ။ ရွာရဲ့ ဒုက္ခကို ရွာခံတွေ သာ သိလေသည်။

ရွာလေးပေါ်သို့ နှင်းစက်တွေ
ကျဆင်းနေပုံကိုကြည့်ရင်း ရင်ထဲမှာ
ကြည်နူးနေမိသည်။ ဤတောင်ကုန်းလေးပေါ်မှ
မနက်ခင်းမြင်ကွင်းအား ကြည့်ရသည်မှာ ဘာနှင့် မျှ
မလဲနိုင်သော ပန်းချီကားတစ်ချပ်ကို
ကြည့်ရှုနေရသလိုပါပဲ။ ရင်ထဲမှာ အေးချမ်းမှု ရော၊
ကြည်နူးမှု ရော၊ ပျော်ရွှင်မှု ရော၊ ရသ ပေါင်းစုံကို
တလှည့်စီ ခံစားနေရသည်။

သြော် . . . ကိုးချောင်းရွာလေး။

ဘာလိုလိုနှင့် သူတောင်
ဒီရွာကိုရောက်နေတာ သုံးရက်ပြည့်သွားပြီပဲ။
သုံးရက်သာပြည့်သွားခဲ့ ပါသည်။ သူလိုချင်သော
သတင်းနှင့် ပတ်သက်ပြီး ဘာတစ်ခုမှမရရှိခဲ့။

ရည်ရွယ်ချက်မပြည့်သည့်အပြင် ပြဿ

နာကြားထဲပင် ညှပ်သွားရသေးသည်။ ကိုယ့်ကို ထမင်း ကျွေးထားတော့လည်း ကျေးဇူးပြုရမည် ပေါ့။ ဘယ်တတ်နိုင်မည် နည်း။ မနေ့ညက စောညို တို့ပြန်သွား တော့ သူ့ကို တစ်ရွာလုံးက ဝိုင်းဝန်းချီးကျူး ကြသည်။

ဩော် . . . သေသွားပြီးသည့်တိုင်အောင် အမေက အခုချိန်ထိ သူ့ကို တင့်တယ်နေစေသေး တာပါလား။ ဒီပညာတွေ က အမေသင်ပေးခဲ့တဲ့ပညာတွေ ။ ရောက်လေရာအရပ်မှာ သူ့ကို ထမင်းကျွေး နေတဲ့ပညာတွေ ၊ လူအထင်မသေးစေတဲ့ပညာတွေ ။

ဒီပညာတွေ သင်ပေးခဲ့တဲ့အမေ့ကို သူမသေခင်တော့ ကျေးဇူးဆပ်ချင်ပါသေးသည်။ ဒါကြောင့် လည်းပဲ အရပ်တကာ နယ်တကာလှည့်ပြီး ရှာဖွေနေခဲ့တာပေါ့။ အမေ့ရဲ့ သစ္စာ၊ အမေ့ရဲ့ သိက္ခာနဲ့

သား တစ်ယောက် ကို ခက်ခဲပင်ပန်းစွာ လူလားမြောက်စေခဲ့တာတွေ ကို ပြောပြချင်ပါသေးသည်။ အမေ့ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးချင်ပါသည်။

ဘဝလှိုင်းဒဏ်ရဲ့ ရိုက်ပုတ်မှု တွေ ကို သား တစ်ယောက် လက်မှာ စွဲလို့ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့တဲ့ အမေ၊ ဘယ်တော့မှအရှုံး မပေးခဲ့တဲ့အမေ၊ အားငယ်စိတ်တွေ ၊ ကြောက်စိတ်တွေ ခန္ဓာကိုယ်ထဲကို ဘယ်တော့မှအဝင်မခံခဲ့တဲ့အမေ၊ ဘယ်လောက်ပဲပင်ပန်းပါစေ ခေါင်းမငုံ့ အောက်မကျို့ခဲ့တဲ့ အမေ။

အမြဲတမ်းခေါင်းမော့နေတတ်တဲ့အမေ၊ ရုပ်ရော စိတ်ပါ မနိမ့်ကျခဲ့တဲ့အမေ။

သူ့ရဲ့ ထာဝရစံပြအမေ။

အောက်မေ့သတိရလာသည်မို့
လွယ်ထားသော အိတ်လေးကိုချွတ်ကာ ရင်မှာ
ပွေ့ပိုက်ထားမိ သည်။ မျက်ဝန်းမှာ လည်း
မျက်ရည်ကြည်တို့ ရစ်ဝဲလာသည် ထင်၏ ။
ပြီးမှသတိရကာ မျက်လုံးကို အတင်းပိတ်ပစ်လိုက်သည်။
အမေက ငိုတာလုံးဝမကြိုက်။

သူကိုယ်တိုင်လည်း မငိုသလို၊
မွေးထားသော သားကိုလည်း မငိုစေရ။
ကျင့်သားရနေလို့လား မသိ။ မျက်လုံးအိမ်က ချက်ချင်း
ပင် ခမ်းခြောက်သွားသလား ထင်ရသည်။

ထိုစဉ်မှာ ပင် နေဝန်းနီနီက
အရှေ့ကောင်းကင်မှာ ထွန်းတောက်စပြုလာသည်။
နေရောင် ဝါဝါ တို့လည်း နှင်းငွေ့တို့အကြားသို့
အလုအယက် ထိုးကျလာကြသည်။
ကိုးချောင်းရွာလေးက တစ်မျိုး

ကြည့်လို့ကောင်းနေပြန်ပါသည်။ ဘုန်းကြီးကျောင်းဆီမှ ခေါင်းလောင်းထိုးသံကိုလည်း ကြားရ၏ ။

နေထွက်ပြီမို့ ခရီးဆက်ရတော့မည် ။

သုံးပင်ရွာသွားသည့်လမ်းကို ညက ဦးယုဝထံ မေးထားသည်မို့ အခက်အခဲတော့ ရှိမည် မထင် ပါ။ အလုပ်သွားမည့် လူစုနှင့် လိုက်ရန် ပြောသော် လည်း သူမသွားချင်။ အေးအေးဆေးဆေးသာ ဦးနှောက်ဆေးသည့်သဘော တစ်ယောက် တည်း သွားချင်သည်။ ပြီးတော့ ခန္ဓာကိုယ်ကိုလည်း အားသစ်တစ်ဖန် လန်းဆန်းစေချင်နေပါပြီ။

တသွင်သွင်စီးနေသည့်ရေမှာ သူ့ခန္ဓာကိုယ်ကို အကြာကြီး စိမ်ပစ်ချင်နေသည်။ အားရပါးရ ရေချိုးချင်စိတ်တွေ လည်း တဖွားဖွား

ဖြစ်ထွန်းနေသည်။

တောင်ကုန်းလေးပေါ်မှ တရွေ့ရွေ့

ဆင်းလာခဲ့၏ ။ နေရောင် ပျပျအောက်မှာ

တောလမ်းလေး က ရှင်းလင်းနေသည်။

အိပ်တန်းထကာစ ကျေးငှက်တွေ ၏ ကျီကျီအာအာ

အော်သံတို့ကိုလည်း ကြားရသည်။

သစ်ပင်သစ်ရွက်တွေ က နှင်းငွေ့နဲ့စိမ်းစိုပြီး အသက်ရှူ

ရတာ လွတ်လပ်ပေါ့ပါးနေ၏ ။

စိတ်ကြည်နူးဖွယ်ပါပဲ။

ရိုးစစ် ပတ်ဝန်းကျင်အား

ကြည်ကြည်နူးနူးကြည့်ရင်း တစ်လှမ်းချင်း

လျှောက်လာခဲ့မိသည်။ စိတ်ထဲမှာ ရှိနေသော အပူတွေ ၊

သော ကတွေ ၊ ခဏတာလွင့်ပျောက်သွားသလို။

လျှောက်ကောင်းကောင်းနှင့်

လျှောက်လာလလိုက်တာ မည် မျှခရီးဝေးသွားသည် မသိ။ သစ်ပင်ကြီးတွေ ထူထပ်ပေါများ သော နေရာသစ်တစ်ခုသို့ ရောက်စဉ်မှာ ပဲ . . .

"သုံးပင်ရွာသွားမလို့လား သူရဲကောင်းလေး"

အမှတ်မထင် ကြားလိုက်ရသော အသံကြောင့် ရင်တစ်ချက် ဆတ်ခနဲခုန်ကာ ခြေစုံရပ်မိသွား သည်။ ချက်ချင်း ပင် အရပ်လေးမျက်နှာကို စူးစမ်းလိုက်တော့ . . .

"မရှာနဲ့ဦး၊ တွေ့မှာ မဟုတ်သေးဘူး ဆက်လျှောက်လာခဲ့"

ကြက်သီးတို့ပင် ဖျင်းခနဲ ထမိ သွားပါသည်။ စကားသံက ကြီးကျယ်ခန်းနားနေပြီး အရပ်ပေါင်းစုံ မှ ပျံ့လွင့်လာနေသလို။

ဦးယုဝလား တွေ းထင်မိပေမဲ့ မ ဖြစ်နိုင်ပါ။ ဦးယုဝနှင့် အသံမတူ။ ကျယ်တာခြင်းတူပေမဲ့ ဒီအသံ က ပိုမိုကြည်လင်တောက်စူးနေသည်။ ကြောက်စိတ်မ ဖြစ်ပေမဲ့ တစ်လှမ်းချင်းကို သတိနှင့် ဆက်လှမ်း လိုက်သည်။

ဆယ်လှမ်းကျော်ကျော်လောက်လှမ်းမိတော့ . . .

"ရပြီ၊ ညာဘက်ကိုလှည့်လိုက်"

ရိုးစစ် ဆတ်ခနဲ လှည့်လိုက်စဉ် . . .

"ဟင် . . . "

ပါးစပ်မှာ ဆေးတံခဲထားသော လူကြီး တစ်ယောက် သစ်ပင်ကိုမှီကာ ထိုင်နေသည်။ သူ မမြင်ဖူး ပါ။ ဥပမိရုပ်မှာ ခန့်ခန့်ညားညားမရှိပေမဲ့ ကြည်ကြည်စင်စင်တော့ ရှိသည်။ ထိုင်နေပုံ ကတော့ သက်သော င့်သက်သာပါပဲ။ အင်္ကျီအဖြူပွပွကြီးကို

ဝတ်ထားပြီး အသက်မှာ (၆၀) ဝန်းကျင်ရှိမည် ဟု ခန့်မှန်းမိသည်။ ဆံပင်တွေ မှာ တစ်ခေါင်းလုံးနီးပါး အဖြူ ဖုံးနေပြီး မုတ်ဆိတ်မွေးအချို့လည်း အောက်ကိုရှည်ကျနေ၏ ။ ထိုစဉ်မှာ ပင် နောက်ထပ်စကားသံကို ထပ်ကြားရ၏ ။

"ညကကိစ္စအတွက် မင်းကို ကျေးဇူးအများ ကြီးတင်ပါတယ်။ ဦးတို့ ဘယ်သူမှရောက်မလာတဲ့ အချိန်မှာ မင်းကယ်ပေလို့သာပေါ့"

ရှိုးစစ် မျက်မှော င်ကြုတ်မိသွား၏ ။ ကိုးချောင်းရွာသားတစ်ဦး ဖြစ်ပုံရလေသည်။ လူကြီးက ဆေးတံကိုတစ်ချက်ဖွာရင်း . . .

"မင်းအစောကြီးထလာတာပဲ။ ဘုန်းကြီးကျောင်းဝင်ပြီး ဘုရားကန်တော့ခဲ့သေးတယ်ပေါ့"

"ဗျာ . . . "

ရိုးစစ် 'ဗျာ' မိသွားတော့ . . .

"ဟုတ်တယ်လေ၊ မင်း ဘုရားကန်တော့ခဲ့တာပဲ။ သုံးပုံပဟေဠိတောင် ဝင်ရွှေ့ခဲ့သေးတယ် မဟုတ်ဘူးလား"

သူ့မျက်လုံးပြူး ကာ လူကအလိုလို ထိုလူကြီးအနားတိုးကပ်သွားမိသည်။ ဘာကြောင့် မနက်က သူလုပ်ခဲ့တာတွေ ကို ဒီလူကြီး သိနေရတာ လဲ။ နောက်ကများ နောက်ယောင်ခံလိုက်လာတာလား။ မ ဖြစ်နိုင်ပါ။

"တောင်ကုန်းပေါ်ကတောင် ရွာကို အကြာကြီး ကြည့်နေသေးတယ်။ ဘာလဲကွ မင်းတောင် ငါတို့ရွာကို သနားသွားပြီလား"

စကားမဆိုမိတော့ချေ။ နှုတ်ပိတ်လျက်သာ

ထိုင်နေသူလူကြီးကို ကြည့်လိုက်မိတော့သည်။ လူကြီး ကတော့ အေးအေးလူလူပင် ဆေးတံကိုသာ ဖွာလျက်ရှိနေပါ၏ ။ အတန်ကြာတော့ မနေနိုင် သည်မို့ . . .

"ဘကြီးက ကျွန်တော့် နောက်က နောက်ယောင်ခံလိုက်လာတာလား"

လူကြီးက တဟားဟား အော်ရယ်သည်။

"မလိုက်ပါဘူးကွ၊ ငါဒီမှာ ထိုင်နေတာ ညကတည်းကပဲ"

"ဒါဆို ဘာလို့ ကျွန်တော် လုပ်ခဲ့သမျှတွေ ကို သိနေရတာ လဲ"

အသံကျယ်ကြီးဖြင့် တဟားဟား ရယ်ပြန်ပါသည်။ ပြီးတော့မှ အရယ်ကိုရပ်ရင်း . . .

"မင်း . . . လိပ်ပြာလွှင့်တယ်ဆိုတာကို

ကြားဖူးလား''

''လိပ်ပြာလွင့်တာ''

ရိုးစစ် တိုးတိုးလေးရေရွတ်လိုက်မိသည်။ ကြားဖူးပါသည်။ ဒါဟာ ပညာတစ်ရပ်ပေပဲ။ တော် ရုံ ပညာတစ်ရပ်မဟုတ်။ စိတ်စွမ်းအားကြီးမြင့်သူ၊ နှစ်ပေါင်းကြာရှည်စွာ လေ့ကျင့်သင်ကြားထားသူတွေ သာ တတ်မြောက်သည့်ပညာ။

''ကျွန်တော် ကြားဖူးတယ်''

''အေး . . . ငါလိပ်ပြာလွင့်ပြီး မင်းကို ကြည့်နေတာဆိုပါတော့''

ရိုးစစ် လုံးဝကို ဆွံ့အသွားလေပြီ။ ကြက်သီးတို့ပင် ဖျင်းခနဲထမိသွားလားမသိ။ ဒီလူကြီး တကယ် တတ် မတတ်မသိပေမဲ့ ပြောသမျှတော့ အကုန်မှန်နေသည်။ ရိုးစစ် မယုံသလို ဖြစ်မိသည်မို့ . . .

''ဦးက အဲ့ဒီပညာတတ်ထားတာလား''

''အဟင်း . . . လေ့ကျင့်တုန်းဆိုပါတော့။ ကျွမ်းကျွမ်းကျင်ကျင်တော့ မဟုတ်သေးပါဘူး။ အဲ့ဒီ ပညာကို ကျွမ်းကျွမ်းကျင်ကျင် ဖြစ်တဲ့နေ့က ငါသေရင်သေ၊ မသေရင် ဟိုအယုတ်တမာကောင် သေမဲ့ နေ့ပဲ''

အနည်းငယ်ထူးဆန်းသွားသော စကားကြောင့် ရိုးစစ် ကြောင်တောင်တောင် ဖြစ်မိသွားသည်။ ဒါကို ထိုလူကြီးက သဘောပေါက်စွာ မေ့မေ့ပျောက်ပျောက်ပုံစံဖြင့် . . .

''ထားပါ၊ ညက ငါရောက်မလာပေမဲ့ ငါ့ညီမတော့ မင်းတို့ပွဲကို လာကြည့်လိမ့်မယ် ထင်တယ်။ မျက်လုံးပြူးလည်းပြူး တဲ့နေရာနဲ့ ငါတို့အိမ်နဲ့က နီးနီးလေးကွ''

ကိုးချောင်းရွာသားတစ်ဦး ဖြစ်မှန်း

သေချာသွားပြီမို့ . . .

"ဦးက ဘယ်သူလဲ"

"ငါ့နာမည် ဖိုးလူတဲ့။ မကြာခင်က သေသွားတဲ့ ရွာသူကြီးဦးပြည့်ဝရဲ့ သူငယ်ချင်းပေါ့"

"ဗျာ . . . ဖိုးလူ . . . ဦးဖိုးလူ"

"ဟုတ်တယ်လေ"

သိပါသည်။ ဖိုးလူဆိုသည့် နာမည် ကို ရင်းရင်းနှီးနှီးပင် သိနေသည်။ အီလစ်ဆီက ဖတ်ခဲ့ရသော စာထဲမှာ ရော၊ ဦးယုဝ၏ ပြောစကားထဲမှာ ပါ ဖိုးလူဆိုတာကို ကြားဖူးနေသည်မဟုတ်ပါလား။

တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေသော ဦးဖိုးလူကိုကြည့်ကာ ရိုးစစ် မဝံ့မရဲ ဖြစ်မိသည်။ ပြီးတော့ တချို့စကားတွေ ကိုလည်း နားမလည်သည်ကြောင့် . . .

"ဦးက ဒီမှာ ညကတည်းကထိုင်နေတာဆိုတော့ ဘာလုပ်နေတာလဲ"

"ဒီလိုပါပဲ၊ မပြီးသေးတဲ့အလုပ်လေးတစ်ခုကို ဆက်လုပ် နေတာ။ ပြီး သွားပါပြီ။ အခုပဲပြန်တော့ မလို့"

ပြောပြောဆိုဆိုပဲ ဦးဖိုးလူ မတ်တပ်ထရပ်လေသည်။ ပုံစံကြည့်ရသည်မှာ စိတ်မြန်သည့်ပုံစံ ရှိသည်။

ထိုစဉ်မှာ ပင် ဦးဖိုးလူက ထင်မှတ်မထားသော ကိစ္စတစ်ရပ်ကို ပြု လုပ်လိုက်လေသည်။ အဲ့ဒါက ရီးစစ် လက်တစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်တာပါ။

ရီးစစ် 'ဖြုန်း' ဆို သတိလွတ်သလို ဖြစ်ပြီး မျက်လုံးတွင် းမှာ ပုံရိပ်တွေ တစ်ခုပြီးတစ်ခု ပေါ်သွား တော့ . . .

''ကောင်လေး . . . မင်းကို ငါတို့ရွာအတွက် အားကိုးပါရစေ''

ရိုးစစ် လက်အား သူ၏ လက်နှစ် ဖက်ဖြင့် အသေအချာဆုပ်ကိုင်ပြီး ပြောခြင်း ဖြစ်သည်။ သူ၏ မျက်လုံးတွေ က ရိုးစစ် မျက်လုံးနှစ် လုံးပေါ် တည်တံ့စွာ ကျရောက်နေ၏ ။ မည်သို့ မျှထိလေးနက်ကြောင်း သူ၏ စကားသံနှင့် မျက်လုံးတွေ က သက်သေခံနေပါသည်။

ပြီးတော့မှ လက်ကိုလွှတ်ချကာ . . .

''မင်း သုံးပင်ရွာကိုသွားမှာ မလား သွားတော့ . . . ''

ထိုမျှပင်ပြောပြီး ရိုးစစ်ကို ကျောခိုင်းကာ ထွက်သွားတော့သည်။ သူ ကတော့ မျက်လုံးတွင်းမှ ပုံရိပ်တွေ ကို ဦးနှောက်သို့ ပို့ရင်း အထပ်ထပ် လှန်ကြည့်နေချိန်၌ . . .

တစ်လှမ်းချင်း လှမ်းသွားနေရာမှ ဘာကြောင့် မှန်းမသိ နောက်ကို ပြန်လှည့်ကာ . . .

"ဩော် . . . ဒါနဲ့ကောင်လေး . . . "

ရှိုးစစ် ကြည့်လိုက်တော့ . . .

"စောညိုတို့အုပ်စုကို သတိထားဦး၊ ညက မင်းကို မကြည်သွားဘူး"

ဒီလောက်ပါပဲ။

ထွက်ခွာ သွားပါသည်။ ရှိုးစစ်မှာ တော့ ဦးဖိုးလူအားကြည့်ကာ အတွေ းပေါင်းများ စွာ နှင့် . . .။

*

သူ့စိတ်ထင် တစ်နာရီခွဲလောက် လျှောက်ခဲ့ရသည် ထင်သည်။ တောလမ်းခရီးပေမို့

တစ်ခါတရံ ခရီးက မတွင် ။ မြေညီညီ၌ သွားရတာ တွေ ရှိသလို၊ တောင်ကုန်းတောင်စောင်းများ အား ကွေ့ဝိုက်သွားရ တာတွေ လည်း ရှိသည်။

အောက်ပေါင်းရှင်း၍ သာ တော် တော့၏ ။

နေတော့ မပူ။ သစ်ရိပ်ဝါးရိပ်ထူသည့်မို့ နေစက် နေပြောက်လောက်သာ ထိုးကျနေသည်။ ဒါကလည်း သုံးပင်ရွာနားနီးလာ၍ ပါ။ ကိုးချောင်းရွာပတ်ဝန်း ကျင်မှာ တော့ သွေ့ခြောက်ပူပြင်းကာ ကန္တာရသဖွယ်ပင် ဖြစ်သည်။

နောက်ဆုံးတော့ သူ တွေ

ချင်မြင်ချင်နေသော စမ်းချောင်းလေးအား မြင်တွေ့ ခွင့်ရခဲ့ပါပြီ။ တောင်ကျချောင်းလေးတစ်ခုပါ။ အနောက်ဘက် မှိုင်းညို့ ညို့ တောင်တန်းဆီမှ အစပျု းစီးဆင်းလာ သော ချောင်းလေးတစ်ခု ဖြစ်ပေသည်။ အကျယ်အဝန်းမရှိလှပေမဲ့ ရေ ကတော့

စိမ်းစိမ်းကြည်နေ၏ ။

ထိုးကျနေသော နေရောင် အောက်မှာ အငွေ့များ ပင် တလူလူ ထွက်ပေါ်နေသေးသည်။ ချောင်းလေး၏ ဟိုဘက်ကမ်းမှာ တော့ သုံးပင်ရွာဟုထင်ရသည့် ရွာတစ်ရွာကိုလည်း ပျပျလှမ်းမြင်ရ သည်။ ချောင်းရိုးတစ်လျှောက် စိုက်ခင်းများ ကိုလည်း တွေ့ရ၏ ။ ကိုးချောင်းရွာစိုက်ခင်းများ ဖြစ်ပေ မည် ။

သူ ထိုစိုက်ခင်းများ နှင့် ဝေးရာဘက်သို့ လျှောက်လာခဲ့သည်။ အနားယူမှု က တိတ်ဆိတ်လေ၊ ကောင်းမွန်လေပင် မဟုတ်ပါလား။ အတော် လျှောက်မိတော့ သဲသော င်ပြင်ပြေပြေနှင့် ချောင်းအဝ ကျယ်လေးတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့ရ၏ ။ ထိုနေရာလေးမှာ ပင် ရေချိုးဖို့ ဆုံးဖြတ်ကာ လွယ်ထား သော လွယ်အိတ်ကို နီးစပ်ရာသစ်ကိုင်းမှာ

ချိတ်လိုက်သည်။ ပြီးတော့ အင်္ကျီကိုချွတ်ရင်း . . .

"ဝုန်း"

ခုန်ချလိုက်သော အရှိန်ကြောင့် လူကအောက်ခြေသို့ ထိုးဆင်းသွားသည်။ အောက်ခြေနံရံကို ခြေဖြင့် ကန်တက်ရင်း ရေပေါ်သို့ ဘွားခနဲပေါ်လာချိန်၌ . . .

"ဂူး"

ကိုယ်တွင်းမှလေကို မှုတ်ထုတ်ရင်း ရိုးစစ်ခေါင်းကို ဘယ်ညာခါရမ်းလိုက်ပါတော့သည်။ လူက ခဏချင်းပင် တက်ကြွလန်းဆန်းသွားသည်ဟု ထင်လိုက်မိ၏ ။ ရေမှာ အေးစိမ့်နေသည်မို့ ရှိနေသော အပူတွေ ပင် ရေနှင့် ရောသွားသလို။

တော် တော် နှင့် အပေါ်ပြန်မတက်တော့။ အစုန်အဆန်ကူးရင်း ညောင်းညာနေသမျှ ပူလောင်

နေသမျှကို အတိုးချကုစားနေမိပါတော့သည်။ ရေကူးလိုက်၊ မောလျှင် ကမ်းပေါ်တက် နားလိုက်၊ ပြီး ရေမှာ ဆင်းပြီး ပြန်စိမ်နေလိုက်နှင့် အချိန်တွေ မည် မျှကြာသွားမိသည်မသိ။

တစ်စထက်တစ်စဖြင့် တက်လာသော နေလုံးလေး ဆယ့်ငါးဒီဂရီကျော်သွားစဉ်မှာ တော့ ရိုးစစ် ကမ်းပေါ်တက်ခဲ့တော့၏ ။ လူက သိသိသာသာကို ပေါ့ကျသွားသည်။ ပြီးတော့ ချိတ်ဆွဲထားသော လွယ်အိတ်နှင့် အင်္ကျီရှိရာကို လျှောက်သွားလိုက်စဉ်မှာ ပဲ . . .

"ဟာ . . ."

ရင်တစ်ချက် ဒိုင်းခနဲဆောင့်ခုန်ကာ ခေါင်းနားပန်းကြီးသွားသည်။

"ဘုရားရေ . . ."

မျက်လုံးပြူး မျက်ဆန်ပြူး ဖြင့် အလျင်စလို ပြေးသွားလိုက်တော့ . . .

"လွယ်အိတ်"

လွယ်အိတ်မှာ ချိတ်ဆွဲထားသော သစ်ပင်တွင် ရှိမနေတော့။

"ဟာ . . . ဒုက္ခပဲ"

လူက ခဏတာ အသိလွတ်သွားသလားပင် ထင်လိုက်မိသည်။ ကယောင်ကတမ်းဖြင့် အနီး အနား ရှာကြည့်မိပေမဲ့ လွယ်အိတ်နှင့် တူတာ မတွေ့။ ဘာမှန်းမသိသော ခံစားမှု တွေ နှင့် အတူ သွေးတို့ နားထင်စုခဲ့သွားသည် ထင်လိုက်မိတော့ . . .

မျက်ဝန်းတွေ တဖျတ်ဖျတ် လက်သွားသည်။ ဦးနှောက်တွင် းသို့ လည်း အသိဉာဏ်တွေ ဖျတ်ခနဲတိုးဝင်လာ၏ ။ ချိတ်ထားသော လွယ်အိတ်က

သူ့အလိုလိုပျောက်သွားတာတော့ မ ဖြစ်နိုင်။ ဒါဆို ဘယ်သူယူသွားတာလဲ။

ထိုလွယ်အိတ်ထဲမှာ သူ့ဘဝတွေ ပါသည်။ အမေ့ရဲ့ ဝိညာဉ်တွေ ထိုအထဲမှာ ကိန်းအောင်းနေသည်။ ထိုလွယ်အိတ်က သူ့အတွက် အသက်တမျှအရေးကြီးသော ကိုယ်ပွားအသက်တစ်ချောင်း။

ဒါကို ဘယ်သူယူသွားတာလဲ။

အဖြေတစ်ခု တိတိကျကျ မထွက်ပေမဲ့ ဒေါသတွေ ဆူဝေလာတာတော့ သေချာသည်။ ဦးနှောက်တွင်း ‌းမှာ လည်း အတွေ ‌းတွေ တစ်ချက်ပြီး တစ်ချက် ပြေးလွှားနေ၏ ။

သူ၏ ပေါ့လျော့မှု တစ်ခုပါပဲ။ စိတ်လွတ်ကိုယ်လွတ် ရေချိုးနေချိန်တွင် တစ်စုံတစ်ယောက် လာယူသွားဖွယ်ရှိသည်။ ဘယ်သူလဲ

ဘာကြောင့် လာယူသွားရတာ လဲ။ လာကတည်းက သူ့နောက်မှာ ခြေရာခံလိုက်လာတာလား။ ဒါဆို ဘာလို့ သူ သတိမထားမိတာလဲ။ နောက်ဆုံးတော့ အဖြေတစ်ခုသာ ထွက်လာသည်။ သူပေါ့လျော့လို့ ကိုယ့်အသက်ဝိညာဉ်ကို ကိုယ်နှင့် မကွာ မထားခဲ့လို့။

နောက်ဆုံးအကြိမ်

လေ့လာပြီးသည့်နောက်မှာ တော့ တဒိန်းဒိန်း ခုန်နေသော ရင်ဘတ်ရဲ့ အလို အတိုင်း ဉာဏ်နေရာမှလှည့်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဘယ်သူယူသွားမှန်းမသိပေမဲ့ အကောင်းဆုံး အလုပ်တစ်ခုတော့ သူလုပ်ရတော့မည် ။ ဒါပေမဲ့ . . .

"ဟင်"

မြေပြင်တစ်နေရာကိုကြည့်ကာ ရှိုးစစ် မျက်မှော င်ကြုတ်မိသွား၏ ။ ပဝါလေးတစ်ထည်။

ကောက်ကိုင်လိုက်တော့ . . .

အမည်းရောင် အောက်ခံမှာ အရိုးပုံခေါင်းတစ်ခုကို ရေး ဆွဲထားလေသည်။ လာတုန်းက ဤ နေရာမှာ မရှိခဲ့တာ သေချာသည်။

ဒါဆို . . .

ရိုးစစ် အမြန်ဆုံး ပြေးထွက်လိုက်တော့သည်။

*

မရပ်မနား ပြေးလာခဲ့သော ခြေထောက်မှာ ရွာနှင့် အနီးဆုံး တောင်ကုန်းလေးပေါ်ရောက်တော့ အလိုလိုရပ်တန့်မိသွားသည်။ မနက်က အချိန်အတော် ကြာအောင် သူရှိနေခဲ့သည့်တောင်ကုန်းလေး။ ယခု

ထိုတောင်ကုန်းလေးပေါ်မှာ လူသစ် တစ်ယောက်
ထိုင်ကာနေသည်။ တိတိကျကျ ပြောရပါက
ကလေးလေး တစ်ယောက် ။

'အီလစ် . . .'

အလကားထိုင်နေခြင်းမဟုတ်။ မြေပြင်ကို
တုတ်တစ်ချောင်းဖြင့် ရေး ခြစ်နေခြင်း ဖြစ်၏ ။
အောက်ဖက်မှာ ရှိနေသော ရွာကို
လှမ်းမျှော်ကြည့်လိုက်၊ မြေပေါ်တွင် ခြစ်လိုက်နှင့် မို့
ရှီးစစ် စိတ်ဝင် တစား တိုးကပ်သွားလိုက်တော့ . . .

သင်္ချာတစ်ပုဒ်အား တွက်ချက်နေခြင်း
ဖြစ်ပါသည်။ ဂျော်မေတြီနှင့် ပတ်သက်သော
ပုစ္ဆာတစ်ပုဒ်။ ရှီးစစ် ရောက်လာသည်ကိုသိ၍ ထင်သည်
အီလစ် နောက်ကိုလှည့်ကာ ကြည့်၏ ။ ပြီးတော့
ခေါင်းပြန်ငုံ့ ကာ မူလအတိုင်း ပြန်လည်ရေး

ခြစ်နေပြန်သည်။

သူကြည့်လိုက်ပေမဲ့ မြေပေါ်မှာ မို့လားမသိ သိပ်မရှင်းလင်း။ ထို့ကြောင့် ခပ်တိုးတိုးပင် မေးလိုက်သည်။

"အီလစ် . . . မင်းတွက်နေတာ ဘာပုစ္ဆာလဲ"

"ရိုးရိုးအနားပြိုင်စတုဂံ ပုစ္ဆာတစ်ပုဒ်ပါ။ ဒါပေမဲ့ တွက်နေရင်းနဲ့ ဒီကိုးချောင်းရွာကြီးနဲ့တူတာတွေ တွေ့နေရလို့"

"ဟေ . . . "


အီလစ်စကားကြောင့် သူ အံ့သြသွားသည်။ သင်္ချာပုစ္ဆာတစ်ပုဒ်က ဒီကိုးချောင်းရွာကြီးနဲ့ တူနေတယ်ဆိုပါလား။ ရိုးစစ် စိတ်ဝင်စားသွားကာ အလျင်စလိုပင် . . .

"ဘယ်မှာ လဲ . . . ဘာတွေ တူနေလိုပလဲ"

ကောင်လေးက ခပ်အေးအေးပင် ပြန်ပြော၏ ။

"မေးခွန်း ကတော့ ရှင်းရှင်းလေးပဲ။ ဒီစတုဂံအနားဗဟိုချက်ကို ဆက်သွယ်ထားတဲ့မျဉ်းဖြောင့်တွေ တစ်ခုကိုတစ်ခု ထက်ဝက်ပိုင်းကြောင်း သက်သေပြဖို့ ဒီမှာ . . . "

ပြောပြောဆိုဆို အီလစ်က ပုံတစ်ပုံ အသစ်ပြန်ဆွဲပြ၏ ။





ဆွဲပြသော ပုံကိုကြည့်ကာ ပုစ္ဆာ၏ လိုရင်းကို ရိုးစစ် သဘောပေါက်လိုက်သည်။ PR နှင့် QS တို့ တစ်ခုကိုတစ်ခု ထက်ဝက်ပိုင်းကြောင်း သက်သေပြဖို့ပါပဲ။ သိပ်မခက်ပါ။

သူ့အတိုင်းပင်။

"ဘာမှတော့မခက်ပါဘူး။ ဒီမှာ ကျွန်တော် ပြန်တွက်ပြမယ်" ဟုဆိုကာ အီလစ်က နောက်တစ်ကြိမ် ပြန်တွက်ပြသည်။

"ဖြည့်စွက်ချက်အနေနဲ့ ကျွန်တော် PQRS ကို အစဉ်လိုက် ဆက်သွယ်လိုက်တယ်ဗျာ"




"အဲတော့ PQRS ဟာ အနားပြိုင်စတုဂံ ဖြစ်သွားပြီ။ ဒါဆိုပြီးပြီပေါ့။ စီးကွင့်(စ်) သီအိုရီအရ PQ နဲ့ RS တို့ဟာ တစ်ခုကိုတစ်ခု ထက်ဝက်ပိုင်းသွားပြီ"

ဟုတ်ပါ၏ ။

အီလစ်တွက်ပြသည်ကိုကြည့်ပြီး ရိုးစစ်လက်ခံခေါင်းညိတ်မိသည်။ ဒါပေမဲ့ . . .

"ထက်ဝက်ပိုင်းတာ ကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ မင်းခုနပြောတဲ့ ကိုးချောင်းရှာနဲ့တူနေတယ် ဆိုတာ ဘာကိုပြောတာလဲ"

"ဒီပုံလေးဗျာ ဒီပုံကိုသေချာကြည့်။ ကျွန်တော်တို့ ကိုးချောင်းရှာနဲ့ တူမနေဘူးလား"

ပထမဆုံးပုံကို လက်ထောက်ပြသည့်ကြောင့် သူ သေချာကြည့်မိပါသည်။ ဒါပေမဲ့ ရှင်းလင်း ရေရာမှုတော့ ခေါင်းထဲမှာ ပေါ်မလာ။ ဒါကို သဘောပေါက်သည့်ထင်သည်။ အီလစ်က . . .

"ဒီမှာ ( . . . . . ) စတုဂံပေါ်က ABCD ကို ဖြတ်ပြီးကြည့်လိုက်။ ကျွန်တော် တို့ရှာစည်းရိုးကြီးနဲ့

တူမသွားဘူးလား''

''ဟင် . . .''

ရိုးစစ် အလျင်စလိုပင် တောင်ကုန်းပေါ်မှ ရွှာကိုလှမ်းကြည့်လိုက်သည်။ ပြီးတော့ အီလစ် ပြသော ပုံကို ပြန်ကြည့်၏ ။ ဟုတ်သည်။ ဒီစတုဂံက ရွာကိုအတွင်း းမှထားကာ ခြံစည်းရိုးခတ်ထားပုံနှင့် တော်တော် တူသည်။

''ပိုပြီးတူတာ ကတော့ PQRS ပဲ၊ ရွာကိုကြည့်လိုက် PQRS နေရာမှာ ဘာတွေ ရှိသလဲလို့''


ရွာကို မျက်နှာမူကာ သေချာထပ်ကြည့်လိုက်တော့ . . .

''S နေရာမှာ ရွာဝင်ပေါက်၊ P နေရာမှာ စာကြည့်တိုက်၊ Q နေရာမှာ သုသာန်၊ R နေရာမှာ

ရွာထွက်ပေါက်၊ ဟုတ်တယ်မလား''

ရိုးစစ်အဆိုကို အီလစ်က

ခေါင်းညိတ်ထောက်ခံသည်။




အီလစ်ကပင် . . .

"ထူးဆန်းမနေဘူးလား"

"အေးကွ . . . ထူးဆန်းတယ်။ ပြီးတော့ နောက်တစ်ခုလည်း ထူးဆန်းနေသလိုပဲ"

"ဘာလဲ"

"အမှန်ဆို ၆ နေရာက ဝင်ပေါက်ဆို ၇ နေရာက ထွက်ပေါက် ဖြစ်ရမှာ လေ။ ဘာလို့ ၈ နေရာကို ထွက်ပေါက်က ရောက်သွားရတာ လဲ"

ရှာကိုကြည့်ကာ အီလစ် အတန်ကြာငြိမ်သက်သွား၏ ။ ရိုးစစ် ပြောဆိုမှု ကို သူတစ်ခါမျှ မစဉ်းစားမိခဲ့သလိုမျိုး။ ပြီးမှ ခေါင်းကိုညိတ်ကာ လေသံအေးဖြင့် . . .

"ဟုတ်တယ်နော်"

"အေး . . . ဒီပုံက ရှာနဲ့တော် တော် တူတာပဲ။ ရှာကိုဖြတ်စီးနေတဲ့ သဲချောင်းမပါတာကလွဲလို့ ပေါ့။ မင်း

ဒီပုစ္ဆာကို ဘယ်ကရတာ လဲ''

''စာကြည့်တိုက်က ငှားလာတဲ့စာအုပ်ထဲက။ ပြီးတော့ ဒီလိုပုံမျိုးတစ်ခုကိုလည်း ယက္ခအိမ်မှာ တွေ့ဖူးတယ်။ ဘာသဘောလည်းတော့ မသိဘူး''

ယက္ခဆိုမှ ရိုးစစ် လာရင်းကိစ္စကို သတိရသွား၏ ။ သို့ ကြောင့် ချက်ချင်း ပင် . . .

''မင်း . . . ဒီလက်ကိုင်ပဝါကို မြင်ဖူးလား''

အလျင်စလို ရိုးစစ်ပြတော့ အီလစ်က တစ်ချက်ကြည့်ကာ . . .

''မြင်ဖူးတယ်လေ''

အီလစ်ပုံစံက ဘာမှသိပ်မထူးဆန်းသလို ပေါ့ပေါ့ပါးပါး။

''အဲဒါ စောညို့လက်ကိုင်ပဝါ''

"ဘာ . . ."

ကျယ်လောင်သွားသော အော်သံတစ်ခုနဲ့ လူကကြက်သီးတို့ဖျင်းခနဲ သီးသွားသည်။

"သေ . . . သေချာလို့လား။ မင်းဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော် ညတိုင်း သူတို့ဆီသွားအိပ်နေရတာ သိတာပေါ့"

သေချာသွားလေပြီ။ ဒီကလေးလေး မလိမ်တတ်ကြောင်း သူအစကတည်းက သိသည်။ ဒါဆို လျှင်တော့ လုပ်စရာတစ်ခုပဲရှိတော့၏ ။ အံကိုတစ်ချက်ကြိတ်ကာ လက်သီးကိုဆုပ်ရင်း . . .

"စောညိုလက်ကိုင်ပဝါသာမှန်ရင်တော့ မရ, ရအောင် ပြန်ယူရမှာ ပဲ"

အီလစ်က နားမလည်သလို လှည့်ကြည့်ကာ

. . .

"ဘာကိုပြန်ယူမလို့လဲ . . . ဘာလဲ . . ."

"ငါ့ လွယ်အိတ်"

*

## ၁၂၂၂

အိမ်ခြံဝန်းထဲသို့ အလျင်စလို ပြေးဝင်လာသော သူ့ကို သံခဲက ဆီးကြိုကာပြောသည်။

"အစ်ကို့ကို အိမ်အပေါ်ထပ်မှာ သူကြီးစောင့်နေတယ်။ ရောက်ရင် တက်လာခဲ့ပါတဲ့"

ဇောနှင့် မို့ ချက်ချင်း ပင် ပြေးတက်သွားလိုက်သည်။ အပေါ်ကိုရောက်တော့

အခန်းထဲမှာ တွေ့ရ သည်ကား . . .

"ဟင် . . ."

သူ အံ့သြသွားလိမ့်မည် ဟု ကြို တင်တွက်ဆထားပုံရသော သူကြီးက ပြုံး ကာကြည့်နေသည်။

"သူကြီး . . . ဒီအခန်းက . . ."

"ဦးသီလ နောက်ဆုံးနေသွားတဲ့အခန်းပေါ့"

အခန်းတွင် းမှာ ကား အံ့သြစရာကောင်းလောက်အောင် မျက်လှည့်ပစ္စည်းများ နှင့် ပြည့်နက်ကာ နေပါ၏ ။ မှော် ကြိမ်လုံးများ ၊ လျှို့ ဝှက်အံ့ဆွဲတပ်စားပွဲများ ။ လက်ကိုင်ပဝါရောင် စုံများ ၊ ဖဲချပ်များ ၊ သေတ္တာ အတိုအရှည်များ နှင့် ပြည့်နက်ကာနေသည်။ အခြား မျက်လှည့်နှင့် သက်ဆိုင်သော တိုလီ မိုလီပစ္စည်းများ ကိုလည်း တွေ

ရ၏ ။ ထူးဆန်းသည်ကား ရုပ်ပြောင်းရုပ်လွဲပညာနှင့် ပတ်သက်သော ပစ္စည်းများ ရှိနေခြင်း ဖြစ်သည်။

ရှီးစစ် တအံ့တသြဖြင့် လှည့်ပတ်ကြည့်နေစဉ်မှာ ပဲ . . .

"ဒီအခန်းထဲကပစ္စည်းတွေ ကို ငါရော ငါ့အစ်ကိုရော လိုအပ်လို့ယူသုံးဖူးတယ်။ အခု မင်းကို ခေါ်ပြတာကလည်း အသုံးလိုရင် သုံးလို့ရအောင် ခေါ်ပြတာ"

သူ နားမလည်။

"ညက မင်းလုပ်ရပ်ကိုကြည့်ပြီး ဆုံးဖြတ်လိုက်တာ။ ဒီထဲက ပစ္စည်းတွေ ကို မင်းလိုအပ်သလို ယူသုံးနိုင်တယ်"

ရှီးစစ် ခေါင်းတွင် းမှာ အကြံတစ်ချက် လက်သွား၏ ။ ထိုအကြံနှင့် အတူ . . .

"အတော် ပဲ၊ ဒီပစ္စည်းတွေ နဲ့ပဲ ကျွန်တော် လွယ်အိတ်ကို ပြန်ယူရမှာ "

ဦးယုဝ မျက်မှော င်ကြုတ် သွားပါသည်။ လွယ်အိတ်ပျောက်သွားရပုံကို အစမှအဆုံး ရှင်းပြလိုက်သည်။ စကားဆုံးတော့ လက်ကိုင်ပဝါလေးကို ဦးယုဝကိုင်ကာကြည့်ရင်း . . .

"စောညို့ဆိုတာ သေချာတယ်ပေါ့"

"ဒီလက်ကိုင်ပဝါအရတော့ သေချာတယ်"

ဦးယုဝအကြည့်တို့ သူ့ထံ လေးလေးနက်နက် ရောက်လာသည်။ ပြီးတော့ တစ်ခွန်းချင်း ထွက်ကျလာ၏ ။

"မင်း ဘာဆက်လုပ် မယ်စိတ်ကူးလဲ"

"ရအောင်ပြန်ယူရမှာ ပေါ့။ စောညို့ ယူသွားတာလို့ သတ်မှတ်လို့ရပေမဲ့ အဓိကတရားခံက

ယက္ခ လို့ ကျွန်တော် ထင်တယ်။ ပြီးတော့ ဒီရွာကြီးမိုးခေါင်တာနဲ့ပတ်သက်ပြီး အဓိက အရေးကြီးဆုံးလူ တစ်ယောက် ကလည်း ယက္ခပဲ ဖြစ်လိမ့်မယ်"

နားမလည်ဟန်အကြည့်တချို့ ရောက်လာသည့်ကြောင့် . . .

"ကျိန်စာတိုက်ခဲ့တာ ကတော့ ဖိုးလက်ဖြူပဲ။ ဒါပေမဲ့ ဖိုးလက်ဖြူဘယ်လိုကျိန်စာတိုက်ခဲ့တယ် ဆိုတာ ယက္ခကလွဲပြီး ဘယ်သူသိနိုင်မှာ လဲ"

အဖြေတစ်ခုရလိုက်သလို ဦးယုဝမျက်နှာ လေးနက်သွားပြီးနောက် . . .

"အဲဒါဆို မင်းဘာလုပ်မှာ လဲ"

ရိုးစစ် 'ဟက်' ခနဲ တစ်ချက်ရယ်လိုက်သည်။ ပြီးတော့ . . .

"တစ်ခုခုပေါ့"

*

အရင်တုန်း ကတော့ ဒီရွာနဲ့ပတ်သက်ပြီး သူ့အသိဉာဏ်တွေ ဝေဝေဝါးဝါးပဲ ဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသော ရွာတစ်ရွာ ဖြစ်သည်ဆိုတာကလွဲ၍ ကျန်တာတွေ အာရုံမှာ သိပ်မရှိ။ မနေ့ညက ကိစ္စမှာ လည်း ရွာသူရွာသားတွေ ပင်ပန်းခက်ခဲစွာ သယ်ယူထားသော ရေကို အနိုင်ကျင့်ဝေစုခွဲခြင်းကို မခံချင်၍ တတ်သလောက် ကူညီလိုက် သည်သာ။

ဒါပေမဲ့ . . .

ယခုတော့ သူနဲ့ တိုက်ရိုက်ပတ်သက်သွားလေပြီ။ သူ့အသက်

10:44PM 62%

ဝိညာဉ်တွေ ကိန်းအောင်းနေသော
အိတ်လေးတစ်လုံးက ယက္ခတို့လူစု ထံ ရောက်သွားခဲ့ပြီ။

ဒီတော့ . . .။

*

ထိုနေ့ညနေပိုင်းမှာ တင် သတင်းတစ်ပုဒ်က
ကိုးချောင်းရွာ တစ်ရွာလုံးသို့ ပျံ့နှံ့သွားလေသည်။

ထိုသတင်းမှာ ကား . . .

'မနက်ဖြန်ညနေ (၅) နာရီမှာ
ဧည့်သည်လေးရိုးစစ်က အုတ်နံ့ရံ ကိုဖောက်ပြီး
လမ်းလျှောက်ပြမယ်တဲ့'

*

## ၁၂၇

တဲအိမ်လေးတစ်လုံးက တငွေ့ငွေ့
တိတ်ဆိတ်နေသည်။ ထိုတဲလေးထဲမှ မီးရောင်
လဲ့လဲ့လည်း အပြင်ကို ဖြာကျလျက်ရှိနေ၏ ။
တောင်ကုန်းမြင့်ပေါ်မှာ တစ်တဲတည်းရှိနေသော
တဲလေးတစ်လုံးမို့ သူ့ကိုယ်ထဲမှထွက်လာသော မီးရောင်
လဲ့လဲ့ကို အရပ်လေးမျက်နှာမှ မြင်ရနိုင်ပါသည်။

အိပ်မောကျတိတ်ဆိတ်နေသော
ညလေးတစ်ညပါပဲ။

ထိုတဲလေးပတ်ဝန်းကျင်မှာ လည်း ဆူသံပူသံ
လုံးဝမရှိ။ အကုန်လုံး နှစ် နှစ် ခြိုက်ခြိုက် အိပ်ပျော်
နေသလား ထင်ရသည်။ ဒါမှမဟုတ် ဆူပူလို့မရအောင်
အကြောင်းတစ်စုံတစ်ရာကြောင့် တိတ်ဆိတ်
နေသလားဟုလည်း တွေ းထင်စရာရှိ၏ ။

ရွာအပြင်ဘက် တောင်ကုန်းလေးပေါ်မှာ ဆောက်လုပ်ထား သည့်မို့ အရင်ကတည်းက ငြိမ်ငြိမ်သက်သက် ရှိသော နေရာလေးပါ။

ဤတဲ၊ ဤပတ်ဝန်းကျင်ကိုလည်း မည် သူမျှ အရောက်အပေါက် မရှိသည့်မို့ အထီးကျန်ဆန် သော နေရာလေးတစ်ခုဟုဆိုလျှင်တောင် ရလေသည်။ တကယ်တော့ အထီးကျန်ဆန်ခြင်းမဟုတ်ပါ။ တောင်ကုန်းအောက်ဘက်မှာ ရှိနေသော ရွာလေးက ဤရပ်ဝန်းမှာ နေထိုင်သော လူလေးယောက် ကို အဆက်အဆံ မလုပ်ခြင်းပင် ဖြစ်ပါသည်။

သူတို့ကလည်း အရေး တယူ ဆက်ဆံလိုခြင်းမရှိ။ လိုအပ်မှသာ ရွာသို့ ဆင်းတတ်လေသည်။ အမှန်အတိုင်းပြောရလျှင်တော့ တစ်ရွာလုံးက သူ့ကို ကြောက်ကြသည်။ ဒါကိုပင် ဂုဏ်ယူနေတတ် သော လူ တစ်ယောက် လည်း ဖြစ်၏ ။

အစ်ကို ဖြစ်သူ ဖိုးလက်ဖြူသေဆုံးသွားပြီးသည့်မှစလို့ သူတို့ နေထိုင်လာတာ ဤတောင်ကုန်းလေးပေါ်တွင် ခြောက်နှစ် တင်းတင်း ပြည့်ခဲ့ပြီ။ ခြောက်နှစ် အတွင်း ၊ တစ်ရွာလုံး ဒုက္ခပေါင်းစုံခံစားနေရပေမဲ့ သူတို့ ကတော့ . . .

တကယ်တော့ သူတို့လည်း ဤရွာမှာ နေချင်လွန်း၍ တော့ မဟုတ်ပါ။ မပြီးပြတ်သေးသည့်ကိစ္စ တွေ ကြောင့် . . .။

တဲခေါင်းရင်းဘက်မှာ အစ်ကို ဖြစ်သူ ဖိုးလက်ဖြူ၏ အုတ်ဂူတစ်လုံး ရှိနေသည်။ သူ တစ်ရက် မပြတ် သွားရောက်ဦးချကန်တော့နေသော နေရာလည်း ဖြစ်၏ ။

မိုးခေါင်ရေရှားလွန်းသော ဒီပတ်ဝန်းကျင်၌ ဆက်လက်နေထိုင်နေခြင်းမှာ အကြောင်းရင်း နှစ် ချက်

ရှိပါသည်။

ပထမတစ်ချက်က အစ်ကို ဖြစ်သူ၏ အုတ်ဂူအား ပစ်မထားခဲ့ရက်၍ ။

ဒုတိယတစ်ချက်က အစ်ကိုဖိုးလက်ဖြူ ပေးခဲ့သော ပဟေဠိတစ်ပုဒ်အား မဖြေရှင်းနိုင်သေး၍ ။

ဖိုးလက်ဖြူမှာ လျှို့ဝှက်သိပ်သည်းသူ တစ်ယောက် ဖြစ်သည့်အတွက် ကျိန်စာနှင့် ပတ်သက်ပြီး သူတို့ကို ဘာမှအသိမပေးခဲ့။ ဒါပေမဲ့ သေဆုံးခါနီး အချိန်မှာ အမြင်မှန်ရသွားခဲ့သည်။ သူ့ကို မျက်စိ တစ်ဖက် ဆုံးရှုံး စေခဲ့သူ ဦးသီလနှင့် ရွာကို သီးသီးသန့်သန့် ခွဲခြားနိုင်ခဲ့သည်။

သို့ အတွက်ကြောင့် သေအံ့ဆဲဆဲအချိန်တွင် သူတိုက်ခဲ့သော ကျိန်စာ၏ လျှို့ဝှက်ချက်ကို ပြောပြရန် ကြိုးစားခဲ့ပါသည်။

ဒါပေမဲ့ . . . အခြေအနေ မပေးခဲ့။

ပြောရင်းတစ်ပိုင်းတစ်နဲ့ အမောဖောက်ကာ ဆုံးသွားခဲ့သည်။ ဖိုးလက်ဖြူပေးသွားခဲ့သည်က တော့ ကတ်ပြားခုနစ် ချပ်ပါပဲ။ ထိုခုနစ် ချပ်ထဲမှ နှစ် ချပ်ကိုရွေးထုတ်ကာ . . .

"ဒီနှစ် ချပ်က အရေး ကြီးတယ်"

ဟု အမောဖောက်သော လေသံနှင့် ပြောပြီး ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ထို့ထက်ပိုပြီး ဘာမှမသိ လိုက်ရ။ ကျိန်စာနှင့် ပတ်သက်ပြီးလည်း သူ ဘာမျှမသိ။ နောက်ဆုံးပေးသွားခဲ့သော 'အရေး ကြီးတယ်' ဟူသည့် ကတ်ပြားနှစ် ချပ်သာ ပဟေဋ္ဌိတစ်ပုဒ်အဖြစ် ကျန်ခဲ့ခြင်း ဖြစ်ပါသည်။

ကျိန်စာနှင့် ပတ်သက်သော လျှို့ ဝှက်ချက်တစ်ခုမှန်းသိပေမဲ့ ယခုအချိန်ထိ သူ

မဖြေရှင်းနိုင် သေး။ ဖြေရှင်းဖို့ကြိုး စားရင်းနှင့် ပင်
ခြောက်နှစ် တင်းတင်း ပြည့်လာခဲ့ခြင်း ဖြစ်သည်။
ဤရွာမှာ ဆက်လက်နေထိုင် ဖြစ်နေခြင်းဟာလည်း
အကြောင်းရင်းနှစ် ချက်အနက်
ထိုဒုတိယအကြောင်းကြောင့် ပင် ဖြစ်သည်။

ကိစ္စတော့မရှိသေး။ ဒီရွာမှာ
သူ့ကိုယှဉ်နိုင်တဲ့လူ မပေါ်သ၍ တော့ ယခုအတိုင်းသာ
အေးအေး လူလူရှိနေဦးမည် မဟုတ်ပါလား။ ဒါပေမဲ့ . . .

စိတ်ဝင်စားဖွယ်ကောင်းသော လူငယ်
တစ်ယောက် ကိုးချောင်းရွာသို့ ရောက်လာခဲ့ပါပြီ။

*

အပြင်ဘက်မှ အီလစ်၏
ဟောက်သံသဲ့သဲ့ကို ကြားရသည်။ စောညိုတို့လည်း

အိပ်နေလောက် ပြီထင်ပါသည်။ ညသန်းခေါင်ကျော်ပြီမို့ အကုန်လုံးက တိတ်ဆိတ်အိပ်မောကျလျက်သာ ရှိနေ၏ ။ သို့ပေမဲ့ အခန်းတစ်ခုအတွင်းမှာ တော့ အိပ်စက်ခြင်းမရှိသေးသော လူ တစ်ယောက် ရှိနေပါသည်။

မီးအိမ်ထွန်းထားသည့်အတွက် အခန်းလေးထဲမှာ နီကျင်ကျင်အလင်းရောင် က မပီပိုးတဝါး ကျရောက်နေသည်။ နံရံမှာ ချိတ်ဆွဲထားသော အရိုးခေါင်းများ ၊ အင်းကွက်များ ၊ ပန်းချီကားများ ကို မီးရောင် နဲ့ ဝေဝေဝါးဝါး မြင်ရသည်။ အခန်းထောင့်မှာ စာအုပ်ပုံကြီးတစ်ပုံ။ နာမည် တပ်လို့မရသော တိုလီမိုလီမျက်လှည့် အသုံးအဆောင်ပစ္စည်းများ စသည်တို့ကတော့ အခန်းထဲမှာ ဟိုတစ်စ ဒီတစ်စ ကျဲပြန့်နေ၏ ။

ထိုအရာတို့၏ အလယ်မှာ

ဆံပင်ရှည်ကိုဖြန့်ချထားသော လူကြီး တစ်ယောက်
ထိုင်ကာနေသည်။ မုတ်ဆိတ်မွေး၊ ပါးပြင်းမွေးတွေ
ထူထပ်နေသည်မို့ ရုပ်ရည်တိတိကျကျနှင့် အသက်ကို
ခန့်မှန်းလို့မရ။ သူ့အစ်ကိုပေးသွားသည့်နာမည် ကတော့
ယက္ခတဲ့။ ဝါလဲ့လဲ့မီးအိမ်ရောင် လေးအောက်မှာ
ထိုင်နေပုံက ဘီလူးတစ်ကောင်အလား။

နေလတံဆိပ် အင်္ကျီပွပွကြီးကိုလည်း
ဝတ်ထားသည်မို့ ပုံစံက ပိုမိုခြောက်ခြားဖွယ်
ဖြစ်နေသည်။ ငြိမ်သက်စွာ ထိုင်နေပုံမှာ လည်း
တစ်စုံတစ်ရာအား အာရုံစူးစိုက်ထားသလိုမျိုး။

လက်တွင် းမှာ
ဓာတ်ပုံတစ်ပုံကိုင်ထားပါသည်။ ရှေ့စားပွဲပေါ်မှာ က
စုပုံကျနေသော လွယ်အိတ် လေးတစ်လုံးနှင့်
မြေအိုးလေးတစ်အိုး ရှိနေ၏ ။ လက်တွင် းမှဓာတ်ပုံအား
စူးစိုက်ကြည့်ကာ ပုံဖော်နေ ခြင်း ဖြစ်သည်။ သူ

မြင်ဖူးနေသည်။ ဒီဓာတ်ပုံထဲမှပုဂ္ဂိုလ်ကို တစ်နေရာရာမှာ သူ မြင်ဖူးထားသည်။

ဘယ်မှာ မြင်ဖူးထားတာလဲ စဉ်းစားလို့မရ။ သေချာတာ ကတော့ မျက်လုံး၊ ဒီမျက်လုံးမျိုးကို သူ ရင်းနှီးဖူးသည်။ ဒါပေမဲ့ ဓာတ်ပုံထဲက မျက်နှာနှင့် မျက်လုံးက သူ့အာရုံထဲမှာ တွဲ ပြီးပေါ်မလာ။ လူ တစ်ယောက် အတွက် ဘယ်လိုပဲ ရုပ်ကို ပြောင်းလဲနိုင်ပါစေ မျက်လုံးကိုတော့ ပြောင်းလဲ၍ မရနိုင်သည် မဟုတ်ပါလား။

ဘယ်သူ ဖြစ်နိုင်မလဲ၊ တွေ းမရဘဲ ရှိနေပါသည်။

အတန်ကြာတော့ ဓာတ်ပုံလေးအား ပြန်ချရင်း မြေအိုးလေးကို ယူကြည့်မိသည်။ ဘာမျှထူးခြား မှု မရှိသော သာမန်မြေအိုးလေးတစ်အိုး။

အဖုံးဖွင့်လိုက်တော့ အတွင်းမှာ တစ်ဝက်သာသာလောက်ရှိသော ပြာမှုံများကို တွေ့ရသည်။ သူ့အထင်တော့ အရိုးပြာများ ဖြစ်ပုံရလေသည်။

စောညို ယူလာခဲ့သော လွယ်အိတ်အတွင်းမှ ပစ္စည်းများကို ထုတ်ယူကြည့်နေခြင်း ဖြစ်ပါ၏။ စောညို ပြကွက်ကို အနိုင်ယူသွားသူ တစ်ယောက် မို့ သတိထားသည့်သဘော နောက်ယောင်ခံ လိုက်ကြည့်နိုင်းခြင်း ဖြစ်ပါသည်။ ဒါပေမဲ့ နိုင်းသည့်ထက်ပိုကာ စောညိုက လွယ်အိတ်တစ်လုံး ယူဆောင် လာ၏။

တကယ်တန်း အသုံးမဝင်ပါပေ။ သူတို့လိုချင်သော သတင်းအချက်အလက်တွေ ဤလွယ်အိတ်အတွင်းမှာ ပါမလာခဲ့။ သူတို့သိချင်သည်က ဒီကောင်လေး ဘယ်သူလဲ။ ဘယ်လိုရည်ရွယ် ချက်နဲ့

ကိုးချောင်းရွာကို ရောက်လာတာလဲ။

နာမည် ကိုတော့ ရိုးစစ်ဟု သိထားသည်။ လျော့တွက်လို့မရသော လူ တစ်ယောက် ဆိုတာ လည်း သိနေသည်။ ကျန်တာတွေ တော့ သိမလာသေး။ ဒါပေမဲ့ စိတ်ဝင်စားဖွယ်ကောင်းသော သတင်း တစ်ပုဒ်တော့ ရထားပါသည်။

အဲဒါက . . .

မနက်ဖြန်ညနေ (၅) နာရီ အုတ်နံ့ရုံကိုဖောက်ပြီး လမ်းလျှောက်ပြမယ်တဲ့။

ဘာသဘောလဲ။

# XV

ညနေ (၅) နာရီ မထိုးခင်ကတည်းက အုတ်တံတိုင်းတစ်ခုရဲ့ ရှေ့မှာ လူတွေ ရုံးစုရုံးစု ဖြစ်နေကြ ၏ ။ တစ်ရွာလုံးပင် ရောက်နေသလား ထင်ရလောက်အောင် လူတွေ များ ပြားလှပါသည်။ ကလေး၊ လူကြီး အရွယ်စုံပင် ဖြစ်၏ ။

နေရာက ရွာထွက်ပေါက်နှင့် မနီးမဝေးနေရာတစ်ခု၊ ရွာစည်းရိုးရဲ့ အပြင်ဘက်မှာ ရပ်နေကြခြင်း ဖြစ်၏ ။

''ရွာစည်းရိုးအုတ်တံတိုင်းကိုဖြတ်ပြီး လမ်းလျှောက်ပြမယ်တဲ့''

ထိုသတင်းကြောင့် ယခုကဲ့သို့ လူတွေ

ရောက်ရှိနေခြင်း ဖြစ်သည်။ ညနေဆိုပေမဲ့ နေမဝင်
သေး။ သူတို့လို မိုးခေါင်သော ရွာလေးတစ်ရွာအတွက်
နေက ပူကောင်းတုန်းပင် ရှိသေးသည်။ ဒါပေမဲ့
ပူလို့ပူမှန်းမသိပါ။ ရိုးစစ်ပြမည့် ထူးဆန်းသော
ပြကွက်ကို အကုန်လုံး စိတ်ဝင်စားနေကြသည်။

မျက်လှည့်ကိုဝါသနာပါပြီး
လေ့လာဆည်းပူးနေသော ကျေးရွာတစ်ရွာ ဖြစ်ပေမဲ့
ထိုပြကွက်မျိုး ကို သူတို့ မမြင်ဖူး။ ထို့အတွက်ကြောင့်
လည်း ယခုလို အထူးအဆန်း
လာရောက်ကြည့်ရှုနေကြခြင်း ဖြစ်သည်။

တချို့မှာ ရိုးစစ် ဖြတ်လျှောက်မည် ဟူသော
အုတ်နံ့ရံကို ကိုယ်တိုင်ကိုယ်ကျပင် သွားရောက်
စမ်းသပ်စစ်ဆေးသည်။ အုတ်သားတွေ ကို
ထုနက်ကြည့်သည်။ ရွာစည်းရိုးမှာ တချို့နေရာတွေ မှာ
ပေါက်ပြဲဖာထေးထားရပေမဲ့ ယခုနေရာ ကတော့

အခိုင်အမာကြီးပင် ဖြစ်သည်။

အုတ်တံတိုင်းမှာ ရော၊ အုတ်သားအောက်မြေပြင်မှာ ရော မသင်္ကာစရာ မတွေ့။ ဒါကို မည် သို့ ဖြတ်လျှောက်ပြမည် နည်း။ ထိုမေးခွန်းကိုပင် လူတိုင်း သိချင်နေကြတာပါ။ ထိုအချိန်မှာ ပင် လှုပ်လှုပ်ရွရွ ဖြစ်နေသူ လူအုပ်ကြီးထဲမှ အသံတစ်သံ ထွက်လာသည်။

"ဟာ . . . ဟိုမှာ လာကြပြီ"

အားလုံးရဲ့ ခေါင်းတွေ တစ်နေရာသို့ လှည့်သွားသည်။ မြင်လိုက်ကြရသည့်ကား . . .

အနက်ရောင် ထက်အောက်ဝတ်စုံနဲ့ ရိုးစစ်။ ရိုးစစ်ကို အလယ်မှာ ထားကာ ဦးယုဝနှင့် လူငယ် အချို့ တစ်လှမ်းချင်း လျှောက်လာနေကြသည်။ နေရောင် စူးစူးက ထိုးကျဆဲပင်ရှိသေးသည်မို့ မြေပြင် မှာ

အရိပ်တွေ လှုပ်ပြေးနေ၏ ။

လူအုပ်ကြီးရှေ့ကိုရောက်တော့ ခြေလှမ်းတို့ကို ရပ်တန့်လိုက်သည်။ ထိုစဉ်မှာ ပင် ဦးယုဝ၏ ကျယ်ကျယ်လောင်လောင် အော်သံကြီးက ပတ်ဝန်းကျင်ကို ဖုံးလွှမ်းပစ်လိုက်ပါသည်။

''ကဲ . . . အားလုံးပဲ စောင့်မျှော်နေတဲ့ပြကွက်ကို မကြာခင်အချိန်မှာ ညွှသည်လေး ရိုးစစ်က ပြသပါတော့မယ်''

တစ်ကွင်းလုံးငြိမ်ကာ တိတ်သွား၏ ။ အကုန်လုံးရဲ့ အာရုံက ဦးယုဝစကားနဲ့ ရိုးစစ်ကိုယ်ပေါ်မှာ ရောက်နေသည်။


''ရိုးစစ်က ပြောပါတယ်။ မယုံကြည်သူများ ပြကွက်မပြခင် အုတ်နံရံကို စစ်ဆေးနိုင်ပါတယ်တဲ့''

''ယုံပါတယ်''

"ကျွန်တော် တို့ စစ်ဆေးပြီးပါပြီ။ ယုံပါတယ်"

ခုန သွားရောက်ထုနက်ကြည့်ထားကြသော ယောကျ်ားလေးအုပ်စုဘက်မှ တုံ့ပြန်သံတွေ ထွက်လာ၏ ။ တကယ်ပင် သူတို့လေ့လာပြီးသွားပြီမို့ ရိုးစစ်ပြသမည့် အချိန်ကိုသာ လည်တဆန့်ဆန့် ဖြင့် စောင့်မျှော်နေကြသည်။

ဦးယုဝအကြည့်တို့ သူ့ထံရောက်လာပါသည်။ ခေါင်းညိတ်ပြလိုက်တော့ ဝီစီမှ တ်သံတစ်ချက် 'ရွှီ' ခနဲ ထွက်သွားသည်။ ထိုအသံနောက်မှာ တော့ သူတို့နှင့် ပါလာသူ လူငယ်သုံးယောက် မှာ အုတ်နံ့ရံ ဆီ အပြေးတိုးကပ် သွားပါတော့သည်။ ချက်ချင်း ပင် အုတ်နံ့ရံကိုကပ်ပြီး သုံးဘက်ပိတ် လိုက်ကာတစ်ခု ကို ဆင်လိုက်၏ ။



လိုက်ကာဆင်ပြီးသွားချိန်မှာ နာရီကိုတစ်ချက်ကြည့်ပြီး အဆင်သင့် ဖြစ်ကြောင်း ဦးယုဝ ခေါင်းညိတ်ပြတော့ . . .

ရိုးစစ် တံတွေ းတစ်ချက်ကို မျိုချလိုက်သည်။ သူရင်တွေ ခုန်နေ၏ ။ ရင်ခုန်နေလျှက်မှပင် တစ်စုံ

တစ်ယောက် ကိုလည်း သတိရလိုက်မိသည်။

'အမေ'။

သူမျက်လှည့်ပြချိန်ဆို ဘေးမှာ အမြဲရှိနေတတ်တဲ့ အမေ။ အခုတော့ သူ့ဘေးမှာ မရှိနိုင်တော့ ပြီ။ ဒါပေမဲ့ အမေပြောခဲ့သော စကားတွေ ကတော့ သူ့နားထဲမှာ တရစ်ဝဲဝဲပင် ရှိနေဆဲ ဖြစ်၏ ။

"ငါ့သား . . . စင်ပေါ်ရောက်ပြီဆိုရင် အရင်ဆုံးမင်းတွေ့ရမှာ က မင်းကိုစောင့်ကြည့်နေတဲ့ ပရိသတ်ပဲ။ ပရိသတ်ထဲမှာ နှစ် မျိုးရှိတယ်။ မင်းကိုအားပေးမယ့် ပရိသတ်ရယ်၊ မင်းကိုပြစ်တင်ရှုတ်ချမယ့် ပရိသတ်ရယ် ဆိုပြီးတော့ပေါ့။ မင်း မသေမချင်းမှတ်ထား ငါ့သား။ ဒုတိယအမျိုး အစားအတွက် ဘယ်တော့မှ အလုပ်မလုပ်နဲ့"

ယခု လူတွေ မှာ လည်း နှစ် မျိုး ကွဲချင်ကွဲနေပါလိမ့်မည် ။ ဒါပေမဲ့ အမေပြောခဲ့သလိုပါပဲ။ ပထမ တစ်မျိုးအတွက်ပဲ သူ အလုပ်လုပ်မှာ ပါ။ တစ်လှမ်းချင်းလျှောက်လာသော သူ့ကို ဦးယုဝက လိုက်ကာ ဟပေးထား၏ ။ သူတို့ရှိနေရာရပ်ဝန်းတစ်ခုလုံး ဘာသံမျှ မကြားရလောက်အောင် တိတ်ဆိတ်နေပါ သည်။ ပရိသတ်တွေ မှာ တော့ ရိုးစစ် ဘာဆက်လုပ် မလဲ သိချင်စိတ်တွေ မြင့်တက်ကာ ငြိမ်သက်နေကြ သည်။

ဟပေးထားသော လိုက်ကာအတွင် းသို့ ရိုးစစ် ဝင်ရောက်လိုက်ပါသည်။ သူ အထဲရောက် ရောက်ချင်း ဦးယုဝက လိုက်ကာကို ပြန်လည်ဖုံးအုပ်လိုက်သည်။ အတွင် းမှာ မည် းမည် းမှော င်နေ၏ ။

ရှေ့တည့်တည့်မှာ ရှိနေသည်ကား နံရံ။

မျက်လုံးမှိတ်ချလိုက်တော့ . . .။

*

## XVI

"ရပြီ . . . ဖယ်တော့"

ဦးယုဝ၏ အသံကျယ်ကြီးအောက်မှာ လိုက်ကာသုံးဖက်လုံး ပုံကျသွားသည်။ အားလုံး မြင်တွေ့လိုက်ရသည်ကား . . .

"ဟာ . . ."

"အို . . ."

"ရိုးစစ် မရှိတော့ဘူး"

ရိုးစစ်မှာ တကယ်ပင် ပျောက်ခြင်းမလှ

ပျောက်သွားလေပြီ။ တကယ်ပင် အုတ်နံ့ရုံထဲကို ဝင်သွားတာလား။ မည် သူမှုမတွေ ့တတ်။ ဦးယုဝမှာ တော့ နာရီကိုငုံ့ကြည့်ပြီး အလျင်စလိုဟန်တွေ နဲ့ အတူ . . .

"ဟော့ကောင်တွေ . . . မြန်မြန်"

ပြောလည်း ပြော၊ သူကိုယ်တိုင်လည်း နောက်လှည့်ကာ ပြေးထွက်သွားလေသည်။ ဦးတည်ရာ က ထွက်ပေါက်မှတစ်ဆင့် ရွာတွင် ့သို့ ။

ဦးယုဝနောက်မှ လိုက်ကာတွေ ကို ပိုက်ကာ လူသုံးယောက် ပြေးလိုက်သွားသည်။ ထိုနောက် မှာ တော့ ဘာမှန်းမသိသည့် လူအုပ်ကြီးသည်လည်း အပြေးအလွှား။

လူအုပ်ကြီးက ထွက်ပေါက်မှတစ်ဆင့် ရွာတွင် ့သို့ ပြုံဆင်းလာသည်။ ချက်ချင်း ပင် ရွာတွင် ့

တစ်နေရာမှာ ဆူညံသွား၏ ။

ရိုးစစ်ပျောက်သွားသည့်နေရာနှင့် အတွင်းဘက်တည့်တည့်လောက်မှာ လိုက်ကာကို ချက်ချင်းပြန်ဆင်သည်။ ဦးယုဝပုံစံက အလျင်စလို နိုင်နေသည်မို့ လုပ်ကိုင်သူသုံးယောက် မှာ လည်း မြန်မြန် သွက်သွက်။

လူအုပ်ကြီးမှာ တော့ လုပ်ပုံကိုင်ပုံတွေ အားကြည့်ကာ ရင်တထိတ်ထိတ်။ အားလုံးမှာ လည်း ရိုးစစ် ပျောက်သွားခြင်းအပေါ်မှာ ပဟေဋ္ဌိဆန်နေ၏ ။ လိုက်ကာဆင်ပြီးချိန်မှာ တော့ အကုန်လုံးက လိုက်ကာကိုကြည့်ပြီး ရင်မောသွားတော့သည်။ တကယ်ပဲ နံရံကိုဖောက်ပြီး ရောက်လာတော့မှာ လား။

ဦးယုဝမှာ လည်း မလှမ်းကမ်းတွင် ရပ်ကာ စိတ်လှုပ်ရှားနေသလို ရှိသည်။ ထိုစဉ်မှာ ပင် ကာထားသော လိုက်ကာ တစ်ချက်

လှုပ်ယမ်းသွားသည်ကို တွေ့လိုက်ရသည်။

"ဟာ . . ."

ကြည့်နေသူတွေ ဆီမှ အသံထွက်သွားသလို ဦးယုဝမျက်နှာလည်း ပြုံး သွား၏ ။ ခဏကြာသွား ချိန်မှာ နံဘေး၌ အသင့်ရှိနေသူ သုံးယောက် အား လက်မထောင်ပြလိုက်လေသည်။ ထိုအခါမှာ တော့ . . .

လိုက်ကာ ဆတ်ခနဲ ပုံကျသွားစဉ် အားလုံးမြင်တွေ့လိုက်ရသည်ကား နံရံကို ကျောပေးရပ်နေ သည့် ရိုးစစ်။

မြင်တွေ့ရသော မြင်ကွင်းကိုကြည့်ပြီး အကုန်လုံး ခဏတာ ကြောင်အမ်းသွားသည်ထင်ရသည်။ ခဏပါပဲ။

ဘယ်သူက စတင်လိုက်သည်မသိသော လက်ခုပ်သံတစ်ချက်နောက်မှာ . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . "

လက်ခုပ်သံတွေ ၊ ချီးကျူး သံတွေ ၊ အံ့သြသံတွေ ၊ မယုံကြည်နိုင်မှု စကားတွေ ပွက်ပွက်ဆူသွား သည်။

ရိုးစစ် နပ်ဖူးမှချွေးကို အင်္ကျီလက်မောင်းအိုးဖြင့် ပင့်သုတ်လိုက်သည်။ ရင်မှာ တဒိတ်ဒိတ်ခုန်နေ ဆဲ ဖြစ်၏ ။ လူအုပ်ကြားထဲမှ ဦးယုဝ ထွက်လာပြီး သူ့ပခုံးကို လာပုတ်သည်။ ဦးယုဝမျက်နှာ၌ အောင်မြင်မှု အရိပ်အယောင်အချို့ ပေါ်လွင်နေပါသည်။ ပြီး သူ့ပခုံးကို တစ်ချက်ပုတ်ကာ . . .

"မင်း တကယ်တော် တယ်"

"ဦးကူညီတာလည်း ပါ, ပါတယ်"

ဘာမျှတော့ပြန်မပြော။ စဉ်းစားသွားသလို

ငြိမ်နေပြီးကာမှ တစ်စုံတစ်ခုအား သတိရလိုက် သလို . .
.

"ဆရာတော် ဘုန်းကြီး ဒီမနက်ပဲ ရွာကို ပြန်ကြွလာတယ်။ မင်းသတင်းကြားပြီး မင်းနဲ့တွေ့ချင်တယ် ပြောတာပဲ"

ရှိုးစစ် သဘောပေါက်စွာ နှင့် ခေါင်းညိတ်ပြမိပါတယ်။

ရွာသူရွာသားအပေါင်း ကတော့ ယခုတိုင် မမြင်ဖူးသော လူ တစ်ယောက် လို သူ့အား ရပ်ကြည့်နေကြဆဲ၊ အားပေးနေကြဆဲ။

ထိုအထဲမှာ ထူးဆန်းသော လူနှစ် ယောက် ရှိနေသည်။ ရှိုးစစ် ရည်ရွယ်ချက် အောင်မြင်သည်ဟု ဆိုရမည် ဖြစ်၏ ။


ထိုနှစ် ယောက် ကား . . .

ယက္ခနှင့် စောညိုတို့၏ တပည့်နှစ် ယောက်

ပါပင်။

*

XVII




ဆိုင်းဘုတ်အောက်တည့်တည့်မှာ

ကလေးလေး တစ်ယောက် စာထိုင်ဖတ်နေသည်။

သူ့ပုံစံက ဘာမျှအပူအပင်မရှိဘဲ အေးအေးလူလူပင်

ဖြစ်သည်။ ရွာမှာ ခံစားနေရသော ဒုက္ခတွေ၊ ပူလောင်မှုတွေ သူနဲ့ဘာမျှမသက်ဆိုင်သလိုမျိုး။ ခပ်လှမ်းလှမ်းမှာတော့ မြင်းညိုကြီးတစ်ကောင် မြက်စားနေပါ၏။

မြင်ရသော မြင်ကွင်းကိုကြည့်ကာ ရိုးစစ်ခပ်သွက်သွက် လှမ်းသွားလိုက်သည်။ နေ့တစ်ဝက်ကျော်ပြီမဟုတ်ပါလား။ ဆာလောက်ရောပေါ့။ အနီးရောက်သွားစဉ် . . .

"ကျွန်တော့်ကို ထမင်းလာပို့တာလားဗျ"

ဆွဲလာသော ချိုင့်အား ကောင်လေးရှေ့သို့ချပေးရင်း . . .

"အေးလေကွာ . . . သံခဲမအားတာနဲ့ ငါယူလာပေးတာ။ သုသာန်မှာ သွားရှာသေးတယ်။ မတွေ့တာနဲ့ ဒီကိုလိုက်လာတာ"

"ကျွန်တော် ဒီမှာ ရှိနေလိမ့်မယ်လို့

ဘယ်လိုသိလဲ"

ရိုးစစ် ခပ်ဟဟတစ်ချက်ရယ်ကာ . . .

"ဒါ မင်းမြင်းကြီးကို အစာကျွေးရမယ့်အချိန်လေ။ ရွာထိပ်ကလွဲပြီး ဘယ်နားမှာ မြက်ရှိလို့လဲ"

အီလစ်က ခပ်လှမ်းလှမ်းမှာ မြက်စားနေသော သူ့မြင်းကြီးကို လှမ်းကြည့်ရင်း . . .

"ဟုတ်တယ် ကျွန်တော် ဒီကောင်ကြီးကို အစာလာကျွေးတာ"

မြက်စားနေသော မြင်းကြီးကိုကြည့်ကာ ရိုးစစ် ပတ်ဝန်းကျင်ကို လေ့လာမိသည်။ တော် တော် ထူးဆန်းသော နေရာလေးပါပဲ။ ခြောက်နှစ် လုံးလုံးမိုးခေါင်၍ ရှိရှိသမျှသစ်ပင်တွေ ခြောက်သွေ့သေဆုံး ခဲ့ရသော် လည်း ဤနေရာလေးက

တစ်မှုထူးနေသည်။ ရွာဆိုင်းဘုတ်အနီးအနားမှာ မြက်ပင်စိမ်းစိမ်း လေးတွေ ပေါက်နေသည်ကို တွေ့ရသည်။

ဤရွာကို စရောက်စဉ်က ရွာထွက်ပေါက်မှ အတွင်းသို့ ဝင်ခဲ့ခြင်း ဖြစ်သည့်အတွက် ယခုနေရာလေးကို မမြင်ခဲ့ရပါ။ ဦးယုဝအဆိုအရလည်း ဒီနေရာလေးမှာ တစ်နှစ် ပတ်လုံး မြက်ပင်တွေ ပေါက်ရောက်လေ့ရှိကြောင်း သိရသည်။

"တော် တော် ထူးဆန်းတာပဲကွနော်၊ တစ်ရွာလုံးခြောက်သွေ့နေတာတောင် ဘာကြောင့် ဒီမြက် တွေ ရှင်နေတာလဲ"

အမေးစကားတစ်ခုလိုလို ဆိုလိုက်ပေမဲ့ ဖြေမယ့်သူမရှိပါ။ လှည့်ကြည့်လိုက်တော့ အီလစ်မှာ ထမင်းကို ပလုတ်ပလောင်း စားနေသည်။ သို့

အတွက်ကြောင့် ရှိးစစ် ခပ်လှမ်းလှမ်းကိုသွားပြီး ထိုင်နေလိုက်သည်။ သူတစ်ပါးစားသောက်နေစဉ်၌ အနှောင့်အယှက် မပေးချင်ပါ။ သူ့အတွက်ကြောင့် တစ်ခုခု စနိုးစနောင့် ဖြစ်မှာ မျိုးကို မလိုလား။

ဆူညံခြင်းကင်းမဲ့ကာ တိတ်ဆိတ်လျက်ရှိနေသော ရွာလေးကိုသာ ငေးနေလိုက်မိသည်။ မည်မျှကြာသွားသည်မသိလိုက် နောက်ဖက်မှ အီလစ်၏ စကားသံက သူ့ကို လှုပ်နှိုးလိုက်သည်။

''ဟုတ်မယ်ဗျ . . . ဒီနေရာလေးက တော်တော် ထူးဆန်းတယ်။ ဗိုးလက်ဖြူကိုယ်တိုင် ဆိုင်းဘုတ်စိုက်သွားလို့လားတော့ မသိဘူး''

''ဘာ ဖြစ်တယ်''

ကြားလိုက်ရသော စကားကြောင့်

နောက်လှည့်ကာ မေးလိုက်စဥ် . . .

"အရင်တုန်းက ရွာဆိုင်းဘုတ်က ဒီလိုမဟုတ်ဘူး။ ခြေထောက်တစ်ချောင်းတည်း။ ဒါက ဖိုးလက်ဖြူမသေခင် ပြန်စိုက်သွားတဲ့ ဆိုင်းဘုတ်လေ"

"ဟုတ်လား"

ခြေနှစ်ချောင်းထောက်ဆိုင်းဘုတ်ကိုကြည့်ရင်း ဆိုမိသည်။ ဒါကြောင့် လည်း ဆိုင်းဘုတ်က ကြံ့ကြံ့ခိုင်ခိုင် ရှိနေသေးတာကိုးဟုလည်း တွေ့မိ၏ ။ ကောင်းပါသည် ခြေနှစ် ချောင်းစိုက်ထားတော့ ပိုခိုင်တာပေါ့။

ကိုယ့်အတွေးနှင့် ကိုယ်တွေးရင်း ဆိုင်းဘုတ်ဆီ လျှောက်လှမ်းသွားလိုက်တော့ အီလစ်က ချိုင့် ကိုပင် အဖုံးပြန်ဖုံးနေပါပြီ။ စားလို့ပြီးသွားပြီထင်၏ ။ ထိုစဥ်မှာ ပဲ . . .

"ကျွန်တော့် ကိုလည်း ခင်ဗျားလို မျက်လှည့်ပြတတ်အောင် သင်ပေးပါလားဗျာ။ မနေ့က ခင်ဗျား အုတ်နံ့ရံ ဟိုဘက်နဲ့ ဒီဘက်ကိုကူးပြတာ တော် တော် မိုက်တယ်"

ကောင်လေးစကားကြောင့် . . .

"မသင်ပါနဲ့ဦးကွာ၊ ငယ်ပါသေးတယ်။ ကြီးလာတော့သင်ပေါ့"

"ကျွန်တော် ကြီးလာလို့ ခင်ဗျား ဒီရွာမှာ မရှိတော့ရင် ဘယ်လိုလုပ်မလဲ"

"အဲတော့လည်း မသင်ရုံပေါ့။ ဒီမှာ ကောင်လေး မင်းကို ငါတစ်ခုပြောပြမယ်။ နေရာတိုင်းမှာ တော် ဖို့ မကြိုး စားနဲ့။ အရာအားလုံးမှာ တော် တာ ဘုရားသခင်ပဲရှိတယ်။ လူ တစ်ယောက် အနေနဲ့ အရာ အားလုံးမှာ တော် ဖို့ကြိုး စားရင်း

မင်းလက်ရှိတော် နေတာတွေ ပါ အရောင်မှိန်သွားလိမ့်မယ်''

ကောင်လေးက နားမလည်သလို မော့ကြည့်၏ ။

''မင်းအခု သင်္ချာမှာ တော် တယ်မလား။ မင်းတော် နေတာကိုသာ ဆက်ပြီးတိုးအောင်လုပ်၊ နောက်တစ်ခုကို မစဉ်းစားနဲ့။ နောက်တစ်ခု စဉ်းစားလိုက်တာနဲ့ မင်းဦးနှောက်က သူ့အတွက် နေရာခွဲ ပေးလိုက် ရပြီ။ ပထမတစ်ခုကို မင်းအပြည့်အဝလုပ်နိုင်မှာ မဟုတ်တော့ဘူး။ တစ်ခုတော့ရှိတာပေါ့ကွာ။ ပါရမီရှင်တွေ ကိုတော့ ငါမဆိုလိုပါဘူး''

ကောင်လေး တွေ တွေ ငေးငေး နားထောင်နေရာမှ သူ့ကိုသေချာကြည့်ကာ . . .

"ကျွန်တော် သိပ်တော့နားမလည်ဘူး၊ ဒါပေမဲ့ သေချာမှတ်ထားပါမယ်"

ရှိုးစစ် အပြုံး တစ်ခုဖြင့် သာ ခေါင်းညိတ်မိပါတော့သည်။ ပြီးတော့ သူ အရမ်းသိချင်နေသော အကြောင်းအရာတစ်ခုကိုလည်း အစပျိုးလိုက်သည်။

"မင်းက ယက္ခတို့တဲကို ညတိုင်းသွားအိပ်နေတာဆိုတော့ ငါ့လွယ်အိတ်နဲ့ပတ်သက်ပြီးတော့ များ သတင်းအစအနလေး မရဘူးလား"

"ခင်ဗျားလွယ်အိတ်ထဲမှာ ဘာပါသွားလို့လဲ"

"ငါလိုက်ရှာနေတဲ့ လူ တစ်ယောက် ရဲ့ ဓာတ်ပုံရယ်၊ မြေအိုးလေးတစ်အိုးရယ်ပါပဲ။ သူတို့အတွက် ဘာမှအသုံးဝင်မှာ မဟုတ်ပါဘူး"

ကောင်လေးက ဝေဝေဝါးဝါး ကြည့်သည်။ ပြီးတော့ ခေါင်းကိုအသာရမ်း၍ . . .

"အဲဒါတွေ နဲ့ပတ်သက်ပြီး ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော့် အလုပ်က ယက္ခကို ခြေဆုပ် လက်နယ် နင်းနှိပ်ပေးဖို့ရယ်၊ အိပ်ဖို့ရယ်ပဲ။ အိပ်တော့လည်း စောညို့တို့နဲ့အိပ်ရတာ ။ ယက္ခက သူ့ အခန်းထဲမှာ နေတာ။ အပြင်လည်း သိပ်ထွက်တာမဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း စကား သိပ်မပြော ဘူး။ ကျွန်တော် သိတာတော့ အဲလောက်ပဲ။ ကျန်တာတွေ ဘာမှမသိဘူး။ သူတို့ကလည်း ပေးမသိဘူး . . ."

ဟုတ်လောက်ပါသည်။ ရိုးစစ် သက်ပြင်းသာချမိတော့၏ ။ ဒါပေမဲ့ . . .

"မင်းသိတာ တစ်ခုတော့ရှိပါတယ်။ ယက္ခ

ဘယ်လိုပုံစံရှိလဲ''

ဒီတစ်ခါတော့ သိနေသည့်မို့ ကောင်လေးက ခပ်သွက်သွက်ပင် အဖြေပေးသည်။

''ဆံပင်ရှည်တယ်၊ မုတ်ဆိတ်မွေး၊ ပါးပြို င်းမွေးတွေ နဲ့ မျက်နှာက အမြဲတမ်း မာကျောနေတာ''

သူတွေ းထင်ထားသလိုပါပဲ။ ဒီလိုလူမျ ုးအများ စုရဲ့ ပုံစံက ထိုအတိုင်းပင် ရှိတတ်ကြသည်မဟုတ် ပါလား။

''ကဲ . . .အဲဒါဆိုလည်း ထားလိုက်ပါတော့။ ငါ ဆရာတော် ဘုန်းကြီးကိုသွားတွေ့မလို့။ ဘုန်းကြီး ကျောင်းဘက် သွားလိုက်ဦးမယ်''

''ဟုတ်လား၊ ကျွန်တော် လည်း လိုက်ခဲ့မယ်။ ဒီစာအုပ် သွားပေးမလို့''

ထို့နောက်တော့ သူတို့နှစ် ဦး

ဘုန်းကြီးကျောင်းရှိရာဘက် ထွက်ခဲ့တော့သည်။ အီလစ်
ကတော့ ထုံးစံအတိုင်းပင် ရွာထဲခိုးဝင်လာတာ
ဖြစ်သည့်အတွက် မလုံမလဲဖြင့် ပါလာသည်။
သူ့မြင်းကြီးကိုတော့ နေရာမှာ ပင်ထားခဲ့၏ ။

ဘုန်းကြီးကျောင်းရောက်လာတော့ . . .

အရင်ဆုံးတွေ့ရသည်က သုံးပုံပဟေဠိအား
အသည်းအသန် ရှေ့နေသော ဘုန်းကြီးတစ်ပါးကို ပါပဲ။
အနီးအနားမှာ လည်း မည် သူမျှမတွေ့ ၊
မတတ်သာသည်မို့ . . .

"အရှင်ဘုရား . . . ဆရာတော် ဘယ်မှာ
ရှိသလဲမသိဘူး"

"စာကြည့်တိုက်ထဲမှာ ရှိတယ်"

တုံးတိတိ အဖြေစကားတစ်ခွန်း
ထိုဘုန်းကြီးဆီမှ ထွက်လာသည်။ အီလစ်က

ဘာမှုမဖြေတော့ ဘဲ အဆောင်တစ်ခုထဲကို ချ
းကွေ့ဝင်သွား၏ ။ သူ ကတော့
အီလစ်ဦးဆောင်ရာနောက်ကိုသာ လိုက်
သွားလိုက်သည်။ သူမှ စာကြည့်တိုက်ကို မသိသည်ပဲ။

တကယ့်တကယ်သိရတော့
စာကြည့်တိုက်မှာ ဘုန်းကြီးကျောင်းရဲ့ တောင်ဘက်ခြမ်း
တစ်ခေါ် လောက်နေရာတွင် ရှိနေသည်။
တံခါးဖွင့်ထားသည့်အတွက် သူတို့ဝင်သွားလိုက်သည်။

အထဲရောက်တော့
ဝင်ပေါက်ကိုကျောပေးကာ စာထိုင်ဖတ်နေသော
ဘုန်းကြီးတစ်ပါးကို တွေ့ရ ပါသည်။ အီလစ်က . . .

"ဆရာတော် ဘုရား"

ခေါ်သံကြောင့် နောက်ဘက်သို့
လှည့်လာသည်။ ပြီး . . . သူ့ကိုတွေ့တော့ . . .

"ဪ . . . ရိုးစစ်ဆိုတဲ့
ဒကာလေးမှတ်တယ်"

တည်ငြိမ်အေးချမ်းစွာ ထွက်လာသော စကားသံတစ်သံကို ကြားလိုက်ရ၏ ။ ဆရာတော် ဘုန်းကြီးရဲ့ ဥပမိရုပ်မှာ လေးနက်တည်ကြည်နေသည်။ သက်တော် မှာ (၅၀) ဝန်းကျင်လောက်ရှိမည် ဟု ခန့်မှန်းမိသည်။

"မှန်ပါ့ဘုရား၊ ဆရာတော့်ကို လာဖူးတာပါ"

ဒူးထောက်ထိုင်ကာ ဦးသုံးကြိမ်ချ ရှိခိုးကန်တော့လိုက်ပါသည်။ ထိုအချိန်မှာ ပင် အတူပါလာသူ အီလစ် ကတော့ စာအုပ်စင်များ ရှိရာဘက် လျှောက်လှမ်းသွားပြီ ဖြစ်သည်။ စာကြည့်တိုက်မှာ ရှာနှင့် မလိုက်စွာ စာအုပ်တွေ တော် တော် များများ ရှိကြောင်း တွေ့ရသည်။

ရိုးစစ် ကန်တော့ပြီးချိန်၌ . . .

"ဘုန်းကြီး သုံးပင်ရွာကြွသွားတာ တစ်ပတ်တင်းတင်းပြည့်တော့မယ်၊ မောင်ရင်လေးသတင်း ကြားတာနဲ့ ရွာကို ပြန်ကြွလာတာ"

"ဘာသတင်းတွေ များ ကြားလို့လဲဘုရား"

သူ အံ့ဩစွာ မေးလိုက်တော့ . . .

"ဘုန်းကြီးတို့ရွာအတွက် အားရှိစရာသတင်းတွေ ပေါ့။ မောင်ရင်လေး ဘယ်လောက် တော် ကြောင်း၊ စောညို့ကို ဘယ်လိုအနိုင်ယူလိုက်ကြောင်းတွေ စုံလို့ပါပဲ။ ဘုန်းကြီးက အသက်ကြီးလှပြီ ထင်နေတာ။ တော် တော် ငယ်သေးတာပဲ။ ဒီလောက် အသက်အရွယ်လေးနဲ့ ဒီပညာတွေ တတ်ထား တာ

မယုံနိုင်စရာပဲ။ ဘုန်းကြီးတော့ မမြင်လိုက်ရဘူး။ မနေ့ကလည်း အုတ်နံ့ရုံကိုဖောက်ပြီး လမ်းလျှောက်ပြတယ်ဆို ဟုတ်လား''

သူ ပါးပါးလျလျသာ ပြုံး လိုက်ပါသည်။

''တပည့်တော် အမေကိုယ်တိုင် သင်ပေးခဲ့တဲ့ပညာတွေ ပါ။ အုတ်နံ့ရုံကိုဖောက်ပြီး လမ်းလျှောက် တယ်ဆိုတာကလည်း တပည့်တော် ကိုယ်ပိုင်ပြကွက် မဟုတ်ပါဘူး။ ကမ္ဘာကျော်မျက်လှည့်ဆရာကြီး တွေ ဖြစ်တဲ့ ဟယ်လီဟောင်ဒနီ (Harry Houdini)၊ လက်ဖာယက် (Lafa yette)၊ ချွန်လင်စူး (Chung Ling Soo) နဲ့ ရောဘင်ဆင် (Robinson) တို့ ပြသဖူးတယ်။ နောက်ပိုင်းမှာ ဒေးဗစ်ကောဗား ဖီးလ်လည်း ပြသွားဖူးပါတယ်။ အဲဒီ နည်းကိုပဲ တပည့်တော် အသုံးပြု ခဲ့တာပါ''

သူ့စကားဆုံးတော့ ဆရာတော် က ကျေနပ်သလို ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"အေးလေ . . . ဘာပဲ ဖြစ် ဖြစ်ပေါ့။ မောင်ရင့်လို လူငယ် တစ်ယောက် ဘုန်းကြီးတို့ရွာကို ရောက် လာတာ ဝမ်းသာစရာပဲ။ ဘုန်းကြီးတို့ရွာကို ရောက်လာရတဲ့ ရည်ရွယ်ချက်ကိုရော အပန်းမကြီးရင် သိလို့ရမလား။ တစ်ဦးမှာ စေတနာ၊ တစ်ဦးမှာ မေတ္တာပေါ့ကွာ . . .။ ဘုန်းကြီးတို့ ကူညီလို့ရရင်လည်း ကူညီရအောင်"

ရိုးစစ် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ မျက်လုံးတွင် းမှာ လည်း အိတ်တစ်လုံးနှင့် ဓာတ်ပုံ လေးတစ်ပုံကို ပြေးမြင်မိရင်း . . .

"တပည့်တော် လူ တစ်ယောက် ကို လာရှာတာပါ။ ဒါပေမဲ့ အဲ့ဒီလူဓာတ်ပုံပါတဲ့လွယ်အိတ်က

တစ်နေ့ကတင်ပျောက်သွားတယ်"

ဟုအစချီကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တော့ . . .

ဆရာတော် ဘုန်းကြီးရဲ့ မျက်နှာမှာ မခံချင်မှု ဒေါသအရိပ်အယောင်တွေ တမုဟုတ်ချင်း ဖြစ်ထွန်းသွားပြီး . . .

"ယုတ်ညံ့လိုက်ကြတာ၊ သူတို့ရှုံး တာနဲ့ပဲ လွယ်အိတ်ကို ခိုးယူသွားစရာလား၊ စောညိုယူသွား တယ်ဆိုတာရော သေချာရဲ့ လား"

"ဒါ စောညိုလက်ကိုင်ပဝါလို့တော့ အီလစ်က ပြောတာပဲ"

လက်းကိုင်ပဝါလေးကို ဆရာတော် ဘုန်းကြီးအား ထုတ်ပြလိုက်သည်။ အီလစ်ကိုပါ သတိတရ ရှာကြည့်လိုက်တော့

စာအုပ်စင်တစ်ခုဘေးတွင် စာထိုင်ဖတ်နေသည်ကို တွေ့ရ၏ ။

"သိပ်လည်း စိတ်မပူပါနဲ့။ ဘုန်းကြီးကူညီနိုင်တာ တစ်ခုတော့ရှိတယ်။ ပျောက်သွားတဲ့ မောင်ရင့်လွယ်အိတ် ဘယ်နေရာမှာ ရှိနေတယ်ဆိုတာကို ဘုန်းကြီးပြောပြနိုင်တယ်ဆိုရင် လက်ခံမှာ လား"

ရင်တစ်ချက် ဒိုင်းခနဲခုန်သွားကာ မျှော်လင့်ချက်တွေ တသီတသန်းကြီး ဖြစ်ထွန်းသွား၏ ။ သိချင်စိတ်တွေ ဖြင့် ဆရာတော် ဘုန်းကြီးကို လှမ်းကြည့်လိုက်တော့ . . .

"ဘုန်းကြီးဆီမှာ ပျောက်သွားတဲ့ပစ္စည်း ဘယ်နေရာမှာ ရှိတယ်ဆိုတာကို အတိအကျ ဟောလို့ ရတဲ့နည်းတစ်နည်း ရှိတယ်။ မောင်ရင်

စိတ်ဝင်စားတယ်ဆိုရင်တော့ ဘုန်းကြီးကူညီပေးလို့ရပါတယ်"

သူ မဆိုင်းမတွပင် ပြန်လည်ဖြေကြားလိုက်သည်။

"တပည့်တော် သိချင်ပါတယ်ဘုရား"

"အိမ်း . . . အဲဒါဆိုခဏစောင့်"

ပြောပြီး ဆရာတော် ဘုန်းကြီးမှာ စာအုပ်စင်နောက်ဘက်သို့ ဝင် သွားပါသည်။ အတန်ကြာ တော့ ကျောက်သင်ပုန်းတစ်ချပ်နှင့် ကျောက်တံတစ်ချောင်းကိုကိုင်ကာ ပြန်ထွက်လာပြီး ရှိုးစစ်ကို လှမ်းပေးကာ . . .

"ရော့ . . . ဘုန်းကြီးပြောတာကိုလိုက်ရေး "

ဘာမှန်းမသိ တက်ကြွလာသော စိတ်တွေ နှင့် အတူ ရှိုးစစ် ကျောက်တံကို ကောက်ကိုင်လိုက်

သည်။ ထိုစဉ်မှာ ပဲ . . .

"၁ က ၉ အတွင်း မောင်ရင်ကြိုက်တဲ့ ဂဏာန်းတစ်လုံးကို ချရေး လိုက်"

ရိုးစစ်ချရေး လိုက်ပါသည် 'တစ်'။

"ပြီးရင် ပျောက်သွားတဲ့နေ့က ဘယ်နေ့လဲ။ အဲဒီ နေ့ဂဏာန်းကိုထည့်ပေါင်း ရတဲ့ရလဒ်မှာ ပစ္စည်း ပျောက်သူရဲ့ မွေးနံဂဏာန်းကိုပါ ပေါင်းလိုက်"

ရိုးစစ် ဂဏာန်းနှစ် လုံးချရေး လိုက်သည်။ ပစ္စည်းပျောက်သွားတာ သော ကြာနေ့၊ သော ကြာ ဂဏာန်းက 'ခြောက်'။

သူ့မွေးနံက ကြာသပတေးဆိုတော့ 'ငါး'။

"မောင်ရင့်အသက်ကိုလည်း ထည့်ပေါင်း၊ ပြီးရင် ထပ်တိုးကိန်းအနေနဲ့ 'သုံး' ဂဏာန်းကိုလည်း ထည့်ပေါင်းလိုက် စုစုပေါင်း ဘယ်လောက်ရလဲ"

"သုံးဆယ့်ရှစ် (၃၈)"

သူ့ဖြေသံဆုံးတော့ ဆရာတော် က မျက်လုံးမှိတ်စင်းကာ ငြိမ်သက်သွားသည်။ မျက်လုံးမှိတ်ထားလျက်မှပင် တစ်လုံးချင်းထွက်ကျလာ၏ ။

"(၃၈) ရတယ်ဆိုရင်တော့ မောင်ရင့်လွယ်အိတ်က သေတ္တာ၊ ဒါမှမဟုတ်ရင် နှစ် ဖက်ဖွင့်လို့ရတဲ့ ဗီရိုထဲမှာ ရှိနေတယ်"

ဆရာတော့်စကား ဆုံးသွားစဉ်မှာ တော့ ရိုးစစ် ရင်အခုန်ကြီး ခုန်သွားရတော့သည်။

"နှစ် ဖက်ဖွင့်လို့ရတဲ့ဗီရို"

မျက်လှည့်ပညာရှင် တစ်ယောက် အနေနဲ့ ထိုအရာတွေ က မရှိမ ဖြစ်ပါ။ ဟိုတစ်နေ့ကပင် ထို သေတ္တာမျိုးထဲသို့ အီလစ်ကိုထည့်ပြီး စောညို ပြသသွားသေး၏ ။ ယက္ခဆီမှာ ထိုသေတ္တာမျိုး ဘယ်

နလုံးလောက်ရှိနိုင်မလဲ။ ထိုအထဲက တစ်လုံးလုံးမှာ
တော့ . . .

"တကယ် ရှိ မရှိဆိုတာတော့
ကိုယ်တိုင်ရှာကြည့်မှ သိမှာ ပေါ့လေ။
ဘုန်းကြီးသုံးလာသမျှတော့ အခုချိန်ထိ
ဒီနည်းမှန်နေတုန်းပဲ"

ရိုးစစ် စိတ်ဝင်စားသွားရပါပြီ။

"အဲဒါကို ဘာနည်းလို့ခေါ်ပါသလဲဘုရား"

"ဘုန်းကြီးပေးထားတဲ့နာမည် ကတော့
'ပစ္စည်းပျောက်ရှာပုံတော် ' တဲ့"

"တပည့်တော် သိခွင့်ရှိမလားဘုရား၊
ကိုယ့်အတွက်တင်မဟုတ်ဘူး။ ရောက်လေရာမှာ တခြား
သူတွေ ကိုလည်း ကူညီလို့ရတာ ပေါ့"

ဆရာတော် ဘုန်းကြီး အနည်းငယ်

တုံ့ဆိုင်းသွားကို တွေ့ရသည်။ ပေးသင့် မပေးသင့် စဉ်းစား သွားပုံရပါ၏ ။ အတန်ကြာမှ . . .

"အေးလေ . . .
ကူညီတာတော့ကောင်းပါတယ်။ ဘုန်းကြီးပေးလိုက်တာပေါ့။ လိုက်မှတ်ထား ချည်"

ထို့နောက်တော့ . . .

(စကားပြောနှင့် ရေး ပါက ဖတ်ရတာ အဆင်မပြေ ဖြစ်နိုင်သည့်အတွက် ဘုန်းကြီးပြောပြသမျှကို ရိုးစစ် လိုက်မှတ်သည့်သဘော ရေး ပြလိုက်ပါသည်။)

တုံ့ဆိုင်းသွားကို တွေ့ရသည်။ ပေးသင့် မပေးသင့်
စဉ်းစား သွားပုံရပါ၏ ။ အတန်ကြာမှ . . .

"အေးလေ . . .
ကူညီတာတော့ကောင်းပါတယ်။ ဘုန်းကြီးပေးလိုက်
တာပေါ့။ လိုက်မှတ်ထား ချည်"

ထို့နောက်တော့ . . .

(စကားပြောနှင့် ရေး ပါက ဖတ်ရတာ
အဆင်မပြေ ဖြစ်နိုင်သည့်အတွက်
ဘုန်းကြီးပြောပြသမျှကို ရိုးစစ် လိုက်မှတ်သည့်သဘော
ရေး ပြလိုက်ပါသည်။)

## ပစ္စည်းပျောက်ရှာပုံတော်

| | | |
|---|---|---|
| ကြိုက်ဂဏန်း | - | ၁ |
| ပျောက်တဲ့နေ့ | - | ၆ (သောကြာ) |
| မွေးနံ | - | ၅ (ကြာသပတေး) |
| အသက် | - | ၂၃ |
| ထပ်တိုးကိန်း | - | ၃ |
| | | ၃၈ |

(၃၈) ရဲ့အဖြေကို ကြည့်ပါ။

### ဟောကိန်းများ

၁။ ဧည့်ခန်းရဲ့ ပိတ်ဖြူစအနားမှာ ရှာပါ။
၂။ မီးဖိုချောင်က ကြောင်အိမ်ထဲမှာ ရှာပါ။
၃။ လှူဝင်ပေါက်စကြံ (သို့) စက္ကူပုံးကြားမှာ ရှာပါ။
၄။ ပစ္စည်းအိမ်မှာရှိသေးတယ်၊ ပျောက်တာမဟုတ်ပါ။

## ပစ္စည်းပျောက်ရှာပုံတော်

| | | |
|---|---|---|
| ကြိုက်ဂဏန်း | - | ၁ |
| ပျောက်တဲ့နေ့ | - | ၆ (သောကြာ) |
| မွေးနံ | - | ၅ (ကြာသပတေး) |
| အသက် | - | ၂၇ |
| ထပ်တိုးကိန်း | - | ၃ |
| | | ၃၈ |

(၃၈) ရဲ့အဖြေကို ကြည့်ပါ။

## ဟောကိန်းများ

၁။ ဧည့်ခန်းရဲ့ ပိတ်ဖြူစအနားမှာ ရှာပါ။

၂။ မီးဖိုချောင်က ကြောင်အိမ်ထဲမှာ ရှာပါ။

၃။ လူဝင်ပေါက်စကြံ (သို့) စက္ကူပုံးကြားမှာ ရှာပါ။

၄။ ပစ္စည်းအိမ်မှာရှိသေးတယ်၊ ပျောက်တာမဟုတ်ပါ။

၅။ ခေါင်းဆောင်းတဲ့ပစ္စည်းတွေနားမှာ ရှိနေတယ်။
၆။ ဖိနပ်စင်မှာ မွှေပြီး ရှာပါ။
၇။ အဝတ်ဘီရိုထဲ ရှာကြည့်ပါ။
၈။ ဆင့်ရိုက်ထားတဲ့တန်းပေါ်မှာ ရှိတယ်။
၉။ အဝတ်ပုံကြားထဲ ကလေးတစ်ယောက် ထည့်ထားတာပါ။
၁၀။ အိပ်ခန်းထဲက အဝီကနေရာတွေမှာ ရှာပါ။
၁၁။ ရေတိုင်ကီ၊ ရေဝပ်ရာနေရာ၊ ရေအိုင်ရှိတဲ့နေရာမှာ ရှာပါ။
၁၂။ ရုံးခန်း၊ စာအုပ်စင်၊ စာအုပ်ပုံတွေကြားမှာ ရှိနေပါတယ်။
၁၃။ အပေါ်အကျီ ပန်းတင်ထားတဲ့နေရာမှာ ရှိပါတယ်။
၁၄။ ပြန်မရတော့ဘူး၊ အိမ်ကရေလွှတ်မြောင်းထဲမှာ သွားရှာပါဦး။
၁၅။ မိန်းမကိုမေးပါ။
၁၆။ ပြန်တွေ့မယ်။
၁၇။ တန်ဖိုးထားတဲ့ဓာတ်ပုံရှိတဲ့နေရာမှာ ရှိတယ်။
၁၈။ အဝတ်အစားတွေကြားမှာ နာနာရှာပါ။
၁၉။ အိမ်နားက မြို့ထူတဲ့လမ်းကြားမှာ ရှာပါ။
၂၀။ အသိမ်းလွန်တော့ ရေနွေးနီးတဲ့နေရာမှာ ရှိတယ်။
၂၁။ ရေချိုးတဲ့နေရာမှာရှိတယ်။
၂၂။ စင်တစ်ခုခုအပေါ်မှာ ရှိတယ်၊ ရှာပါ။
၂၃။ အဝတ်အစားလျှော်ပုံးထဲမှာ ရှာပါ။
၂၄။ ခင်ဗျားဆီမှာပါ။ ပျောက်တာမဟုတ်ပါဘူး။
၂၅။ ပြောင်းရွှေ့နိုင်တဲ့ပစ္စည်းတွေကြားထဲမှာရှိတယ်။
၂၆။ အသက်အကြီးဆုံးပုဂ္ဂိုလ်က သိမ်းထားတာပါ။
၂၇။ ခိုင်းထားတဲ့လူတွေနဲ့ ဝိုင်းရှာပါ၊ ရမယ်။
၂၈။ ပျောက်သွားညပီ၊ ဘယ်တော့မှ ပြန်မရတော့ဘူး။
၂၉။ လူကြီးကိုမေးပါ၊ သူ့နေရာသူ ပြန်ထားလိမ့်မယ်။
၃၀။ ကလေးတွေဆော့ရင်း ပျောက်သွားမယ်။
၃၁။ ကြောင်အိမ်၊ ရေနုတ်မြောင်းချောင်ထဲမှာရှိနေတယ်။
၃၂။ ဝရန်တာ (သို့) ဝုံအဆင့်တစ်ခုရဲ့ အနားမှာရှိတယ်။
၃၃။ အဝတ်အစားပုံကြားမှာ ပြန်တွေ့မယ်။
၃၄။ မီးဖိုနားကပြန်ရမယ်။
၃၅။ အဝတ်လျှော်တဲ့နေရာမှာရှိတယ်။
၃၆။ ကလေးထိန်းထံမှ ပြန်ရမယ်။
၃၇။ အိမ်ထဲမှာပဲရှိသေးတယ်၊ ဘုရားခန်းမှာရှာပါ။
၃၈။ သေတ္တာ (သို့) နှစ်ဖက်ဖွင့်လို့ရတဲ့ ဗီရိုမှာရှိနေတယ်။
၃၉။ မပျောက်ပါဘူး၊ စင်တစ်ခုခုပေါ်ရောက်နေတယ်။

၅။ ခေါင်းဆောင်းတဲ့ပစ္စည်းတွေနားမှာ ရှိနေတယ်။
၆။ ဗီနပ်စင်မှာ မွှေပြီး ရှာပါ။
၇။ အဝတ်ဘီရိုထဲ ရှာကြည့်ပါ။
၈။ ဆင့်ရိုက်ထားတဲ့တန်းပေါ်မှာ ရှိတယ်။
၉။ အဝတ်ပုံကြားထဲ ကလေးတစ်ယောက် ထည့်ထားတာပါ။
၁၀။ အိပ်ခန်းထဲက အဓိကနေရာတွေမှာ ရှာပါ။
၁၁။ ရေတိုင်ကီ၊ ရေဝပ်ရာနေရာ၊ ရေအိုင်ရှိတဲ့နေရာမှာ ရှာပါ။
၁၂။ ရုံးခန်း၊ စာအုပ်စင်၊ စာအုပ်ပုံတွေကြားမှာ ရှိနေပါတယ်။
၁၃။ အပေါ်အင်္ကျီ ပန်းတင်ထားတဲ့နေရာမှာ ရှိပါတယ်။
၁၄။ ပြန်မရတော့ဘူး၊ အိမ်ကရေလွှတ်မြောင်းထဲမှာ သွားရှာပါဦး။
၁၅။ မိန်းမကိုမေးပါ။
၁၆။ ပြန်တွေ့မယ်။
၁၇။ တန်ဖိုးထားတဲ့ဓာတ်ပုံရှိတဲ့နေရာမှာ ရှိတယ်။
၁၈။ အဝတ်အစားတွေကြားမှာ နာနာရှာပါ။
၁၉။ အိမ်နားက မြို့ထူတဲ့လမ်းကြားမှာ ရှာပါ။
၂၀။ အသိမ်းလွန်တော့ ရေနဲ့နီးတဲ့နေရာမှာ ရှိတယ်။
၂၁။ ရေချိုးတဲ့နေရာမှာရှိတယ်။
၂၂။ စင်တစ်ခုခုအပေါ်မှာ ရှိတယ်၊ ရှာပါ။
၂၃။ အဝတ်အစားလျှော်ပုံးထဲမှာ ရှာပါ။
၂၄။ ခင်ပျားဆီမှာပါ။ ပျောက်တာမဟုတ်ပါဘူး။
၂၅။ ပြောင်းရွှေ့နိုင်တဲ့ပစ္စည်းတွေကြားထဲမှာရှိတယ်။
၂၆။ အသက်အကြီးဆုံးပုဂ္ဂိုလ်က သိမ်းထားတာပါ။
၂၇။ ခိုင်းထားတဲ့လူတွေနဲ့ ပိုင်းရှာပါ၊ ရမယ်။
၂၈။ ပျောက်သွားညပီ၊ ဘယ်တော့မှ ပြန်မရတော့ဘူး။
၂၉။ လူကြီးကိုမေးပါ၊ သူ့နေရာသူ ပြန်ထားလိမ့်မယ်။
၃၀။ ကလေးတွေဆော့ရင်း ပျောက်သွားမယ်။
၃၁။ ကြောင်အိမ်၊ ရေနုတ်မြောင်းချောင်ထဲမှာရှိနေတယ်။
၃၂။ ဝရန်တာ (သို့) ခုံအဆင့်တစ်ခုရဲ့ အနားမှာရှိတယ်။
၃၃။ အဝတ်အစားပုံကြားမှာ ပြန်တွေ့မယ်။
၃၄။ မီးဖိုနားကပြန်ရမယ်။
၃၅။ အဝတ်လျှော်တဲ့နေရာမှာရှိတယ်။
၃၆။ ကလေးထိန်းထံမှ ပြန်ရမယ်။
၃၇။ အိမ်ထဲမှာပဲရှိသေးတယ်။ ဘုရားခန်းမှာရှာပါ။
၃၈။ သေတ္တာ (သို့) နှစ်ဖက်ဖွင့်လို့ရတဲ့ ဗီရိုမှာရှိနေတယ်။
၃၉။ မပျောက်ပါဘူး။ စင်တစ်ခုခုပေါ်ရောက်နေတယ်။

၄၀။ အဝတ်အစားထားတဲ့နေရာမှာ သွားရှာပါ။
၄၁။ မိန်းမဖိနပ်ထားတဲ့နေရာမှာ သွားရှာပါ။
၄၂။ ရေနွေးနီးတဲ့နေရာမှာ သွားရှာပါ။
၄၃။ စတိုခန်းမှာ သွားရှာပါ။
၄၄။ ပြန်တွေ့မယ်၊ ဆီအိုး (သို့) မီးအိမ်တွေကြားမှာ ရှိနေတယ်။
၄၅။ ပြန်တွေ့မယ်၊ စင်ပေါ်မှာ သွားရှာပါ။
၄၆။ မိန်းမက သိမ်းထားပေးတာ။
၄၇။ အလုပ်သမားနှစ်ယောက် ယူထားတာပါ။
၄၈။ ရေချိုးခန်းမှာ ရှာပါ။
၄၉။ ပြန်မရတော့ဘူး။ လက်လွှန် သွားပြီ။
၅၀။ ပြန်တွေ့မှာပါ၊ မပူပါနဲ့။
၅၁။ ဆေးကြောသန့်စင်တဲ့နေရာမှာ ရှိတယ်။
၅၂။ ပစ္စည်းကတော့ လက်ပြောင်းသွားပြီ။
၅၃။ တပည့်တစ်ယောက် ယူထားတာပါ။ မူလနေရာ ပြန်ထားလိမ့်မယ်။
၅၄။ ကလေးတွေကို ရှာခိုင်းပါ၊ ပြန်ရမယ်။
၅၅။ ရေတံလျှောက်နဲ့ ရေနွေးနီးတဲ့နေရာတွေမှာ ရှာပါ။
၅၆။ နောက်ဆုံးနားခဲ့တဲ့နေရာမှာ ရှိနေပါတယ်။
၅၇။ ကိုယ့်ဆီမှာပဲရှိသေးတယ်၊ လျှောက်သာရှာပေတော့။
၅၈။ ပြန်မရတော့ဘူး။ လက်လွှန် သွားပြီ။
၅၉။ အတွင်းသူယူထားတာ၊ ကစားစရာထားတဲ့နေရာမှာ ဝှက်ထားတယ်။
၆၀။ ပြန်မရတော့ဘူး။
၆၁။ ဖိနပ်စင်နားမှာ သွားရှာပါ။
၆၂။ အပြင်ရောက်သွားပြီ၊ ပြန်ရတော့မှာမဟုတ်ဘူး။
၆၃။ ပစ္စည်းဟောင်းထားတဲ့နေရာမှာ ရှိတယ်။
၆၄။ အထားမှားတာပါ၊ ပြန်ရမယ်။
၆၅။ ရဲကို အကူအညီတောင်းပါ။
၆၆။ ပြန်မရတော့ဘူး။
၆၇။ ကလေးတစ်ယောက်ကို ရှာခိုင်းပါ။ ရမယ်။
၆၈။ ခေါင်းမိုးထိပ်ဘက်ရောက်နေတယ်၊ တက်ရှာပါ။
၆၉။ အိမ်အဝင်တံခါးနားမှာ ရှိနေတယ်။
၇၀။ မပျောက်ပါဘူး၊ ရေရှိတဲ့နေရာမှာ သွားရှာပါ။
၇၁။ ခြေထောက်နား၊ ပတ်ဝန်းကျင်မှာရှိနေတယ်။
၇၂။ ရေရှိတဲ့နေရာ (သို့) ရေအိုးနားမှာ ရှိနေတယ်။
၇၃။ ရဲကိုသာ အားကိုးပေတော့။
၇၄။ တခြားတစ်ယောက်ကို ရှာခိုင်းပါ၊ ရမယ်။

၄၀။ အဝတ်အစားထားတဲ့နေရာမှာ သွားရှာပါ။
၄၁။ မိန်းမဖိနပ်ထားတဲ့နေရာမှာ သွားရှာပါ။
၄၂။ ရေနှုန်းနီးတဲ့နေရာမှာ သွားရှာပါ။
၄၃။ စတိုခန်းမှာ သွားရှာပါ။
၄၄။ ပြန်တွေ့မယ်၊ ဆီအိုး (သို့) မီးအိမ်တွေကြားမှာ ရှိနေတယ်။
၄၅။ ပြန်တွေ့မယ်၊ စင်ပေါ်မှာ သွားရှာပါ။
၄၆။ မိန်းမက သိမ်းထားပေးတာ။
၄၇။ အလုပ်သမားနှစ်ယောက် ယူထားတာပါ။
၄၈။ ရေချိုးခန်းမှာ ရှာပါ။
၄၉။ ပြန်မရတော့ဘူး၊ လက်လွှန် သွားပြီ။
၅၀။ ပြန်တွေ့မှာပါ၊ မပူပါနဲ့။
၅၁။ ဆေးကြောသန့်စင်တဲ့နေရာမှာ ရှိတယ်။
၅၂။ ပစ္စည်းကတော့ လက်ပြောင်းသွားပြီ။
၅၃။ တပည့်တစ်ယောက် ယူထားတာပါ။ မူလနေရာ ပြန်ထားလိမ့်မယ်။
၅၄။ ကလေးတွေကို ရှာခိုင်းပါ၊ ပြန်ရမယ်။
၅၅။ ရေတံလျှောက်နဲ့ ရေနှုန်းနီးတဲ့နေရာတွေမှာ ရှာပါ။
၅၆။ နောက်ဆုံးနားခဲ့တဲ့နေရာမှာ ရှိနေပါတယ်။
၅၇။ ကိုယ့်ဆီမှာပဲရှိသေးတယ်၊ လျှောက်သာရှာပေတော့။
၅၈။ ပြန်မရတော့ဘူး။ လက်လွှန်သွားပြီ။
၅၉။ အတွင်းသူယူထားတာ၊ ကစားစရာထားတဲ့နေရာမှာ ဝှက်ထားတယ်။
၆၀။ ပြန်မရတော့ဘူး။
၆၁။ ဖိနပ်စင်နားမှာ သွားရှာပါ။
၆၂။ အပြင်ရောက်သွားပြီ၊ ပြန်ရတော့မှာမဟုတ်ဘူး။
၆၃။ ပစ္စည်းပေါင်းထားတဲ့နေရာမှာ ရှိတယ်။
၆၄။ အထားမှားတာပါ၊ ပြန်ရမယ်။
၆၅။ ရဲကို အကူအညီတောင်းပါ။
၆၆။ ပြန်မရတော့ဘူး။
၆၇။ ကလေးတစ်ယောက်ကို ရှာခိုင်းပါ၊ ရမယ်။
၆၈။ ခေါင်မိုးထိပ်ဘက်ရောက်နေတယ်၊ တက်ရှာပါ။
၆၉။ အိမ်အဝင်တံခါးနားမှာ ရှိနေတယ်။
၇၀။ မပျောက်ပါဘူး၊ ရေရှိတဲ့နေရာမှာ သွားရှာပါ။
၇၁။ ခြေထောက်နား၊ ပတ်ဝန်းကျင်မှာရှိနေတယ်။
၇၂။ ရေရှိတဲ့နေရာ (သို့) ရေအိုးနားမှာ ရှိနေတယ်။
၇၃။ ရဲကိုသာ အားကိုးပေတော့။
၇၄။ တခြားတစ်ယောက်ကို ရှာခိုင်းပါ၊ ရမယ်။

၇၅။ လက်လွန်နေပြီ၊ ပြန်မရတော့ဘူး။
၇၆။ စားစရာထားတဲ့နေရာမှာ ရှိနေတယ်။
၇၇။ အိမ်အပြင်ဘက်ရောက်နေပြီ၊ သွားရှာပေတော့။
၇၈။ ပြန်ရဖို့မလွယ်ပါ။
၇၉။ သံထည် (သို့) မီးဖိုနားမှာရှိနေတယ်။
၈၀။ လက်ဆွဲသေတ္တာထဲရောက်နေတယ်၊ သွားရှာပါ။
၈၁။ အဝတ်အစားပုံကြားမှာ ရှာပါ။
၈၂။ မီးဖိုချောင်ထဲမှာ ရှိနေတယ်။
၈၃။ ရေတိုင်ကီ (သို့) ရေကန်နားမှာ ရောက်နေတယ်။
၈၄။ အိမ်ထဲမှာပဲရှိတယ်၊ လက်ဆွဲသေတ္တာထဲမှာ ရှာပါ။

(၈၄) အတွင်းဖြစ်ရင် ဖတ်သွားရုံပါပဲ။ အကယ်၍ ရတဲ့သချ်ာအဖြေက (၈၄) ထက်ကျော်နေရင် ရတဲ့အဖြေထဲက (၈၄)ကို နှုတ်ပါ။ အကြွင်းကိုကြည့်ပြီး ဟောကိန်းထုတ်ပါ။

(ပစ္စည်းပျောက်ရှာပုံတော် နည်းအား မည်သူမဆို အသုံးပြုနိုင်ပါသည်။)

(စာရေး သူ)

*

၇၅။ လက်လွှန်နေပြီ၊ ပြန်မရတော့ဘူး။
၇၆။ စားစရာထားတဲ့နေရာမှာ ရှိနေတယ်။
၇၇။ အိမ်အပြင်ဘက်ရောက်နေပြီ။ သွားရှာပေတော့။
၇၈။ ပြန်ရဖို့မလွယ်ပါ။
၇၉။ သံထည် (သို့) မီးဖိုနားမှာရှိနေတယ်။
၈၀။ လက်ဆွဲသေတ္တာထဲရောက်နေတယ်၊ သွားရှာပါ။
၈၁။ အဝတ်အစားပုံကြားမှာ ရှာပါ။
၈၂။ မီးဖိုချောင်ထဲမှာ ရှိနေတယ်။
၈၃။ ရေတိုင်ကီ (သို့) ရေကန်နားမှာ ရောက်နေတယ်။
၈၄။ အိမ်ထဲမှာပဲရှိတယ်။ လက်ဆွဲသေတ္တာထဲမှာ ရှာပါ။

(၈၄) အတွင်းဖြစ်ရင် ဖတ်သွားရုံပါပဲ။ အကယ်၍ ရတဲ့သင်္ချာအဖြေက (၈၄) ထက်ကျော်နေရင် ရတဲ့အဖြေထဲက (၈၄)ကို နှုတ်ပါ။ အကြွင်းကိုကြည့်ပြီး ဟောကိန်းထုတ်ပါ။

(ပစ္စည်းပျောက်ရှာပုံတော် နည်းအား မည်သူမဆို အသုံးပြုနိုင်ပါသည်။)

(စာရေး သူ)

*

# XVIII

"မောင်ရင်တို့လာတော့ ကျုပ်ဘုန်းကြီးတွေ ကျောင်းထဲမှာ ဘာလုပ်နေလဲ"

"သုံးပုံပဟေဠိ ရွှေ့နေတယ်"

သင်္ကန်းကို တစ်ချက်ပြင်ဝတ်ရင်း ဆရာတော် က ထိုင်ခုံမှာ ပြန်ထိုင်သည်။ သုံးပုံပဟေဠိ ဆိုသော အသံကြောင့် ဆရာတော့်မျက်နှာ အနည်းငယ် သုန်မှုန်သွားသလိုလည်း ရှိသည်။ ပြီးတော့မှ ခပ်လေးလေး သက်ပြင်းတစ်ချက်ကိုပြုပြီး . . .

"တကယ်တော့ သုံးပုံပဟေဠိနဲ့ပတ်သက်ပြီး ကမ္ဘာမှာ ပုံပြင်တစ်ပုဒ်ရှိခဲ့တယ်။ အဲဒီ ပုံပြင်ကြောင့် ပဲ တို့ရွာကို သုံးပုံပဟေဠိ ရောက်လာတာလားမသိပါဘူး"

သူ့ဦးခေါင်းတို့ ဆတ်ခနဲထောင်

# XVIII

"မောင်ရင်တို့လာတော့ ကျုပ်ဘုန်းကြီးတွေ ကျောင်းထဲမှာ ဘာလုပ်နေလဲ"

"သုံးပုံပဟေဠိ ရှေ့နေတယ်"

သက်န်းကို တစ်ချက်ပြင်ဝတ်ရင်း ဆရာတော် က ထိုင်ခုံမှာ ပြန်ထိုင်သည်။ သုံးပုံပဟေဠိ ဆိုသော အသံကြောင့် ဆရာတော့်မျက်နှာ အနည်းငယ် သုန်မှုန်သွားသလိုလည်း ရှိသည်။ ပြီးတော့မှ ခပ်လေးလေး သက်ပြင်းတစ်ချက်ကိုပြုပြီး . . .

"တကယ်တော့ သုံးပုံပဟေဠိနဲ့ပတ်သက်ပြီး ကမ္ဘာမှာ ပုံပြင်တစ်ပုဒ်ရှိခဲ့တယ်။ အဲဒီ ပုံပြင်ကြောင့် ပဲ တို့ရွာကို သုံးပုံပဟေဠိ ရောက်လာတာလားမသိပါဘူး"

သူ့ဦးခေါင်းတို့ ဆတ်ခနဲထောင်

သွားပါသည်။ ထူးဆန်းမှု တွေ
ကြားရပြန်ပြီမဟုတ်ပါလား။ ဆရာတော် ဘုန်းကြီးက
သူစိတ်ဝင်စားမှုန်းသိ၍ ထင်သည် ချက်ချင်း ပင်
စကားကို ဆက်ပြောသည်။

''ပုံပြင်က ဒီလိုမျိုး။ ဘုရားသခင်က
ကမ္ဘာကြီးကို ဖန်ဆင်းပြီးတာနဲ့တစ်ပြိုင်နက်
ကမ္ဘာပျက်မယ့် နေ့ကို တွက်ချက်လို့ရအောင်
ပဟေဠိတစ်ပုဒ် ထားခဲ့တယ်တဲ့။ အဲ့ဒီပဟေဠိကို
အိန္ဒိယနိုင်ငံ 'ဗီနာရီ' မြို့ မှာ ရှိတဲ့
ဘုရားရှိခိုးကျောင်းတစ်ကျောင်းမှာ ထားရစ်ခဲ့တယ်လို့
ဆိုကြတယ်။ ပဟေဠိနာမည် က 'ဗြဟ္မာဘုံ' တဲ့။ အချ
့ကလည်း အဲဒီ ပဟေဠိကို အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ
ရှိတဲ့ ဟန္တိုင်းမြို့ က ဘုရား ရှိခိုးကျောင်းတစ်ကျောင်းမှာ
ထားခဲ့တယ်လို့လည်း ဆိုတာပဲ။

ဗြဟ္မာဘုံပဟေဠိက တို့မှာ ရှိတဲ့

သွားပါသည်။ ထူးဆန်းမှု တွေ

ကြားရပြန်ပြီမဟုတ်ပါလား။ ဆရာတော် ဘုန်းကြီးက

သူစိတ်ဝင်စားမှန်းသိ၍ ထင်သည့် ချက်ချင်း ပင်

စကားကို ဆက်ပြောသည်။

''ပုံပြင်က ဒီလိုမျိုး။ ဘုရားသခင်က

ကမ္ဘာကြီးကို ဖန်ဆင်းပြီးတာနဲ့တစ်ပြိုင်နက်

ကမ္ဘာပျက်မယ့် နေ့ကို တွက်ချက်လို့ရအောင်

ပဟေဠိတစ်ပုဒ် ထားခဲ့တယ်တဲ့။ အဲ့ဒီပဟေဠိကို

အိန္ဒိယနိုင်ငံ 'ဗီနာရီ' မြို့ မှာ ရှိတဲ့

ဘုရားရှိခိုးကျောင်းတစ်ကျောင်းမှာ ထားရစ်ခဲ့တယ်လို့

ဆိုကြတယ်။ ပဟေဠိနာမည် က 'ဗြဟ္မာဘုံ' တဲ့။ အချ

့ကလည်း အဲဒီ ပဟေဠိကို အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ

ရှိတဲ့ ဟန္နိုင်းမြို့ က ဘုရား ရှိခိုးကျောင်းတစ်ကျောင်းမှာ

ထားခဲ့တယ်လို့လည်း ဆိုတာပဲ။

ဗြဟ္မာဘုံပဟေဠိက တို့မှာ ရှိတဲ့

သုံးပုံပဟေဠိလိုပဲ ကြေးဝါအောက်ခံပြားပေါ်မှာ 'စိန်' တိုင် သုံးတိုင်ကို စိုက်ထူထားပြီး တစ်တိုင်မှာ ရွှယ်တူနှစ်ခုမပါတဲ့ ကွင်းကလေး (၆၄) ကွင်းကို အောက်မှအထက် ကြီးစဉ်ငယ်လိုက် စေတီပုံသဏ္ဍာန် စွပ်ထားတယ်တဲ့။ ဖြေရှင်းပုံ ကတော့ တို့ရဲ့ သုံးပုံပဟေဠိ ဖြေရှင်းပုံအတိုင်းပဲ။

ဗြဟ္မာဘုံပဟေဠိကို ဘုရားကျောင်းမှာ ရှိတဲ့ဘုန်းကြီးတွေ က ဖြေရှင်းပေးရတယ်တဲ့။ ပဟေဠိ မဆုံးခင်မှာ ပဲ ဘုရားကျောင်းက ဆွေးမြည့် ကြေမွပျက်စီးပြီး ဖုန်မှု နဲ့အ ဖြစ် ကူး ပြောင်းသွား လိမ့်မယ်တဲ့။ ကမ္ဘာကြီးကလည်း ကြီးမားတဲ့ မိုးထစ်ချုန်းသံကြီးနဲ့အတူ ပျောက်ကွယ်သွားလိမ့်မယ်လို့ ပုံပြင်က ဆိုထားတယ်"

စကားဆုံးတော့ ဆရာတော် က နဖူးမှချွေးကို သင်္ကန်းစဖြင့် ပင့်သုတ်သည်။ ရိုးစစ်လည်း

သုံးပုံပဟေဠိလိုပဲ ကြေးဝါအောက်ခံပြားပေါ်မှာ 'စိန်'
တိုင် သုံးတိုင်ကို စိုက်ထူထားပြီး တစ်တိုင်မှာ ရွှယ်တူနှစ်
ခုမပါတဲ့ ကွင်းကလေး (၆၄) ကွင်းကို အောက်မှ
အထက် ကြီးစဉ်ငယ်လိုက် စေတီပုံသဏ္ဍာန်
စွပ်ထားတယ်တဲ့။ ဖြေရှင်းပုံ ကတော့ တို့ရဲ့
သုံးပုံပဟေဠိ ဖြေရှင်းပုံအတိုင်းပဲ။

ဗြဟ္မာဘုံပဟေဠိကို ဘုရားကျောင်းမှာ
ရှိတဲ့ဘုန်းကြီးတွေ က ဖြေရှင်းပေးရတယ်တဲ့။ ပဟေဠိ
မဆုံးခင်မှာ ပဲ ဘုရားကျောင်းက ဆွေးမြည့်
ကြေမွပျက်စီးပြီး ဖုန်မှု န့်အ ဖြစ် ကူး ပြောင်းသွား
လိမ့်မယ်တဲ့။ ကမ္ဘာကြီးကလည်း ကြီးမားတဲ့ မိုးထစ်ချု
န်းသံကြီးနဲ့အတူ ပျောက်ကွယ်သွားလိမ့်မယ်လို့ ပုံပြင်က
ဆိုထားတယ်''

စကားဆုံးတော့ ဆရာတော် က
နဖူးမှချွေးကို သက်န်းစဖြင့် ပင့်သုတ်သည်။ ရိုးစစ်လည်း

ထူးဆန်းသော စကားတို့အား မေ့မေ့မောမော နားထောင်နေမိ၏ ။ ဆရာတော် က ချောင်းတစ်ချက် ဟန့်ကာ . . .

"အဲဒီ ပုံပြင်ကိုဗဟိုပြုပြီး ကျွန်တော့်သင်္ချာပညာရှင်တွေ က ဘုန်းကြီးတွေ ရွှေ့ရမယ့် အကြိမ်ပေါင်းကို ပုံသေနည်းထုတ်တယ်။ (2n - 1) တဲ့။ အစားထိုးတွက်ကြည့်ရင်တော့ (264 - 1) ရဲ့ အဖြေပေါ့"

"ဒါဆို သုံးပုံပဟေဠိနဲ့က (21) ကွင်းနဲ့ (64) ကွင်းပဲကွာပြီး ကျန်တာအတူတူပဲပေါ့"

"ဖြေရှင်းနည်း ကတော့ အတူတူပဲ။ ရလဒ် ကတော့ ဆန့်ကျင်ဘက်လို့ပြောရမှာ ပဲ။ ဗြဟ္မာဘုံ ပဟေဠိရဲ့ ရလဒ်က ကမ္ဘာကြီး ပျက်စီးပျောက်ကွယ်သွားမှာ လေ။ သုံးပုံပဟေဠိ

ထူးဆန်းသော စကားတို့အား မေ့မေ့မောမော နားထောင်နေမိ၏ ။ ဆရာတော် က ချောင်းတစ်ချက် ဟန့်ကာ . . .

"အဲဒီ ပုံပြင်ကိုဗဟိုပြုပြီး ကွန်ပျူတာသင်္ချာပညာရှင်တွေ က ဘုန်းကြီးတွေ ရွှေ့ရမယ့် အကြိမ်ပေါင်းကို ပုံသေနည်းထုတ်တယ်။ (2n - 1) တဲ့။ အစားထိုးတွက်ကြည့်ရင်တော့ (264 - 1) ရဲ့ အဖြေပေါ့"

"ဒါဆို သုံးပုံပဟေဠိနဲ့က (21) ကွင်းနဲ့ (64) ကွင်းပဲကွာပြီး ကျန်တာအတူတူပဲပေါ့"

"ဖြေရှင်းနည်း ကတော့ အတူတူပဲ။ ရလဒ် ကတော့ ဆန့်ကျင်ဘက်လို့ပြောရမှာ ပဲ။ ဗြဟ္မာဘုံ ပဟေဠိရဲ့ ရလဒ်က ကမ္ဘာကြီး ပျက်စီးပျောက်ကွယ်သွားမှာ လေ။ သုံးပုံပဟေဠိ

ကတော့ အဲလိုမဟုတ် ဘူး။ ဘုန်းကြီးတို့ ကိုးချောင်းရွာကြီး အသစ်တန်ဖန် ပြန်လည်ရှင်သန်လာမှာ "

ထို့နောက်တော့ စကားမဆိုမိကြတော့ပါ။ ကိုယ်စီအတွေးတွေ နှင့် ငြိမ်သက်သွားကြသည်။ သူ့ အတွေးထဲမှာ သုံးပုံပဟေဠိနှင့် နံရံမှာ ရေး ထိုးထားသော တပေါင်က နေရာယူနေသည်။ ဤရွာ၏ ထူးဆန်းသော ဖြစ်စဉ်တွေ ကိုလည်း အံ့သြခြင်း အကြိမ်ကြိမ် ဖြစ်မိသည်။

"ဘာပဲ ဖြစ် ဖြစ်ပေါ့၊ မောင်ရင်ရောက်လာတာ ဘုန်းကြီးတို့ရွာအတွက် ဝမ်းသာမိတယ်။ ညနေ အတွက်ရော ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ"

ထိုစကားကြားမှ ကိုယ့်ကိုယ်ကိုယ်

ကတော့ အဲလိုမဟုတ် ဘူး။ ဘုန်းကြီးတို့
ကိုးချောင်းရွာကြီး အသစ်တန်ဖန်
ပြန်လည်ရှင်သန်လာမှာ "

ထို့နောက်တော့ စကားမဆိုမိကြတော့ပါ။ ကိုယ်စီအတွေ းတွေ နှင့် ငြိမ်သက်သွားကြသည်။ သူ့အတွေ းထဲမှာ သုံးပုံပဟေဠိနှင့် နံရံမှာ ရေးထိုးထားသော တပေါင်က နေရာယူနေသည်။ ဤရွာ၏ ထူးဆန်းသော ဖြစ်စဉ်တွေ ကိုလည်း အံ့သြခြင်း အကြိမ်ကြိမ် ဖြစ်မိသည်။

"ဘာပဲ ဖြစ် ဖြစ်ပေ့ါ၊ မောင်ရင်ရောက်လာတာ ဘုန်းကြီးတို့ရွာအတွက် ဝမ်းသာမိတယ်။ ညနေ အတွက်ရော ဘာတွေ ပြင်ဆင်ထားပြီးပြီလဲ"

ထိုစကားကြားမှ ကိုယ့်ကိုယ်ကိုယ်

သတိပြန်ရမိသည်။ ကိစ္စတော့မရှိပါ။ သူ့ဘက်က အားလုံး အဆင်သင့် ဖြစ်နေပါပြီ။

"တပည့်တော် အားလုံးပြင်ဆင်ပြီး သွားပါပြီ"

"ကောင်းတယ်၊ ဘုန်းကြီးလည်း လာရင်လာခဲ့မယ်"

ရှိုးစစ် တစ်ချက်တည့်ကာသွား၏ ။ ပြီး . . . ဆရာတော် ဘုန်းကြီးဆီသို့ ရှိရှိသေသေ အကြည့်ကို ပို့ကာ . . .

"ဆရာတော် လာမယ်ဆိုရင်တော့ လေအောက်မှာ မနေမိဖို့ လျှောက်ထားပါတယ်။ လေတင် မှာ ပဲနေပါ"

ထိုစဉ်မှာ ပဲ အပြင်းမောင်းနှင်သွားသော မြင်းခွာသံ တဖြောင်းဖြောင်းကို အပြင်ဘက်ဆီမှ ကြား

သတိပြန်ရမိသည်။ ကိစ္စတော့မရှိပါ။ သူ့ဘက်က အားလုံး အဆင်သင့် ဖြစ်နေပါပြီ။

"တပည့်တော် အားလုံးပြင်ဆင်ပြီး သွားပါပြီ"

"ကောင်းတယ်၊ ဘုန်းကြီးလည်း လာရင်လာခဲ့မယ်"

ရိုးစစ် တစ်ချက်တည်ကာသွား၏ ။ ပြီး . . . ဆရာတော် ဘုန်းကြီးဆီသို့ ရိုရိုသေသေ အကြည့်ကို ပို့ကာ . . .

"ဆရာတော် လာမယ်ဆိုရင်တော့ လေအောက်မှာ မနေမိဖို့ လျှောက်ထားပါတယ်။ လေတင် မှာ ပဲနေပါ"

ထိုစဉ်မှာ ပဲ အပြင်းမောင်းနှင်သွားသော မြင်းခွာသံ တဖြောင်းဖြောင်းကို အပြင်ဘက်ဆီမှ ကြား

လိုက်ရသည်။ ထူးခြားသွားသော အခြေအနေတစ်ခုကြောင့် ရိုးစစ် အလျင်အမြန်ပင် ပြေးထွက်လိုက်ပါ သည်။ ဆရာတော် က သူ့နောက်မှာ ကပ်လျက်ပါလာ၏ ။ အပြင်ရောက်တော့ . . .

တထောင်းထောင်းထနေသော ဖုန်လုံးတွေကြားမှ မြင်းတစ်ကောင်နှင့် အီလစ်ကို ခပ်ဝါးဝါး မြင်လိုက်ရလေသည်။ မြင်ကွင်းကိုကြည့်ပြီး . . .

"အီလစ် ပြန်သွားတာနဲ့တူတယ်"

ဆရာတော် က မှတ်ချက်တစ်ခုကို ပြု၏ ။ သူ ကတော့ မြင်းကိုဒုန်းစိုင်းသွားသော အီလစ် ကျောပြင်ကိုသာ ကြည့်နေမိလိုက်သည်။ အကြောင်းတစ်ခုခုကြောင့် ချက်ချင်း လက်ငင်း ထပြန်သွားခြင်း ဖြစ်ရပေမည် ။ သူ့မြင်းကြီးကို ဘယ်အချိန် လှမ်းခေါ်လိုက်သည်မသိ။

လိုက်ရသည်။ ထူးခြားသွားသော အခြေအနေတစ်ခုကြောင့် ရိုးစစ် အလျင်အမြန်ပင် ပြေးထွက်လိုက်ပါ သည်။ ဆရာတော် က သူ့နောက်မှာ ကပ်လျက်ပါလာ၏ ။ အပြင်ရောက်တော့ . . .

တထောင်းထောင်းထနေသော ဖုန်လုံးတွေကြားမှ မြင်းတစ်ကောင်နှင့် အီလစ်ကို ခပ်ဝါးဝါး မြင်လိုက်ရလေသည်။ မြင်ကွင်းကိုကြည့်ပြီး . . .

"အီလစ် ပြန်သွားတာနဲ့တူတယ်"

ဆရာတော် က မှတ်ချက်တစ်ခုကို ပြု၏ ။ သူ ကတော့ မြင်းကိုဒုန်းစိုင်းသွားသော အီလစ် ကျော ပြင်ကိုသာ ကြည့်နေမိလိုက်သည်။ အကြောင်းတစ်ခုခုကြောင့် ချက်ချင်း လက်ငင်း ထပြန်သွားခြင်း ဖြစ်ရပေမည် ။ သူ့မြင်းကြီးကို ဘယ်အချိန် လှမ်းခေါ်လိုက်သည်မသိ။

အီလစ်သွားရာနောက်
မျက်စိတစ်ဆုံးလိုက်ငေးရင်း
နောက်ဘက်ပြန်လှည့်လိုက်တော့ . . .

ဆရာတော် က အတွင် းမဝင်သေးဘဲ
အပေါက်ဝတွင် ရပ်ကာ တစ်စုံတစ်ရာကို
ကြည့်နေသည်။ ဆရာတော် ကြည့်ရာသို့ ရှိုးစစ်
ကြည့်လိုက်စဉ် . . .

''ဟင်''

စာကြည့်တိုက်နံရံမှာ ကား
မညီမညာလက်ရေး တွေ နှင့် လောလောလတ်လတ်
ရေး ခြစ်သွား ဟန်တူသော ဂဏာန်းခုနှစ် လုံး။

''အီလစ် ရေး သွားတာနဲ့တူတယ်''

ဆရာတော့်စကားကိုကြားပေမဲ့ သူ ကတော့
ထိုဂဏာန်းခုနှစ် လုံးကိုသာ စူးစူးနစ်နစ် ကြည့်နေမိ

အီလစ်သွားရာနောက်

မျက်စိတစ်ဆုံးလိုက်ငေးရင်း

နောက်ဘက်ပြန်လှည့်လိုက်တော့ . . .

ဆရာတော် က အတွင် းမဝင်သေးဘဲ

အပေါက်ဝတွင် ရပ်ကာ တစ်စုံတစ်ရာကို

ကြည့်နေသည်။ ဆရာတော် ကြည့်ရာသို့ ရိုးစစ်

ကြည့်လိုက်စဉ် . . .

''ဟင်''

စာကြည့်တိုက်နံရံမှာ ကား

မညီမညာလက်ရေး တွေ နှင့် လောလောလတ်လတ်

ရေး ခြစ်သွား ဟန်တူသော ဂဏာန်းခုနှစ် လုံး။

''အီလစ် ရေး သွားတာနဲ့တူတယ်''

ဆရာတော့်စကားကိုကြားပေမဲ့ သူ ကတော့

ထိုဂဏာန်းခုနှစ် လုံးကိုသာ စူးစူးနစ်နစ် ကြည့်နေမိ

ပါတော့သည်။

"2097151"

*

ဒုတိယမြောက်ပြကွက်

(သို့)

'ယက္ခ' အား ဒုတိယအကြိမ် ခြိမ်းခြောက်ခြင်း

*

ပါတော့သည်။

"2097151"

*

## ဒုတိယမြောက်ပြကွက်

(သို့)

## 'ယက္ခ' အား ဒုတိယအကြိမ် ခြိမ်းခြောက်ခြင်း

*

ညလေးတစ်ညက မှ နဲ်ဝါးဝေသီစွာ နဲ့

ကိုးချောင်းရွာလေးပေါ်သို့ ကျရောက်ပေးနေသည်။
ကြယ် မလင်း၊ လမထွက်ဆိုပေမဲ့ ညအလင်းက
ကောင်းကင်မှ သူတို့ရွာလေးပေါ်
မဆိုစလောက်ကလေး ဖြန့် ကျက်ထားပါသည်။

သဲချောင်းမြေပြင်၏ ကျယ်ပြန့်သော
တစ်နေရာမှာ ရွာသူရွာသားတွေ စုရုံးလျက်ရှိနေပါ၏ ။
ဘေးပတ်လည်မှာ မီးတုတ်အချို့ကို
စိုက်ထူထားသည့်ကြောင့် လရောင် မရှိပေမဲ့
သူတို့စုရုံးနေရာ ရပ်ဝန်းလေးက လင်းချင်းနေသည်။

ရှေ့တူရှုသို့ ကြည့်ကာ လည်တဆန့်ဆန့်
ဖြစ်နေကြပါသည်။ သူတို့ကြည့်နေရာသည်ကား . . .

လူ တစ်ယောက် နှင့် ဖိုအုံ့ဆဲဆဲ
မီးပုံလေးတစ်ပုံ၊ ထင်းချောင်းတွေ ဖိုခနောက်သဏ္ဌာန်

ညလေးတစ်ညက မှ နံ့ဝါးဝေသီစွာ နဲ့
ကိုးချောင်းရွာလေးပေါ်သို့ ကျရောက်ပေးနေသည်။
ကြယ် မလင်း၊ လမထွက်ဆိုပေမဲ့ ညအလင်းက
ကောင်းကင်မှ သူတို့ရွာလေးပေါ်
မဆိုစလောက်ကလေး ဖြန့်ကျက်ထားပါသည်။

သဲချောင်းမြေပြင်၏ ကျယ်ပြန့်သော
တစ်နေရာမှာ ရွာသူရွာသားတွေ စုရုံးလျက်ရှိနေပါ၏ ။
ဘေးပတ်လည်မှာ မီးတုတ်အချို့ကို
စိုက်ထူထားသည့်ကြောင့် လရောင် မရှိပေမဲ့
သူတို့စုရုံးနေရာ ရပ်ဝန်းလေးက လင်းချင်းနေသည်။

ရှေ့တူရူသို့ ကြည့်ကာ လည်တဆန့်ဆန့်
ဖြစ်နေကြပါသည်။ သူတို့ကြည့်နေရာသည်ကား . . .

လူ တစ်ယောက် နှင့် ဖိုအုံ့ဆဲဆဲ
မီးပုံလေးတစ်ပုံ၊ ထင်းချောင်းတွေ ဖိုခနောက်သဏ္ဍာန်

စုပုံထား သော မီးမတောက်သေးသည့် မီးပုံလေး ဖြစ်ပြီး ထိုမီးပုံလေးနောက်မှာ လူ တစ်ယောက် မတ်တပ်ရပ်နေသည်။

ကျောဘက်မှတိုက်ခတ်လာသော လေကိုခံယူရင်း ရိုးစစ် ကျေနပ်စွာ ပြုံး လိုက်သည်။ လေတင် မှာ ရပ်နေခြင်း ဖြစ်သည့်အတွက် လေအောက်မှာ ရွာသူရွာသားတွေ ရှိနေသည်။ တစ်ရွာလုံးက သူ၏ ဒုတိယမြောက်ပြကွက်ကို စိတ်ဝင်တစား လာရောက်ကြည့်ရှုနေကြခြင်း ဖြစ်သည်။ သူကလည်း ပြကွက်စတင်ရန် အကောင်းဆုံးအချိန်ကို စောင့်စားနေတာပါ။

ယခုတော့ သူလိုချင်သော အချိန်က လေကို ဖွဖွတိုက်ရင်း ရောက်လို့လာခဲ့ပါပြီ။ မလှမ်းမကမ်း မှာ ရွာသူကြီးဦးယုဝနှင့် လူအချို့ရှိနေသည်။ သူတို့တွေလည်း ရိုးစစ်ပြကွက်ကို လာရောက်ကြည့်ရှု နေကြခြင်

စုပုံထား သော မီးမတောက်သေးသည့် မီးပုံလေး ဖြစ်ပြီး ထိုမီးပုံလေးနောက်မှာ လူ တစ်ယောက် မတ်တပ်ရပ်နေသည်။

ကျောဘက်မှတိုက်ခတ်လာသော လေကိုခံယူရင်း ရိုးစစ် ကျေနပ်စွာ ပြုံး လိုက်သည်။ လေတင် မှာ ရပ်နေခြင်း ဖြစ်သည့်အတွက် လေအောက်မှာ ရွာသူရွာသားတွေ ရှိနေသည်။ တစ်ရွာလုံးက သူ၏ ဒုတိယမြောက်ပြကွက်ကို စိတ်ဝင်တစား လာရောက်ကြည့်ရှုနေကြခြင်း ဖြစ်သည်။ သူကလည်း ပြကွက်စတင်ရန် အကောင်းဆုံးအချိန်ကို စောင့်စားနေတာပါ။

ယခုတော့ သူလိုချင်သော အချိန်က လေကို ဖွဖွတိုက်ရင်း ရောက်လို့လာခဲ့ပါပြီ။ မလှမ်းမကမ်း မှာ ရွာသူကြီးဦးယုဝနှင့် လူအချို့ရှိနေသည်။ သူတို့တွေလည်း ရိုးစစ်ပြကွက်ကို လာရောက်ကြည့်ရှု နေကြခြင်

ဖြစ်သည်။ ဒါပေမဲ့ သူသတိပေးထားသည့်ကြောင့် လေအောက်မှာ မနေ။

အားလုံးက ရိုးစစ် ဘယ်လိုပြကွက်မျိုးကို ပြသမလဲ စိတ်ဝင်စားလျက်ရှိကြသည်။ ထိုအခိုက်မှာ ပဲ . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ရိုးစစ်၏ လက်ခုပ်သံ သုံးချက်နောက်မှာ ပတ်ဝန်းကျင်က တမုဟုတ်ချင်း တိတ်ဆိတ်သွား သည်။ သူစတင်ရန် အချိန်ရောက်ပါပြီ။ ငြိမ်သက်လျက်ရှိနေသော လူအုပ်ကြီးအား တစ်ချက်ကြည့်၍ . . .

"ပြကွက်မစခင် ကျွန်တော် စကားနည်းနည်း လောက် ပြောချင်ပါတယ်"

သူ၏ စတင်ခြင်းစကားသံက

ဖြစ်သည်။ ဒါပေမဲ့ သူသတိပေးထားသည့်ကြောင့် လေအောက်မှာ မနေ။

အားလုံးက ရိုးစစ် ဘယ်လိုပြကွက်မျိုးကို ပြသမလဲ စိတ်ဝင်စားလျက်ရှိကြသည်။ ထိုအခိုက်မှာ ပဲ . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . ."

ရိုးစစ်၏ လက်ခုပ်သံ သုံးချက်နောက်မှာ ပတ်ဝန်းကျင်က တမုဟုတ်ချင်း တိတ်ဆိတ်သွား သည်။ သူစတင်ရန် အချိန်ရောက်ပါပြီ။ ငြိမ်သက်လျက်ရှိနေသော လူအုပ်ကြီးအား တစ်ချက်ကြည့်၍ . . .

"ပြကွက်မစခင် ကျွန်တော် စကားနည်းနည်းလောက် ပြောချင်ပါတယ်"

သူ၏ စတင်ခြင်းစကားသံက

ပတ်ဝန်းကျင်ကို ဟိန်းသွားသည်။ အကုန်လုံးက သူ့စကားကို ငံ့လင့်ကာ တုပ်တုပ်မျှမလှုပ်။

"ကျွန်တော် ဒီရွာကိုရောက်လာကတည်းက ထူးခြားမှု တွေ အများ ကြီး ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီ ထဲကမှ ကျွန်တော် တွေ့ရသလောက် ခင်ဗျားတို့အားလုံးမှာ တူညီတဲ့ထူးခြားမှု တွေ ရှိနေတာ တွေ့ရ တယ်။ အဲဒါဘာလဲဆိုတော့ အရယ်အပြုံး ရှားပါးတာပါပဲ။ ခင်ဗျားတို့မျက်နှာတွေ မှာ ပျော်ရွှင်မှု ကို မတွေ့ရဘူး။ ဒါဟာလည်း ကြုံတွေ့ခံစားနေရတဲ့ ဒုက္ခတွေ ကြောင့် လို့ ကျွန်တော် နားလည်ပါတယ်။ ဒီည တော့ ခင်ဗျားတို့ခံစားနေရတဲ့ ဒုက္ခအားလုံးကိုမေ့ထားပြီး ပျော်ရွှင်အောင် ကျွန်တော် လုပ်ပေးချင်ပါ တယ်။ တဒင်္ဂလေးပဲ ဖြစ် ဖြစ် စိတ်ပေါ့ပါးသွားအောင်ပေါ့"

တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိနေကြသည်။

ပတ်ဝန်းကျင်ကို ဟိန်းသွားသည်။ အကုန်လုံးက သူ့စကားကို ငံ့လင့်ကာ တုပ်တုပ်မျှမလှုပ်။

"ကျွန်တော် ဒီရွာကိုရောက်လာကတည်းက ထူးခြားမှု တွေ အများ ကြီး ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီ ထဲကမှ ကျွန်တော် တွေ့ရသလောက် ခင်ဗျားတို့အားလုံးမှာ တူညီတဲ့ထူးခြားမှု တွေ ရှိနေတာ တွေ့ရ တယ်။ အဲဒါဘာလဲဆိုတော့ အရယ်အပြုံး ရှားပါးတာပါပဲ။ ခင်ဗျားတို့မျက်နှာတွေ မှာ ပျော်ရွှင်မှု ကို မတွေ့ရဘူး။ ဒါဟာလည်း ကြုံတွေ့ခံစားနေရတဲ့ ဒုက္ခတွေ ကြောင့် လို့ ကျွန်တော် နားလည်ပါတယ်။ ဒီည တော့ ခင်ဗျားတို့ခံစားနေရတဲ့ ဒုက္ခအားလုံးကိုမေ့ထားပြီး ပျော်ရွှင်အောင် ကျွန်တော် လုပ်ပေးချင်ပါ တယ်။ တဒင်္ဂလေးပဲ ဖြစ် ဖြစ် စိတ်ပေါ့ပါးသွားအောင်ပေါ့"

တိတ်တိတ်ဆိတ်ဆိတ်ပင် ရှိနေကြသည်။

ရိုးစစ် ပြောစကားအားလုံး ငြင်းစရာမရှိအောင်
မှန်နေသည့်အတွက်လည်း ပြန်ပြောရန်စကားလုံး
မဲ့သွားခြင်း ဖြစ်နိုင်၏ ။

"ခင်ဗျားတို့အားလုံး ကျွန်တော် နဲ့အတူ
လိုက်က, ပေးနိုင်မလား"

"ဗျာ . . . "

"ရှင် . . ."

အာမေဋိတ်သံတွေ ထွက်သွားကြသည်။
အကုန်လုံး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်
ကာ ကြောင်တောင်တောင် ဖြစ်သွားကြ၏ ။
ရိုးစစ်ပြောစကားများ ကို နားကြားလွဲသွားကြသလိုမျိုး၊
သဘောပေါက်ကာ အားလုံးကြားလောက်အောင်
နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံး ကျွန်တော် နဲ့အတူ

ရိုးစစ် ပြောစကားအားလုံး ငြင်းစရာမရှိအောင်
မှန်နေသည့်အတွက်လည်း ပြန်ပြောရန်စကားလုံး
မဲ့သွားခြင်း ဖြစ်နိုင်၏ ။

"ခင်ဗျားတို့အားလုံး ကျွန်တော် နဲ့အတူ
လိုက်က, ပေးနိုင်မလား"

"ဗျာ . . . "

"ရှင် . . ."

အာမေဍိတ်သံတွေ ထွက်သွားကြသည်။
အကုန်လုံး တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်
ကာ ကြောင်တောင်တောင် ဖြစ်သွားကြ၏ ။
ရိုးစစ်ပြောစကားများ ကို နားကြားလွဲသွားကြသလိုမျိုး၊
သဘောပေါက်ကာ အားလုံးကြားလောက်အောင်
နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံး ကျွန်တော် နဲ့အတူ

စိတ်လွတ်ကိုယ်လွတ် က, ပေးနိုင်မလား''

''ဘာကြီးလဲဟ''

''မ ဖြစ်နိုင်တာ''

ဒီတစ်ခါတော့ သေသေချာချာ ကြားလိုက်သည်မို့ ကန့်ကွက်သံတွေ တန်းစီကာထွက်လာပါ သည်။ ကြိုတင်တွေ းထားပြီးသား ကိစ္စတစ်ခု ဖြစ်သည်မို့ ရိုးစစ် တည်ငြိမ်စွာ ပင် . . .

''ဟုတ်ပါပြီ၊ မ ဖြစ်နိုင်ဘူးဆိုရင် ဘာလို့မ ဖြစ်နိုင်တာလဲ ပြောပြပေးလို့ရမလား''

ပထမ ပတ်ဝန်းကျင်ငြိမ်ကာသွား၏ ။ ပြီးမှ မိန်းမကြီး တစ်ယောက် က ရှက်ရွံ့သလိုလိုပုံစံဖြင့် မဝံ့မရဲပြောသည်။

''ကျွန်မတို့ မကတတ်ဘူး''

"ကျွန်တော် လည်း မကတတ်ပါဘူး။ စိတ်ထဲရှိသလိုပဲ ကမှာ ။ စိတ်ပေါ့ပါးသွားရင်ပြီးတာပဲ"

"မဟုတ်ဘူး၊ ကျွန်မက ရက်လည်း ရက်တတ်တယ်"

ဟိုမှသည်မှ ခိုးခိုးခစ်ခစ် ရယ်သံများ ထွက်လာလေသည်။ အချို့လည်း ပြုံး စိစိ၊ လူတွေ အများ ကြီး ဝိုင်းစုပြီးကရမှာ ကို ရက်နေသလိုပါပဲ။ တစ်ယောက် နဲ့ တစ်ယောက် ကြည့်ကာ မကခင် ကတည်းက ရက်နေပုံရလေသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ တစ်ရွာလုံးနီးနီး ရောက်နေကြခြင်း ဖြစ်သည့်အတွက် အရွယ် စုံပါသည်။ အဘိုးကြီး၊ အဘွားကြီး၊ သက်ကြီးရွယ်အို၊ လူပျို၊ အပျို၊ ကလေး အရွယ်စုံပါနေသည့် အတွက် တော် ရုံတန်ရုံ

ဘယ်ကရဲကြမည် နည်း။

အဘိုးကြီးက အဘွားကြီးကို ရှက်၊ အပျိုက လူပျိုကို ရှက်၊ ကလေးက အဖေအမေကို ရှက်၊ အဖေအမေက အိမ်နီးနားချင်းကို ရှက်ဖြင့် ရိုးစစ် အစီအစဉ်ကိုလက်ခံဖို့ မ ဖြစ်နိုင်ပါ။

"မ ဖြစ်ပါဘူး၊ ငယ်ငယ်ကတည်းက ကတာခုန်တာကို ကျုပ်တို့က ဝါသနာပါတာမဟုတ်ဘူး။ မ ဖြစ်ဘူး . . . မ ဖြစ်ဘူး . . ."

"အေးလေ . . . လူတွေ အများ ကြီးနဲ့ ရှက်စရာကြီး"

"ကြီးကောင်ကြီးမား ဖြစ်မှ ကရမတဲ့"

ဆူဆူပူပူအသံတွေ တစ်ယောက် တစ်ပေါက် ထွက်လာသည်။ သူငြိမ်း၍ သာ နားထောင်နေမိ၏ ။

"ကမယ်ကွာ . . . လွန်ခဲ့တဲ့ ခြောက်နှစ်

လောက်ကတည်းက ငါတို့အတွက် အပျော်ဆိုတာ ရှိတာမဟုတ်ဘူး။ မပျော်ရတာ ကြာပြီ၊ ကမယ်"

"ဟုတ်တယ်၊ တစ်နေ့ကုန်တစ်နေ့ခန်း အလုပ်လုပ်နေရလို့ ရယ်ဖို့တောင် သတိမရဘူး။ ကမယ် . . . ပြီးရင် အကုန်လိုက်ကြည့်ပြီး ရယ်မယ်"

"ဟား . . . ဟား . . . ဟား . . . ငါ ကတော့ အခုကတည်းက ပျော်နေပြီဟေ့။ တော် တော် ပျော်ဖို့ကောင်းမှာ ပဲ၊ ပျော်စရာကြီး"

ရှေ့ပိုင်းရှိယောက်ျားလေးအချို့ဆီမှ ထိုသို့ သော အသံတွေ ထွက်လာသည်။ မိန်းကလေးတွေ မှာ ကားအရင်ကတည်းက အရှက်အကြောက်ကြီးသူတွေ ဖြစ်လေတော့ ခါးခါးသီးသီးပင်။

"မ ဖြစ်ပါဘူးဟယ် . . . မကတတ် ကတတ်လိုက်ကလို့ ငါတို့ကိုကြည့်ပြီး ဟိုကောင်တွေ

ရယ် နေဦးမယ်''

''ကြည့်ပါလား၊ အခုကတည်းက ဟိုသေနာတွေ ပြုံး စိစိနဲ့''

''ရှယ်ပဲကွာ၊ ကတာမပြောနဲ့ ရေအိုးရွက် လမ်းလျှောက်တာတောင် မြင်ဖူးတာမဟုတ်ဘူး။ တကယ့်အပီပဲ''

''ဟိုဂျမ်းတောမတော့ နတ်ပူးသလို ကတော့မယ်နဲ့တူတယ်''

ကျွက်စီကျွက်စီအသံတွေ တစ်ကွင်းလုံးဆီမှ ပလူပျံ့လာပါသည်။ ဒါပေမဲ့ အနှစ် ချုပ်လျှင်တော့ 'ကမယ်' ဆိုသည့်အသံထက် 'မကဘူး' ဆိုတာက ရာခိုင်နှုန်းတွေ သိသာစွာ များ လွန်းနေသည်။

ရှေ့ပိုင်းမှာ တင်မဟုတ်၊ အလယ်ပိုင်းမှာ ရော၊ နောက်ပိုင်းမှာ ပါ ကန့်ကွက်သူက ပိုသာလွန်းနေ

၏ ။ ဘယ်လိုပဲစည်းရုံးစည်းရုံး သူ့ဘက်ပါလာဖို့ လမ်းမရှိသည်မို့ ရိုးစစ် စည်းရုံးခြင်းကို လက်လျှော့ လိုက်သည်။ ဒီတော့ . . .

"ဟုတ်ပါပြီ . . . ဒါဆိုလည်း ကျွန်တော် တစ်ယောက် တည်းပဲ ကတော့မယ်"

လေက ကျောဘက်ဆီမှ တဖြူး ဖြူး တိုက်ခတ်လာနေသည်။ ရိုးစစ် ကိုယ်ကိုငုံ့ကိုင်းပြီး ရှေ့မှာ ရှိနေသော ထင်းပုံလေးကို မီးမွှေးလိုက်၏ ။ အဆင်သင့်လုပ်ထားသည်မို့ မီးကခဏချင်းပင် စွဲလောင် လာသည်။ မီးတောက်ရဲရဲလေး ထင်းချောင်းတွေ ကြားမှ တိုးတက်လာသည်နှင့် တစ်ပြိုင်နက် လိုချင် သည့်အတိုင်းအတာရအောင် ရိုးစစ် ထင်းချောင်းတွေ ကို ပြင်ဆင်ပေးလိုက် ၏ ။

ရိုးစစ်လုပ်ကိုင်ပုံအားကြည့်ကာ ဘာတွေ

များ ဆက် ဖြစ်လာမလဲ ရင်ခုန်နေကြသည်။ သူက တော့

. . .

အိတ်ထဲမှ ပုလင်းလေးတစ်လုံးကို ထုတ်လိုက်ပါသည်။ အဖုံးကိုဖွင့်ကာ လက်တွင် းသို့ အနည်း ငယ်လောင်းထည့်လိုက်သည်။ ပြီးတော့ မီးတောက်လေးပေါ်သို့ လက်ထဲမှအမှု န်လေးများ အား ဖြူး ချလိုက်ပါတော့သည်။ လေက ပြေပြေလေးတိုက်ခတ်ပေးနေ၏ ။ ထိုလေနှင့် အတူ . . .

ရှီးစစ်လက်နှစ် ဖက် အပေါ်မြောက်တက်လာသည်။ ပြီး . . . ခါးကိုထောက်ကာ ခြေကိုရှေ့ထိုး ပြီး အကတစ်ကွက်ကို စတင်လိုက်တော့၏ ။ မြင်ဖူး၊ ကြားဖူးထားသည့် ကဗျာလွတ်အက၊ ဆိုင်းသံဗုံသံ မပါပေမဲ့ ရှီးစစ်ခြေထောက်တွေ စည်းချက်ကျလှုပ်ရှားနေသည်။ ကိုယ်ကိုယိမ်းနွဲ့ကာ ခြေနှင့် လက်ကို

ကွေးကာဆန့်ကာဖြင့် . . .

လေကတဖြူး ဖြူး ၊ မီးတောက်လေးက

လေတိုက်ရာဘက်ကို ယိမ်းနွဲ့လို့။ ထို့အတူ . . .

ပထမတော့ လူအုပ်ကြီးက

ရိုးစစ်လုပ်ကိုင်ပုံအားကြည့်ကာ ကြောင်တောင်တောင်။

ဒါပေမဲ့ လိုအပ်သော အချိန်တစ်ခု ကြာသွားချိန်၌ . . .

မီးပုံလေးနှင့် နီးသော အရှေ့ပိုင်းဆီမှ

လူတစ်အုပ် လှုပ်ရှားလာသည်။ ပထမတော့ မသိမသာ၊

ကိုယ်တွေ ယိမ်းနွဲ့သလို ရှိလာသည်။

ရိုးစစ်ပုံစံအားကြည့်ကာ အနည်းငယ် လှုပ်လှုပ်ရှားရှား

ဖြစ်လာ သည်။ ဒါပေမဲ့ သူတို့ကိုယ်သူတို့ သတိပြု

မိပုံမပေါ်။ တဖြည်းဖြည်းနှင့် . . .

လက်တွေ အပေါ်မြှောက်လာပါသည်။

လက်ဆစ်လေးများ ကို ချိုးကာ၊ ကွေးကာ၊ ကိုယ်ကို

ယိမ်းကာနွဲ့ကာ၊ ခြေထောက်တွေ လည်း ချိချိကြွကြွ ဖြစ်လာပြီး ကကြပါတော့သည်။

တဖြည်းဖြည်းနှင့် မီးပုံလေးနှင့် နီးသော အရှေ့ပိုင်းဆီမှ အလယ်ပိုင်း၊ အလယ်ပိုင်းဆီမှ နောက်ပိုင်းဖြင့် လူအုပ်ကြီးတစ်ခုလုံးသည်ကား . . .

ရိုးစစ် စိတ်ထဲရှိသလို လက်၊ ခြေကို ချိုး ကာ က, နေသည်။ ထို့အတူ လေအောက်မှာ ရှိနေသူ အားလုံးမှာ လည်း ညို့ ကွက်တစ်ခု မိနေသလို ဘာကိုမှ သတိမရတော့ပဲ ကကြပါတော့သည်။ ဘာ ကကွက်တွေ လဲ၊ ဘာတွေ ကနေကြတာလဲ ဘယ်သူမှမသိတော့ . . .။

ပါးစပ်ဆိုင်းတီးသံတွေ ၊ စည်းဝါးလိုက်သံတွေ ၊ ရယ်မောသံတွေ သည်ကား သဲချောင်းကွင်းပြင် တစ်နေရာမှာ ပေါ့ပါးလွတ်လပ်စွာ ထွက်ပေါ်လာပါတော့သည်။ ခုန ရှက်ပါသည်ဆိုသူတွေ

လည်း ကတာမှကွေးလို့ ကာလသားတွေ ကြည့်မှာ ကြောက်နေသော အပျိုတွေ မှာ လည်း ဘာကိုမျှ သတိမရ။

တစ်ကွင်းလုံးမှာ အားလုံးကိုမေ့ပြီး ကိုယ့်စိတ်ထဲမှာ ရှိနေသလို ကကြိုး တွေ ဆင်နေပါတော့ သည်။ ရယ်လိုက်မောလိုက်၊ ကလိုက်ခုန်လိုက်နှင့် တစ်ရွာလုံးမှာ ကား . . .

အဘိုးအဘွားတွေ မှာ လည်း မေးတုန်တုန် လည်တုန်တုန်နှင့် . . .။

ထိုအခြင်းအရာကိုကြည့်ပြီး မျက်လုံးပြူး နေသူ လူတစ်စုလည်း ရှိနေသည်။ ဦးယုဝနှင့် ကာလ သားတစ်စု။ စိတ်လွတ်ကိုယ်လွတ် ကနေကြသော ရွာသူရွာသားများ အားကြည့်ကာ ဦးယုဝမှာ မျက်လုံးကြီးပြူး နေသည်။ ခါးခါးသီးသီး ငြင်းနေသူတွေ

တောင် မနေနိုင်မထိုင်နိုင် ကွေးအောင်ကနေ သည့်ဆိုတော့ . . .

ရယ်လည်း ရယ်ချင်သည်။ အံ့လည်း အံ့သြသည်။ ယခုချိန်ထိ လွတ်လွတ်လပ်လပ်ကနေသော ရှိုးစစ်ကိုကြည့်၍ လည်း တုန်လှုပ်ခြင်း ဖြစ်မိ၏ ။ သူ့ရွာသားတွေ ကို ရှိုးစစ် ညှို့ များ ညှို့ လိုက်တာလား။ စိတ်ညှို့ ပြီး က, ခိုင်းနေတာလားဟုလည်း အတွေ းရောက်မိသည်။

သာမန်ကိစ္စတစ်ခုတော့ ဘယ်လိုမှမ ဖြစ်နိုင်။

အရယ်အပြုံး ရှားပါးသော ၊ အပျော်မရှိသလောက်နည်းသော ကိုးချောင်းရွာသူရွာသားတွေ ပြုံး ပျော်ရယ်ရွှင်ပြီး အရက်အကြောက်ကင်းကင်း

ယခုလိုကနိုင်ဖို့ဆိုသည့်ကား . . .

ထိုအခိုက်မှာ ပဲ ကနေရာမှ ရိုးစစ် ရပ်တန့်လိုက်လေသည်။ ဒါပေမဲ့ ရွာသူရွာသားအပေါင်းက တော့ စိတ်လွတ်ကိုယ်လွတ် ကနေကြဆဲ။ နည်းလမ်းမဂို၊ အချုပ်အချယ်မရှိ၊ လက်မြှောက်ခြေမြှောက် ဖြင့် စိတ်ထဲရှိသလို ကနေကြခြင်း ဖြစ်ရာ ရယ်ဖို့လည်းကောင်းသလို ပျော်ဖို့လည်း ကောင်းသည်။

အချိန်တစ်ခုထိကြာအောင် ရိုးစစ် လွှတ်ပေးထားလိုက်ပါသည်။

တလွင့်လွင့်လူးနေသော မီးတောက်လေး အနည်းငယ် အရှိန်လျော့သွားစဉ်မှာ တော့ နီးစပ်ရာ မြေပြင်မှ သဲတစ်ဆုပ်ကိုကြုံး ကာ မီးတောက်ပေါ်ကျဲချလိုက်သည်။ ဖုံးလွှမ်းသွားသော

သဲအရှိန်ကြောင့် မီးတောက်များ ဟုပ်ခနဲ ငြိမ်းသွားသည်။

ထို့အတူ ခြေချိုး၊ လက်ချိုး ကနေသူတွေ အားလုံးမှာ လည်း တိခနဲ မူလအတိုင်း ပြန်လည် ရပ်တန့်သွားချိန်မှာ တော့ အကုန်လုံးသည်ကား . . .

"ဟာ . . ."

"ဟယ် . . ."

"အို . . ."

သူတို့ကိုယ် သူတို့ကြည့်လိုက်၊ တခြားသူကြည့်လိုက်နှင့် ခဏတော့ ကြောင်အမ်းသွားကြပါ သည်။ ခုနဘာ ဖြစ်သွားလိုက်သလဲ၊ သိသူရှိသလို မသိသူတွေ လည်း ရှိသည်။ ကိုယ့်အ ဖြစ်ကိုယ်ကြည့် ကာ မယုံကြည်နိုင်အောင် ရှိနေသူများ လည်း ရှိသည်။

ဒါပေမဲ့ ခဏအကြာမှာ တော့ ဟိုမှသည်မှ ရယ်သံတွေ ထွက်လာပါတော့၏ ။ ပုံပျက်ပန်းပျက် ဖြစ်နေသော ကိုယ့်ပုံစံတွေ ကိုယ်ပြန်ကြည့်ရင်း ရှက်သူရှက်၊ ဘာ ဖြစ်သွားလိုက်သလဲ သတိရကာ တိုးတိုးတိတ်တိတ် ကြိတ်ရယ်သူရယ်။

တစ်ဦးနှင့် တစ်ဦး မကြည့်ရဲအောင် ရှက်ရွံ့စိတ်တွေ မွန်ထူရင်း အကုန်လုံးသည်ကား . . .

နောက်ဆုံးမှာ တော့ တစ်ကွင်းလုံး မနေနိုင်မထိုင်နိုင်အောင် ရယ်မောပစ်လိုက်ကြပါတော့ သည်။

အားလုံးရဲ့ ရင်ထဲမှာ တော့ တူညီတာတစ်ခု ရောက်ရှိသွားခဲ့ပါသည်။ အဲဒါက . . .

နမ်းစေ့တစ်ထောက်စာလေးပဲ ဖြစ် ဖြစ် ရင်ထဲမှာ ပေါ့ပါးသွားကြတာပါပဲ။

*

# ၂၂

တောင်ကုန်းလေးပေါ်မှာ တဲအိမ်လေးတစ်လုံး ရှိနေပါသည်။ ယနေ့တော့ ထိုတဲလေးဆီမှ မီးရောင် ကို မမြင်ရ။ လူနှစ် ယောက် စကားတပြောပြောဖြင့် တဲအိမ်လေးဆီသို့ ဦးတည်ကာ လာနေ သည်။ တောင်ကုန်းလေးကို တက်နေတာမို့ အနည်းငယ် မောပန်းဟန်လည်း ရှိနေ၏ ။

"ငါတော့ တော်တော် အံ့သြတယ်ကွ . . . ဘယ်လိုဘယ်လို ကမိသွားမှန်းမသိခဲ့ဘူး"

"ဟုတ်တယ်၊ ငါလည်း စဉ်းစားမရ ဖြစ်နေတာ။ ရှေ့ကလူတွေ ကတော့ ငါရအောင်

ထိန်းကြည့် သေးတယ်။ ဒါပေမဲ့ မရဘူး။ အလိုလိုကချင်လာတာပဲ"

သူတို့ လိုက်ကမိခြင်းအပေါ် မယုံသလို ပြောနေကြခြင်း ဖြစ်သည်။

"ဘာလို့ နေရင်းထိုင်ရင်း အလိုလို ကချင်လာရတာ လဲ မသိဘူးကွနော်။ ဒီကောင်လေး ဘာနည်းသုံးလိုက်တာလည်း မသိဘူး"

"ဟုတ်တယ်၊ ထိန်းထားတဲ့ကြားက အလိုလို ကချင်လာတာ။ တော် တော် အံ့ဩဖို့ကောင်း တယ်။ ဒီကောင်လေးသုံးတဲ့နည်းကို ငါတို့ဆရာ ယက္ခတော့ သိမယ်ထင်တယ်"

ထိုစဉ်မှာ ပဲ ရွာထိပ်ဆီမှ ခွေးဟောင်သံတစ်ချက်ကို ကြားလိုက်ရလေသည်။ ပြီးတော့ ခွေးအူသံ တွေ ပါ နောက်ဆက်တွဲ အ ဖြစ်

ပါလာသည်။ အနည်းငယ်ထူးဆန်းသွားသည်ကြောင့် ခြေလှမ်းတို့ ရပ်သွား၏ ။ ပြီး . . . နစ် ယောက် စလုံး ရွာထိပ်ဘက်ဆီ ပြိုင်တူလှည့်ကြည့်မိကြသည်။

တစ်အောင့်ကြာတဲ့အထိ ထူးခြားမှု ရှိမလာတော့မှ ရှေ့ပြန်လှည့်ရင်း ခြေလှမ်းကို ဆက်သည်။

"ဘာလို့ ဒီကောင်လေးက ထူးဆန်းတဲ့ပြကွက်တွေ ပြနေရတာ လဲ"

"ငါသတင်းကြားတာတော့ သုံးခုမြောက်ပြကွက်ပြီးသွားရင် ငါတို့ဆရာကိုစိန်ခေါ်ပြီး ပညာပြိုင် မှာ တဲ့"

မေးသူ ပထမ တစ်ယောက် မှာ အူတူ ဖြစ်သွားသည်။ မေးသော မေးခွန်းနှင့် ဖြေသော အဖြေက ဘာမျှမဆိုင်သည်မဟုတ်ပါလား။ ထို့ကြောင့်

သူကပင် . . .

"ပညာပြိုင်တာပဲ တစ်ခါတည်းစိန်ခေါ်ပြီး ပြိုင်လို့ရတဲ့ဥစ္စာ။ ဒီလိုပြကွက်တွေ ပြနေစရာ လိုလို့လား"

ထိုစကားကြောင့် ညံ့လိုက်တာဟူသော ပုံစံဖြင့် ဒုတိယ တစ်ယောက် က ခပ်ချဉ်ချဉ်ကြည့်ကာ ...

"မင်းကလည်း ညံ့လိုက်တာ။ သူဘယ်လောက်တော် တယ်ဆိုတာ တို့ဆရာသိအောင် ပြတာ နေမှာ ပေါ့။ ဒါမှ ပညာပြိုင်ရင် သူ့ကိုရှိန်နေမှာလေ။ ဆိုက်ကိုသဘောတရားပေါ့ကွာ"

ဟုတ် မဟုတ်မသိပေမဲ့ အတည်ကြီးပြောသည်ကြောင့် ပထမလူ ငြိမ်သွားသည်။ စဉ်းစားသွား သလိုရှိပြီး ခေါင်းကိုညိတ်၏ ။

"ဟုတ်မယ်ကွ . . . တတိယပြကွက်တော့

ဘယ်လိုလာဦးမယ်မသိဘူး"

"မနက်ဖြန် သိရမှာ ပေါ့ကွာ။ ဒါနဲ့ ငါတို့ဆရာယက္ခနဲ့ ပညာပြိုင်ရင် ဘယ်သူနိုင်မယ်လို့ မင်း ထင်လဲ"

ပထမလူ ငြိမ်သွားပြန်သည်။ ပြီးမှ ကမ္ဘာကျော်တွေ့ရှိချက်ကြီးတစ်ခုကို အမှတ်မထင် ရရှိလိုက် သလို . . .

"ဒါ ကတော့ လက်တွေ့ပြိုင်ကြည့်မှ သိမှာ ပဲ"

ထို့နောက်တော့ စကားသံတွေ တိတ်သွားကြသည်။ တဲအိမ်လေးနှင့် နီးကပ်လာနေပြီ မဟုတ်ပါလား။

*

## ၃၃၂

ခွေးဟောင်သံရပ်သွားတဲ့အထိ ရိုးစစ်စောင့်နေလိုက်သည်။ ညဥ့်နက်လာ၍ ထင်သည်။ မည်းမည် းမှော င်နေသော ကောင်းကင်မှာ လခြမ်းကွေးကွေးလေးကို တွေ့ ပရ၏ ။

ရွာစည်းရိုး အုတ်တံတိုင်းပေါ်တွင် ထိုင်ကာ မနက်ဖြန်အတွက် စဉ်းစားခန်းဝင်နေမိသည်။ ခွေးတွေ ဟောင်နေသည်မို့ အောက်ကိုမဆင်းသေး။ ရှေ့မလှမ်းမကမ်းမှာ က 'ကိုးချောင်းရွာ' ဟူသော ဆိုင်းဘုတ် ရှိနေ၏ ။ သူ ရွာထိပ်တွင် ရောက်နေတာပါ။

မနက်ဖြန်ပြသမည့် ပြကွက်အတွက် ရောက်နေသည်ဆိုလျှင် ပို၍ မှန်ပေလိမ့်မည် ။ ရွာကိုရောက် စဉ်က ခွေးတစ်ကောင်တစ်လေမှ မတွေ့

သော်လည်း ယခုတော့ ခွေးဟောင်သံတွေ ဆူညံနေ၏

။ (အမှန်ကား သုံးပင်ရွာသို့ အလုပ်သွားလုပ်သူတွေ မှာ

သူတို့၏ အိမ်မွေးတိရစ္ဆာန်များ ကို တစ်ပါတည်း

ခေါ်သွားခြင်း ဖြစ်ပါသည်။)

ရိုးစစ် တုပ်တုပ်မှုမလှုပ်ဘဲ

ထိုင်ကာနေမိသည်။ ပြကွက်နှင့် သင့်တော် မည့်

မြေအနေအထားကို ရှာဖွေရပေမည် ။ မနက်လင်းလျှင်

ရွာသူကြီးအား အကူအညီတောင်းပြီး လူတစ်ကိုယ်စာ

ကျင်း တစ်ကျင်း တူးခိုင်းရမည် ။

ကျောပေးထိုင်နေလျက်မှ ရွာလေးအား

လှည့်ကြည့်မိပါသည်။ ရွာလေးက ပင်ပင်ပန်းပန်းနဲ့

အိပ်မောကျနေပါပြီ။

သူ့ရဲ့ ကျေးရူးရှင်ရွာလေး။

မနက်ဖြန်ပြီးလျှင်တော့ မ ဖြစ်မနေ ယက္ခနှင့်

ယှဉ်ပြိုင်ရပေတော့မည် ။ ဘယ်လိုပင် ဖြစ် ဖြစ် ကျိန်စာပြယ်ဖို့အကြောင်းက ယက္ခကလွဲပြီး မည်သူမျှမသိနိုင်သည် မဟုတ်ပါလား။

ယခုအချိန်ထိတော့ ယက္ခကို သူ မမြင်ဖူးသေး။ ယက္ခ ဘယ်အတိုင်းအတာထိ တတ်မြောက် တယ်ဆိုတာလည်း မသိ၊ သူ့ဘက်က ပြက္ခက်နှစ် ကွက်ဆုံးသည့်တိုင် ယက္ခဘက်က တုံ့ပြန်မှု မရှိပါချေ။ မနက်ဖြန်တော့ ဘယ်လိုလာမည် မသိ။

ထိုစဉ်မှာ ပင် လူကအလိုလိုနေရင်း ကျောမလုံသလို ခံစားလိုက်ရသည်။ သူ့အား တစ်စုံတစ်ယောက် ကကြည့်ရှုနေသလို စိတ်ကတစ်မှဟုတ်ချင်း ပေါ်ပေါက်လာတော့ ရိုးစစ် ရှေ့နောက်ဝဲယာ ကြည့်ရှုလိုက်ပါသည်။ ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ ပ။

အုတ်စည်းရိုးပေါ်ထိုင်နေခြင်း ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ကိုလည်း ရှင်းရှင်းလင်းလင်း မြင် ရသည်။ ဘာမှုရှိမနေပါ။ ဒါပေမဲ့ တစ်အောင့်ကြာသည့်အထိ ထိုစိတ်ကပျောက်မသွား။ ထိုအခိုက် . . .

"မကြောက်ပါနဲ့ကွ . . . ကျုပ်ပါ"

အနီးကပ်ထွက်ပေါ်လာသော အသံတစ်သံကြောင့် ရိုးစစ် ခေါင်းနားပန်းကြီး သွားပါသည်။ အသံလာရာဆီ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ . . .

"မောင်ရင်က လူ ဖြစ်ပြီး အမြင့်မှာ ထိုင်နေတော့ ဘုန်းကြီးလည်း လိုက်တက်လာရတာ ပေါ့"

"ဆရာတော် "

ရိုးစစ်နှုတ်မှ လွှတ်ခနဲ ထွက်သွားမိ၏ ။

အလင်းရောင် နည်းပါးပေမဲ့ သက်န်းရုံထားသော ပုံစံကို တွက်ဆမိသည်။ ပြီးတော့ ရင်းရင်းနှီးနှီး ရှိနေသော စကားသံ။ ဟုတ်ပါ၏ ၊ ညကြီးအချိန်မတော် ရောက်လာသူက ကိုးချောင်းရွာရဲ့ ဆရာတော် ဘုန်းကြီးပါ။

ဆရာတော် မှာ လည်း သူ့လိုပင် အုတ်စည်းရိုးပေါ်တက်ကာ ထိုင်နေခြင်း ဖြစ်ပါသည်။ ဘယ် အချိန်ကတည်းက ရောက်နေသည်မသိသည်။

''ဘာထိုင်လုပ်နေတာလဲကွ''

''မနက်ဖြန် တပည့်တော် ပြမယ့်ပြကွက်အတွက် လိုအပ်တာလေးတွေ ထိုင်စဉ်းစားနေတာဆိုပါ တော့။ ဒါနဲ့ ဆရာတော် ကရော ဒီအချိန်ကြီးကျမှ ဘယ်ကိုလဲ''

''မောင်ရင့်ကို လိုက်ရှာနေတာ''

"ဗျာ . . . "

ရှိုးစစ် အနည်းငယ် ထူးဆန်းသွားသည်။ အချိန်မတော် ရောက်လာသည်ဆိုတော့ ဘယ်လို အကြောင်းကိစ္စများ ပေါ်သနည်း။

"နေ့လယ်က ဂဏန်းခုနစ် လုံးရဲ့ အဓိပ္ပာယ်ကို ဘုန်းကြီးသိပြီ"

"ဟုတ်လား . . . ဘာလဲ"

သူ့မျက်လုံးထဲမှာ စာကြည့်တိုက်နံရံ၌ အီလစ်ရေး သွားခဲ့သော ဂဏန်းခုနစ် လုံးက ဖြုန်းခနဲ ပေါ်လာသည်။ အလျင်စလိုပင် သူမေးလိုက်တော့ . . .

"သုံးပုံပဟေဠိပေါ်မယ့် အကြိမ်အရေအတွက်ပဲ"

"ဗျာ . . . "

ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ လုံးဝထင်မထား . . .

"နေ့လယ်က စာကြည့်တိုက်ထဲမှာ ဖြဟ္မာဘုံပဟေဠိရဲ့ ပုံသေနည်းကို ဘုန်းကြီးတို့ ပြောတယ် မလား။ အဲဒါကိုကြားပြီး အီလစ်က သုံးပုံပဟေဠိကို အစားသွင်းတွက်သွားတာပဲ။ အီလစ်ဘာကိုဆိုလို တယ်ဆိုတာ သိသိချင်း အရမ်းအရေးကြီးသွားမှန်းသိလို့ မောင်ရင့်ဆီကို လိုက်လာတာ။ သုံးပုံပဟေဠိ ရွှေ့ပြီးခဲ့တဲ့အကြိမ်အရေအတွက်ကို ဘုန်းကြီး စစ်ဆေးကြည့်ပြီးပြီ။

ရင်တစ်ချက် ဆောင့်ခုန်သွားသည်။ သုံးပုံပဟေဠိရွှေ့ပြီးခဲ့တဲ့ အကြိမ်အရေအတွက် ဘယ်လောက်ရှိသွားပြီလဲ . . .။

" (2097001) ကြိမ်ရှိသွားပြီ။ ဘုန်းကြီး

တွက်ကြည့်ရသလောက်တော့ ကျောင်းကဘုန်းကြီး
တွေ စားချိန်အိပ်ချိန်ပါမနားဘဲ နေ့ရောညပါ လူလဲပြီး
အမှာ းအယွင်းကင်းကင်း ရွေ့နိုင်မယ်ဆို ဒီလ
မပြည့်လောက်ဘူး"

ဆရာတော် က ပုစွန်တုပ်ကွေး,
ကွေးနေသော လခြမ်းကလေးအားကြည့်ကာ
ပြောတော့ ရင် အခုန် မြန်သွားရပါပြီ။ ဒါဆို
သုံးပုံပဟောဋ္ဌိပေါ်ရန် မလိုတော့ဘူးပေါ့။ တကယ်ပဲ
မိုးပြန်ရွာလာမှာ လား။

ထိုစဥ်မှာ ပင် ကျောထဲမှာ စိမ့်ခနဲ
ခံစားလိုက်ရပြန်သည်။ ဒီတစ်ခါတော့ သူ တစ်စုံ
တစ်ယောက် ကို သတိရလိုက်ပြီ။ ထို့ကြောင့်
အလျင်စလိုပင်။

"ဆရာတော် "

သူ့ကိုလှည့်ကြည့်တော့ . . .

"လိပ်ပြာလွင့်တယ်ဆိုတာကို ဆရာတော် ဘယ်လိုမြင်လဲ"

သူ သတိရလိုက်သည်က ဦးဖိုးလူ။ တစ်ခါက ဆုံဖူးသလိုပဲ လိပ်ပြာလွင့်ပြီး သူတို့ကိုကြည့်နေတာလား။ ထို့အတွက်ကြောင့် ခုလိုမျိုး ခံစားနေရတာလား။ ခွဲခြားမသိနိုင်သည့်အတွက် မေးလိုက်ခြင်းဖြစ်ပါသည်။

"ငြင်းပယ်လို့မရတဲ့ ပညာတစ်ရပ်ဆိုတာကလွဲပြီး ဘာမှသိပ်မထူးခြားပါဘူး။ ဘာလဲ၊ မောင်ရင် က စိတ်ဝင်စားလို့လား"

သူ ခေါင်းညိတ်မိလိုက်သလား မသေချာပါ။ ဒါပေမဲ့ . . .

"စိတ်ဝင်စားတယ်ဆိုတာထက်

အဲ့ဒီအကြောင်းကို သေသေချာချာ သိချင်တာ"

ဆရာတော် တည်ငြိမ်ကာသွား၏ ။

လေအေးအေးက ပူလောင်သော

ရွာလေးပေါ်ကိုဖြတ်ပြီး ခပ်ဖြူး ဖြူး တိုက်ခတ်နေသည်။

ဆရာတော့် လက်မောင်းသင်္ကန်းစလေးက လေမှာ

ဖျတ်ဖျတ်လွင့် နေကာ . . .။

"လိပ်ပြာလွှင့်တယ်ဆိုတာ တကယ်တော့

ဟိုးကမ္ဘာဦးအစ လူသားတွေ ပေါ်လာကတည်းက

ရှိနေတာလို့ဆိုရမှာ ပဲ။ ဒါပေမဲ့ လူတွေ က

ပေါ့ပေါ့တန်တန်ပဲ သဘောထားခဲ့ကြတယ်။ စူးစမ်းမိတဲ့

လူတွေ ရှိရင်လည်း တောက်တီးတောက်တဲ့ကိစ္စတွေ အ

ဖြစ်ပဲ သတ်မှတ်ခဲ့ကြတာ။ ဒါပေမဲ့ စစ်ပြီးခေတ်

နောက်ပိုင်းမှာ မနောနဲ့ပတ်သက်တဲ့

အကြောင်းအရာတွေ ကို လူတွေ

စိတ်ဝင်စားလာကြတယ်။ မနော သုတေသနအဖွဲ့တွေ

စိတ်ဝိညာဉ်ဆိုတာကို ပညာတစ်ရပ်အနေနဲ့
သတ်မှတ်ခဲ့ကြတာပဲ"

ကျောချမ်းပေမဲ့ ဆရာတော် ပြောသမျှကို
စိတ်ဝင်တစား နားထောင်နေမိသည်။

"လိပ်ပြာလွင့်တယ်ဆိုတာ လူတိုင်းမှာ
ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ တမင်တကာ လိပ်ပြာလွင့်ဖို့
အတွက်တော့ လူတိုင်း မလုပ်နိုင်ဘူး။
မောင်ရင်ရှင်းအောင် အလွယ်ဆုံးပြောရရင်တော့
အိပ်ပျော်နေ တုန်း ချောက်ထဲကျသွားတယ်လို့
အိပ်မက်မက်လို့ လန့်နိုးဖူးလား။ ဒါမှမဟုတ်
ထမင်းလုံးတစ္ဆေ ခြောက်ခံရဖူးလား။ အဲလို
ဖြစ်ဖူးတယ်ဆိုရင် အဲဒါ သာမန်ရိုးရိုး လိပ်ပြာလွင့်တာပဲ။
ဒါမျိုးက လူတိုင်းမှာ ဖြစ်တတ်တယ်။ တမင်တကာ
လိပ်ပြာလွင့်တယ်ဆိုတာတော့ အဲ့လိုမဟုတ်ဘူး။
လွယ်လွယ်ပြောရရင် တော့ ရုပ်ခန္ဓာထဲက နာမ်ခန္ဓာ

ခွဲထွက်သွားအောင် လုပ်တာပဲ"

"အဲဒီ ခွဲထွက်သွားတဲ့နာမ်ခန္ဓာက ဘာတွေ လုပ်လို့ရလဲ"

"အများ ကြီးပေါ့၊ ရုပ်မျက်စိနဲ့ မမြင်နိုင်တဲ့အရာတွေ ကို ဖောက်ထွင်းမြင်နိုင်တယ်။ လိပ်ပြာလွှင့် နေစဉ် အကြားအမြင်ပေါက်သလို နောင်ဖြစ်မယ့်ကိစ္စတွေ ကို ကြိုတင်သိမြင်နိုင်တယ်။ ဟောပြောနိုင် တယ်။ စိတ်ထဲရှိရာ ဘယ်နေရာကိုမဆို ခဏအတွင်း ရောက်အောင်သွားနိုင်တယ်။ အဲဒါတွေ က လိပ်ပြာလွှင့်ပညာတတ်မြောက်ခြင်းရဲ့ ကောင်းကျိုးတွေ ပေါ့။ ဒီကောင်းကျိုးတွေ ကြောင့် လည်း လူတွေ က တတ်မြောက်ဖို့စိတ်ဝင်စားတာ"

သူပင် ဆရာတော်

ပြောစကားကိုနားထောင်ပြီး တတ်မြောက်လိုစိတ်တွေ

ဖြစ်ထွန်းသွားသည်။

"ဆိုးကျိုးတွေ ရောရှိသေးလား"

"ရှိတာပေါ့ . . .၊ ဆိုးကျိုးတွေ လည်း ဒီပညာမှာ ရှိတယ်။ မောင်ရင်ကြားဖူးလား တချို့ မျက်လှည့်ဆရာတွေ အောက်လမ်းနည်းသုံးကြတယ်ဆိုတာ"

"ဟုတ်ကဲ့ . . . ကြားဖူးတယ်"

"အမှန်တော့ အောက်လမ်းနည်းဆိုတာ လိပ်ပြာလွှင့်ပြီး တခြားသူတွေ ကို တိုက်ခိုက်တာပဲ"

သူ့မျက်လုံးတွေ ပြာသွားမိသည်။ အောက်လမ်းဆိုတာကို သူတို့လောကမှာ ခဏခဏ ကြားဖူး ပါသည်။ ဒါပေမဲ့ ယခုလိုမထင်မိ။ ဆရာက လူထက်တစ်ဆင့်နိမ့်သူ ဖုတ်၊ သရဲ၊ သဘက်များ ကို စေလွှတ်ပြီးခိုင်းခြင်းဟုသာ သိထားခြင်း ဖြစ်သည်။

အမေပြောပြသော ဇာတ်လမ်းတွေ ကိုလည်း ကြားဖူးပါသည်။ ဒါပေမဲ့ ယခုလိုမထင်ပါ။ အမေ သင်ပေးသော ပညာ ကတော့ ရှင်းရှင်းလေးပါပဲ။ ပဋ္ဌလက်အစစ်အမှန်တွေ ပင်။

"အောက်လမ်းနည်းနဲ့ပြုစားလို့ လူသေသွားတယ်ဆိုတာမျိုးတွေ ကို မောင်ရင် ကြားဖူးလား"

"ကြားတော့ကြားဖူးတယ်၊ ဒါပေမဲ့ အဲ့လိုမျ ုးက တကယ်ရောရှိလို့လား အရှင်ဘုရား"

ဆရာတော် က တဟားဟား အော်ရယ်ပါသည်။ ပြီး အရယ်ကိုရပ်ကာ တည်ကြည်လေးနက် သော ပုံစံဖြင့် . . .

"ရှိတာပေါ့၊ မောင်ရင်လက်ခံအောင် ဘုန်းကြီးပြောပြမယ်။ လိပ်ပြာလွင့်တဲ့နေရာမှာ အလိုလို

ထွက်ခြင်းနည်းရယ်၊ တမင်တကာထွက်ခြင်းရယ်၊ တစ်စုံတစ်ဦးရဲ့ ပယောဂကြောင့် ထွက်ခြင်းနည်းရယ် ဆိုပြီး သုံးနည်းရှိတယ်။ အဲ့ဒီထဲကမှ ကြောက်စရာအကောင်းဆုံးနည်း ကတော့ တစ်စုံတစ်ဦးရဲ့ ပယောဂကြောင့် ထွက်ခြင်းနည်းပဲ။ အောက်လမ်းဆရာတွေ အသုံးပြုတာ အဲဒီ နည်းပေါ့။ သူတို့ရဲ့ မနောစွမ်းအင်နဲ့ တခြားလူရဲ့ စိတ်ကို ညှို့ လိုက်တယ်။ လိပ်ပြာကို အပြင်ထွက်စေတယ်။ ပြီးရင် ထွက် သွားတဲ့လိပ်ပြာကို အထဲပြန်ဝင်ခွင့်မပေးတော့ဘူး။ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာကို သီးခြားလုပ်ပစ်လိုက်တဲ့ သဘောပေါ့။ လိပ်ပြာနှုတ်တယ်ဆိုတာ အဲဒါပဲ''

ရိုးစစ် ကြက်သီးများ ပင် ထမိသွားသည်။ တွဲလဲချထားသော ခြေထောက်နှစ် ချောင်းပင် ထုံကျင်အေးစက်သွားသလား ထင်ရ၏ ။ ဒါပေမဲ့ လိုအပ်သော

မေးခွန်းတစ်ခုကိုတော့ ရှိုးစစ် မမေးမ ဖြစ် မေးလိုက်ပါသည်။

"လိပ်ပြာနှုတ်မခံရအောင် ဘယ်လိုကာကွယ်လို့ရလဲ"

ဆရာတော် ဘုန်းကြီးက ချက်ချင်း မဖြေ။ ကြယ်ရောင် ပျိုးပျိုးပျောက်ပျောက် လင်းနေသော ကောင်းကင်ကိုသာ မော့ငေးနေပါသည်။ သက်ပြင်းရှည်ကြီးကိုလည်း ချနေဟန်ရှိသည်။ ပြီးတော့မှ ...

"ကာကွယ်နိုင်တာ တစ်နည်းပဲရှိတယ်"

# XXII

ထိုနေ့ညက ဆရာတော် ဘုန်းကြီး ပြန်သွားပြီးသည့်တိုင်အောင် ရိုးစစ် အကြာကြီး ဆက်ထိုင် နေမိသည်။

သုံးပုံပဟေဠိပေါ်ဖို့အချိန် နီးကပ်လာနေပြီတဲ့။

ဟိုးရှေးရှေးတုန်းက သက်တော် ရှည်ဘုန်းကြီး ပြောခဲ့တဲ့အတိုင်း ကိုးချောင်းရွာကြီး အသစ်က ပြန်စတော့မှာ လား။

ကျိန်စာပြယ်ပြီး မိုးပြန်ရွာတော့မှာ လား။

သူ့အထင်တော့ သုံးပုံပဟေဠိနဲ့ ကျိန်စာမှာ သပ်သပ်စီပင် ဖြစ်ပါလိမ့်မည် ။ အဘယ့်ကြောင့် ဆို

သော် သက်တော် ရှည်ဘုန်းကြီးကိုယ်တိုင် ရေး သွားခဲ့သည်ဆိုသော တပေါင်ကြောင့် ။

တပေါင်အရ

သုံးပုံပဟေဠိပေါ်ပြီးသည့်နောက်မှာ ချက်ချင်း မိုးပြန်ရွာမည် ဟု ရေး မထား။ ကြား ထဲတွင် စာသုံးကြောင်းတိတိ ကျန်သေးသည်။

ထိုစာသုံးကြောင်းမှာ ဘာကိုဆိုလိုတာလဲ။ တွေ းကြည့် ရသလောက်တော့ ထိုစာသုံးကြောင်းမှာ ကျိန်စာနှင့် ပတ်သက်နေပါလိမ့်မည် ။ ကျိန်စာပြယ်အောင် ကြိုး စားသူတွေ လုပ်ဆောင်ရမည့် အကြောင်းအရာတွေ ပင် ဖြစ်ပါလိမ့်မည် ။

သုံးပုံပဟေဠိလည်းပေါ်ပြီ၊ ကျိန်စာလည်းပြယ်ပြီဆိုတော့ တပေါင်မှာ ဆိုထားသည့်အတိုင်း မိုး ပြန်ရွာမှာ ပါ။

သုံးပုံပဟေဠိပေါ်ရန်အတွက်တော့

ကျောင်းမှဘုန်းကြီးတွေ နေ့မနားညမနား ကြိုး

စားနေကြပြီ။ ဒါဆို ကျိန်စာပြယ်ရန်အတွက်

ဘာလုပ်ရမှာ လဲ။

တပေါင်မှ စာသုံးကြောင်းမှာ ကျိန်စာနှင့်

ဘယ်လိုပတ်သက်နေတာလဲ။

တောက်ရှူး စုန်းမီး ကြွေလိမ့်မည် ။

အလှုံညီးညီး မီးတောက်လိမ့်မည် ။

ဘုရားပေးလက်ဆောင် နှစ် ခုပေါင်းမှ

. . . မိုးသီးကြွေလတ္တံ့။

*

ကျိန်စာဆိုတာ . . .

ကိုယ်ပြုလုပ်ခဲ့သော ကောင်းမှု ၊ မကောင်းမှု တစ်စုံတစ်ရာကို အကြောင်းပြုပြီး တိုင်တည်ရွတ်ဆိုသော သစ္စာတစ်ပုဒ် ဖြစ်၏ ။ ရှေးဘုရင်တွေ လက်ထက်၌ ကျိန်စာ တိုက်ဆိုမှု အများဆုံး ဖြစ်ကြောင်း တွေ့ရသည်။ ဘုရား၊ ကျောင်း၊ ကန် ဆောက်လုပ် လှူဒါန်းသည်။ ထိုအလှူကို အကြောင်းပြုပြီး ကောင်းမှု ကမ္ပည်းကျောက်စာ ရေး ထိုး သည်။

ကမ္ပည်းကျောက်စာ၌ ပြုလုပ်ခဲ့သော ကောင်းမှု ကုသိုလ်ကိုရည်စူး၍ 'ဆုတောင်းစာ' ပါ၏ ။

'ဆုတောင်းစာ' ရဲ့ အောက်မှာ ထိုအလှူကို ဖျက်ဆီးသူတို့အတွက် . . .

'ဘာ ဖြစ်ပါစေ' ဟူသော ကျိန်စာပါ တွဲလျက်ပါရှိသည်။

*

ထို့ကြောင့် ကျိန်စာတိုက်သည်ဆိုရာ၌ အကြောင်းမဲ့ တိုက်လို့မရ။

ကိုယ်တိုင်ပြုလုပ်ခဲ့သော ကောင်းမှု ၊ မကောင်းမှု တစ်စုံတစ်ရာ ရှိရမည် ။ ထို အရာကို တိုင်တည်အကြောင်းပြုပြီးတော့မှ သစ္စာပြု ကျိန်ဆိုနိုင်မည် ။

ကျိန်စာပြယ်ဖို့ဆိုလျှင်တော့ . . .

ဖိုးလက်ဖြူဘာကိုအကြောင်းပြု တိုင်တည်ပြီး ကျိန်စာတိုက်သွားခဲ့တာလဲ သိအောင် လုပ်ရပေမည် ။ ရှင်းအောင်ပြောပါရစေ။

'ဒါကိုပြုလုပ်ခဲ့လို့ ဒါ ဖြစ်ပါစေ' ဆိုတဲ့

ကြားခဲ့ပစ္စည်း။

ထိုကြားခဲ့ပစ္စည်းကပင် တပေါင်မှ စာသုံးကြောင်းနှင့် ပတ်သက်နေတာလား။

*

## ၃၃၂၂

မနက်မိုးလင်းချိန်မှာ တော့ ညနေပြသမည့် ပြကွက်အတွက် ပြင်ဆင်စရာရှိတာကို ပြင်ဆင်ရပါတော့သည်။ ဦးသီလအခန်းထဲမှ သေတ္တာရှည်တစ်လုံးအားရွေးချယ်ကာ ပြန်လည်ပြုပြင် တပ်ဆင် သည်။

ပြီးတော့ ရှာထိပ်ဘက်ရှိ

ကိုးချောင်းရွာဆိုင်းဘုတ်နှင့် မနီးမဝေးတစ်နေရာမှာ
ခြောက်ပေကျင်း တစ်ကျင်းကို တူးစေသည်။ သုံးပင်ရွာ
အလုပ်သွားလုပ်ကြသူတွေ များ သည့်မို့
သူကြီးတပည့်သံခဲနှင့် ကျွန်ရစ်သူ နှစ် ယောက်
သုံးယောက် သာ ဝိုင်းစုတူးဖော်ကြခြင်း ဖြစ်သည်။

ရွာမှာ ပုံမှန်ကျန်ရစ်သူ သက်ကြီးရွယ်အိုနှင့်
ကလေးတစ်သိုက် ကတော့ မြေကျင်းတူးသည့် နေရာသို့
စိတ်ဝင်တစား လာရောက်ကြည့်ရှုနေကြသည်။
သူတို့စိတ်ထဲမှာ လည်း သုံးကြိမ်မြောက် ပြကွက်အ ဖြစ်
ရှီးစစ် ဘယ်လိုပြကွက်မျိုး ပြသမလဲဆိုတာ
တထင့်ထင့်ရှိနေကြသည်။

ဒီလိုနှင့် နေ့တစ်ဝက်မကျိုးခင်မှာ ပင်
သူ့ဘက်က အားလုံးအဆင်သင့် ဖြစ်သွားခဲ့ပါသည်။

ညနေ မြန်မြန်ရောက်ဖို့သာ စိတ်စောနေ၏

။

ညနေမှာ ဘာတေါ ဖြစ်လာမည် ဆိုသည် ကတော့ . . .

*

# XXJV

"ဒီမှာ ရှိနေသူတွေ ထဲက ဘယ်သူမဆို ကျွန်တော့်ကို လက်ထိပ်လာခတ်နိုင်ပါတယ်။ ပြီးတော့ ဟောဒီအခေါင်းကိုလည်း ကြိုက်သလို စစ်ဆေးကြည့်ရှုနိုင်ပါတယ်"

တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကုန်ကြသည်။ ရှေ့မှာ ရှိနေသော ရိုးစစ်နှင့်

အခေါင်းနီ ကြီးတစ်လုံးကိုလည်း အကြည့်တွေ ပြေးလွှားသွားကြသည်။ ညနေ နေဝင်ရီတရောချိန်ပါ။ အချို့ ကတော့ အပုပ်ချိန်ဟုလည်း ခေါ်သည်။ အထက်လမ်း၊ အောက်လမ်းဆရာအများ စု ကတော့ မကောင်း ဆိုးဝါး မြူး တူးချိန်ဟု သတ်မှတ်သည်။

ထိုအချိန်ကိုရွေးချယ်၍ ရိုးစစ် ပြကွက်ကို ပြသခြင်း ဖြစ်ပါသည်။ မမှောင့်တမှောင် အလင်းရောင် အောက်မှာ လူ တစ်ယောက် ၊ အခေါင်းတစ်လုံး၊ ခြောက်ပေကျင်းတစ်ကျင်းနှင့် . . .

မည် သူမျှထွက်မလာကြ။ သူထွက်နိုး ငါထွက်နိုးနှင့် သာ ရှိနေကြသည်။ ရိုးစစ် ကတော့ လက်ထိပ်တစ်ခုကိုကိုင်ကာ ထွက်လာမည့် သူကို ငံ့လင့်နေ၏ ။ ထိုစဉ်မှာ ပဲ . . .

"ငါခတ်မယ်"

ဟိန်းခနဲထွက်သွားသော အသံကျယ်ကြီးတစ်ခု။

"ဟာ . . . စောညို"

ရှမ်းဘောင်းဘီပွပွဝတ်ထားသော စောညိုက ကိုယ်ကိုမတ်ရင်း သူ့ဆီတည့်မတ်စွာ လာနေ သည်။ အကုန်လုံး အာမေဋိတ်သံတွေ ထွက်သွားကြပေမဲ့ ရိုးစစ်ကတော့ အေးဆေးပါပဲ။ ပြုံး လျက်သာ စောညိုကို စောင့်မျှော်နေသည်။ ဘယ်အချိန်ကတည်းက ရောက်နေသည်မသိ။ မည် သူမျှလည်း စောညိုကို မတွေ့မိကြ။

စောညိုက ရိုးစစ်ကိုင်ထားသော လက်ထိပ်ကို ဆတ်ခနဲဆွဲယူကာ အရင်ဆုံးစစ်ဆေးသည်။ ကိုယ်တိုင်လည်း ဖွင့်ချည်ပိတ်ချည် လုပ်ကြည့်သည်။ စိတ်ချရတော့မှ

ထိုးပေးလာသော ရိုးစစ် လက် နှစ် ဖက်ကို လက်ထိပ်မှာ စွပ်၏ ။ ပြီးတော့ သော့ကိုခတ်ကာ လွှင့်ပစ်လိုက်ပါသည်။ သော့လေး တစ်ချောင်းက လူအုပ်တွေ နှင့် ခပ်ဝေးဝေးဆီ ဝဲခနဲ လွင့်ကျသွားသည်။

တစ်ကွင်းလုံးမှာ စောညိုလုပ်ရပ်ကြောင့် 'ဟာ' ခနဲ။ သို့ပေမဲ့ ဘာမျှမပြောရဲကြ။ ခြောက်နှစ် လုံးလုံး သူတို့ကြောက်လာခဲ့ရသော လူ တစ်ယောက် ပင် မဟုတ်ပါလား။

လက်ထိပ်ခတ်ပြီးတော့ စောညိုက နံဘေးတွင် ချထားသော အခေါင်းနီကြီးကို စစ်ဆေးသည်။ အခေါင်းအား ဟိုဘက်၊ ဒီဘက် လှန်ချည်မှော က်ချည် စိတ်ကြိုက်စစ်ဆေးပြီးကာမှ လက်ခံသည့် သဘော သူ့ကိုကြည့်သည်။

သူ အေးအေးဆေးဆေးပင် အခေါင်းတွင်

းသို့ ဝင်လိုက်ပါသည်။ အခေါင်းတွင် းဝင်ထိုင်ပြီးတော့ ကိုယ်ကို ပက်လက်အနေအထား လှဲချလိုက်၏ ။ လူတစ်ကိုယ်စာ အခေါင်းတွင် းမှာ အလိုက်သင့်ပင် လဲလျောင်းပြီး ဖြစ်သွားသည်။ ဒီတော့မှ အပေါ်မှမိုးကြည့်နေသော စောညိုအား . . .

"ရပြီ . . . အဖုံးဖုံးလိုက်တော့"

စောညိုခနဲ့ပြုံး တစ်ခုကို ပြုံး ကာ ဘေးမှာ ရှိနေသော အဖုံးအား အခေါင်းပေါ်တင်သည်။ ပြီးတော့ သော့ ခတ်သည်။ ဒါနှင့် ပဲအားမရသေး အဖုံးပေါ်မှ သံတစ်ချက်ကို ရိုက်သွင်းလိုက်ပါ၏ ။

ကြည့်နေသူအပေါင်းမှာ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ဦးယုဝ မျက်နှာတစ်ချက် ပျက် သွားသည်။ ရိုးစစ်မှာ သွားသည်က သော့ ခတ်ယုံပင်။ ဒါပေမဲ့ . . .

သံရိုက်ချက်တွေ အခေါင်းဆီမှ တဒုန်းဒုန်း ထွက်ပေါ်လာနေပါ၏ ။ စောညိုက အခေါင်းရဲ့ လေးဘက်လေးတန်အား သံတွေ တစ်ချောင်းပြီး တစ်ချောင်း ရိုက်သွင်းနေသည်။ တမင်တကာ အနိုင် ထက်ပိုင်းခြင်းဆိုတာသိပေမဲ့ မည် သူမှမပြောရဲကြ။ ယုတ်မာခြင်းသက်သက် ဖြစ်လေသည်။

အခေါင်းထဲကလူ အပြင်ထွက်နိုင်ဖို့ နေနေသာသာ ရိုက်ထားသော သံတွေ ပြုတ်အောင်ပင် နှစ် ရက်လောက် အချိန်ပေးရမည် ထင်၏ ။ ရိုးစစ် ဘယ်လိုများ ထွက်လာနိုင်မှာ လဲ တွေ းပူကုန်ကြပြီ။

စိတ်ကြိုက်ပြုလုပ်ပြီးတော့မှ စောညိုက နောက်ကိုဆုတ်သည်။ ဦးယုဝမှာ မျက်နှာ လုံးဝ မကောင်းတော့။ မတတ်သာပေမဲ့ ရိုးစစ်ခိုင်းထားသည့်အတိုင်းတော့ လုပ်ရပေမည် ။ ဦးယုဝ ခေါင်းညိတ်ပြလိုက်တော့ အသင့်စောင့်နေသော

ရွာသားလေးဦးက ရိုးစစ်ရှိနေသော အခေါင်းကို မ, ကာ ခြောက်ပေကျင်းထဲ ထည့်ကြသည်။

ကြိုး ဖွင့်စိုင်းကာ ကျင်းထဲထည့်သည်မို့ အခေါင်းက အောက်ကို တအိအိ ကျ သွားပါသည်။ အခေါင်း အောက်ခြေကိုရောက်သွားချိန်၌ ကြိုးကိုထုတ်သည်။ ပြီးတော့ ပေါက်တူး၊ ဂေါ်ပြားများ ဖြင့် မြေဖို့ကြပါတော့၏ ။

စောညိုမျက်နှာ ပြုံး နေသည်။ ဦးယုဝအပါအဝင် ရွာသူရွာသားများ ၏ မျက်နှာတွေ မှာတော့ . . .

## (၅) မိနစ်

"ဟား . . . ဟား . . . ဟား . . . "

စောညိုရဲ့ ရယ်သံကျယ်ကြီးမှာ

လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာပါတော့သည်။ မိုးချုပ်သွားပေပြီ။ အသင့်ယူဆောင်လာသော မီးတုတ်အား မီးညှိပေးနေသော ဦးယုဝကိုကြည့်ကာ စောညိုက ရယ်သံတစ်ဝက်ဖြင့် . . .

"ဘယ်လိုလဲသူကြီး၊ ခင်ဗျားကောင်လေး အခုထိ ထွက်မလာသေးပါလား။ ဟား. . .ဟား . . ."

ဦးယုဝ သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ ဘာမှပြန်မပြောလို။ ဒါပေမဲ့ . . .

"အချိန်ဘယ်လောက်ကြာရင် ထွက်လာမယ်လို့ ခင်ဗျားကိုပြောလဲ"

"အဲလိုတော့ မပြောဘူး"

"ဒါဆို ဘယ်လိုပြောလဲ"

"နာရီဝက်ကြာလို့မှ ထွက်မလာနိုင်ရင် အခေါင်းကို ဖော်ပေးဖို့ မှာ ထားတယ်"

စောညို့တဟားဟား အော်ရယ်ပြန်၏ ။

"ဟား . . . ဟား . . . နာရီဝက်ကြာလို့မှ ထွက်မလာရင်လည်း ဖော်မနေနဲ့တော့။ တစ်ခါတည်းသာ သင်္ဂြိုဟ်လိုက်တော့။ အဲ့ဒီအချိန်ဆိုရင် အထဲမှာ သေနေလောက်ပြီ။ ဟား . . . ဟား . . . ဟား . . ."

ရွာထိပ်ပိုင်း၌ စောညို့ရဲ့ ရယ်သံကြီးသာ ဖုံးလွှမ်းနေပါတော့သည်။

(၁၀) မိနစ်ရှိသွားချေပြီ။

"ကျုပ်ကိုယ်တိုင် အခေါင်းကိုစစ်ဆေးပြီး အဖုံးပိတ်လိုက်တာဗျ။ ကျုပ်ဘယ်လိုပိတ်လိုက်တယ်ဆိုတာလည်း ခင်ဗျားတို့အမြင်ပဲ။ စောင့်မနေနဲ့တော့။ ဒီကောင်လေး ဘယ်လိုမှထွက်လာနိုင်မှာ မဟုတ်တော့ဘူး"

စောညို့က သေချာနေသလိုပြောပေမဲ့ ဦးယုဝ ကတော့ နာရီကိုသာ ကြည့်လို့နေပါသည်။ ရိုးစစ် ပြန်ထွက်လာနိုင်မည် ဆိုတာကိုလည်း ယုံကြည်ထား၏ ။ ရိုးစစ်သည် သွေးအေးအေးဖြင့် အနိုင်ယူတတ် သူ တစ်ယောက် ပင် မဟုတ်ပါလား။

စောညို့ကိုယ်တိုင် လက်ထိပ်ခတ်ပြီး ဘယ်လိုပဲ အခေါင်းကို သံရိုက်ပိတ်ခဲ့ပေမဲ့ ရိုးစစ်ပြန်ထွက် နိုင်မည် ဖြစ်ကြောင်း ယုံနေသည်။ ပဥ္စလက်ဆိုတာ ရိုးစစ်နှင့် တစ်သားတည်းကျနေသော ပညာတစ်ရပ် မှန်း သိနေသည်လေ။

ဒါပေမဲ့ . . .

## (၁၅) မိနစ်

"ဟိုကောင်လေး ထွက်မှ ထွက်လာနိုင်ပါတော့မလား"

"အင်း . . . ကျွန်မလည်း စိတ်ပူနေတာ။ တော်တော် ကြာနေပြီ"

"ထွက်မလာနိုင်ရင်တော့ ဒုက္ခပဲ"

ထိုသို့သော အသံတွေ ကြည့်နေသူတွေ ထဲမှ စိုးစိုးရွံ့ရွံ့ ထွက်လာနေကြသည်။ စိုးရိမ်မည် ဆိုလည်း စိုးရိမ်လောက်နေပါပြီ။ အချိန်ကား (၁၅) မိနစ် ကျော်သွားပြီ မဟုတ်ပါလား။ သူကြီးကိုမှာ ထားသော နာရီဝက်ဆိုသည်ကား နောက်ဆုံးအချိန်။ ထိုအချိန်ထိ ထွက်မလာနိုင်ပါက ရှိးစစ် ရှုံး ပေပြီ။

ရှုံး တာက အရေး မကြီး၊ အသက်အန္တရာယ် စိုးရိမ်ရပါသည်။ ယခုပြကွက်က အသက်နှင့် အလောင်းအစားပြုထားသော ပြကွက်ဆိုလျှင် မမှား။

နာရီဝက်ပြည့်လို့မှ ထွက်မလာနိုင်လျှင် စောညိုပြောသလိုပင် ဖြစ်နိုင်ခြေများ နေ၏။

"ဒုက္ခပဲ . . . ထွက်မလာနိုင်ရင်တောင်
နာရီဝက်ပြည့်အောင်ထိ သူ တောင့်ခံနိုင်ပါ့မလား"

အကုန်လုံး ရင်တမမ ဖြစ်နေကြပါပြီ။
စောညိုကတော့ ခပ်လှမ်းလှမ်းမှာ လက်ပိုက်ပြီး ကြည့်
နေ၏ ။ ရှိနေသူအားလုံးက မြေစာတွေ ပွနေသော
မြေပြင်တစ်ဝိုက်မှလွဲ၍ ကျန်တာအားလုံးကို သတိမရ
မိတော့။ ရိုးစစ်အတွက်သာ တဖွဖွ စိုးရိမ်နေကြပါသည်။

## (၂၀) မိနစ်

ရိုးစစ် ထွက်မလာနိုင်တော့ဘူးလား။
အခြေအနေက စိုးရိမ်ရေအမှတ်ကို ရောက်နေပါပြီ။
ယခု အချိန်ထိ ဖို့ထားသော မြေပြင်က
တုပ်တုပ်မျှမလှုပ်လာသေး။

အထဲမှာ ရိုးစစ် အသက်မှ ရှိသေးတော့ရဲ့
လား။ မွန်းကြပ်ပိတ်လှောင်ပြီး သေသွားပြီလား။

အလုံပိတ်ထားသော အခေါင်းကို စောညိုက
လွှန်လွှန်ကျူး ကျူး သံတွေ ပိတ်ရိုက်သည်။ ပြီးတော့
ရိုးစစ်လက်တို့မှာ အကောင်းအတိုင်းမဟုတ်။
လက်ထိပ်ခတ်ထားသေး၏ ။ အကောင်းအတိုင်းဆိုလျှင်
တောင် အလုံပိတ်ထားသော အခေါင်းထဲက မည် သို့
ထွက်မည် နည်း။

အခေါင်းထဲက ထွက်လာနိုင်သည့်ထား
ဖုံးဖိထားသော မြေကြီးတွေ ကို မည် သို့ တွန်းဖယ်
ရုန်းကန်နိုင်မည် နည်း။

ဦးယုဝမျက်နှာမှာ ဆူးပုတ်ရွက်လောက်သာ
ရှိတော့သည်။ ထို့အတူ ရွာသူရွာသားအားလုံးမှာ လည်း
အသက်ပင် ကောင်းကောင်းမရှူနိုင်။ သူတို့ပါ
မွန်းကြပ်နေသလို ခံစားနေရသည်။ စောညိုက တော့ . .
.

"ကဲ . . . ဘယ်လိုလဲ၊ ကျုပ်ပြောတာကို လက်ခံကြပြီလား။ ဒီကောင်လေး ဘယ်လိုမှ ထွက်မလာနိုင်တော့ဘူးဆိုတာ"

မည် သူ့ဆီကမှ အသံထွက်မလာ။

"စဉ်းစားကြည့်လေ . . . အလုံပိတ်ထားတဲ့အခေါင်းထဲမှာ အပေါ်ကလည်း မြေကြီးတွေ ဖို့ထား တယ်။ လေဝင်ပေါက်လည်း မရှိဘူး။ ဘယ်လိုအသက်ရှူမလဲ။ သာမန်လူ တစ်ယောက် အနေနဲ့ ဒီအနေ အထားကို အလွန်ဆုံး တောင့်ခံနိုင်ရင် မိနစ် (၂၀) ပဲ။ အခု အဲဒီ အချိန် ကျော်သွားပြီ။ ဘယ်လိုလဲ ဖော်ကြည့်ကြတော့မလား"

အားလုံးရဲ့ အကြည့်တွေ ဦးယုဝထံ ရောက်လာသည်။ ဦးယုဝ ကတော့ မတုန်မလှုပ်။ သွေးအေး နေခြင်းမဟုတ်ပါ။ သွေးအပူလွန်ပြီး

ဘာလုပ်ရမှန်းမသိ ဖြစ်နေခြင်း ဖြစ်သည်။ သူ ဘာလုပ်ရမလဲ . . .

"ဘယ်လိုပဲ ဖြစ် ဖြစ် ခင်ဗျားတို့ကောင်လေး ရှုံး ပြီ။ အဲတော့ အသက်မသေခင် ပြန်ဖော်မလား၊ ဒါမှမဟုတ် ကျုပ်ပြောသလိုပဲ အထဲမှာ တစ်ခါတည်း သင်္ဂြိုဟ်လိုက်မလား။ ဟား . . . ဟား . . . ဟား . . . "

## (၂၅) မိနစ်

"ပြန်ဖော်မယ်"

ဦးယုဝစကားသံဆုံးသွားချိန်၌ အကုန်လုံး မြေပုံနားဝိုင်းလာပါတော့သည်။ ပေါက်တူးကိုင်သူ ကိုင်၊ ဂေါ်ပြားကိုင်သူ ကိုင်နှင့် . . .

အားလုံးရဲ့ ရင်မှာ တင်းကြပ်ကုန်ကြပါပြီ။ မျက်ရည်လည်သူ လည်၊ ရင်ဘတ်ဖိသူ ဖိဖြင့် တစ်ရွာ

လုံးဝိုင်းသွားစဉ်မှာ ပဲ . . .

"ဟာ . . . မြေပုံကြီး ကြွလာတယ်ဟေ့"

အကြောက်အကန် ထအော်လိုက်သော ရွာသားတစ်ဦး၏ စကားသံနောက်မှာ . . .

"အမယ်လေး . . ."

"ဘာ ဖြစ်တယ်"

ဦးယုဝမျက်နှာ ချက်ချင်း ဝင်းသွားသည်။ ပေါက်တူး၊ ဂေါ်ပြားကိုင် ဖော်အုံ့ဆဲဆဲ လူတွေ မှာလည်း ကြောင်တောင်တောင် ဖြစ်ကာ ဘာလုပ်ရမှန်းမသိ။

"ဟုတ်တယ်တော့ . . . မြေပုံကြီးကြွလာတယ်"

"ဟယ် . . . နောက်တစ်ခါ ကြွလာပြန်ပြီ"

မိန်းမ တစ်ယောက် က အသံစူးစူးဖြင့် ထ, အော်ပြန်သည်။ အကုန်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြပြီ။ ထိုစဉ်မှာ ပဲ . . .

"ကျွပြန်ပြီဟ"

တတိယအကြိမ် မြေပုံကြီး မို့မောက်တက်လာပြီးသည့်နောက်မှာ တော့ . . .

"ဟာ . . . ဟိုမှာ လက်တစ်ဖက်"

အားရဝမ်းသာ ထအော်လိုက်သော ရွာသားတစ်ဦးရဲ့ စကားသံနှင့် အတူ အကုန်လုံး မြင်လိုက် ရချေပြီ။ မြေပုံကြားမှလက်တစ်ဖက် အပေါ်သို့ တိုးထွက်လာသည်။ ပြီးတော့ နောက်တစ်ဖက်။

"ဟာ . . . ရိုးစစ်လက်မှာ လက်ထိပ်မရှိတော့ဘူး"

"ဟုတ်တယ်။ လက်ထိပ်မပါတော့ဘူး"

"လက်ထိပ်ပြုတ်သွားပြီ"

တစ်ယောက် တစ်ပေါက်
ပြောဆိုနေကြသော စကားသံများ ကိုဖုံး၍
အသံကြီးတစ်သံသည်ကား . . .

"ဆွဲတင်ကြ . . . ဆွဲတင်ကြ . . .
မြန်မြန်ဆွဲတင်။ ဝေါ်ပြားသမားတွေ ကို မြေကို
မြန်မြန်ဖော်"

ဦးယုဝ၏ အမိန့်ပေးခိုင်းစေသံဆုံးသွားချိန်၌
. . .။

*

ရိုးစစ် ပျော့ခွေကာ ပါလာသည်။
သူ့တစ်ကိုယ်လုံးမှာ ဖုန်တွေ သဲတွေ ကပ်ငြိနေ၏ ။

ရင်တွေ တလှပ်လှပ် တုန်နေသည်။ မောဟိုက်ပင်ပန်းလွန်းသည့်ကြောင့် တစ်ကိုယ်လုံးပင် တုန်ယင်နေသလား ထင်ရသည်။ သွေးခုန်နှုန်းတွေ ဒိတ်ဒိတ်မြန်နေပေမဲ့ အသိတော့ ပျောက်မသွား။

နိမ့်ချည်မြင့်ချည် လှုပ်ရှားနေသော ရင်ဘတ်ကိုဖိကာ အသက်ရှူမှန်အောင် မနည်းကြိုးစားနေ ရပါသည်။ မျက်လုံးမှိတ်ထားလျက်မှပင် အသံမျိုးစုံကို ကြားနေ၏ ။

အားပေးသံ၊ သတိပေးသံ၊ နာမည် ခေါ်သံ၊ လှုပ်နှိုးသံတွေ စုံလို့။ ယပ်ခတ်ပေးသူတွေ ၊ ရေတိုက်သူတွေ လည်း ရှိ၏ ။ ဦးယုဝက မြေတွင် ထိုင်ကာ ပွေ့ထားပြီး ရေတိုက်နေခြင်း ဖြစ်သည်။ ရေရရန် ခက်ခဲမှန်းသိပေမဲ့ ခန္ဓာကိုယ်၏ လိုအပ်မှု ကြောင့် သောက်လိုက်ရသည်။

ရေဝင်သွားသည့်ကြောင့် အမော အနည်းငယ် ပြေသွားသည်ဟု ထင်မိသည်။ ဒါပေမဲ့ ရင်တွေ တလှပ်လှပ်ခုန်နေဆဲ၊ ခေါင်းတွေ တရိပ်ရိပ်မူးနေဆဲ၊ မျက်လုံးမှိတ်ဆင်းထားရဆဲ။

ထိုစဉ်မှာ ပဲ . . .

"လုပ်ကြပါဦး . . . လုပ်ကြပါဦး . . . ဒုက္ခတွေ တော့ များ ကုန်ပြီ"

အသံကုန်ဟစ်ကာ ရွာတွင် းမှ အမောတကော ပြေးလာသော မိန်းမ တစ်ယောက် ။ အားလုံးရဲ့ အကြည့်တွေ အသံလားရာဆီ ပြေးသွားစဉ် . . .

"ဒေါ်အေးသင် ပိုးထိလို့တဲ့၊ ရွာထဲမှာ အသည်းအသန် ဖြစ်နေပြီ။ လုပ်ကြပါဦး"

"ဘာ"

"ဘယ်လို"

အကုန်လုံး ခဏတာ ကြောင်အ, သွားကြသည်။ ဒါပေမဲ့ နောက်တစ်ခေါက် ထပ်အော်လိုက် သော စကားအား တိတိကျကျ ကြားလိုက်စဉ်မှာ တော့ . . .

"ဒေါ်အေးသင် ပိုးထိလို့"

*

## XXV

သူတို့ရောက်သွားချိန်၌ ဒေါ်အေးသင်မှာ သေကောင်ပေါင်းလဲပင် ဖြစ်နေပါပြီ။ ခေါင်းရင်းပိုင်း မှာ ဆရာတော် ဘုန်းကြီး ထိုင်နေ၏ ။ ဦးဖိုးလူ ကတော့

ညာဘက်တွင် ထိုင်ကာ အစ်မ ဖြစ်သူ လက်
တစ်ဖက်အားကိုင်ရင်း ငူငူကြီး ဖြစ်နေသည်။
ဒေါ်အေးသင်မှာ တုပ်တုပ်မျှမလှုပ်တော့။

အိမ်အောက်ဘက်တွင် တော့
မိန်းကလေးအချို့နှင့် ယောကျ်ားလေးနှစ် ယောက်
သုံးယောက် ထိုင်နေကြသည်။ ပက်လက်လှဲထားသော
ဒေါ်အေးသင်အနားသို့ သူနှင့် ဦးယုဝရောက်သွားချိန်၌
လူနာမှာ အသက်ရှူမှု ကလွဲပြီး ဘာမှမလုပ်နိုင်တော့ပြီ။
အသက်ကိုပင် ခက်ခက်ခဲခဲ ရှူနေရ၏ ။

မီးအိမ်တစ်လုံးနှင့် အလင်းတိုင်အချို့ကို
ထွန်းညှိထားသည်မို့ ဒေါ်အေးသင်မျက်နှာကို ကောင်း
ကောင်းမြင်နေရသည်။ မျက်ကွင်းတွေ မည်းနက်၍
နှုတ်ခမ်းတွေ ပြာဝေကာ ရင်ဘတ်မှာ ဖုတ်လိုက်
ဖုတ်လိုက် ဖြစ်နေ၏ ။ အခြေအနေ မကောင်းတော့။

ရှိုးစစ် ကိုယ့်ဒုက္ခကိုယ်ပင် သတိမထားနိုင်တော့ပါ။ ခုနပင်ပန်းထားခဲ့ရသမျှတွေ ပင် ဘယ် ရောက်သွားသည် မသိ။ သတင်းကြားကြားချင်း ပြေးလာခဲ့ရသည်မို့ တစ်ကိုယ်လုံးမှာ ချွေးတွေ ချွဲလို့။

ဦးဖိုးလူ ကတော့ အစ်မ ဖြစ်သူရဲ့ မျက်နှာကိုသာ စိမ်းစိမ်းကြီး စိုက်ကြည့်နေ၏ ။ ဘာမှလည်း မပြော၊ လှုပ်ရှားမှု လည်းမရှိ။

သူနှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းပါပဲ။ ပထမအကြိမ်အနေနှင့် သုံးပင်ရွာသွားလမ်းမှာ ဆုံဖူး သည်။ စကားလည်း ပြောဖူးသည်။ ထူးဆန်းသော လူ တစ်ယောက် အ ဖြစ်လည်း ဦးဖိုးလူကို ရှိုးစစ် သတ်မှတ်ခဲ့ဖူးသည်။ ယခု ဒုတိယအကြိမ် တွေ့ဆုံခြင်း ကတော့ ကောင်းသော တွေ့ဆုံခြင်း မမည် နိုင် တော့ပြီ။

တစ်ကိုယ်လုံး ပြာယောင်ယောင် ဖြစ်နေသော ဒေါ်အေးသင်ကို စိတ်မကောင်းခြင်းကြီးစွာ နဲ့ ကြည့်နေမိစဉ်မှာ ပဲ ဆရာတော် ဘုန်းကြီးက . . .

"ကျုပ်လည်း အတတ်နိုင်ဆုံးကြိုး စားတာပဲ၊ မရတော့ဘူး၊ နောက်ကျသွားပြီ။ တော် တော် အဆိပ်ပြင်းတဲ့ အကောင်တစ်ကောင် ဖြစ်လိမ့်မယ်"

ဆရာတော် ဘုန်းကြီးက ဖြည်းဖြည်းအေးအေး ပြော၏ ။ ဒေါ်အေးသင်၏ ခြေထောက်တစ်ဖက် မှာ ပတ်တီးစည်းထားလေသည်။ ဆရာတော် ဘုန်းကြီး တတ်နိုင်သလောက် ဆေးကုထားခြင်း ဖြစ်ပေ လိမ့်မည် ။ ဦးယုဝကပင် အောက်မှာ ထိုင်နေသူ မိန်းကလေးများ ဘက်လှည့်ကာ . . .

"ဘယ်လို ဖြစ်ကြတာလဲ၊ ငါ့ကို ပြောပြစမ်း"

ဦးယုဝမေးတော့ ကောင်မလေး တစ်ယောက် စိုးစိုးရွံ့ရွံ့ ဝင်ဖြေသည်။

"ယက္ခတို့ တောင်ကုန်းအနောက်ဘက်ကို ထင်းချိုးမယ်ဆိုပြီး ထွက်သွားတာပဲ။ အဲဒီ က ပိုးထိ တာထင်တယ်။ ကျွန်မတို့ဆီရောက်တော့ 'ကျုပ် ပိုးထိလာတယ်အေ' လို့ပြောပြီး လဲကျသွားတာ"

ပြီးလေပြီ။ ထပ်မေးစရာ မရှိတော့။

ဤရွာအနီးအနား ပတ်ဝန်းကျင်မှာ သစ်ပင်ကြီး၊ သစ်ပင်ငယ်မရှိပေမဲ့ ယက္ခတို့ တောင်ကုန်း အနောက်ဘက်မှာ တော့ ဆူးတောလိုလို၊ ခြုံ တောလိုလိုအပင်တွေ ရှိသည်။ စိမ်းစိမ်းစိုစိုတော့ မဟုတ်။ ခါးစောင်းလောက်အမြင့်ရှိ ချုံပင်တွေ အစုလိုက်၊ အစုလိုက် ပေါက်နေပြီး

ကန္တာရတောသဖွယ်ပါ။ ယက္ခ တို့
တောင်ကုန်းအနောက်ဘက်မှာ မှ ဖြစ်ရတယ်လို့။

ဦးဖိုးလူ ကတော့ ငူငူကြီးပါပဲ။ အစ်မ ဖြစ်သူအတွက် ယူကျုံး မရ ဖြစ်ဟန်တွေ မျက်နှာမှာ မပေါ် ပေမဲ့ ရင်ထဲမှာ တော့ ကြိတ်မှိတ်ပူလောင်နေဟန် ရှိသည်။

ထိုစဉ်မှာ ပင် . . .

ဒေါ်အေးသင်ရဲ့ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာသည်။ ရှိုးစစ် မျက်လုံးပြူး သွားချိန်၌ လူနာမှာ စကားပြောချင်သလို ပါးစပ်တွေ လှုပ်လာပြီး . . .

"ရေ . . . ရေ . . . ."

တိုးတိုးလျှလျှလေးဆိုပေမဲ့ ဝိုင်းနေသူ သုံးယောက် လုံး ကြားလိုက်သည်။ ခေါင်းရင်းပိုင်းမှ ဆရာတော် ဘုန်းကြီးက ကမန်းကတန်းပင်။

"ရေသောက်ချင်တာ ဖြစ်လိမ့်မယ်၊ ရေအမြန်တိုက်လိုက် . . ."

"အိမ်မှာ ရေမရှိတော့ဘူး"

အေးစက်စက် ထွက်လာသော ဦးဖိုးလူရဲ့ စကား၊ ထိုစကားထဲ၌ ခံစားမှု တစ်ခု ပါနေသယောင်၊ ဆရာတော် က . . .

"ခုန တိုက်လိုက်တဲ့ရေက အကုန်ပဲလား"

ဦးဖိုးလူ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ထို့နောက်မှာ တော့ -

"ရေလိုတယ်၊ သောက်ရေလိုတယ်။ အမြန်ဆုံး သွားယူကြ။ ဘယ်အိမ်ကရရ အမြန်ဆုံးယူလာ ခဲ့။ အမြန်"

ဦးယုဝ၏ အလျင်စလို အမိန့်ပေးမှု အောက်မှာ လူအချို့ ပြေးဆင်းသွားသည်။

"ရေလှောင်ကန်ကိုပါသွား၊
နိုင်သလောက်ရေယူလာခဲ့"

ဦးယုဝရဲ့ နောက်ဆက်တွဲ အမိန့်ပေးမှု
အောက်မှာ ယောက်ျားလေးအချို့ ပြေးလွှားသွားသံကို
ကြားရ၏ ။ ဒါပေမဲ့ . . .

"ရေလှောင်ကန်ကို မသွားနဲ့တော့"

ရွာသားတစ်ဦး၏ တားမြစ်သံက
အမောတကော ထွက်လာသည်။ ထိုတားမြစ်သံကြောင့်
ပြေးထွက်သော ခြေလှမ်းတွေ တုံ့နှေးသွားသည်။
ဘယ်ကမှန်းမသိ ထွက်ပေါ်လာသော တားမြစ်သံ
ကြောင့် ဦးယုဝက . . .

"ဘာ ဖြစ်လို့လဲ"

ထိုရွာသားမှာ အမောတကောဖြင့်
အိမ်ပေါ်ပြေးတက်လာသည်။ ခြေထောက်မှာ ဖုန်တွေ

လူး နေကာ ချွေးတွေ သံတွေ နဲ့၊ အတော် ဝေးဝေးမှ ပြေးလာခဲ့ဟန်ရှိသည်။

"လှောင်ကန်ထဲက ရေတွေ ကို ယက္ခနဲ့သူ့တပည့်တွေ သယ်သွားကြပြီ"

"ဘာ . . . "

"ကျွန်တော် လည်း သိသိချင်း သူကြီးတို့ကို လာပြောတာပဲ"

ရှိုးစစ်ရင်ထဲမှာ ဟာဆင်းသွားသည်။ ဦးယုဝ ကတော့ ဘယ်လို ဖြစ်သွားသည်မသိ၊

"ဟုတ်ရဲ့ လား . . . စောညိုတောင် ငါတို့ဆီ . . ."

ဦးယုဝစကား မဆုံးလိုက် . . .

"ကျွန်တော် ကိုယ်တိုင်မြင်ခဲ့တာ သူကြီး။

တစ်ယောက် တည်း ဖြစ်နေတော့ ကျွန်တော် လည်း မတားရဲဘူး။ တစ်ရွာလုံးကလည်း ရွာထိပ်ကို ရောက်နေတာဆိုတော့ . . .

ရိုးစစ် သဘောပေါက်လိုက်လေပြီ။ စောညို ရောက်လာတာ အယောင်လာပြတာပဲ။ သူ ကိုယ်တိုင်ရောက်လာကာ တစ်ရွာလုံးရဲ့ အာရုံတွေ ပြကွက်နှင့် သူ့ဆီကလွှဲပြီး ဘယ်မှမရောက်အောင် လာထိန်းခြင်း ဖြစ်သည်။

ယခုတော့ အားလုံး လွန်သွားခဲ့ပါပြီ။

ဆရာတော် ဘုန်းကြီးအပါအဝင် အားလုံးသည်ကား ကြားရသော သတင်းတစ်ပုဒ်ကြောင့် ကျောက်ရုပ်ပမာ တောင့်မတ်သွားကြစဉ်မှာ ပဲ . . .

"အစ်မ . . ."

ဦးဖိုးလူ၏ အော်သံကြီးက အက်ရှစွာ ထွက်ပေါ်လာသည်။ တောင့်မတ်သော ခန္ဓာကိုယ်တို့ အော်သံကြောင့် တုန်လှုပ်သွားကြစဉ် . . .

"အစ်မရယ် . . . "

မချိတင်ကဲ ရေရွတ်သံကြီးက အော်သံစွက်ပြီး ထွက်ပေါ်လာပါတော့သည်။ ရိုးစစ် မျက်လုံးအစုံ ကို မှိတ်လိုက်မိသည်။

စိတ်ထဲမှာ လည်း ဆုတစ်ခုကို တောင်းဆိုမိ၏ ။

" ဖြစ်လေရာဘဝတိုင်းမှာ . . . ရေရှားခြင်းဘေးမှ ဝေးပါစေ ဒေါ်အေးသင်"

*

# XXVI

"သားတော့သွားပြီထင်ပါတယ် အမေရယ်"

"ဘာ ဖြစ်လို့လဲသား"

"သား . . . စာတွေ ကျက်လို့ မရတော့ဘူး"

ဘဝအတွက် ပညာရေး နဲ့ပတ်သက်ပြီး အရေး ကြီးဆုံး စာမေးပွဲတစ်ခုဖြေဖို့ နီးကပ်လာချိန်မှာ သူပြောလိုက်မိသော စကား ဖြစ်သည်။

ဝမ်းရေး အတွက် အရပ်တကာ နယ်တကာလှည့်ပြီး မျက်လှည့်ပြစားသောက်နေရသော သူတို့ သားအမိ၊ စာမေးပွဲနီးပြီမို့ အိမ်ပြန်ရောက်နေကြခြင်း ဖြစ်သည်။ သူတို့နေထိုင်ရာမြို့ ကလေးက မြို့ ကြီး ပြကြီးနှင့် အလှမ်းဝေးလှသော လမ်းပမ်းဆက်သွယ်ရေး

ခက်ခဲသည့် မြို့ လေးတစ်မြို့ ဖြစ်သည်။

ထိုမြို့ လေးမှာ မှ သူတို့နေထိုင်ရာသည် လက်လုပ်လက်စားတွေ ပေါသော ဆင်ခြေဖုံးပုံကျ ရပ်ကွက်၊ ရှင်းအောင်ပြောရလျှင်တော့ ဆင်းရဲသား ရပ်ကွက်လေးတစ်ခုတွင် းမှာ ပေါ့။ မကြာခင်မှာ စာမေးပွဲဖြေဆိုရတော့မည် ။ ထိုစာမေးပွဲအတွက် အချိန်မှီပြန်လာကာ စာကျက်နေခြင်း ဖြစ်ပါ၏ ။

သို့ ပေမဲ့ အရပ်တကာ၊ နယ်တကာ လှည့်လည်ဝမ်းကျောင်းလာရသည့် အလုပ်ပင်ပန်းမှု ဒဏ် ကြောင့် လား၊ အိပ်ရေး ပျက်များ လွန်းသည့် ဒဏ်ကြောင့် လားမသိ၊ စာဘယ်လိုမှ ကျက်မရ။ ဦးနှောက် တွေ ဆူဝေနေသလို ခံစားရသည်။ စာကျက်မရသည့်ရက်တွေ များ လာပြီးသည့်နောက်ပိုင်း အမေ့အား အခုလို ဖွင့်ဟပြောလိုက်ခြင်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း အကြီးအကျယ် စိတ်ပျက်မိ၏ ။

စိတ်ဓာတ်တွေ က တက်လိုက်၊ ကျလိုက်၊ လက်လျှော့ချင်စိတ်တွေ စက္ကန့်တိုင်းမှာ တဖွားဖွား ဖြစ်ပေါ်နေသည်။

"သား ဘာလုပ်ချင်လို့လဲ"

အမေက သူ့နားရောက်လာပြီးမေးတော့ . . .

"ဒီနှစ် တော့ စာမေးပွဲမဖြေဘဲ နေလိုက်တော့မလား စဉ်းစားနေတာ"

အမေ ငိုင်တွေ သွားသည်ကို တွေ့ရသည်။ သူ သတိထားမိခဲ့သမျှ ထိုတစ်ကြိမ်သာ အမေ ငိုင်တွေ သွားသည်ကို မြင်ရခြင်း ဖြစ်သည်။ အမေက အစဉ်သဖြင့် တက်ကြွဖျတ်လတ်နေသော မိန်းမ တစ်ယောက် ။ စိတ်ဓာတ်အလွန်မာကျောပြီး မွေးထားသော သား တစ်ယောက် အပေါ် ရည်မှန်းချက် ကြီးကြီးထားရဲသော မိန်းမ တစ်ယောက် ။

သူ့ကို အမေ ပညာတတ် တစ်ယောက် အရမ်း ဖြစ်စေချင်ခဲ့သည်။ အရပ်တကာ နယ်တကာ ပင်ပင်ပန်းပန်း ရှာဖွေစားသောက်ရပေမဲ့ အမေ့ဆီက တစ်ချက်တစ်လေမျှ ညည်းညူသံမကြားရ။ ပင်ပင်ပန်းပန်း ရှာဖွေရသော ငွေကြေးနှင့် သူ့ကို ကျောင်းနေစေသည်။ ပညာသင်စေသည်။

သူ့ကျောင်းစရိတ်အတွက် အမေ အများ ကြီး ကြိုး စားခဲ့ရသည်။ ပင်ပန်းခဲ့ရသည်၊ ချွေတာခဲ့ရ သည်။ ကိုယ့်ဘဝကိုယ် နားလည်သူ တစ်ယောက် မို့ပလည်း အငယ်ပိုင်းအချိန်တွေ မှာ တစ်တန်းပြီး တစ်တန်း အောင်မြင်ခဲ့ပါသည်။ ထို့အတွက်လည်း အမေ ပြောမပြတတ်အောင် ဂုဏ်ယူဝမ်းသာခဲ့ သည်။ ဒါပေမဲ့ ဒီတစ်နှစ် တော့ . . .

အရွယ်ရောက်လာပြီမို့ အမေ့အလုပ်တွေ မှာ သူ တစ်ပိုင်းတစ်စ ပါဝင်ခဲ့ပါသည်။ ကိုယ်တိုင် ကိုယ်ကျ

မျက်လှည့်ဝိုင်းတွေ မှာ ဝင်ရောက်ပြသခဲ့သည်။
ဒါကိုအကြောင်းပြုပြီး သူ မဝံ့မရဲပြောလိုက် ခြင်းပါ။
စာကျက်လို့မရသည် ကတော့ အမှန်ပင် ဖြစ်၏ ။

အမေ အကြာကြီးငိုင်တွေ သွားလေသည်။
အမေ့ပုံစံက သူ တပင်တပန်းပြုစုခဲ့သော ပန်းလေး
တစ်ပွင့် ပွင့်ရက်ကျော်ပြီး နောက်ကျမှပွင့်လာမှာ ကို
မလိုလားပုံမျိုး။ တစ်နှစ် နောက်ကျပြီးမှ ရလာမည့်
အောင်မြင်မှု ကို သဘောမကျပုံမျိုး။

တစ်အောင့်ကြာတော့ ကောက်ခါငင်ကာ
အမေ ထပြောသည်။

"သား . . . အမေ့နောက် ခဏလိုက်ခဲ့"

ဘာမှန်းမသိ။ အမေ
ဦးဆောင်ခေါ်သွားရာနောက် သူလိုက်သွားရသည်။

အမေက စကားတစ်လုံးမျှမပြော၊ ရှေ့ကသာ

တစ်လှမ်းချင်းသွားနေသည်။ အမေ့ပုံကိုကြည့်ပြီး စိတ်မှာ ကြောက်နေ၏ ။ ပြောလိုက်မိသော စကားတစ်ခွန်းအတွက်လည်း နောင်တရသလို ဖြစ်မိသည်။

အမေက တည်တည်ငြိမ်ငြိမ်နှင့် သူတို့မြို့ ရဲ့ ခရော်ခရွတ် ပန်းခြံလေးထဲကို ဝင် သွားပါသည်။ ပန်းခြံထဲမှာ က မျှော်စင်ဟောင်းကြီးတစ်လုံး ရှိသည်။ ထိုမျှော်စင်ကြီးမှ တစ်မြို့ လုံးကို စီးမြင်နိုင်သလို မြို့ ရဲ့ အမြင့်ဆုံးနေရာတစ်ခုလည်း ဖြစ်သည်။ အမေ မျှော်စင်ပေါ်တက်သွားတော့ သူလည်း လိုက်တက်ခဲ့ရသည်။

ဒါပေမဲ့ . . . 'အမေ ဘာလို့ ငါ့ကို မျှော်စင်ပေါ်ခေါ်လာတာလဲ' လို့တော့ တွေ းနေမိသည်။ မျှော်စင်ထိပ်ကိုရောက်တော့ အမေက . . .

"သား . . . အောက်ကို ကြည့်လိုက်စမ်း"

သူ ငုံ့ကြည့်လိုက်တော့ အောက်မှာ သူတို့မြို့လေးကို တွေ့ရ၏။ အမေက သူ့ဘေးလာရပ်ရင်း တစ်နေရာရာကို လက်ညှိုး ထိုးကာ . . .

"မြို့ လယ်က စေတီကိုတွေ့လား"

ကြည့်လိုက်တော့ ညွှန်ပြသော စေတီနှင့် အတူ ထိုစေတီကို ပတ်ဝိုင်းထားသော လမ်းသေးလမ်းသွယ်အမျိုးမျိုးအဖုံဖုံ ကွေ့ကောက်ယှက်ဖြာနေတာကို တွေ့ရသည်။

"သေသေချာချာကြည့် သား"

ကြင်ကြင်နာနာအသံနှင့် အမေက ဆိုသည်။

"စေတီကိုသွားနိုင်တဲ့လမ်းက တစ်လမ်းတည်းမဟုတ်ဘူး။ အများ ကြီးရှိတယ်။

လူ့ဘဝမှာ လည်း ဒီလိုပဲသား၊

သားရည်မှန်းထားတဲ့ပန်းတိုင်ကို

ဒီလမ်းကသွားလို့မရရင် နောက်တစ်လမ်းက

ကွေ့ပြီးသွားနိုင်တယ်။ ဘယ်လမ်းကသွားသွားပေါ့

သားရယ်။ နောက်ဆုံးမှာ မြို့ လယ်ကစေတီဆီကို

ရောက်ဖို့ပဲမဟုတ်ဘူးလား''

အမေ သူ့ကို ဒီမျှော်စင်ပေါ်ခေါ်လာရခြင်းရဲ့

ရည်ရွယ်ချက်ကို အခုမှ သိလိုက်ရသည်။

''စာကျက်လို့မရဘူးဆိုတာနဲ့ပဲ သားက

လက်လျှော့မလို့လား။ စဉ်းစားကြည့်ပါဦး သားရဲ့၊

သားအတွက် နောက်တစ်လမ်းရှိဦးမှာ ပါ''

သူ ငြိမ်၍ သာ နေမိသည်။ ထိုခဏအတွင်

းမှာ ပင် အမေ့ကို အရင်ကထက် အစပေါင်းများ စွာ သူ

လေးစားမိသွားသည်။

"ဘဝဆိုတာ ရှိုးရှိုးလေးပါသားရယ်၊ ရွေးချယ်ပြီးသွားရင် နောက်မဆုတ်ကြေး"

သူ့ဘဝအတွက် လမ်းညွှန်မှု အများကြီးပေးခဲ့သော အမေ့ရဲ့ စကားသံတွေ ၊ သူ့နှလုံးတွင်းမှာ အင်နှင့် အားနှင့် စွဲမြဲနေခဲ့သော အမေ့ရဲ့ စိတ်ဓာတ်ခွန်အားတွေ ၊ ဒါတွေ နဲ့ သူလူလားမြောက်ခဲ့ရတာ ပါ။

တစ်ချိန်က အမေ့ရဲ့ စကားတွေ ကိုပြန်တွေးပြီး သူ ဆို့နင့်နေမိသည်။ မျက်လုံးအိမ်မှာ မျက်ရည် တို့ ရစ်ဝိုင်းလာမိသည်။ အမေ့ကိုလည်း တမ်းတမ်းတတ သတိရမိ၏ ။

အခုချိန်ဆို အမေ ဘယ်ဘဝ၊ ဘယ်ဌာနေများ ရောက်နေမှာ လဲ။ သူ့ကိုပဲ စောင့်ကြည့်နေမှာ လား။ ဒါမှမဟုတ် အမေ အရမ်းတွေ

ချင်မြင်ချင်၊ အတူနေချင်တဲ့လူ တစ်ယောက် နားမှာ ပဲ ရှိနေမှာ လား။

ဘာပဲ ဖြစ် ဖြစ်ပေါ့ အမေရယ်။

အမေ့ကိုအရမ်းချစ်တဲ့ သား တစ်ယောက် ၊ အမေ့စကားတွေ ကို အမြဲလက်ခံယုံကြည်တဲ့ သား တစ်ယောက် ဒီကမ္ဘာလောကကြီးထဲမှာ ရှိနေသေးပါတယ်။

ဟုတ်ပါတယ်၊ ဘဝဆိုတာ အမေပြောခဲ့သလိုပါပဲ။

*

(Elsa Schiaparelli)

1896-1973

*

ဘဝဆိုတာ ရိုးရိုးလေးပါ။

ရွေးချယ်ပြီးသွားရင် နောက်မဆုတ်ကြေး။

*

## XXVII

ရှေ့ပိုင်းဆီမှ လှည်းလေးတစ်စီးက
တအိအိသွားနေသည်။ ထို့နောက်မှာ
လူအုပ်ကြီးတစ်ခုက ပူပူဆွေးဆွေး ပါလာကြသည်။

ယောက်ျားသားများ တွန်းရွှေ့ခေါ်ဆောင်လာကြသော လှည်းတစ်စီး ဖြစ်ပါသည်။ ရိုးစစ်ကိုယ်တိုင်ပင် လှည်းတွန်းသူများ ထဲမှာ ပါဝင်နေ၏ ။

သေဆုံးသွားသူ ဒေါ်အေးသင်ရုပ်အလောင်းအား သင်္ချိုင်းသို့ ခေါ်ဆောင်လာခြင်း ဖြစ်ပါသည်။ တစ်ဦးတည်းသော ဆွေမျိုး ဖြစ်သူ ဦးဖိုးလူ ကတော့ တအိအိ ရွေ့လျားနေသော တွန်းလှည်းလေးအား ကိုင်ရင်း တိတ်တိတ်ဆိတ်ဆိတ် လိုက်ပါလာသည်။ မျက်နှာမှာ ပကတိတည်ငြိမ်နေပါ၏ ။ အစ်မ ဖြစ်သူ ရဲ့ နောက်ဆုံးခရီးကို အေးအေးချမ်းချမ်း လိုက်ပို့ပေးသလိုမျိုး။

မိန်းကလေးအချို့ ကတော့ မချိတင်ကဲ ငိုယိုကာ လိုက်ပါလာကြပါသည်။ ရိုးစစ် စိတ်ထဲမှာ မကောင်း၊ သူရောက်လာချိန်မှစလို့ ဤရွာရဲ့

ဒုတိယမြောက်နာရေး ဖြစ်ပါသည်။ သိရသည်က ဒေါ်အေးသင်မှာ သဘောမနောကောင်းသူတစ်ဦး ဖြစ်ကာ လူချစ်လူခင်များ သူတစ်ဦး ဖြစ်လေ၏ ။ ထို့အတွက်ကြောင့် လည်း သူ့နာရေး က စည်ကားနေသည်။

ပူပြင်းလောင်စပ်သော နေမင်းကို အန်တုရင်းနှင့် ပင် အလောင်းတင်လှည်းလေးက သုသာန်နှင့် တစ်စထက်တစ်စ နီးကပ်လာ၏ ။ ရေရှားပါးသည့်အတွက် ဖြစ်သလိုသင်္ဂြိုဟ်လိုက်ရသော နာရေး ဖြစ်သည်။ ရွာပိုင်လှောင်ကန်ထဲမှာ ရေမရှိတော့သည့်အတွက် သုံးပင်ရွာမှ ခက်ခက်ခဲခဲ သယ်ယူလုပ် ဆောင်ခဲ့ရ၏ ။ အသွားအပြန် သယ်ရသည်မို့ ရွာသူ၊ ရွာသားအပေါင်းမှာ လည်း ပြောပြ၍ မရနိုင်အောင် ပင် ပင်ပန်းနေကြပါပြီ။ သို့ ပေမဲ့လည်း . . .

သုသာန်ဆီသို့ ချင်းနင်းဝင်ရောက်လာတော့

ဝတ္တရားမပျက်ပင် ကာလသားတစ်စုက . . .

"နောက်တစ်ခါလာဦးမလားဟေ့ . . . "

"မလာတော့ဘူး . . . မလာတော့ဘူး . . . "

"ရေရှားတယ်လို့ ပြောဦးမလား"

"မပြောတော့ဘူး . . . "

"ရေငတ်ပြီး သေကြဦးမလား . . . "

"မသေတော့ဘူး . . . မသေတော့ပါဘူး"

အလောင်းတင်လှည်းကို ဝိုင်းပစ်ကြသော မြေကြီးခဲတွေ ရောက်လာသည်။ ရိုးစစ် ခေါင်းငုံ့၍ ပင် အများ နည်းတူ တွန်းလာခဲ့၏ ။

ခုနအော်ဟစ်လိုက်သည့်ကြောင့် လည်ချောင်းတွေ ခြောက်ကပ်ကွဲအက် သလို ခံစားနေရသည်။

ရေငတ်ပြီးသေဆုံးခြင်းမဟုတ်ပေမဲ့
နောက်ဆုံးထွက်သက်မှာ တောင်းဆိုသော ရေကို
ဒေါ်အေးသင် မသောက်လိုက်ရပါပေ။
ဝဋ်ကြွေးတစ်ခုပါပဲ။

နောက်ဆုံးထွက်သက်မှာ တောင်း
ရေဝအောင်မသောက်သွားရသူ ဒေါ်အေးသင်အတွက်
ရိုးစစ် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိပါသည်။
ဦးဖိုးလူရော ဘယ်လောက်ခံစားနေရမလဲ။ သူလို သွေး
မတော် သားမစပ် အလည်ရောက်လာသူ တစ်ယောက်
ကပင် ဤမျှလောက်ခံစားနေရသည် ဆိုပါက
ကာယကံရှင်တွေ မှာ ဆိုဖွယ်ရာမရှိ။

သုသာန်တွင် းရောက်တော့ ရိုးစစ်
ဇရပ်လေးဆီ လှမ်းကြည့်မိသည်။ ငုတ်တုတ်ထိုင်ကာ
သယ်ဆောင်လာသော အသုဘကို ငူငူငေးငေး
ကြည့်နေသော အီလစ်ကို တွေ့ရ၏ ။ တစ်နေ့ရာရောက်

တော့ လှည်းကိုရပ်ကာ အခေါင်းကို ချသည်။ ပြီးတော့ တူးဖော်ထားသော မြေကျင်းရှိရာအတွင်း းပိုင်း ဆီ သယ်ဆောင်သွားကြ၏ ။ အလောင်းနောက်မျ လူအုပ်ကြီးပါသွားသည်။ ရိုးစစ်လည်း ဦးဖိုးလူနှင့် မလှမ်းမကမ်းမှ လိုက်သွားလိုက်ပါသည်။ မြေကျင်းဆီရောက်တော့ ထမ်းယူလာသော ကာလသား တွေ က အလောင်းကို သုံးပတ် ပတ်ကာ ကစားသည်။

ပြီးတော့ . . .

"ဦးလေး . . . အလောင်းကြည့်ဦးမလား . . . "

ကာလသား တစ်ယောက် ရဲ့ အမေးကို ဦးဖိုးလူက . . .

"မကြည့်တော့ဘူး၊ ချလိုက်တော့"

ခဏချင်းပင် အလောင်းမှာ ကျင်းထဲရောက်သွားသည်။ ဒေါ်အေးသင်ကို

ချစ်ခင်ရင်းနှီးသူတွေ ရဲ့ ငိုယိုအော်ဟစ်သံတွေ ဆူညံသွား၏ ။ လင်မရှိ သားမရှိ အပျိုကြီး ဖြစ်ပေမဲ့ စိတ်ထားကောင်းသူမို့ ဝမ်းပန်းတနည်း နှမျောငိုကြွေးသူများ မှာ မနည်း။

ငိုလျက်မှပင် ကျင်းထဲရောက်သွားပြီ ဖြစ်သော အခေါင်းပေါ်သို့ နိုင်သလောက် မြေခဲတွေ ပစ်ထည့်ပေးကြပါသည်။ တစ်ရွာလုံးစုပေါင်း၍ မြေဖို့နှုတ်ဆက်သည့်သဘော ဖြစ်သည်။

ပြီးတော့ ထုံးစံအတိုင်း နံရံအုတ်တံတိုင်းတစ်ခုဆီသို့ ဦးတည်သွားကြသည်။ သုသာန်ရဲ့ အနောက်ဘက်အုတ်တံတိုင်း ဖြစ်၏ ။ လက်ထဲမှာ စာရွက်ခေါက်လေးတွေ နဲ့ . . .

ဦးဖိုးလူအပါအဝင် ရိုးစစ်နှင့် ကာလသားအချို့ ကတော့ အခေါင်းကို

ဆက်လက်မြေဖို့နေကြဆဲ . . .

မြေဖို့ပြီးတော့ အပေါ်မှာ 'ဒေါ်အေးသင်၊ အသက် (၆၄) နှစ် ' ဟူသော မှတ်တိုင်တစ်တိုင်ကို စိုက်သည်။ ထိုစဉ်မှာ ပဲ . . .

"ဝုစ် . . . ဒုတ် . . . "

မြားတစ်စင်းက မြေပုံပေါ် ထိုးစိုက်သွားသည်။ တစ်ဆက်တည်းလိုလို သုသာန်နံ့ရံအပြင်ဘက် ဆီမှ အပြင်းမောင်းနှင်သွားသော မြင်းခွာသံ တဖြောင်းဖြောင်းကိုလည်း ကြားလိုက်ရ၏ ။ ဘာလဲ . . .

ဘာသဘောလဲ . . .။

မြေဖို့နေသော သူတို့လူစုမှာ ရှေ့တည့်တည့်ထိုးစိုက်လာသော မြားတစ်စင်းကိုကြည့်ကာ ကြောင်အမ်းသွားကြစဉ် . . .

ဦးဖိုးလူက ဆတ်ခနဲ ဆွဲနှုတ်သည်။ ပြီး . . . တွဲ လျက်ပါလာသော စာတစ်စောင်အား ဖြဲယူ ဖတ်ကြည့်လိုက်တော့ . . .

မျက်နှာအရောင် တစ်ချက် ပြောင်းသွား၏ ။ ပြီး သူ့ကိုတည့်တည့်စူးစူးကြည့်ကာ လက်ထဲမှ စာကို ကမ်းပေးသည်။ ရိုးစစ် အလျင်စလို ယူကြည့်လိုက်တော့ . . .

ကောင်လေး . . .

ညနေ (၆) နာရီ မင်းကို ငါ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် တွေ့မယ်။ သဲချောင်းမြေပြင်ဟာ မင်းရဲ့ သင်္ချိုင်း ဖြစ်စေရမယ်။

ယက္ခ

သူ့နားထဲ၌ ဘယ်ကမှန်းမသိသော ရယ်သံကြီးတစ်ခုက ကျယ်ကျယ်လောင်လောင် ပျံ့လွင့်

လာသလို။

ရပါတယ်။

*

## XXVIII

အနောက်ဘက်သုသာန်စည်းရိုးနဲ့
ရပ်ဝန်းလေးတစ်ခုမှာ စာရွက်ခေါက်လေးတွေ
စုစုရည်ရည် ထိုးညှပ်ထားကြပါသည်။
ထိုစာရွက်ခေါက်လေးများ ကို အီလစ်က
ဇကာလေးတစ်ခုကိုင်ပြီး ဖြုတ်ယူနေ၏ ။ ရိုးစစ်လည်း
အီလစ်နည်းတူ စာရွက်ခေါက်လေးများ ကို လိုက်လံဖြု
တ်ယူနေသည်။

သုသာန်တွင်းမှာ မည် သူမျှမရှိကြတော့။ သူတို့နှစ် ယောက် သာ စာရွက်များ ကိုဖြုတ်ရင်း ကျန်ခဲ့သည်။ ရိုးစစ်အိတ်တွင်းမှာ ထူးထူးခြားခြား စာရွက်လေးတစ်ရွက် ရှိနေပါသည်။ မြေပုံပေါ်မှရခဲ့သော စာလေး။

သူ့ကိုပင်မစောင့်တော့ဘဲ ယက္ခက စတင်ကာ စိန်ခေါ်လိုက်ပေပြီ။ ဘာပဲပြောပြော၊ ယနေ့ ညနေ (၆) နာရီမှာ ယက္ခနှင့် တွေ့ရတော့မည် ။ ကြောက်ရွံ့ခြင်းကင်းပေမဲ့ ရင်တော့ အနည်းငယ် ခုန်နေ၏ ။

ဇကာလေးပြည့်သွားတော့ အီလစ်က ဇရပ်ရှိရာဆီ လှည့်ထွက်သွားသည်။ သူ တစ်ယောက်သာ ကျန်နေခဲ့၏ ။ နှစ် ခု၊ သုံးခု ထပ်ဖြုတ်ယူပြီးတော့ နံရံမှာ စာရွက်ခေါက်တွေ ကုန်သလောက် ဖြစ်သွားပါသည်။ ဒါပေမဲ့ . . .

အောက်ဖက်ပိုင်းမှာ စာရွက်ခေါက်လေးတစ်ခု . . .။

ရိုးစစ် ကိုယ်ကိုငုံ့ကိုင်းကာ ဖြုတ်ယူလိုက်သည်။ လက်တွင် းမျှ ပါမလာ။ စာရွက်ခေါက်လေးက အုတ်ချပ်နှစ် ခုကြားတွင် ညှပ်နေ၏ ။ ဘယ်လိုထိုးစိုက်ခဲ့သည်မသိပေမဲ့ တော်တော် နှင့် ဆွဲထုတ်လို့မရ။ တစ်စုံတစ်ခုနှင့် ငြိနေသလို တစ်ခံနေသည်။

သူ ထိုင်ချလိုက်သည်။ ပြီးတော့ ညှပ်နေသော အုတ်သားကို လှုပ်ကြည့်လိုက်၏ ။ အုတ်သားက တနဲ့နဲ့ လှုပ်ခတ်နေသည်။ စာရွက်ကို ထပ်ဆွဲကြည့်ပေမဲ့ ပါမလာသေး။ ဘာနဲ့ဘယ်လို ညှပ်နေသည် မသိ။ ရိုးစစ် စိတ်မရှည်တော့။

လက်နှစ် ဖက်နှင့် ထိုင်ကာ စာရွက်ကို

ခပ်ဆတ်ဆတ် စောင့်ဆွဲလိုက်သည်။ သူ ဖင်ထိုင်ကျသွား ပါသည်။ စာရွက်တော့ လက်တွင်းမှာ ပါလာသည်။ လှုပ်နေသော အုတ်သားတစ်ခဲလည်း အပြင်သို့ တစ်ဝက်တိတိ ပြူထွက်လာ၏ ။ ရိုးစစ်ကိုယ်ကို ပြန်မတ်ကာ ထိုအုတ်သားကို မူလနေရာသို့ ပြန်လည် ထိုးသွင်းလိုက်တော့ . . .

"ဟင် . . . "

နီကျင်ကျင် စာရွက်လေးတစ်ရွက်၊ ဘယ်အချန်ကတည်းက ဤအုတ်ချပ်ကြားတွင် ရောက်နေ သည်မသိ၊ အီလစ်မမြင်ဘဲ ကျန်နေခဲ့သော စာရွက်လေးတစ်ခု ဖြစ်ဟန်တူသည်။ ယခု သူဆွဲလိုက်မှ အုတ်ခဲနှင့် ရောကာ အပြင်သို့ ရောက်လာခြင်း ဖြစ်သည်။

ဟိုးအတွင်းဘက်ထဲမှာ နှစ် ရှည်လများ

နေလာခဲ့ဟန်တူ၏ ။ စာရွက်လေးက နီထွေးဝါကျင်ရုံပင်
မဟုတ်။ အုတ်ရောင် ပါပေါက်နေပြီ။
ရှိုးစစ်ဆွဲယူလိုက်တော့ လက်တွင်းမှာ
ပြားချပ်ချပ်လေးပါလာ သည်။ ဖွင့်ကြည့်ဖို့ပင် တော်
တော် ခက်ခဲပေလိမ့်မည် ။ နှစ် ကာလမည်
မျှတိုင်အောင် အတွင်းမှာ နေခဲ့ရ သည်မသိ။

စာရွက်သားတွေ က အထိမခံချင်တော့။
မြေမှု န်တွေ နှင့် ရောကာ ပါးလျှည့်တွတ်ဆွေးနေပြီ။
ဒါပေမဲ့ အချိန် သူ စိတ်ဝင်တစားဖွင့်ကြည့်လိုက်ပါသည်။
ရေး ထားသော လက်ရေး တွေ က ဟိုဘက်ဒီဘက်ပင်
အရောင် ပေါက်နေပြီ ဖြစ်သည်။ ဒါပေမဲ့ . . .

ခေါက်ရိုးကျိုးနေသော စာရွက်လေးမှာ
ဖတ်၍ ရရုံ ပြန့်သွားစဉ် . . .

ကျပ်ကြောက်တယ်၊ ဖိုးလက်ဖြူကို ကျ

ပ်ကြောက်တယ်။ ဒီအကြောင်းတွေ ကို ကျုပ် ဘယ်သူ့ကိုမှ မပြောရဲဘူး။

အားလုံးထင်ထားသလို ဦးသီလရွှာက ပျောက်သွားတာမဟုတ်ဘူး သေသွားတာ။ ဖိုးလက်ဖြူ သတ်လိုက်လို့ ဦးသီလသေသွားတာ။ ရက်ရက်စက်စက် အသတ်ခံလိုက်ရတာ ။ ပြီးတော့ ရက်ရက်စက်စက် စွန့်ပစ်ခံလိုက်ရတာ ။

အဲ့ဒီည . . . အဲ့ဒီညက ကျုပ်ရှိနေတယ်။

သူတို့နှစ် ယောက် တစ်ယောက် ကို တစ်ယောက် ကြည့်ပြီး ထိုင်နေတာတွေ့လို့ ကျု ပ်ချောင်းကြည့်ခဲ့တာ။ ကျုပ်ရောက်နေတာကို သူတို့မသိဘူး။ မျက်နှာချင်းဆိုင်ထိုင်ပြီးတော့ တစ်ယောက် ကို တစ်ယောက် စိန်းစိန်းကြီး စိုက်ကြည့်နေတာ။ လရောင် ထိုးနေလို့ ကျုပ် သူတို့ကို

ကောင်းကောင်း မြင်နေရတယ်။ သူတို့ ဟိုဘက်ခြမ်းက ချောင်းရေစီးသံကိုတောင် ကြားနေရသေးတယ်။ ဒါပေမဲ့ ကြည့်နေရင်းနဲ့ ကျုပ် တဖြည်းဖြည်း ကြောက်လာတယ်ဗျာ၊ ဘာလို့မှန်းမသိဘူး။ သူတို့နှစ်ယောက် ကိုကြည့်ပြီး အလိုလိုကြောက်လာတာ . . .

ကြက်သီးတွေ ထလာတယ်။ ရင်တွေ တုန်ပြီး ကျောချမ်းသလိုလည်း ဖြစ်လာတယ်။ ချောင်းရေစီးသံကတောင် တဖြည်းဖြည်း ကျုပ်ကို ချောက်ချားလာသလိုပဲ။ တဝေါဝေါအသံကြီးက နီးလာလိုက်၊ ဝေးသွားလိုက်နဲ့။

ကြောက်ကြောက်နဲ့ကြည့်နေတုန်းမှာ ပဲ ကျုပ်တို့သူကြီး ဦးသီလ ဇက်ကျိုးပြီး ဝေါက်ခနဲ ခွေလဲသွားတယ်ဗျာ။ ဖိုးလက်ဖြူလည်း 'အား' ခနဲ အော်ပြီး မျက်လုံးတစ်ဖက်ကို လက်နဲ့အုပ်သွားတယ်။ ကျုပ်ဖြင့် ကြောက်လိုက်တာဗျာ။ ထွက်ပြေးဖို့စိတ်ကူးပေမဲ့

သူကြီးလဲကျနေလို့ ထွက်မပြေးနိုင်ဘူး။ ကျု
ပ်ကြည့်နေတုန်းပဲ ဖိုးလက်ဖြူက
သူကြီးခြေထောက်တစ်ဖက်ကို မ, ပြီး
ချောင်းရေစပ်ရောက်အောင် တရွတ်တိုက်
ဆွဲသွားတယ်။ သူကြီးက တုပ်တုပ်မှမလှုပ်ဘူးဗျ။ အဲဒီ
အချိန်ထိ သူကြီး ဘာ ဖြစ်သွားလဲ ကျုပ်မသိသေးဘူး။

ချောင်းစပ်ရောက်တော့ ဖိုးလက်ဖြူ
ခါးကြားက ဓားတစ်လက် ဆွဲထုတ်လိုက် တာတွေ
တယ်။ ပြီးတော့ . . . ပြီးတော့ . . .

သူကြီးရဲ့ လက်တစ်ဖက်ကိုမြှောက်ပြီး ဓားနဲ့
တအားလွှဲခုတ်ပစ်လိုက်တယ်ဗျာ။ လရောင် အောက်မှာ
သွေးတွေ ရဲခနဲ ပန်းထွက်သွားတယ်။
သူကြီးလက်လည်း တံတောင်ဆစ်က တိခနဲ
ပျက်ကျသွားတယ်။ ကျုပ် အသက်ရှူတောင်
ရပ်သွားသလိုပဲ။ အခုမှ ကျုပ်သိလိုက်တယ်။ သူကြီး

ဇက်ကျိုးပြီး ခွေလဲသွားကတည်းက
အသက်ပျောက်သွားတာဗျ။ ဒါကြောင့် မလို့ ဖိုးလက်ဖြူ
လုပ်သမျှ တုံ့ပြန်မှု မရှိတာ။

သေနေတဲ့လူ တစ်ယောက် ကို ဘာလို့
လက်ဖြတ်ပစ်လိုက်တာလဲ ကျုပ် စဉ်းစား လို့မရဘူး။
ဖိုးလက်ဖြူက သွေးသံတရဲရဲနဲ့ ဦးသီလကိုပွေ့ပြီး
ရေထဲပစ်ချလိုက်တယ်။ 'ပွမ်း' ခနဲ အသံကြီးကြားပြီး
တစ်အောင့်ကြာတဲ့ထိ ဖိုးလက်ဖြူရပ်ကြည့်နေတုန်းပဲ။

ပြီးတော့မှ ဦးသီလရဲ့
လက်ပြတ်ကြီးကိုကိုင်ပြီး ထွက်သွားတယ်ဗျာ။ အဲ့ဒီ
နောက်တော့ ဘာတွေ ဆက် ဖြစ်လဲ ကျုပ်ကိုယ်ကျု
ပ်လည်း မသိတော့ဘူး။ ကျုပ်သိတာ တစ်ခု ကတော့
ဒီစာကို ဦးသီလသေဆုံးခြင်း ဝမ်းနည်းစာအ ဖြစ်
သုသာန်နံရံမှာ ညှပ်ပြီး သွားရင် ကျုပ် ဒီရွာက
ထွက်သွားတော့မယ်။ ဘယ်တော့မှပြန်မလာတော့ဘူး။

ဖိုးလက်ဖြူလို ရက်စက်တတ်တဲ့လူ တစ်ယောက် အုပ်ချုပ်တဲ့ရွာမှာ ကျုပ် မနေရဲ ဘူး။

'ဦးသီလ ကောင်းရာသုဂတိလားပါစေ'

( ငထင် )

စာဆုံးအောင် ဖတ်ပြီးသွားချိန်မှာ ရိုးစစ် အလိုလို ဖင်ထိုင်ကျသွားတော့သည်။ ရင်တွေ တလှပ် လှပ် ခုန်နေ၏ ။ စိတ်ကိုထိန်းကာ ဒုတိယတစ်ခေါက် ထပ်ဖတ်လိုက်သည်။ ဆုံးသွားချိန်မှာ တော့ . . .

ရိုးစစ် ဆတ်ခနဲခုန်ထကာ အီလစ်ရှိရာဆီ ပြေးပါတော့၏ ။ သူ့ တစ်ဝက်တစ်ပျက် သဘော ပေါက်လိုက်လေပြီ။ ထို့ကြောင့် ရောက်ရောက်ချင်းပင် . . .

"အီလစ် . . . မင်း . . . ငထင်ဆိုတဲ့လူကို သိလား"

အမောတကော သူ့ပုံစံကိုကြည့်ကာ အီလစ် ကြောင်သွားသလိုရှိသည်။ ဒါပေမဲ့ . . .

"ငထင် . . . ငထင် . . ."

ကြားဖူးနားဝရှိသလို ခပ်တိုးတိုး ရေရွတ်၏ ။ အရေး တကြီးဟန်ပန်တွေ ကြောင့် အီလစ် လေးလေးနက်နက် ဖြစ်သွားရကာ . . .

"ငထင် . . . သိပြီ . . . သိပြီ . . . ကျွန်တော် အဖေရှိတုန်းက ရွာချောင်းရိုးမှာ ငါးလိုက်ဖမ်းတဲ့ လူကြီး"

သေချာလေပြီ။ မှာ းရန်မရှိနိုင်တော့ . . .

"သူအခု ဘယ်မှာ နေလဲ"

"မရှိတော့ဘူးဗျ။ ရွာမှာ မနေတော့တာ ကြာပြီ။ ရွာ ပြောင်းသွား တာလား။ မြို့ တက်သွားတာ လား မသိဘူး"

ပြီးလေပြီ။ ငထင်နဲ့ပတ်သက်သော သတင်းက ဒီမှာ တင် ဆုံးသွားပြီ။ ဒါပေမဲ့ ကိစ္စမရှိ။ ကျိန်စာ နှင့် ပတ်သက်သော အပိုင်းအစတစ်ခုကို သူ အမှတ်မထင် ရလိုက်လေပြီမဟုတ်ပါလား။

ဦးသီလ လက်ပြတ်ကြီးကို ဖိုးလက်ဖြူ ဘာလုပ်မှာ လဲ။ အကြောင်းမဲ့ဖြတ်သွားခြင်းတော့ လုံးဝ မ ဖြစ်နိုင်ပေ။ ဒါဆို . . .

ကျိန်စာတိုက်ဆိုရာတွင် အသုံးပြုဖို့လား . . . ။

ဒါသည်ပင် ဖိုးလက်ဖြူအသုံးပြုခဲ့သည့် ကြားခံပစ္စည်းလား . . . ။

ဟုတ် မဟုတ်ဆိုသည် ကတော့ ညနေ (၆) နာရီတွင် သိရပေမည် ။

ကောင်းကင်ကနေမင်းမှာ တော့

စွမ်းအားပြင်းလျက်ပင် ရှိပါသေးသည်။

*

၃၃၂၃

လေတစ်ချက် ဝေ့တိုက်သွားသည်။

လူကြီး တစ်ယောက် အုတ်ဂူကြီးတစ်လုံးရဲ့ ရှေ့တွင် မတ်တတ်ရပ်လျက်ရှိနေပါသည်။ အုတ်ဂူ ပေါ်မှာ ကား လောလောလတ်လတ် ရေး ခြစ်ထားဟန်တူသော ဇယားကွက်နှင့် ဂဏန်းများ ရှိနေသည်။

ထိုစဉ်မှာ ပင် လူကြီး ဒူးထောက်ထိုင်ချလိုက်ပါသည်။ ပြီးတော့ အုတ်ဂူကြီးအားကြည့်ကာ စိုးနင့် ကြေကွဲသော စကားများ ထွက်လာလေ၏ ။

''ကျုပ်တကယ်ညံ့တယ် အစ်ကို။

အစ်ကိုပေးခဲ့တဲ့ ကတ်ပြားနှစ် ချပ်ရဲ့ အဓိပ္ပာယ်ကို

ခြောက်နှစ် ပြည့်တဲ့အထိ ကျုပ်မဖော်နိုင်ခဲ့ဘူး။

ဒီနေ့တော့ ကျုပ် လက်လျှော့လိုက်ပြီ။ ကတ်ပြားခုနှစ်

ချပ်လုံးကို ဂူနံရံပေါ်မှာ ကျုပ်ရေး ပေးထားခဲ့တယ်။

အရေး ကြီးတယ်ဆိုတဲ့ ကတ်ပြားခုနှစ် ချပ်ကိုတော့

ထင်သာ မြင်သာရှိအောင်

အစ်ကို့အုတ်ဂူအရှေ့ဘက်ခြမ်းမှာ ရေး ပေးခဲ့ပါတယ်။

ကျုပ်ထက်တော် တဲ့၊ စွမ်းတဲ့လူ ပေးလာခဲ့ရင်

ဒီဇယားကွက်တွေ ကိုမြင်ပြီး

အဖြေထုတ်နိုင်အောင်ပေါ့။ ညံ့ဖျင်းလွန်းတဲ့ကျု

ပ်ကိုတော့ ခွင့်လွှတ်ပါ"

လေပူတစ်ချက် ထပ်မံဝေ့တိုက်လာပါသည်။

ဒူးထောက်နေရာမှ မတ်တပ်ရပ်လိုက်သည်။

မကြာတော့သော အချိန်တစ်ခုမှာ သူ

သဲချောင်းကွင်းပြင်သို့ ဆင်းရပေတော့မည် ။

ရှိုးစစ်ဆိုသော ကောင်လေးနှင့် တွေ့ဆုံရပေဦးမယ်။

သူ့ပညာအဆင့်အတန်းကို တွက်ဆနိုင်အောင် ထိုကောင်လေး သုံးကြိမ်တိတိ သွေးတိုးစမ်းခဲ့ ပါသည်။

ပထမ အုတ်နံ့ရုံကို ဖြတ်လျှောက်ပြသည်။ ဒုတိယ ပရိသတ်တွေ ကို ပဉ္စလက်နည်းနဲ့ က, စေသည်။ တတိယမြောက်ပြကွက် ကတော့ ကောင်းမွန်လွန်းပါသည်။ လက်ထိပ်ခတ် မြေမြှုပ်ထားတာ တောင် ရအောင်ထွက်ပြနိုင်ခဲ့သည်။ ဒါပေမဲ့ သုံးကြိမ်လုံးလုံး သူ့ဘက်က တုံ့ပြန်မှု မရှိခဲ့။

ကောင်လေးရဲ့ ရည်ရွယ်ချက်ကို သိနေသည်မဟုတ်ပါလား။

တစ်စုံတစ်ရာတုံ့ပြန်ခဲ့လျှင် ထိုတုံ့ပြန်မှု

အပေါ်မှုတည်၍ သူ့ပညာအဆင့်အတန်းကို တွက်ဆ
ခန့်မှန်းသွားပေမည် ။ သူ့ဘက်က
ငြိမ်နေခဲ့သည့်အတွက် . . .

ယခုတော့ သူဘာနည်းသုံးမလဲ။ မည်
သူမျှသိမည် မဟုတ်ပါ။

အစ်ကိုဖိုးလက်ဖြူသင်ပေးခဲ့သည့်
ပညာတစ်ရပ်ကိုတော့ ကောင်းစွာ တတ်မြောက်ထားပါ
သည်။

ဦးသီလကို အနိုင်ယူခဲ့သည့်ပညာ။

*

xxx

ညနေမှောင်ရီပျိုးချိန်တွင် တစ်ရွာလုံးအုတ်အော်သောင်နင်း ဖြစ်သွားရလောက်အောင် အပြေး အလွှား ဖြစ်ကုန်တော့သည်။ သဲချောင်းကွင်းပြင်ကို ပြေးသူ ပြေး၊ ဘုန်းကြီးကျောင်းဆီ ပြေးသူက ပြေးနှင့် . . .။

ဘုန်းကြီးကျောင်းတစ်နေရာမှာ လူတွေ၊ ဘုန်းကြီးတွေ ဝိုင်းအုံနေသည်။ လူတွေ ဟန်ပန်မှာ အထိတ်တလန့်ပုံစံတွေ ပေါ်နေသလောက် ဘုန်းကြီးတွေ မှာ တော့ သင်္ကန်းကို ခပ်ပြတ်ပြတ်ရုံရင်း ချွေးတလုံးလုံး ဖြစ်နေသည်။ တစ်စုံတစ်ရာအားကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိလည်း ဖြစ်နေကြ သည်။

သူတို့အားလုံး ဝိုင်းအုံကြည့်နေသည်ကား ဆရာတော် ဘုန်းကြီး။ ဆရာတော် ဘုန်းကြီးမှာ နဖူး၌ ချွေးတွေ ခိုတွဲ နေသလို စိတ်လှုပ်ရှားလွန်းသည်ကြောင့်

မျက်နှာတစ်ခုလုံးပင် နီအမ်းနေ၏ ။ ရုံထားသော သင်္ကန်းမှာ လည်း ချွေးနှင့် ရောကာ အသားတွင် ကပ်နေသည်။

သို့ ပေမဲ့ တင်ပျဉ်ခွေထိုင်ကာ လက်တွေ အဆက်မပြတ် လှုပ်ရှားနေဆဲ။ စိတ်ချတော့သည် ကြောင့် ဆရာတော် ဘုန်းကြီးကိုယ်တိုင်ဝင်ကာ သုံးပုံပဟေဠိအား ရွှေ့နေခြင်း ဖြစ်၏ ။ တိုင်သုံးတိုင်စိုက် ထားသည့်အနက် တိုင်တစ်တိုင်မှာ ကွင်းလေးတွေ ကြီးစဉ်ငယ်လိုက် အစီအရီ စွပ်နေ၏ ။ ကျန်နှစ် တိုင် မှာ တစ်တိုင်နှစ် ကွင်းစီနဲ့ လေးကွင်းရှိနေသည်။ ထိုလေးကွင်းမှာ လည်း ဟိုဘက်တိုင်ရောက်လိုက်၊ ဒီဘက်တိုင်ရောက်လိုက်။

သေချာတာတစ်ခု ကတော့ သုံးပုံပဟေဠိပေါ်တော့မည် ။

အရမ်းအရေး ကြီးနေပြီမို့ ဆရာတော်ကိုယ်တိုင် ဝင်ရွေ့နေရပြီ။

မကြာခင်အချိန်အတွင်း ကွင်းအားလုံးတစ်တိုင်တည်းမျာ စွပ်မိတော့မည် ။

သုံးပုံပဟေဠိ ပေါ်တော့မည် ။

သုံးပုံပဟေဠိ ပေါ်တော့မည် ။

သုံးပုံပဟေဠိ . . .

ထိုစဉ်မှာ ပဲ . . .

"သဲချောင်းကွင်းထဲကို ယက္ခရောက်လာပြီတဲ့ဟေ့ . . ."

ဟိန်းထွက်သွားသော အသံကြီးတစ်သံနောက်မှာ တော့ ရှိရှိသမျှလူတွေ သဲချောင်းကွင်းပြင်ဆီ ပြေးကြပါတော့၏ ။

ကြားရာအရပ်ကလူတွေ သဲချောင်းကွင်းပြင်ဆီ ပြေးထွက်သွားကြသည်။ ဆရာတော် ဘုန်းကြီးကိုယ်တိုင် ရွှေ့နေသော သုံးပုံပဟေဠိအား စိတ်ဝင်တစားကြည့်နေသူတွေ ပင် မနေနိုင်တော့။

တစ်ရွာလုံးအပြေးအလွှား။

ဝရုန်းသုန်းကား။

ကွင်းပြင်ဆီရောက်တော့ . . .

"ဟင်"

သူတို့အား မီးတုတ်သုံးခုနဲ့ လူ တစ်ယောက်က ဆီးကြိုနေပါသည်။ ဘယ်လိုရောက်လာခဲ့မှန်း မသိပေမဲ့ မြင်ရသော မြင်ကွင်းမှာ တော့ . . .

ယက္ခက ခုံတစ်လုံးကိုကျောမှီကာ ထိုင်နေသည်။ ယက္ခနောက်တည့်တည့်မှာ မီးတုတ်ကိုင်ထားသော စောညို၊ စောညိုရဲ့ ဘေးနှစ် ဖက်မှာ

မီးတုတ်ကိုယ်စီနဲ့ လူနှစ် ယောက် ။ တစ်အုပ်စုလုံး အားနဲ့ မာန်နဲ့ရောက်နေကြခြင်း ဖြစ်သည်။

ယက္ခက ခုံကို လျော့လျော့မှီထိုင်ကာ အပြေးအလွှား လာရောက်ကြည့်ရှုနေသူအားလုံးကို ခပ်စူးစူး ကြည့်နေ၏ ။ တစ်စုံ တစ်ယောက် အား ရှာနေပုံရသည်။ ရိုးစစ်အားရှာနေခြင်း ဖြစ်ကြောင်း အကုန်လုံးရိပ်မိကြသည်။

ဒါပေမဲ့ . . .

"ရိုးစစ် ရောက်မလာသေးပါလား။ (၆) နာရီထိုးတော့မယ်"

လူ တစ်ယောက် က အိတ်ထဲမှ ခေတ်ဟောင်းသံပတ်နာရီလေးအား ထုတ်ကြည့်ရင်းဆိုတော့ . . .

"ဘုန်းကြီးကျောင်းရောက်နေတယ်နဲ့တူတယ်

ဟိုမှာ လည်း အရေး ကြီးနေပြီ"

မိန်းမကြီး တစ်ယောက် ရဲ့ စကားကို . . .

"ကျွန်တော် တို့တော့ မတွေ့ခဲ့ပါဘူး။ အခုပဲ အဲဒီ ကပြေးလာကြတာ"

"ဟုတ်လား . . . အဲဒါဆို ဘယ်များ ရောက်နေလဲမသိဘူး"

အကုန်လုံးက တစ်ယောက် တစ်ပေါက်ပြောရင်း အခြေအနေကို ကြည့်ရှုနေကြ၏ ။ ရိုးစစ်နှင့် ယက္ခ ထိပ်တိုက်တွေ့မည် ပွဲပင်မဟုတ်ပါလား။ ဘယ်လိုယှဥ်ပြိုင်ပြီး ဘယ်သူနိုင်မလဲ သိချင်နေကြပေမဲ့ တစ်ရွာလုံးရဲ့ အားပေးမှု ကတော့ ရိုးစစ်ဆီမှာ သာ ရှိနေသည်။ ရိုးစစ်ကိုသာ အနိုင်ပေးချင်နေကြသည်။

ဒါပေမဲ့ သူတို့တမ်းတမ်းတတ ဖြစ်နေသူ

ရှိးစစ် ကတော့ . . .

*

အခန်းလေးတစ်ခန်းက ပါးလျစိတ်ငြိမ်နေသည်။ ဖယောင်းတိုင်လေးတစ်တိုင် ထွန်းထားသည် မှလွဲ၍ အခန်းထဲမှာ ဘာအငွေ့အသက်မှမရှိ။ ပကတိ တိတ်ဆိတ်နေသည်။ လေတိုးသံပင်ရှိမနေပါ။ ဖယောင်းတိုင်မီးလေးက တည့်မတ်စွာ ထွန်းပနေ၏ ။ သို့ အတူ အခန်းတွင် း၌ ရှိနေသူ တစ်ယောက် မှာ လည်း . . .

ရှိးစစ် တင်ပျဉ်ခွေထိုင်ကာ ကိုယ်ကို ဂွမ်းစလေးတစ်စအလား ပေါ့ပါးထားမိသည်။ မျက်လုံးအစုံ ကိုမှိတ်ဆင်းထား၏ ။ အသိအာရုံမှာ

ဝင်လာသော ဝင်လေနှင့် ထွက်သွားသော ထွက်လေ၊ ထိုနှစ် ရပ် သာ ရှင်သန်နေပါသည်။

နားထဲမှာ ဆရာတော် ဘုန်းကြီးပြောကြားလိုက်သော အသိတရားတွေ တိုးဝင်နေ၏ ။

"စိတ်ကို အတည်ငြိမ်ဆုံး ဖြစ်အောင်နေ၊ အာရုံမှာ ဘာမှမထားနဲ့။ ဝင်လေ၊ ထွက်လေကလွဲပြီး စိတ်အာရုံကို ဘယ်မှမပျံ့လွင့်စေနဲ့။ ကိုယ့်စိတ်ကိုယ်နိုင်အောင်ထိန်းထားနိုင်ရင် မောင်ရင့်ကို ဘယ်သူ မှ နှောင့်ယှက်လို့မရဘူး။ မောင်ရင့်ဝိညာဉ်ကိုလည်း ဘယ်လိုပညာသည်မှ နှုတ်မယူနိုင်ဘူး"

ဆရာတော် ဘုန်းကြီး၏ စကားသံများ ကို ကြားယောင်ကာ စိတ်ကို ငြိမ်သည်ထက် ငြိမ်အောင်

ထိန်းထားမိသည်။ မကြာခင် ယက္ခနှင့်
ရင်ဆိုင်ရတော့မည် ။ ယက္ခ ဘယ်လိုပညာတွေ သုံးမှာ
လဲ . . .

ယက္ခမှလွဲ၍ မည် သူမျှသိမည် မဟုတ်ပါ။

အမှတ်မထင်ရရှိခဲ့သော ငထင်၏
စာအရတော့ ဖိုးလက်ဖြူလိပ်ပြာလွှင့်ပြီး
ဦးသီလဝိညာဉ်ကို နှုတ်ယူသွားခြင်း ဖြစ်သည်။ ယခု
ယက္ခကရော ဘယ်လိုနည်းကို သုံးမှာ လဲ။ ပေးပို့စာအရ
ယက္ခ အနိုင်ရရုံယှဉ်ပြိုင်မှာ မဟုတ်။
'သဲချောင်းမြေပြင်က မင်းရဲ့ သင်္ချိုင်း ဖြစ်စေရမယ်' ဟု
ကြုံး ဝါးထားသည်။ ဒါဆိုလျှင်တော့ သူ့ကို
အသေတိုက်မှာ သေချာ၏ ။လိပ်ပြာလွှင့်ပညာကို သူ
တတ်မြောက်မထား။ ဒါပေမဲ့ ကာကွယ်နည်းကိုတော့
အကောင်းဆုံးအနေအထားရောက်အောင်
လေ့ကျင့်ရပေမည် ။

"တည်ငြိမ်နေတဲ့စိတ်လေးကို မပျောက်အောင်ထိန်းပြီး ချိန်းထားတဲ့နေရာကိုသွား။ မောင်ရင့် ကို တခြားနည်းနဲ့သာ အနိုင်ယူနိုင်မယ်။ မောင်ရင့်လိပ်ပြာကိုတော့ ဘယ်လိုမှနှုတ်လို့ မရစေရဘူး"

တဖြည်းဖြည်းနဲ့ တည်ငြိမ်မှု က ပို၍ ပို၍ တိုးလာသည်။ စိတ်အေးချမ်းလာသည်။ သူ့အသိအာရုံတွေ မှတ်စိတ်တစ်ခုကလွဲပြီး ဘယ်မှာ မျှရှိမနေတော့။ တည်ငြိမ်လာသည်။ အေးချမ်းလာသည်။

ပြီးတော့ အသစ်တစ်ဖန် တည်ငြိမ်လာပြန်သည်။

ဘာမှရှိမနေတော့။ ဘာမှလည်းမသိတော့။ အပြင်ဘက်မှာ ဘာတွေ ဖြစ်နေလဲ၊ မိုးရွာနေလား၊ လေတိုက်နေလား၊ ဆူညံနေလား၊ သူ ဘာမျှမသိတော့။

သူထိုင်နေတာလား၊ ထနေတာလားလဲ မသိ တော့။

သူနှင့် သူ့ကိုယ်သာ အုပ်စိုးမိလာသည်။ တည်ငြိမ်မှု က သူနှင့် တွဲ လျက် ဖြစ်လာသည်။ ဒီလိုနှင့် တစ်စထက် တစ်စ . . .

တည်ငြိမ်မှု အား သူနှင့် တစ်ပါတည်း ခေါ်သွားနိုင်ချိန်ရောက်စဉ်မှာ တော့ . . .

မျက်လုံးနှစ် လုံးကို ဖွင့်လိုက်သည်။ မီးကိုမှ တ်ကာ တံခါးကို ဆွဲဖွင့်လိုက်သည်။

အပြင်လောကကြီးက သူ့အား ဆီးကြိုနေ၏

။

ခြေတစ်လှမ်းရှေ့တိုးလိုက်တော့ . . .

"အား"

*

# XXXJ

"အား"

ကြောက်ခမန်းလိလိ ထွက်ပေါ်လာသော အော်သံကျယ်ကြီး။

ထိုအော်သံကြီးကြောင့် ကြားသမျှလူအပေါင်း ထိတ်လန့်သွားကြသည်။ ပြီး ဘယ်ကထွက်လာ တာလဲ သိချင်စိတ်တွေ ဖြင့် စူးစမ်းသွားကြစဉ် . . .

"ဦးဖိုးလူအိမ်က ထွက်လာတာပဲ၊ ဦးဖိုးလူအိမ်ပေါ်က ထွက်လာတာဟေ့"

သဲချောင်းကွင်းထဲမှာ ရှိနေသူ ရွာသား တစ်ယောက် က ထ, အော်သည်။ ထိုအော်သံနောက်မှာ

. . .

"ဟုတ်တယ် . . . ဦးဖိုးလူအိမ်ထဲက ကြားရတာ ။ ဦးဖိုးလူ ဘာ ဖြစ်တာလဲမသိဘူး"

ထို့နောက်မှာ တော့ အသံပေါင်းစုံ ထွက်လာတော့သည်။ စိုးရိမ်သူအချို့လည်း အော်သံကြီး ထွက်ပေါ်လာရာ အိမ်ဘက်ဆီ ပြေးသွားကြသည်။ သဲချောင်းကွင်းနှင့် မဝေးလှသည်မို့ သိပ်မသွား လိုက်ရ။

စိုးရိမ်တကြီး ပြေးထွက်သွားကြသော လူတစ်စု ဦးဖိုးလူ အိမ်ပေါ်ရောက်သွားစဥ်မှာ ပဲ . . .

"ဟင် . . ."

*

ရှိုးစစ် အမောတကောရောက်သွားတော့ ဦးဖိုးလှူသည်ကား ရွာသားတစ်ဦး၏ လက်ပေါ်မှာ ပျော့ခွေနေပါပြီ။

ကမန်းကတန်းပင် အိမ်ပေါ်ပြေးတက်ကာ . .

.

"ဘာ ဖြစ်တာလဲ။ 'အား' ဆိုတဲ့ အော်သံကြီးကြားလို့"

မေးလည်းမေး၊ လူကလည်း ဦးဖိုးလှူနံဘေးကို ဒူးထောက်ထိုင်ချလိုက်စဉ် . . .

"ဟုတ်တယ် . . . ကျွန်တော် တို့လည်း အဲဒီ အသံကြီးကြားလို့ ပြေးလာကြတာ။ ဒီရောက်တော့ ဟိုတိုင်ဘေးမှာ ငုတ်တုတ်ထိုင်ပြီး ဇက်ကြီးအောက်စိုက်နေတဲ့ ဦးဖိုးလှူကို တွေ့တာပဲ"

"ဟာ . . ."

ရိုးစစ် မျက်လုံးတို့ပင် ပြာဝေ သွားပါပြီ။ ဦးဖိုးလူမှာ ပွေ့ထားလျက်မှပင် ဇက်လည်ကာကျနေ၏ ။ အသိလုံးဝမရှိတော့။

ရိုးစစ် အလျင်မြန်ဆုံး လက်တစ်ဖက်ကို ကောက်ကိုင်လိုက်တော့ . . .

မျက်လုံးထဲမှာ ပုံရိပ်တွေ တစ်ခုချင်း . . . တစ်ခုချင်း . . .။

ဦးဖိုးလူနှင့် ပတ်သက်သမျှ တစ်ကွက်ချင်း ပေါ်ကာလာသည်။

သူ့ကိုပင်မစောင့်တော့ဘဲ ယက္ခနှင့် ဦးစွာ တိုက်ခိုက်လိုက်ခြင်း ဖြစ်၏ ။ ဘယ်လိုနည်းသုံး၍ တိုက်ခိုက်လိုက်သည်ဆိုတာကိုတော့ ပြောဖို့လိုမည် မထင်တော့။ လက်တစ်ဖက်အား ကိုင်ထားလျက်မှ ပင် တစ်ချိန်က ဦးဖိုးလူပြောခဲ့သော စကားတွေ က

နားထဲမှာ ပြန်လည်ကြားယောင်လာသည်။

"အဲ့ဒီပညာကို ကျွမ်းကျွမ်းကျင်ကျင် ဖြစ်တဲ့နေ့က ငါသေရင် သေ၊ မသေရင် ဟိုအယုတ်တမာ ကောင် သေမယ့်နေ့ပဲ"

ပြီးတော့ သူ ဒီရွာကိုစရောက်စဉ် အီလစ်ဆီက ဖတ်ခဲ့ရသော စာသားတချို့ကိုလည်း မျက်လုံး တွင် းမှာ ပြန်လည်မြင်ယောင်မိသည်။ ထိုစဉ်တုန်းက ဦးဖိုးလူနှင့် သူ့အစ်မ ဒေါ်အေးသင်တို့ တစ်ယောက် တစ်ဖက်စီ ရေး ထားသော စာရွက်လေး။

ထိုအထဲမှာ . . .

"ငါ့ကိုယုံပါကွာ၊ မိုးသီးတစ်လုံးကြွေစေဖို့ ငါ့အသက်တစ်ချောင်းကို ပေးရင်ပေးရပါစေ၊ ငါ ပေးရဲ တယ်။

ဒါပေမဲ့ ငါ့ဝိညာဉ်ကိုတော့

အားဖြည့်ပေးနော်"

တကယ်ပါပဲ၊ ယခု ဦးဖိုးလူမှာ ဤကိုးချောင်းရွာကြီးအတွက် အသက်တစ်ချောင်း ပေးဆပ်သွား ပါပြီ။

ယက္ခ သဲချောင်းကွင်းထဲကိုရောက်လာချိန် ဤအိမ်ပေါ်မှနေကာ လိပ်ပြာလွှင့်၍ တိုက်ခိုက် လိုက်ခြင်း ဖြစ်သည်။ ကျွမ်းကျင်မှု အဆင့်တစ်ခုရောက်သည်နှင့် ဆန္ဒစောစွာ အသုံးပြု ခြင်းကြောင့် ယက္ခ ကိုမယှဉ်နိုင်ပဲ ယခုကဲ့သို့ သေဆုံးသွားခြင်း ဖြစ်ပါသည်။

ယက္ခရော . . .

ယက္ခ ဘာ ဖြစ်သွားလဲ။

သိချင်စိတ်တွေ တစ်မုဟုတ်ချင်း အုံကြွသွားကာ လူက အလိုလို ထရပ်မိသည်။ ပြီးတော့

လေကဲ့သို့ လျင်မြန်သော အရှိန်ဖြင့် သဲချောင်းကွင်းဆီ ပြေးပါတော့၏ ။ ဦးဖိုးလူသေသွားချိန်မှာ ယက္ခ ရော ဘာ ဖြစ်သွားလဲ။

ဘာမှန်းမသိ သူပြေးရာနောက်ကို လူတစ်အုပ် ပြေးလိုက်လာသည်။ သဲချောင်းကွင်းဆီ ရောက်တော့ . . .

သဲချောင်းကွင်းမှာ လည်း အခြေအနေတွေ ထူးခြားကုန်ပါပြီ။ လူတွေ ဝိုင်းအုံကာ တစ်စုံတစ်ရာ အား အထိတ်တလန့် ကြည့်ရှုနေကြ၏ ။ မီးတုတ်တွေ ကိုင်ထားသည်မို့ လူတွေ မျက်နှာမှ ထိတ်လန့်မှု တွေ ၊ စိုးရွံ့မှု တွေ ကို အထင်းသားမြင်နေရသည်။ တစ်ခုခုထူးခြားနေပြီမှန်း သဘောပေါက်ကာ ရိုးစစ် တိုးဝေ့ဝင်ရောက်လိုက်တော့ . . .

မြင်ရသည့်မြင်ကွင်းမှာ ကား . . .

"ဟာ . . . "

ရိုးစစ် ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။ လူကြီး တစ်ယောက် ကုလားထိုင်တစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ကျကာ ငြိမ်သက်နေသည်။ သူမမြင်ဖူးပေမဲ့ ထိတ်လန့်နေသော လူတွေ မျက်နှာအရ ဘယ်သူဆိုတာ သဘောပေါက်လိုက်တော့၏ ။

"ယက္ခ"

ဆံပင်ရှည်များ အား ကျောမှာ ဖြန့်ချထားသူ ယက္ခ။

မုတ်ဆိတ်မွေး၊ ပါးပြင်မွေးများ နှင့် ခက်ထန်မာကျောသူ ယက္ခ။

အနီရောင် အင်္ကျီပေါ်မှာ အင်းကွက်မျိုးစုံရေး ထိုးထားသည့် ယက္ခ၊

ကိုးချောင်းရွာအား (၆) နှစ် တိတိ

စိုးမိုးဗိုလ်ကျခဲ့သူ ယက္ခမှာ ကား . . .

သဲချောင်းကွင်းပြင်ရဲ့

ထိုင်ခုံလေးတစ်လုံးပေါ်တွင် ခေါင်းငိုက်စိုက်ကျကာ အသက်ပျောက်နေ ပါပြီ။ အနီးအနားတွင် လည်း သူ့တပည့်များ ကို တစ်ယောက် တလေမျှမတွေ့ ရတော့။

"ဘယ်လို ဖြစ်တာလဲ၊ ဘာတွေ ဖြစ်ကုန်တာလဲ"

ယခုမှရောက်ရှိလာဟန်တူသူ တစ်ယောက်က နားမလည်စွာ ထမေးတော့ . . .

"မသိဘူး ခုံမှာ ထိုင်နေရင်း အလိုလို ခေါင်းငိုက်စိုက်ကျသွားတာပဲ"

"ကြာပြီလား"

"မကြာသေးဘူး။ ဦးဖိုးလူအိမ်ဘက်က

အော်သံကြီးထွက်လာပြီး မကြာဘူး၊ သူလည်း ဒီလို ဖြစ်သွားတာပဲ"

ရိုးစစ် သဘောပေါက်လိုက်ပါပြီ။ ဦးဖိုးလူနှင့် ယက္ခတို့ရဲ့ ပွဲမှာ အနိုင်အရှုံး မရှိ၊ သရေကျသွားခဲ့ ပြီ။ ပညာတစ်ရပ်အား လွဲမှား စွာ အသုံးပြုသူတွေ အတွက် ရရှိသွားသည့် အကျိုးအမြတ်ပေပဲပေ့ါ။

ထိုစဉ်မှာ ပဲ . . .

"ရှီ . . ."

ဘုန်းကြီးကျောင်းဘက်ဆီမှ မီးရှူး တစ်ခု ကောင်းကင်ယံကို ထိုးတက်သွား၏ ။ ပြီးတော့ . . .

"ဖောင်း . . ."

လှပစွာ ပေါက်ကွဲသွားသည်။

သုံးပုံပဟေဠိပေါ်လေပြီ။

*

နက္ခတ်ပွင့်လန်း ဇာတာဆန်းချိန်

သုံးပုံပဟေဠိ ပေါ်လိမ့်မည်။

တောက်ရှူး စုန်းမီး ကြွေလိမ့်မည်။

အလှုံညီးညီး မီးတောက်လိမ့်မည်။

*

XXXII

သုံးပုံပဟောဋ္ဌ ပေါ်ပြီ ဖြစ်ကြောင်း ဆရာတော် ဘုန်းကြီး၏ အချက်ပေးသံ ဆုံးသွားစဉ်မှာတော့ . . .

'ယက္ခ' ဟူသော စုန်းမီးတစ်စက အလိုလို ကြွေသွားခဲ့ပါပြီ။

ထိုအခိုက် . . .

"ဟာ . . . လုပ်ကြပါဦး . . . လုပ်ကြပါဦး . . . မီးတွေ လောင်ကုန်ပြီ"

ရွာတောင်ဘက်ဆီမှ လူတစ်စု အကြောက်အကန် အော်ဟစ်ကာ ချောင်းရိုးအတိုင်း ပြေးလာ သည်ကို တွေ့ရသည်။ ထိုပအတူ . . .

"မီးတွေ လောင်ကုန်ပြီဟေ့ ရွာမြောက်ပိုင်းမှာ မီးတွေ လောင်ကုန်ပြီ။ ပြေးကြ . . .ပြေးကြ . . ."

"ဟာ . . . ရွာအရှေ့ပိုင်းမှာ ရော၊ ရွာအရှေ့ပိုင်းမှာ ရော မီးတွေ . . . မီးတောက်ကြီးတွေ . . ."

ကြောက်ခမန်းလိလိထွက်ပေါ်လာသော စကားသံတွေ နှင့် အတူ လေးဘက်လေးတန်ဆီမှ ထိုးတက်လာသော မီးတောက်ကြီးတွေ ၊ မီးခိုးလုံးကြီးတွေ ကို မြင်တွေ့လိုက်ရချိန်မှာ . . .

တစ်ရွာလုံး အသိပျောက်သွားခဲ့ပြီ။ ထိတ်လန့်တကြား အော်ဟစ်သံတွေ ၊ ကြောက်ကြောက်လန့်လန့် ငိုယိုသံတွေ ဆူညံသွားပြီး ခြေဦးတည့်ရာ ပြေးကြတော့၏ ။ မီးလွတ်ရာပြေးသူတွေ ရှိသလို၊ မီးတောက်တွေ ရှိရာဆီ ပြေးထွက်သွားသော သူတွေ လည်း ရှိသည်။ သူတို့ အိုးအိမ်ပစ္စည်းတွေ ကျန်ရှိနေသေးသည် မဟုတ်ပါလား။

တစ်ရွာလုံးမှာ သွေးရူးသွေးတန်း ကမ္ဘာပျက်မတတ်။

''တစ်ရွာလုံး မီးတွေ လောင်ကုန်ပြီ၊ တစ်ရွာလုံး မီးတွေ လောင်ကုန်ပြီ။ ပြေးလို့မရတော့။ ပြေးလို့ မလွတ်တော့ဘူး''

ပြေးစရာ မြေမရှိတော့ပါ။ ရွာစည်းရိုးတစ်လျှောက် မီးတွေ တောက်လောင်ကုန်ပြီမို့ ပြေးလို့ မလွတ်တော့။ တစ်ရွာလုံးမီးဝိုင်းကာ အားလုံးက မီးတွင် းထဲကို တစ်မုဟုတ်ချင်း ရောက်သွားခဲ့ပြီ။

ဘာ ဖြစ်သွားတာလဲ။

ရိုးစစ် ပထမတော့ ကြောင်ကာကြည့်နေမိသေး၏ ။ ချက်ချင်း ပင် တစ်ရွာလုံးပတ်ဝိုင်းသွားသော မီးတောက်ကြီးကိုကြည့်ကာ တအံ့တသြ။

မီးတောက်ကြီးတွေ ၊ မီးခိုးလုံးကြီးတွေ က တဟဲဟဲ အော် မြည် ကာ အလိပ်လိုက်၊ အလိပ်လိုက်။

ထိုစဉ်မှာ ပင် သူ့ခန္ဓာကိုယ်ကို သိစိတ်တစ်ခုက လှုပ်နှိုးလိုက်ပါသည်။ ဆတ်ခနဲတုန်သွားသော ခန္ဓာတစ်ချက်နှင့် အတူ စိတ်နှင့် ကိုယ် ပြန်လည်ကပ်မိသွားချင်း . . .

အလုပ်သင့်ဆုံး အလုပ်တစ်ခုကို ရှီးစစ် စ, တင်လိုက်ပြီ။

တစ်ထီးတည်းကျန်ခဲ့သော ကုလားထိုင်ပေါ်မှ ယက္ခရုပ်အလောင်းကိုလှမ်းကြည့်ကာ အသိမဲ့ နေပြီ ဖြစ်သော လက်တစ်ဖက်ကို ကောက်ကိုင်လိုက်သည်။

ထိုအခါမှာ တော့ . . .

ပြူး ကျယ်သွားသော မြင်ကွင်းတစ်ခုနှင့်

အတူ . . .

"ခင်ဗျားလွယ်အိတ် ကျွန်တော်ပြန်ယူလာတယ်"

သူ့ကိုတွန်းတိုက်ကာ ပြောလာသူက အီလစ်။ အီလစ်လက်ထဲမှာ သူ့ရဲ့ အသက်ဝိညာဉ်လွယ်အိတ်လေး။ လွယ်အိတ်ပိုက်ထားသူအီလစ်ကိုကြည့်ကာ စကားတစ်ခွန်းကို အလျင်အမြန်ဆိုမိသည်။

"ဖိုးလက်ဖြူအုတ်ဂူက ဘယ်နားမှာ လဲ"

အီလစ်က သူ့ကို ကြောင်တောင်တောင်စိုက်ကြည့်၏ ။ ပြီးတော့ . . .

"ယက္ခတဲရဲ့ ခေါင်းရင်းဘက်မှာ "

"အဲဒီ နေရာကိုရောက်အောင်အမြန်ဆုံးဘယ်လိုသွားလို့ရမလဲ"

အရမ်းအလျင်လိုနေသော သူ့ပုံစံကိုကြည့်ကာ အီလစ်က တုံ့နေးမနေ . . .

"အမြန်ဆုံးသွားဖို့ တစ်နည်းပဲရှိတယ်"

"ဘယ်လိုလဲ၊ ဖိုးလက်ဖြူအုတ်ဂူဆီ အမြန်ဆုံးရောက်မှ ဖြစ်မှာ ။ အဲဒါမှ ဒီရွာကို ကယ်နိုင်လိမ့် မယ်"

အီလစ်သဘောပေါက်သွားလေပြီ။ ချက်ချင်း ပင် လက်ခေါက်တစ်ချက်ကို မှု တ်လိုက်ကာ . . .

"ရှီ . . ."

အထိတ်တလန့် ပြေးလွှားနေကြသူတွေ ။ မီးလွတ်ရာပြေးထွက်လာသူတွေ ကြားမှ မြင်းညိုကြီး တစ်ကောင် ကဆုန်ပေါက်လာသည်။ ရိုးစစ်နားလည်လိုက်ပြီ။ အီလစ်က . . .

"ဒီကောင်နဲ့ သွားမှရမယ်"

ခဏာချင်းပင် မြင်းပေါ်မှ လူနှစ် ယောက် ပါသွားသည်။ မြင်းကြီးက အတားအဆီးများ ကို ဖြတ်ကျော်ကာ တောင်ကုန်းလေးတစ်ခုဆီသို့ တဖြောင်းဖြောင်း ပြေးထွက်သွားသည်။

"လွယ်အိတ်ကို ယက္ခအခန်းက နှစ်ဖက်ပွင့်ဘီရိုအပေါ်ဆုံးထပ်က တွေ့လာတာမလား"

"ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"မကြာခင် မင်းသိရလိမ့်မယ်"

မြင်းကြီးက မီးလောင်နေသော ခြံစည်းရိုးတစ်ခုကို လွှားခနဲ ဖြတ်ကျော်သွားခိုက် ရိုးစစ်လက်လှမ်းမီရာ မီးစတစ်ခုကို လှမ်းဆွဲလိုက်၏ ။ မီးဟုန်းဟုန်းတောက်နေသော တုတ်တစ်ချောင်း လက်တွင် းမှာ ပါလာသည်။

ယက္ခတို့တဲစခန်းရှေ့ရောက်တော့ . . .

အီလစ်က အရင်ဆုံး မြင်းပေါ်မှ
လွှားခနဲခုန်ဆင်းသွားသည်။ အီလစ်နောက်မှာ
သူခုန်ဆင်း လိုက်၏ ။ မြေပေါ်ရောက်စဉ်မှာ ပင်
အီလစ်က တစ်နေရာကို ဦးဆောင်ပြေးထွက်
သွားပါသည်။ အီလစ် နောက်သို့ သူလည်း
မီးတုတ်ကိုင်ကာ ပြေးလိုက်သွားသည်။

တွေ့ပါပြီ။ သူ့မျက်လုံးထဲမှာ မြင်ထားခဲ့သော
အုတ်ဂူကြီး။

အီလစ်ပြောသလိုပင်
ယက္ခတဲစခန်းခေါင်းရင်းမှာ ခန့်ခန့်ထည်ထည်ကြီး
ရှိနေသည်။ ညဘက် ပေမို့ အုတ်ဂူမှာ ဘယ်လိုအရောင်
အသွေးရှိလဲမသိရ။ ဒါပေမဲ့ . . .

ရိုးစစ် အလျင်အမြန်ပင် ပြေးသွားကာ
အုတ်ဂူရှေ့နားမှာ ဒူးထောက်ထိုင်ချလိုက်သည်။ ပြီး. . .

မီးတုတ်မြှောက်ကာ ကြည့်လိုက်တော့ သူမြင်ထားသလိုပါပဲ။

"ဒါ ယက္ခကို ဖိုးလက်ဖြူပေးခဲ့တဲ့ ပဟေဠိတစ်ပုဒ်ပဲ။ ဒီပဟေဠိကို ယက္ခမဖြေနိုင်လို့ ရွာက ထွက်မသွားသေးတာ"

ထူးဆန်းသော ရိုးစစ်စကားကြောင့် အီလစ်လည်း နူးထောက်ကာ ထိုင်ချသည်။ ပြီး . . . မြင်ရသော ဇယားကွက်နှစ် ကွက်ကိုကြည့်ကာ . . .

"ကျွန်တော် အရင်က မတွေ့ဖူးပါဘူး"

"ဟုတ်တယ် . . .၊ ယက္ခ ငါနဲ့တွေ့ ဖို့ဆင်းမလာခင်မှာ ရေး သွားခဲ့တာပဲ။ ဒီနှစ် ကွက်ထဲမဟုတ် ဘူး။ အုတ်ဂူပတ်ပတ်လည်မှာ တခြားဇယားကွက် (၅) ကွက် ရှိသေးတယ်။ အားလုံးပေါင်း ခုနှစ် ကွက်"

"ဟုတ်လား"

"အီလစ်က စူးစမ်းသလို

ဟိုဟိုဒီဒီကြည့်သည်။

"ဒါပေမဲ့ အဲဒါတွေ က အရေး မကြီးဘူး။

အဓိကအရေး ကြီးတာက ဒီဇယားကွက်နှစ် ကွက်ပဲ။

ဒီနှစ် ကွက်ထဲမှာ ပဟေဠိတစ်ပုဒ်ရှိတယ်"

အီလစ်နှင့် သူ့ အုတ်ဂူအရှေ့ဘက်ခြမ်းမှာ

ရေး ထိုးထားသော ဇယားကွက်နှစ် ကွက်အား

သေသေချာချာ ကြည့်မိသည်။

| | | | | |
|---|---|---|---|---|
| 2 | 3 | 6 | 7 | 10 |
| 11 | 14 | 15 | 18 | 19 |
| 22 | 23 | 26 | 27 | 30 |
| 31 | 34 | 35 | 38 | 39 |
| 42 | 43 | 46 | 47 | 50 |
| 51 | 54 | 55 | 58 | 59 |
| 62 | 63 | 66 | 67 | 70 |
| 71 | 74 | 75 | 78 | 79 |
| 82 | 83 | 86 | 87 | 90 |
| 91 | 94 | 95 | 98 | 99 |

| | | | | |
|---|---|---|---|---|
| 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 24 | 25 |
| 26 | 27 | 28 | 29 | 30 |
| 31 | 40 | 40 | 42 | 43 |
| 44 | 45 | 46 | 47 | 56 |
| 57 | 58 | 59 | 60 | 61 |
| 62 | 63 | 72 | 73 | 74 |
| 75 | 76 | 77 | 78 | 79 |
| 88 | 89 | 90 | 91 | 92 |
| 93 | 94 | 95 | | |

"ဘယ်လိုပဟေဠိလဲ"

အီလစ်က တည်တည်ကြည်ကြည် ကြည့်နေရာမှမေးတော့ . . .

"ဂဏန်းတွေ ရေး ထားတဲ့ ဇယားကွက်ဆိုတော့ ဂဏန်းပဟေဠိပဲ ဖြစ်မှာ ပေါ့။

အဖြေထွက်ရင် လည်း ဂဏာန်းတွေ ပဲ ထွက်လိမ့်မယ်ထင်တယ်၊ အီလစ် . . ."

အဆုံးပိတ်ခေါ်လိုက်သော သူ့စကားကြောင့် အီလစ်က လှည့်ကြည့်သည်။

"မင်း . . . ကြိုး စားကြည့်ပါလား"

ဘာမှတော့မပြော၊ ငြိမ်ကာကျသွားသည်။ ပြီးတော့ သူ့လက်ထဲမှ မီးတုတ်ကိုဆွဲယူကာ ပတ်ပတ်လည်မှာ ရေး ထိုးထားသော ဇယားကွက်တွေကို လိုက်ကြည့်သည်။ ယခုအချိန်မှာ အီလစ်က လွဲ၍ ထိုပဟေဠိအား ဖြေရှင်းနိုင်သူရှိမည် မဟုတ်။ အီလစ်က ဘုရားပေးလက်ဆောင်တစ်ခုကို ပိုင်ဆိုင်ထားသူလေပင်။

အီလစ်သည် သင်္ချာပါရမီရှင်။

သူ ကတော့ . . .

ရိုးစစ် မတ်တပ်ထရပ်ကာ မီးတောက်တွေ ဝိုင်းထားသော ကိုးချောင်းရွာကို ဝမ်းပမ်းတနည်း ကြည့်မိ၏။ လူတွေ ယောက် ယက်ခတ်ကာ ဦးတည်ရာမရှိ ပြေးလွှားနေကြသည်။ တစာစာဟစ်အော်သံ တွေ၊ ကယ်ပါ ယူပါ အကူအညီတောင်းသံတွေ၊ သွေးရူးသွေးတန်း အော်ဟစ်ပြေးလွှားနေသူတွေ ။

ကြောက်လန့်တကြား သွေးပျက်နေကြသူတွေ ။

ထိုသူတွေ အားကြည့်ရင်း ရင်ထဲမှာ ဝေဒနာတစ်ခုက ပေါ်ပေါက်လာသည်။ ခံပြင်းမှု လိုလို၊ ဒေါသလိုလိုတွေ လည်း အစိုင်အခဲတစ်ခုအ ဖြစ် ရင်ထဲမှာ ပွားများ လာ၏ ။

သူတို့မှာ ကူညီမည့် သူမရှိ။ အားကိုးရမည်

သူမရှိ။

ပိဆိုးသည်က တောက်လောင်နေသော မီးကို ငြိမ်းသတ်ရန် ရေမရှိ။

တစ်ရွာလုံး နေရာလွတ်မရှိအောင် မီးဝိုင်းနေသည်မို့ ထွက်ပြေးလို့မရ။ ရိုးစစ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသည်။ သူ့ရဲ့ ကျေးရူးရှင် ရွာသူရွာသားတွေ မီးလောင်တိုက်ထဲရောက်နေပါ ပြီ။ သူမကယ်နိုင်တော့ဘူးလား။ အံတစ်ချက်ကြိတ်မိစဉ်မှာပဲ . . .

နောက်ဘက်ဆီမှ လှုပ်ရှားသွားသော မီးရောင် တစ်ချက်ကြောင့် လှည့်ကြည့်လိုက်မိတော့ . . .

အီလစ်က မြေပေါ်တွင် ထိုင်ကာ တုတ်တစ်ချောင်းဖြင့် တွက်ချက်မှု တစ်ခုကို စတင်ပြု လုပ်နေ ပါပြီ။ ရိုးစစ် ဘုရားတ, မိလိုက်၏ ။

အဖြေအမြန်ဆုံးတွေ့ပါစေ။

ထိုစဉ်မှာ ပင် ရွာဘက်ဆီမှ

ဝုန်းခနဲအသံကြီးတစ်ခု ကြားလိုက်ရလေသည်။

အိမ်တစ်အိမ်ကို မီးစွဲလောင်ကာ ပြိုကျသွားခြင်း ဖြစ်၏

။ ရိုးစစ် ဘုရားအကြိမ်ကြိမ် တ, မိလိုက်ပါသည်။

မီးတော် တွေ ကျေးရွာလေးကို ဘယ်လောက်များ ဝါးမျို

နေဦးမှာ လဲ။ အရင်ကတည်းက မိုးခေါင်လွန်း၍

ဒုက္ခရောက် နေသူတွေ မှာ ယခုမီးလောင်ခြင်းဒဏ်ကိုပါ

ထပ်မံခံစားနေရပြန်ပါပြီ။ ဘယ်လိုဝဋ်ကြွေးပါလဲ။

ထိုအခိုက် . . .

"တစ်ဆယ်"

အီလစ်က ထအော်သည်။

"ဟင် . . ."

ရိုးစစ် ကြောင်တောင်တောင်ဖြင့်

ကြည့်လိုက်မိတော့ . . .

"အဖြေ တစ်ဆယ် (၁၀) ရတယ်"

ရင်တစ်ချက်ခုန်သွားလေပြီ။ 'တစ်ဆယ်' ဟုလည်း နှုတ်မှလိုက်ရွတ်မိသည်။ အီလစ်ကိုယ်တိုင် တွက်ချက်သည်မို့ အဖြေက သေချာသည်။ ဒါဆိုဘာလဲ . . . (၁၀)ဆိုတာ ဘာကိုပြောတာလဲ။

ရိုးစစ်အတွေးတွေ ဖြင့် ရွာလေးဆီလှမ်းကြည့်မိစဉ် . . .

"ဟာ . . . "

ခေါင်းတွင် းမှာ အရောင် တစ်ချက် လက်သွားလေပြီ။ ချက်ချင်း ပင် ပုံရိပ်တစ်ခုက ခေါင်းထဲမှာ ပေါ်လာတော့ . . .

"အီလစ် . . . မင်း ငါ့ကို ပုံတစ်ပုံဆွဲပြတာ မှတ်မိသေးလား"

"ဗျာ . . . ဘာပုံလဲ"

"ငါသုံးပင်ရွာက ပြန်လာတုန်းကလေကွာ။ မင်း ဟိုဘက်တောင်ကုန်းပေါ်မှာ ဒီရွာနဲ့တူတယ်ဆို ပြီး ပုံတစ်ပုံ ဆွဲပြဖူးတယ်။ အနားပြိုင်စတုဂံပုံလေ မှတ်မိလား"

အီလစ်မျက်နှာ ဝင်းလက်သွားပြီး . . .

"သိပြီ . . . သိပြီ . . . အခု ကျွန်တော် ဆွဲပြရမှာ လား"

"မဟုတ်ဘူး အဲ့ဒီပုံမဟုတ်ဘူး။ ယက္ခဆီမှာ ရှိတဲ့ပုံ"

"ဗျာ . . . "


ကြောင်, အသွားပြန်သည့်ကြောင့် . . .

"မင်းပဲ အဲ့ဒီပုံနဲ့တူတဲ့ပုံတစ်ပုံ ယက္ခအိမ်မှာ

တွေ့ဖူးတယ်ဆို"

"ဪ . . . ဟုတ်ပြီ"

အီလစ် သတိရသွားကာ မြေပေါ်တွင်
ပုံတစ်ပုံ ချက်ချင်း ဆွဲပြသည်။



"ဒီပုံပဲ . . . သေချာတယ်"

အီလစ်ဆွဲပြသော ပုံကိုကြည့်ကာ ရိုးစစ်မျက်မှော င်ကြုတ်မိသွားသည်။ ခေါင်းထဲမှာ လည်းဖြစ်နိုင်ခြေတွေ ပလုံစီသွား၏ ။
အချိန်တစ်ခုကြာသွားပြီးစဉ်မှာ တော့ . . .

"ငါသိပြီ၊ ဒါ . . . ဘဝနဲ့ပတ်သက်တဲ့ အတွေးအခေါ်တစ်ခုပဲ"


"ဗျာ . . . "

အီလစ် နားလည်မိပုံမပေါ်ပါ။ ထို့ကြောင့်ပင် . . .

"ဒါ . . . သင်္ချာတစ်ပုဒ်မဟုတ်ဘူး၊ ကိုးချောင်းရွာရဲ့ ပုံလည်း မဟုတ်ဘူး။ ကိုးချောင်းရွာတည်ဆောက်ပုံကိုအရင်းပြုပြီး ဖြစ်ပေါ်လာတဲ့ အတွေးအခေါ်တစ်ရပ်ပဲ။ ဟိုတစ်ခါတုန်းကလိုပဲ ငါ ဒီပုံ ကို

PQRS တပ်လိုက်မယ်"

ပြောပြီး အလျင်အမြန်ပင် အီလစ်ဆွဲပြသော ပုံပေါ်၌ အက္ခရာလေးလုံးကို တပ်လိုက်သည်။



ပြီးတော့ မီးခိုးလုံးများ ကြားမှ ရွာလေးကို တစ်ချက်လှမ်းကြည့်ကာ . . .

"ၵ နေရာမှာ ရွာဝင်ပေါက်၊ ၜ နေရာမှာ စာကြည့်တိုက်၊ ၐ နေရာမှာ သုသာန်၊ အဲဒါ ဘဝပဲ။ လူတွေ က ၵ ဆိုတဲ့ ဝင်ပေါက်ကနေ လောကကြီးထဲကို ရောက်လာကြတယ်။ ပြီးတော့ ၜ ဆိုတဲ့ စာကြည့်တိုက်ရှိရာဆီ သွားကြတယ်။ စာကြည့်တိုက်ဆိုတာ ဘဝပဲ။ စာကြည့်တိုက်ထဲမှာ လူတွေ ရဲ့ ဘဝကိုပြဌာန်းထားတဲ့ စာအုပ်တွေ အများကြီးရှိတယ်။ အဲဒီ ထဲမှာ ပဲ လူတွေ က ဘဝအမျိုးမျိုးနဲ့ ကျင်လည်ကြတယ်။ ပြီးတော့ ၐ (သုသာန်) ဆိုတဲ့ သေဆုံးခြင်းရှိရာဆီ သွားကြတယ်။ ၐ ကနေမှ ၵ ကိုပြန်လာပြီး ဘဝအသစ်တစ်ဖန် စကြတယ်။

တကယ်တော့ ၜၐၵ ဆိုတာ သံသရာစက်ဝိုင်းကြီး။ အများ စုက

အဲ့ဒီစက်ဝိုင်းကြီးထဲက မထွက် နိုင်ကြဘူး။ လူနည်းစုသာ R ဆိုတဲ့ ထွက်ပေါက်က ထွက်နိုင်ကြတယ်။

အဲ့ဒီအဓိပ္ပါယ်ကို ဆွဲထားတာပဲ''

သူစကားဆုံးသွားချိန်မှာ အီလစ် ကတော့ မတုန်မလှုပ်သာ ရှိနေသည်။ နားလည်ဟန်မပြသလို နားမလည်ဘူးဟုလည်းမပြော။ ဒါပေမဲ့ . . .

''မင်း ကတော့ ငယ်သေးလို့ ဒါတွေ ကို နားလည်ချင်မှ နားလည်မယ်။ ငါ ကတော့ ဖိုးလက်ဖြူ ဘယ်လမ်းကိုရွေးသွားလဲဆိုတာ နားလည်လိုက်ပြီ''

''ထွက်ပေါက်ကိုလား''

''မဟုတ်ဘူး၊ ဖိုးလက်ဖြူလိုလူမျိုးက သံသရာမှာ ပဲ ထပ်ကျင်လည်ချင်ဦးမှာ ထွက်ပေါက်ကို ရွေးမှာ မဟုတ်ဘူး''

"ဒါဆို . . . "

ရိုးစစ် မီးလောင်ပြင်သဖွယ် ဖြစ်နေသော ရွာလေးအားကျော်ရင်း ရွာဝင်ပေါက်ရှိရာဆီ လှမ်းကြည့်လိုက်သည်။ ကုန်းမြင့်ပေါ်မှကြည့်ခြင်းမို့ မီးတောက်တွေ ကြားမှပင် ရွာဝင်ပေါက်လေးအား ဝိုးတဝါး တွေ့ရ၏ ။

ရိုးစစ် အားလုံးကို နားလည်လိုက်ခြင်းနှင့် အတူ ခပ်ငွေ့ငွေ့ပြုံး ကာ . . .

"မြေကြီးကော်ဖို့ ဂေါ်ပြားတစ်ခုတော့ လိုမယ်ထင်တယ်"

ကြောင်တောင်တောင်ရပ်နေရာမှ အီလစ် လှစ်ခနဲ ပြေးထွက်သွားသည်။ ယက္ခတို့ဆရာတပည့် များ နေထိုင်ရာတဲစခန်းအတွင်း းသို့ ဝင်သွားခြင်း ဖြစ်သည်။ ပြန်ထွက်လာတော့ လက်ထဲမှာ ဂေါ်ပြား

တစ်ခုကိုင်လျက် . . .

"ဝေါ်ပြားရပြီ၊ ဘယ်နေရာကိုတူးမှာ လဲ"

"ကိုးချောင်းရှာ
ဆိုင်းဘုတ်အောက်တည့်တည့်ကို"

"ဗျာ . . . "

"မင်းပဲ အဖြေက (၁၀) ဆို"

"ဟုတ်တယ်လေ . . . ဒါပေမဲ့"

"ကိုးချောင်းရှာဆိုင်းဘုတ်မှာ တုတ် (၉) ချောင်းပုံစံ ဆွဲထားတယ်မလား။ အမှန်က အဲဒါ (၉) ချောင်းမဟုတ်ဘူး၊ (၁၀) ချောင်း"

"ဟာ . . . မဟုတ်တာဗျာ။ ကျွန်တော် သေချာသိပါတယ်။ (၉) ချောင်းပါ"

ရှီးစစ် နှုတ်ခမ်းတွန့်ကွေးရုံ ပြုံး လိုက်၏ ။

ပြီးတော့ . . .

"အဲ့ဒီ (၉) ချောင်းကို ပေါင်းရေး လိုက်ရင် (၁၀) ရတယ်။ နောက်ပြီး အဲ့ဒီဆိုင်းဘုတ်က ဖိုးလက်ဖြူ ပြန်စိုက်ခဲ့တာလို့ မင်းပဲပြောတယ်လေ"

အီလစ်မှာ ကြောင်, အဆဲ။

မကြာလိုက်သော အချိန်အတွင်း ၊မှာ ကဆုန်ပေါက်ထွက်သွားသော မြင်းခွာသံကို ကြားလိုက်ရ လေသည်။

*

## XXXJJJ

မီးတောက်တွေ ဝါးမျိုလုလု ဖြစ်နေသော

ရွာလေးအား တိုးလျှိုပေါက်ဖြတ်သန်းလာခဲ့သည်။ ရွာထိပ်ကိုကျော်လွန်ကာ ကိုးချောင်းရွာဆိုင်းဘုတ်ရှေ့သို့ ရောက်စဉ်မှာ တော့ ရိုးစစ် မြင်းပေါ်မှခုန်ဆင်း လိုက်ပါသည်။

ပြီးတော့ ဆိုင်းဘုတ်အောက်တည့်တည့်မြေပြင်အား လက်ထဲမှ ဂေါ်ပြားဖြင့် အားကုန်တူးဆွ လိုက်ပါ၏ ။ ရွာအတွင် းဘက်ပိုင်းဆီမှ ကယ်ပါ ယူပါအသံတွေ ကို အတိုင်းသားကြားနေရသည်။ ထိုအသံတွေ ကို ကြားလေလေ၊ ဂေါ်ပြားနှင့် မြေကြီးတွေ့ဆုံမှု က ပိုလေလေဖြင့် . . .

လိုအပ်သော အနက်ပေတစ်ခုကို ရောက်သွားစဉ်မှာ တော့ . . .

"ဒုတ်"

ဟူသော အသံတစ်ချက်နဲ့အတူ ဂေါ်ပြားက ခပ်မာမာအရာတစ်ခုနှင့် တွေ့ဆုံမိ သွားပါသည်။ ရိုးစစ် အလျင်အမြန်ပင် တူးဖော်ယူငင်လိုက်တော့ . . .

ရှည်မျောမျော သေတ္တာလေးတစ်လုံး။

ထိုသေတ္တာလေးအဖုံးအား ဆွဲဖွင့်လိုက်စဉ် . . .

ပေါ်လာသော အရာတစ်ခုမှာ တော့ . . .

ဖြူလွလွ 'ပလွေ' လေးတစ်ချောင်းပင် ဖြစ်တော့၏ ။

"ပလွေလေး"

ဖြူလွရှင်းသန့်နေသော အပေါက် (၆) ပေါက်ပါသည့် ပလွေလေးတစ်ချောင်း။

ထိုပလွေလေးအား ရိုးစစ်

ထိကိုင်မိလိုက်စဉ်မှာ ပဲ . . .

"ဟာ . . ."

သူ့ကျွမှာမြေတစ်ခုလုံး တုန်ဟည်း

သွားပါတော့၏ ။

*

ဘုရားပေးလက်ဆောင် နှစ် ခုပေါင်းမှ

မင်းတို့ရွာကြီး မိုးသီးကြွေလတ္တံ့။

*

## XXXIV

"တူ . . ."

ပလွေသံလေးတစ်ခုက မထင်မရှား ထွက်ပေါ်လာသည်။ ပထမတိုးတိုး . . .

ပြီးတော့ တဖြည်းဖြည်း ကျယ်လာသည်။

ပြီးတော့ . . .

နောက်ပြီးတော့ . . .

သွဲ့သွဲ့ဖွဲ့ဖွဲ့ တိုးထွက်လာသော ပလွေသံလေးသည်ကား မြေပြင်မှ လွင့်တက်ကာ ကောင်းကင် ကို ထိုးခွဲလိုက်သည့်အလား . . .။

"ဒိန်း"

ကမ္ဘာတုန်မတတ် မိုးခြိမ်းသံကြီးတစ်ခု အပြင်းထန်ဆုံး ပေါက်ကွဲသွားသည်။ အီလစ်အပါအဝင်

မီးဒဏ်ခံနေရသူအပေါင်းမှာ ကား . . .

အနီးကပ်မြည် ဟည်းလိုက်သော

မိုးခြိမ်းသံကြီးကို မကြားလိုက်သလို။

သူတို့စိတ်မှာ မယုံမရဲ . . .

နားကြားများ လွဲလိုက်သလား။

"ဒိန်း"

အပြင်းထန်ဆုံး နောက်တစ်ချက်။

မိုးနတ်မင်းကြီး သိ သွားပါပြီ။

အဆက်မပြတ် ထွက်ပေါ်လာသော ပလွေသံလေးမှာ

မိုးနတ်မင်း ၏ အမိန့်တစ်ခုကို တောင်းခံပေးနေသလို။

ရိုးစစ်မျက်လုံးအိမ်၌ မျက်ရည်တွေ

တစ်ပေါက်ချင်း စီးကျနေသည်။ ပလွေမှု တ်ရင်း ဝမ်းပမ်း

တနည်း ငိုကြွေးနေသည်။ သို့ ပေမဲ့ မရပ်မနား ကြိုး

စားနေဆဲ။

"တူ . . . တူ . . . "

မိုးသားတိမ်လိပ်တွေ တမုဟုတ်ချင်း တက်လာသည်ကို တွေ့လိုက်ရ၏ ။ မည်း မည်း မှောင်နေ သော ကောင်းကင်မှာ မိုးခိုးမိုးငွေ့တွေ အုံနှင့် ကျင်းနှင့် လွင့်ပျံတက်လာပါပြီ။ မိုးနတ်မင်းကြီး သူတို့ရွာလေးအား မျက်နှာသာပေးလိုက် ချေပြီ။

"ဒိန်း"

တတိယမြောက်ထွက်ပေါ်လာသော မိုးခြိမ်းအသံကျယ်ကြီးနောက်မှာ တော့ . . .

"ဖောက် . . . "

မိုးစက်လေးတစ်ပေါက်က သူ့လက်မောင်းကို လာမှန်သည်။ ပြီးတော့ နောက်တစ်စက် . . .

"ဖောက် . . . ဖောက် . . . ဖောက် . . ."

မျက်ရည်တွေ တသွင်သွင်
စီးကျနေသည့်ကြားမှပင် ရိုးစစ် ပြုံး လိုက်မိတော့၏ ။

ရွာပါပြီ၊ မိုးရွာပါပြီ။

ခြောက်နှစ် တိတိ မိုးခေါင်ခဲ့သော
ကိုးချောင်းရွာမှာ ပထမဆုံးကျလာသော
မိုးပေါက်တစ်စက် နှင့် အတူ ကျိန်စာပြယ်သွားခဲ့ပြီ။
ဘုရားပေးလက်ဆောင်နှစ် ခုကို အချိန်မီပေါင်းစပ်နိုင်မှု
ကြောင့် မိုးပေါက်တွေ ကျလာခဲ့ပြီ။

"ဟာ . . . မိုးပေါက်တွေ ကျလာတယ်ဟေ့၊
မိုးပေါက်တွေ ကျလာတယ်"

ဝမ်းသာအားရထွက်ပေါ်လာသော
ရွာထဲမှအသံတစ်သံ။ ထို့နောက်မှာ တော့ . . .

"ဟေး . . . မိုးရွာပြီ၊ ငါတို့ရွာ မိုးပြန်ရွာပြီ"

တဖျောက်ဖျောက်ကျလာသော မိုးစက်တွေက ပထမ နည်းနည်း၊

ပြီးတော့ ဖွဲဖွဲ . . .

နောက်ဆုံးမှာ တော့ သည်းသည်းမည် းမည်း ရွာချလိုက်သော မိုးပွဲကြီးတစ်ခုအ ဖြစ် . . .။

"ဝေါ . . . ဝေါ . . . ခြိမ်း . . . ဒလိန်း . . . "

ပလွေသံလေး ကတော့ ယခုထက်တိုင် ပျံ့လွင့်နေဆဲ။

*

တောတောင်မြေပြင် သောက်ငင်ပြီးသော်

သဲချောင်ဘောင်ဘင် သွင်သွင်စီးလတ္တံ့။

*

# XXXV

ဖိုးလက်ဖြူသေဆုံးခါနီး အချိန်၌ ကျိန်စာနှင့်
ပတ်သက်ပြီး ယက္ခကို ကတ်ပြားခုနစ် ချပ် ပေးသွား
ခဲ့ပါသည်။ ထိုအထဲမှ နှစ် ချပ်အား ရွေးထုတ်ပြီးချိန်တွင်
ဖိုးလက်ဖြူသေဆုံးသွားခဲ့သည်။ ထို့အတွက်
ရွေးထုတ်ပေးခဲ့သော ကတ်ပြားနှစ် ချပ်သာ
ပဟေဠိတစ်ပုဒ်အ ဖြစ် ကျန်ရစ်ခဲ့သည်။ ထိုပဟေဠိအား
ခြောက်နှစ် ကြာသည်အထိ ယက္ခ မဖြေရှင်းနိုင်ခဲ့။
ရိုးစစ်နှင့် တွေ့ဆုံခါနီး အချိန်ပိုင်းရောက်မှသာ ယက္ခ
လက်လျှော့ လက်လျှော့ခဲ့ပါသည်။

ထို့ကြောင့် ကတ်ပြားခုနစ် ချပ်လုံးကို

ဖိုးလက်ဖြူအုတ်ဂူနံရံမှာ ရေး ပေးသွားခဲ့သည်။ အရေး ကြီး သည့်ဆိုသော ကတ်ပြားနှစ် ချပ်ကိုတော့ အုတ်ဂူရှေ့ဘက်နံရံမှာ ရေး သွားခဲ့ပါသည်။

ထိုအကြောင်းအရာများ ကို ယက္ခ လက်တစ်ဖက်အား ရိုးစစ်ထိကိုင်မိလိုက်စဉ်အချိန်၌ အားလုံး သိရှိခဲ့ခြင်း ဖြစ်သည်။ ထို့အတွက်ကြောင့် လည်း ယက္ခရေး သွားခဲ့သော ဇယားကွက်များ ရှိရာဆီ အမြန်ဆုံးရောက်အောင် သွားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယက္ခလက်အားထိကိုင်မိစဉ် နောက်ထပ်သိလာသည့်အကြောင်းများ ကတော့ သူ့လွယ်အိတ် အား ယက္ခအခန်းတွင် းရှိ ဘီရိုအပေါ်ဆုံးတွင် ထားခဲ့သည်ဆိုတာနှင့် ရွာစည်းရိုးတစ်လျှောက် မီးတွေ တောက်လောင်ခဲ့ရသည့်အကြောင်း ဖြစ်သည်။

အကယ်၍ ယှဉ်ပြိုင်စဉ်တွင် သူ ရှုံး သွားခဲ့ပါက တစ်ရွာလုံးအား မီးလောင်တိုက်သွင်းရန် သူ့တပည့်များ အား ယက္ခ မှာ ကြားထားခဲ့သည်။ သို့ အတွက်ကြောင့် ယက္ခ သေဆုံးသွားချိန် သူ့တပည့် များ က တစ်ရွာလုံးအား မီးရှို့ သွားခဲ့ခြင်း ဖြစ်ပါသည်။

ဖြူလွလွပလွေလေးအား ထိကိုင်မိချိန်တွင် သိရှိခဲ့သည် ကတော့ -

ဦးသီလလက်တစ်ဖက်အား ဖိုးလက်ဖြူ ဖြတ်ယူခဲ့ပါသည်။ ထိုလက်မှ လက်ဖျံရိုးကိုယူကာ ယခု ပုလွေလေးကို ထွင်းလုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုပုလွေလေးကို အကြောင်းပြုတိုင်တည်၍ ခုနစ် ရက် တိတိ ဥပုဉ်စောင့်ကာ ကိုးချောင်းရွာအား ကျိန်စာတိုက်ဆိုခြင်းပါပေ။

ပုလွေမှု တ်နေစဉ်တစ်လျှောက်

မျက်ရည်တွေ ဖြိုင်ဖြိုင်စီးအောင် ရှိုးစစ်
ငိုကြွေးခဲ့ရသည်မှာ တော့ . . .

ဖြူလွလွပုလွေလေးပိုင်ရှင်သည်ကား . . .

ပုလွေလေးအ ဖြစ် ပုံပြောင်းနေရသော
လက်ဖျံရိုးတစ်ချောင်းရဲ့ ပိုင်ရှင်သည်ကား . . .။

*

ကွေ့ကောက်ချောင်းငယ် စီးရေလျှံမှ

ကိုးချောင်းတည်ရာ ထိုထိုရွာ

ပွင့်လန်းစည်ပင် ဝလင်လိမ့်မည်။

*

## XXXVJ

"ခင်ဗျားဟာက တယ်ဟုတ်ပါလားဗျ၊
ဗေဒင်တောင် ဟောစားလို့ရတယ်"

"ဗေဒင်တော့ ဘယ်ဟောလို့ရမလဲကွ။ ငါက
အတိတ်ကိုပဲသိတဲ့ဥစ္စာ"

အီလစ်က မျက်လုံးလေးမှေးကျင်းကာ
စဉ်းစားဟန်ပြုပြီး . . .

"အခု ကျွန်တော်
ခင်ဗျားလက်ကိုကိုင်လိုက်ရင် ကျွန်တော်
အတိတ်အကြောင်းတွေ အားလုံး ခင်ဗျားသိတယ်ပေါ့"

ရှီးစစ် ခေါင်းကို အသာယမ်းလိုက်ပါသည်။

"ဉာဘက်လက်ကိုကိုင်ရင်တော့

သိလိမ့်မယ်။ ကျုန်တဲ့နေရာတွေ ကို လာထိရင်တော့

သိမှာ မဟုတ်ဘူး။ ငါ့ခန္ဓာကိုယ်တစ်ခုလုံးမှာ

ဉာဘက်လက်တစ်ဖက်တည်း ဘုရားပေးထားတာလေ။

ကျုန်တဲ့အစိတ်အပိုင်းတွေ အားလုံးက သာမန်ပဲ"

"ဩော် . . . ဘုရားပေးလက်ဆောင်က

ဉာဘက်လက်တစ်ဖက်တည်းပေါ့"

"ဟုတ်တယ်၊ အဲ့ဒီဉာဘက်လက်ကပဲ

တခြားသူတွေ ရဲ့ အတိတ်ကိုသိနိုင်တာ"

အီလစ် စဉ်းစားသလို ငြိမ်သွားပြန်သည်။

တစ်စုံတစ်ရာကိုတွေ းနေသလိုမျိုး။ တစ်အောင့်ကြာမှ

အဖြေတစ်ခုရလိုက်ဟန်နဲ့ . . .

"ကျွန်တော် မှတ်မိပြီ။ ကျွန်တော်

အကြောင်းကိုသိချင်လို့ စတွေ့တုန်းက ခင်ဗျား လက်ဆွဲ

နှုတ်ဆက်တာကိုး ဟုတ်တယ်မလား''

သူ အဖြေမပေးမိ၊ ပြုံး ရုံသာပြုံး နေလိုက်သည်။ တကယ်မလွယ်တဲ့ကောင်လေးပါပဲ။

''ခင်ဗျားပြောသလိုဆို ဖိုးလက်ဖြူက ကျွန်တော် သန်းရှာတော် နေတာကိုသိလို့ ရွာပြင် မောင်း ထုတ်တာပေါ့ ဟုတ်လား''

''ဟုတ်တယ် . . . မင်းလည်း ဘုရားပေးလက်ဆောင်တစ်ခု ပိုင်ဆိုင်ထားသူပဲလေ''

''ဩော် . . . ''

ရှေ့ခပ်လှမ်းလှမ်းဆီမှ ချောင်းရေစီးသံကို ကြားနေရသည်။ အဆက်မပြတ် ရွာသွန်းခဲ့သော မိုးရေတွေ ကြောင့် သူတို့ရဲ့ သဲချောင်းလေးမှာ မစိုစလောက်လေး ရေတင်နေပါပြီ။ ထိုရေတွေ ကပင် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းနေခြင်း ဖြစ်သည်။

သူလက်ကမ်းလိုက်တော့ အီလစ်က လက်တွင် းကို တစ်စုံတစ်ရာ ထည့်ပေးပါသည်။ လွယ်အိတ်လေး၊ အမေ့ရဲ့ အသက်ဝိညာဉ်တွေ ကိန်းအောင်းနေသော လွယ်အိတ်လေး။

"ကျွန်တော် တစ်ခုနားမလည်သေးဘူး"

"ဘာလဲ . . ."

"ကိုးချောင်းရှာဆိုင်းဘုတ်က တုတ် (၉) ချောင်းကိစ္စ။ ကျွန်တော် သေချာထပ်ကြည့်ပြီးသွားပြီ။ (၉) ချောင်းက (၉) ချောင်းပဲ"

အီလစ်ပြောမှပင် သတိရလိုက်သည်။ ဟုတ်ပေသားပဲ၊ အီလစ်ကိုရှင်းပြဖို့ ကျန်နေသေးတာပဲ။

"ဒီမှာ ကြည့်"

ပြောပြောဆိုဆို မြေပေါ်မှာ တုတ်တစ်ချောင်းနှင့် ဆွဲပြလိုက်သည်။ အီလစ်

မရှင်းမလင်း ဖြစ်နေ သော တုတ် (၉) ချောင်းပုစ္ဆာ။

ခာတ်ပုံ

"တုတ်ဘယ်နချောင်းရှိလဲ ရေကြည့်လိုက်"

*

XXXVII

လွယ်အိတ်လေးကိုကိုင်ကာ ရေစပ်သို့ ဆင်းလာခဲ့သည်။ ချောင်းရေတို့မှာ ကိုးချောင်းရွာ ချောင်းရိုးအတိုင်း ကွေ့ကာကောက်ကာ စီးဆင်းနေ၏ ။ ချောင်းငယ်လေးစီးဆင်းသွားရာအောက်ပိုင်းကို တမျှော်တခေါ်ငေးရင်း ရိုးစစ် ရပ်ကြည့်နေမိပါသည်။

တစ်ချိန်က ဦးသီလမျှောပါသွားရာ ချောင်းရိုးလေးပါ။ ဘယ်ဆီဘယ်ဝယ်မသိပေမဲ့

ဒီချောင်းရိုး လေးရဲ့ အဆုံးတစ်နေရာမှာ တော့ ရှိနေပါလိမ့်ဦးမည် ။

ဒူးဆစ်မြုပ်သည့်အထိ ရေထဲသို့ ဆင်းသွားလိုက်ပါသည်။ ပြီးတော့ လွယ်အိတ်ထဲမှ အမေ့ရဲ့ အရိုးပြာအိုးလေးကိုထုတ်ကာ အဖုံးဖွင့်လိုက်သည်။ ရင်ထဲမှာ ဝမ်းနည်းမှု တို့ တဆစ်ဆစ် တိုးလာ၏ ။ ပြာအိုးကိုင်ထားသော လက်တွေ ပင် တုန်ရီလာသလား ထင်ရသည်။

အံကိုကြိတ်ရင်း ပြာတစ်ဆုပ် နှိုက်ယူလိုက်ပါသည်။ ပြီးတော့ တသွင်သွင်စီးဆင်းနေသော ချောင်းရေပေါ်သို့ . . .

လက်တွင် းမှပြာမှု န်တွေ ဖွဲခနဲ လွင့်သွားသည်။

လွင့်သွားသော ပြာမှု န်တွေ နှင့် အတူ သူ၏

နှုတ်မှလည်း . . .

"ဒီချောင်းရိုးလေးရဲ့ အဆုံးတစ်နေရာမှာ တော့ အဖေရှိနေမှာ ပါ။ အမေတို့နှစ် ယောက် အတူတူ ဆုံခွင့်ရပါစေလို့ သား ဆုတောင်းပေးပါတယ်"

*

## XXXVIII

ဘယ်လိုပင် ရုပ်ပြောင်းရုပ်လွှဲပညာသုံးပြီး ရုပ်ဖျက်ထားပေမဲ့ အခုတော့ အဖေ့ကို ကျွန်တော် ရှာတွေ့ခဲ့ပါပြီ။

ကိုးချောင်းရှာကို မိုးရွာစေခဲ့တဲ့ပုလွေလေးဟာ အဖေ့ရဲ့ လက်ဖျံကို

သွန်းလုပ်ထားတဲ့ ပုလွေ လေး ဖြစ်မှန်း ကျွန်တော် သိရှိခဲ့ပါပြီ။

ဘာပဲ ဖြစ် ဖြစ်ပေါ့ အဖေရယ် . . .

အဖေနဲ့ အမေ ဘယ်လိုကွဲကွာသွားမှန်း ကျွန်တော် မသိပေမဲ့ ကျွန်တော် သိနေတာတစ်ခု ကတော့ . . .

အဖေ့ကို အမေ တကယ်ချစ်ခဲ့တာပါ။

အဖေနဲ့အတူ နေချင်ခဲ့တာပါ။

အဖေပြန်ရောက်လာမယ့်နေ့ကိုလည်း တမော့မော့နဲ့ မျှော်နေခဲ့တာပါ။

''အမေ့ရဲ့ အရိုးပြာတွေ အဖေရှိရာအရပ်ဆီ မျောလွင့်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါ တယ်''

*

တစ်ခါတုန်းက . . .

ဤလောကကြီးထဲ၌ အဖေရယ်၊ အမေရယ်၊ ကျွန်တော် ရယ် အတူနေခဲ့ဖူးလေသည်။

*

သိုးဆောင်း

မြန်မာစံတော်ချိန် ညဆယ့်တစ်နာရီ

နှစ်ဆယ့်နှစ် မိနစ် ရှိပါပြီခင်ဗျာ။

| | | | | |
|---|---|---|---|---|
| 1 | 3 | 5 | 7 | 9 |
| 11 | 13 | 15 | 17 | 19 |
| 21 | 23 | 25 | 27 | 29 |
| 31 | 33 | 35 | 37 | 39 |
| 41 | 43 | 45 | 47 | 49 |
| 51 | 53 | 55 | 57 | 59 |
| 61 | 63 | 65 | 67 | 69 |
| 71 | 73 | 75 | 77 | 79 |
| 81 | 83 | 85 | 87 | 89 |
| 91 | 93 | 95 | 97 | 99 |

| | | | | |
|---|---|---|---|---|
| 2 | 3 | 6 | 7 | 10 |
| 11 | 14 | 15 | 18 | 19 |
| 22 | 23 | 26 | 27 | 30 |
| 31 | 34 | 35 | 38 | 39 |
| 42 | 43 | 46 | 47 | 50 |
| 51 | 54 | 55 | 58 | 59 |
| 62 | 63 | 66 | 67 | 70 |
| 71 | 74 | 75 | 78 | 79 |
| 82 | 83 | 86 | 87 | 90 |
| 91 | 94 | 95 | 98 | 99 |

| | | | | |
|---|---|---|---|---|
| 4 | 5 | 6 | 7 | 12 |
| 13 | 14 | 15 | 20 | 21 |
| 22 | 23 | 28 | 29 | 30 |
| 31 | 36 | 37 | 38 | 39 |
| 44 | 45 | 46 | 47 | 52 |
| 53 | 54 | 55 | 60 | 61 |
| 62 | 63 | 68 | 69 | 70 |
| 71 | 76 | 77 | 78 | 79 |
| 84 | 85 | 86 | 87 | 92 |
| 93 | 94 | 95 | 100 | |

| | | | | |
|---|---|---|---|---|
| 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 24 | 25 |
| 26 | 27 | 28 | 29 | 30 |
| 31 | 40 | 41 | 42 | 43 |
| 44 | 45 | 46 | 47 | 56 |
| 57 | 58 | 59 | 60 | 61 |
| 62 | 63 | 72 | 73 | 74 |
| 75 | 76 | 77 | 78 | 79 |
| 88 | 89 | 90 | 91 | 92 |
| 93 | 94 | 95 | | |

| | | | | |
|---|---|---|---|---|
| 16 | 17 | 18 | 19 | 20 |
| 21 | 2 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 |
| 31 | 48 | 49 | 50 | 51 |
| 52 | 53 | 54 | 55 | 56 |
| 57 | 58 | 59 | 60 | 61 |
| 62 | 63 | 80 | 81 | 82 |
| 83 | 84 | 85 | 86 | 87 |
| 88 | 89 | 90 | 91 | 92 |
| 93 | 94 | 95 | | |

| | | | | |
|---|---|---|---|---|
| 32 | 33 | 34 | 35 | 36 |
| 37 | 38 | 39 | 40 | 41 |
| 42 | 43 | 44 | 45 | 46 |
| 47 | 48 | 49 | 50 | 51 |
| 52 | 53 | 54 | 55 | 56 |
| 57 | 58 | 59 | 60 | 61 |
| 62 | 63 | 96 | 97 | 98 |
| 99 | 100 | | | |
| | | | | |
| | | | | |

| | | | | |
|---|---|---|---|---|
| 64 | 65 | 66 | 67 | 68 |
| 69 | 70 | 71 | 72 | 73 |
| 74 | 75 | 76 | 77 | 78 |
| 79 | 80 | 81 | 82 | 83 |
| 84 | 85 | 86 | 87 | 88 |
| 89 | 90 | 91 | 92 | 93 |
| 94 | 95 | 96 | 97 | 98 |
| 99 | 100 | | | |
| | | | | |
| | | | | |

ထိုကတ်ပြားခုနစ် ချပ်မှာ မျက်လှည့်ပွဲများ တွင် အသုံးပြုလေ့ရှိသော ကတ်ပြားများ ဖြစ်ပါသည်။

ပရိသတ်စိတ်တွင်း မှာ မှတ်ထားသော ဂဏန်းတစ်လုံးကို မျက်လှည့်ဆရာက မှန်အောင်ပြောပြ နိုင်သည့် နည်းတစ်နည်းလည်း ဖြစ်ပါသည်။

ပြုလုပ်ပုံမှာ . . .

မိတ်တွေ တို့စိတ်ထဲမှာ 1 မှ 100 အတွင်း ကြိုက်ရာဂဏန်းတစ်လုံးကို မှတ်ထားပါ။ 1 ကို မှတ်လည်း ရပါသည်။ 100 ကို မှတ်လည်း ရပါသည်။ မှတ်ပြီးပြီဆိုလျှင် သင့်စိတ်ထဲမှာ မှတ်ထားသော ဂဏန်းအား မျက်လှည့်ဆရာက မှန်အောင်ပြောပြပါလိမ့်မည် ။

ဒါပေမဲ့ သင်တစ်ခုတော့ ပြုလုပ်ပေးရပါမည် ။ မျက်လှည့်ဆရာက သင့်အား ကတ်ပြားခုနစ် ချပ် ကို

တစ်ချပ်ချင်း ထောင်ပြလိမ့်မည် ။ မျက်လှည့်ဆရာ ထောင်ပြသော ကတ်တွင် သင့်စိတ်ထဲမှာ မှတ်ထားသော ဂဏန်းပါသည်ဆိုပါက ခေါင်းညိတ်ပြပါ။

ဒါပဲ ဖြစ်သည်။

## လျှို့ဝှက်ချက်

ပရိသတ်ခေါင်းညိတ်ပြသော ဇယားတွေ ၏ အပေါ်ဆုံးလိုင်း ဘယ်ဘက်အစွန်ဆုံးဂဏန်းကို ပေါင်းခြင်းဖြင့် အဖြေရမည် ဖြစ်ည်။

ကဒ်ပြားမှာ (၇) ချပ်တိတိ ဖြစ်သည်။ အပေါ်ဆုံးလိုင်း ဘယ်ဘက်အစွန်ဆုံးတွင် ရှိသော ကိန်းများ မှာ 1, 2, 4, 8, 16, 32, 64 တို့ ဖြစ်သည်။

ဥပမာ . . .

သင့်စိတ်ထဲတွင် (36) ကို

မှတ်ထားသည်ဆိုပါစို့။

(36) ပါသော ကတ်ပြားမှာ ကတ်ပြားနံပါတ် (၃) နှင့် (၆) တို့ ဖြစ်သည်။ ထိုကတ်ပြားတို့၏ အပေါ်ဆုံးလိုင်း ဘယ်ဘက်အစွန်ဆုံးတွင် ရှိသော ဂဏာန်းမှာ (4) နှင့် (32) ဖြစ်သည်။

ထိုနှစ် ခုကို ပေါင်းရုံပင်။

4 + 32 = 36

ဖိုးလက်ဖြူမှာ ထိုနည်းကို အသုံးပြုသွားခြင်း ဖြစ်ပါသည်။ ဖိုးလက်ဖြူရွေးပေးခဲ့သော ကတ်ပြား နှစ်ချပ်မှာ (၂) နှင့် (၄) တို့ ဖြစ်သည်။

၎င်းနည်းကို အီလစ်ကရှာတွေ့ခဲ့ပြီး အဖြေထုတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။ ကျွန်တော် ဖော်ပြခဲ့သော 'ပစ္စည်းပျောက်ရှာပုံတော် ' နည်းမှာ လည်း လက်တွေ့

အသုံးပြု၍ ရသော နည်းတစ်နည်း ဖြစ်ပါသည်။
အုတ်နံ့ရုံကိုဖောက်၍ လမ်းလျှောက်ပြနည်း၊ ပရိသတ်
များ ကို ပဉ္စလက်နည်းသုံး၍ အလိုလို ကစေနည်း။
လက်ထိပ်ဖြုတ်၊ အခေါင်းတွင်း မှ ထွက်နည်းများ ကို
လည်း အလျဉ်းသင့်သလို ဖော်ပြပေးပါဦးမည် ။

စာရေး သူ